www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# သင်္ဂြိုဟ်တော်နှိုး

ရန်ပွဲဖူးစာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၀၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၈၁၁၂၁၀

ထုတ်ဝေသူ ♦ ဦးရေကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချမ်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျော်ရင်(ရွှေခြသေ့်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၃ လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
095163764/ 095162031

'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)

၈၉၅·၈၃

သင်မြတ်နိုး
ရန်ပွဲမှူးစာ / သင်မြတ်နိုး ။- ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၁၀။
(၂၇၂) စာ၊ ၁၂ စင်တီမီတာ x ၁၇·၇ စင်တီမီတာ
(၁) ရန်ပွဲမှူးစာ

BURMESE CLASSIC .com

## အခန်း(၁)

ဦးမိုးဝသုန် မှန်ရှေ့မှာရပ်ပြီး အသက်အရွယ်ရလာပေမယ့် ...ချို့အရွယ်တင်လွန်းနေသော မိမိရုပကာယအား သဘောကျနှစ်သက် ...စွာဖြင့် ရှုကြည့်မိသည်။ မိမိဇနီးဖြစ်သူ ခင်မာလာ သေဆုံးသွား ...ဘာ ဆယ်နှစ်ရှိနေပြီး သားလေး မိုးရေတံခွန်ပင် အခြေခံပညာ ...အထက်တန်းအောင်မြင်ပြီးကာ ရေကြောင်းပညာတက္ကသိုလ် ...တက်နေသည်။ မိခင်မရှိတော့တဲ့နောက်ပိုင်း သား မိုးရေတံခွန်ကို ...ပြုစုစောင့်ရှောက်ရင်း စီးပွားရေးကို ဦးစားပေးလုပ်ကိုင်လာခဲ့၏။ ...နောက်အိမ်ထောင် ထပ်ပြုဖို့ စိတ်ကူးထဲမှာပင် မထည့်ခဲ့ပေ။ ...သို့သော်လည်း အသင်္ကြံါးဆယ်ရောက်မှ ဖူးစာရှင်အိမ်ထောင်ဖက် ...ကို တွေ့တာလား မသိပေ။ မနေ့ညက သူငယ်ချင်းစိုးသော်ရဲ့ ...အိုးနေ့ဧည့်ခံပွဲ တက်ရင်း စိုးသော်ရဲ့ဇနီး မခင်ချိုနွယ်ရဲ့သူငယ်ချင်း ...ပန်းရောင်သွေးနှင့် ဆုံမိခဲ့သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'သူက နှယ်သူငယ်ချင်း ပန်းရောင်သွေးပါ၊ မိုးကုတ်သူ
လေ၊ ရန်ကုန်ကို သမီး စီးပွားရေးတက္ကသိုလ်တက်ဖို့ ပြောင်းလာ
ကြတာ ခကြာသေးဘူး ကိုဝသုန်'

ပန်းရောင်သွေး၏ နာမည်နှင့်လိုက်ဖက်စွာ အသားအရေ
က ပန်းရောင်လေး သမ်းနေသည်။ အသက်က မိမိထက် သုံးနှ
ငယ်၏။ အသက်လေးဆယ့်ရှစ်နှစ်က အပျိုရိုးတယ်။ တကယ့်
ယဉ်ကျေးသိမ်မွေ့လွန်းသော အမျိုးသမီးတစ်ယောက်ပါပဲ။ ပ
ရောင်သွေးကို တွေ့ပြီးမှ ဦးမိုးဝသုန် နှလုံးသားထဲမှာ တိမ်မြု
ဖုံးကွယ်နေသော အချစ်တွေ ပြန်လည်ခံစားလာရသည်။ ထူးဆ
စွာဖြင့် ရင်တွေတဆတ်ဆတ် တုန်ခါလာသည်မှာ ပန်းရောင်သွေ
ပန်းရောင်သွေးနှင့်။ အချစ်ကြီးချစ် အစွဲလမ်းကြီး စွဲလမ်းနေသည်

'ဦးဝသုန်ကို ဖိတ်ရဦးမယ်၊ မနက်ဖြန်ညက သ
မွေးနေ့လေ၊ Sedona Hotle မှာ ကျင်းပမှာပါ၊ ည ၇ နာရီစမှာ
ဖိတ်စာလေး လက်ခံပါနော်၊ လာဖြစ်အောင်လည်း လာဖို့ ဖိတ်
တယ်'

ပန်းရောင်သွေးရဲ့ မွေးနေ့ပွဲကို သွားဖို့ ဦးမိုးဝသုန် ပြ
ဆင်နေခြင်းပင်။ ဝတ်ရမယ့် အဝတ်အစားတွေကို မနက်ကတ
က ရွေးနေတာ။ ညနေ ငါးနာရီအထိ စိတ်တိုင်းမကျသေး
မွေးနေ့အချိန်က ခုနစ်နာရီ။ အဝတ်အစားက စိတ်တိုင်းမ
အရွယ်တင်နုပျိုလွန်းနေတဲ့ မိမိရုပ်ကာက ကျေနပ်စရာကောင်း





ဝယ့် အဝတ်အစားက Smart ကျနေမှ ပန်းရောင်သွေး အမြင်
အာရုံထဲ စူးနစ်တိုးဝင်သွားမှာ မဟုတ်လား။ သား အခန်းထဲက
The Touch အမျိုးအစားရေမွှေးကို တိတ်တိတ်လေးယူပြီး ဖွက်
ထားသည်။ သွားခါနီးဆွတ်သွားမလို့။ ဆံပင်တွေကိုလည်း ကော့
နေအောင် ဖီးသင်ထား၏။ အဝတ်အစားပဲ စိတ်တိုင်းမကျလိုက်
တာ။ မိမိ အဝတ်အစား မဝယ်တာတောင် ကြာပြီ။ စီးပွားရေးမှာပဲ
အာရုံစိုက်ထားပြီး တခြားအလှအပ အပြင်အဆင်တွေနှင့်ဝေးနေ
ခဲ့၏။ တပည့်တပန်းတွေ လက်ဆောင်ပေးကြတာနှင့် တစ်ခါ
တစ်ရံ သား မိုးရေတံခွန်က ကောင်းနိုးရာရာ ဝယ်ပေးထားတာ
လောက်ပဲ ရှိသည်။ မနက်ကတည်းက ဦးမိုးဝသုန် အဝတ်အစား
ဗီရိုကို ဖွတာ လုံးဝစိတ်တိုင်းမကျနိုင်။ အခု အချိန်ရှိသေးတယ်။
Sropping Mall ကိုသွားပြီးဝယ်လိုက်ရင် ကောင်းမလားပဲ။ ဟုတ်
တယ်။ အဝတ်အစားက အရေးကြီးတယ်။ စတိုင်လ်ကျနေဖို့
လိုတယ်။ စိတ်ကူးရသည်နှင့် မှန်ရှေ့ကနေခွာပြီး အပြင်ထွက်ခဲ့
သည်။

'ဒယ်ဒီ ဘယ်သွားမလို့လဲ၊ ဆံပင်ဖြီးထားတာလည်း
ကော့လို့၊ အိမ်နေရင်း အဝတ်အစားကြီးနဲ့ ဘယ်လဲ'

'ဟာ... ဟုတ်သားပဲ၊ ညဝတ်အင်္ကျီတွေနဲ့ပဲ'

'အလောတကြီးနဲ့ ဒယ်ဒီ ဘယ်သွားမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟို… ဒယ်ဒီ မွေးနေ့ပွဲတစ်ခု သွားစရာရှိလို့၊ အဝတ်အစားစိတ်တိုင်းမကျတာနဲ့ကွာ၊ အသစ်သွားဝယ်မလို့'

'ဒယ်ဒီ့မှာ အဝတ်အစားတွေအများကြီးပါ၊ ဘယ်သူ့မွေးနေ့သွားမှာမို့လို့လဲ'

'ဒယ်ဒီ့သူငယ်ချင်းပါ၊ လူကြီးလူကောင်း သူဌေးသူငယ်ချင်းတွေဆုံမှာမို့ကွ'

ဒယ်ဒီ ကားကို အရေးတကြီး မောင်းထွက်သွားတာကြည့်ပြီး မိုးရေတံခွန် စိတ်ထဲမှာ ထူးထူးဆန်းဆန်း ဖြစ်သွားရသည်။ မနေ့ကလည်း ဒယ်ဒီ့သူငယ်ချင်း အန်ကယ်သော့်မွေးနေ့ သွားတာသာမန်ပါပဲ။ သူက အဝတ်အစားအသစ်တွေ ဝယ်ပါ ဒယ်ဒီရယ်ဆိုတာတောင် မဝယ်ပေ။ အဝတ်အစားက အဓိကမကျပါဘူးသားရယ်တဲ့။ ဒယ်ဒီ့မှာ အများကြီးရှိပါတယ်တဲ့။ ဒီနေ့တော့ထူးခြားနေပါလား။ ဒယ်ဒီ့ကို ကြည့်ရတာ တကယ့်ကို အလေးတကြီးနဲ့ ကယောင်ကတမ်းပုံစံကြီး ဖြစ်နေသည်။ မိုးရေတံခွန်ရဲ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားပြီး ဒယ်ဒီ့အိပ်ခန်းထဲ ဝင်လာသည်။

'ဟာ'

ကြည့်စမ်းပါဦး။ ဒယ်ဒီ့အိပ်ခန်းထဲမှာ ဗီဒိုကြီးထဲကဒယ်ဒီ့ဝတ်စုံတွေ အကုန်နီးပါး ပြန့်ကြဲကျနေသည်။ ဒယ်ဒီ တစ်စုံပြီးတစ်စုံ ထုတ်ဝတ်ကြည့်ထားပုံပင်။ ဒယ်ဒီ ဘယ်တုန်းကမှမသုံးခဲ့တဲ့ ခေါင်းလိမ်းဆီ အကောင်းစားတွေ အသားလှဆီတွေဘာတွေလဲဟ။ သူ ဒယ်ဒီ့စားပွဲအံဆွဲကို ဖွင့်ကြည့်လိုက်တော့သူ့ရဲ့ The Touch အမျိုးအစား ရေမွှေးပုလင်းလည်း ရောက်နေသည်။





'ဒယ်ဒီ မရိုးတော့ဘူး၊ ဒါသာမန်မွေးနေ့ပွဲ မဖြစ်နိုင်တော့ဘူး၊ ဘယ်သူ့မွေးနေ့ပွဲလဲ'

ဒယ်ဒီ ဒီလောက်ထိ အလှအပတွေ ပြင်ဆင်နေတာရိုးတွေထုတ်နေတာ သူ သံသယ ဝင်လာသည်။ မိုးရေတံခွန်အကြောက်ဆုံးက ဒယ်ဒီ နောက်မိန်းမယူမှာကိုပင်။ သူငယ်ငယ်လေးကတည်းက ဒယ်ဒီနှင့် တခြားမိန်းမတွေ ပတ်သက်ဆက်ဆံမှုတွေကို မျက်ခြေမပြတ်အောင် လိုက်ကြည့်နေတတ်ပြီး တားဆီးပိတ်ပင်ခဲ့သည်။ မာမီ ကွယ်လွန်ပြီး ဆယ်နှစ်အတွင်း သူ့အတွက်ပဲ အာရုံရှိခဲ့ကာ စီးပွားရေးပဲ ရှာနေခဲ့တဲ့ ဒယ်ဒီပါ။ ဒီနေ့တော့ထူးဆန်းတယ်။ ဘယ်သူ့မွေးနေ့မို့လို့ အလှအပတွေ အစွမ်းကုန်ပြင်ဆင်ချယ်သနေရတာလဲ။ သူ့စိတ်ထဲမှာ မသင်္ကာတော့။ သူ့ရေမွှေးပုလင်းကိုလည်း ပြန်ယူခဲ့သည်။

'ဒယ်ဒီ မရိုးတော့ဘူး၊ နောက်မိန်းမတစ်ယောက် တွေ့နေပြီလား၊ မဖြစ်ဘူး၊ ဒယ်ဒီ နောက်မိန်းမယူလို့ မဖြစ်ဘူး၊ မာမို့အစားတော့ ဘယ်မိန်းမကိုမှ မထိုးနိုင်ဘူး၊ တားဆီးပိတ်ပင်ရမှာပဲ'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိုးရေတံခွန် ဒယ်ဒီ မရိပ်မိစေရန် မသိမသာနှင့် ဒယ်ဒီ့ အခြေအနေကို အကဲခတ်ရန် ဆုံးဖြတ်ထားသည်။

ဦးမိုးဝသုန်ကတော့ Super Market ကြီးတစ်ခုမှာ အဝတ်အစားတွေကို စိတ်တိုင်းကျတဲ့အထိ ရွေးချယ်ဝယ်ယူနေသည်။ အရောင်းကောင်တာက ဝန်ထမ်းကောင်မလေးတွေကို အကူအညီတောင်းကာ မိမိနှင့် လိုက်ဖက်မှုရှိမရှိ ရွေးပေးစေသည်။

'သမီးတို့ရယ် အန်ကယ့်မှာ အရေးတကြီး ဟိုလေကွာ ငယ်သူငယ်ချင်းတွေ တွေ့ဆုံပွဲရှိနေလို့ Smart ကျတဲ့ အန်ကယ်နဲ့ လိုက်ဖက်မယ့် ဝတ်စုံလေး ရွေးပေးဖို့ ကူညီပါကွယ်နော်'

'ဟုတ်ကဲ့၊ စိတ်ချပါ အန်ကယ်၊ ရွေးပေးမယ်နော်'

'အေး… အေး… ကျေးဇူးပါပဲ'

ဝန်ထမ်းကောင်မလေးတွေ သုံးယောက်လောက် မိမိ ဝတ်စုံအတွက် ရွေးချယ်ပေးခဲ့ကြသည်။ စိတ်တိုင်းအတော်လေး ကျမှ ပြန်လာခဲ့၏။ သား မိုးရေတံခွန် ဘယ်ရောက်နေလဲ။ အခြေအနေကို ကြည့်ပြီးမှ မိမိအခန်းထဲ ပြန်ဝင်လာခဲ့ပြီး မွေးနေ့ပွဲ အချိန်ကလည်း နီးနေ၍ အပြီးသတ်ပြင်ဆင်သည်။

'တကယ့်ကို ချောမောခန့်ညားတဲ့ ငါပဲ။ အသက်ငါး ဆယ်က သားနဲ့တောင် ယှဉ်တွဲသွားလို့ရတယ်၊ ပန်းရောင်သွေး နိုက်သွားဖို့ အရေးကြီးတယ်လေ'

အဝတ်အစားကအစ အားလုံးပြင်ဆင်ပြီးသွားသည်။ မှန်





ရှေ့မှာ ထင်ဟပ်နေတဲ့ မိမိရုပ်ပုံလွှာက ဒေါ်ပန်းရောင်သွေးကို ညို့ယူဖမ်းစားနိုင်တာကိုတော့ ဦးမိုးဝသုန် အသေအချာ ယုံကြည်သည်။

'သွားတော့မယ်၊ အချိန်တောင် နီးကပ်နေပြီ၊ ပန်းရောင် သွေး မျှော်နေတော့မယ်၊ ရေမွှေးရော…'

နောက်ဆုံးအဆင့် ရေမွှေးဆွတ်ဖို့ ရှာတော့ မိမိအံဆွဲထဲ မှာ အသေအချာ သိမ်းဝှက်ထားတဲ့ ရေမွှေးပုလင်းက ပျောက်နေ သည်။ ဘယ်ရောက်သွားတာလဲ။ သားဆီက ယူလာတာ။ လူငယ် တွေသာ သုံးတဲ့ ရေမွှေးကလည်း လန်းဆန်းနုပျိုစေသည်။ ဦးမိုး ဝသုန် အခန်းအပြင်ဘက်သို့ ပြန်ထွက်လာခဲ့၏။ မိမိအခန်းထဲမှာ အနံ့ရှာတာတော့ မတွေ့ပေ။ မိမိအထားမှားနေတာလား။ ဧည့်ခန်း မှာများ ထားခဲ့မိလား။ ပူးတွေးမိပြီး ဧည့်ခန်းမှာ ရှာနေမိသည်။

'ဒယ်ဒီ ဘာရှာနေတာလဲ'

'ဟင်'

မိမိအနားမှ ကပ်ပေါ်လာတဲ့ အသံကြောင့် လှည့်ကြည့် လိုက်တော့ မိမိနောက်မှာ မားမားကြီးရပ်နေတာက သား မိုးရေ တံခွန်ဖြစ်နေသည်။ သားမျက်ဝန်းအကြည့်တွေထဲမှာ သံသယ အရိပ်တွေ ထင်ဟပ်နေ၍ ဦးမိုးဝသုန် မလုံမလဲနှင့် ပြန်ကြည့် သည်။

'ဘာရှာနေတာလဲဟင်၊ ဒယ်ဒီ အရမ်းလန်းနေတာပါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ မွေးနေ့ပွဲက တော်တော်လေး အရေးပါ အရာရောက်ပုံပဲ၊ တံခွန် လိုက်ရမလား ဒယ်ဒီ’

‘ဟာ… သားကလည်း မင်းတို့လူငယ်တွေနဲ့ မဆိုင်ပါဘူး၊ ဒယ်ဒီတို့ လူကြီးတွေချင်း ပြိုင်ကြမှာ၊ အရေးကြီးတယ်ကွ’

‘အခု ဒယ်ဒီ ဘာရှာနေတာလဲ’

‘ရေမွှေး… အဲ’

‘ဘာ… ရေမွှေး ဟုတ်လား၊ ဒယ်ဒီ ဝယ်ထားလို့လား’

‘မဝယ်ပါဘူး၊ ယောင်သွားလို့ပါကွာ၊ ဒယ်ဒီက ရေမွှေး မဆွတ်တတ်ပါဘူး၊ ဒယ်ဒီ့ပိုက်ဆံအိတ်အပြားလေး အဲဒါ ရှာနေတာ’

သား မိုးရေတံခွန်ရဲ့ အကြည့်တွေက မိမိအပေါ် သံသယအရိပ်အငွေ့တွေ ယှက်သန်းနေ၏။ ရေမွှေးပုလင်းကို ရှာမနေတော့ အမျိုးအစား သိနေတာပဲ။ လမ်းမှာဝင်ဝယ်မယ်။ ဒီကောင် မိုးရေတံခွန်က မိမိကို မသင်္ကာနေသလိုပဲ။ သား စိတ်အနှောင့်အယှက် ဖြစ်သွားမှာလည်း မလိုလား၍ ဦးမိုးဝသုန် ကားပေါ်ခပ်မြန်မြန်တက်ပြီး မောင်းထွက်လာသည်။

‘ရေမွှေး… ရေမွှေး… ဝယ်ရဦးမယ်၊ သားသုံးတဲ့ ရေမွှေးအနံ့လေးက ကောင်းတယ်၊ ဒီကောင် အခန်းထဲဝင်မွှေပြီးတော့များ ပြန်ယူသွားတာလား’

ဦးမိုးဝသုန် ကားလေးကို Market ကြီးတစ်ခုရှေ့တွင်





ထိုးရပ်လိုက်ပြီး ရေမွှေးဝင်ဝယ်သည်။ ကားပေါ်မှာပဲ ထိုင်ပြီး ရေမွှေးဆွတ်လိုက်၏။ မွှေးပျံ့လန်းဆန်းသွားတာပဲ။ မိမိခန္ဓာကိုယ်တစ်ခုလုံး အိုကေပြီဆိုတော့မှ Sedona Hotel ဆီသို့ ကားလေးကို မောင်းလာသည်။ ကားကို Parking မှာ ထိုးရပ်လိုက်ပြီး ကားပေါ်မှဆင်းကာ မွေးနေ့ပွဲကျင်းပရာ ခန်းမဆီသို့ လျှောက်လာခဲ့၏။ မိမိ ရင်တွေခုန်နေတယ်။ လူပျိုအရွယ်တုန်းကလိုပါလား။ နှလုံးခုန်သံတွေက မြန်ဆန်နေသည်။

‘ကိုမိုးဝသုန်ပါလား၊ ကြွပါရှင်၊ အခုလိုလာရောက်ချီးမြှင့်တဲ့အတွက် သွေး အရမ်းဝမ်းသာပါတယ်ရှင်’

‘ပန်းရောင်သွေးရယ် လာရမှာပေါ့၊ ကိုယ်တို့ သိကျွမ်းခင်မင်ကြတာ မကြာသေးပေမယ့် ငယ်ပေါင်းကြီးဖော် မိတ်ဆွေတွေလိုပါပဲဗျာ’

‘ကြွပါ၊ ခန်းမထဲမှာ ကိုစိုးသော်နဲ့ မနွယ်တို့လည်း ရောက်နေကြပါပြီရှင်’

‘ရပါတယ် ပန်းရောင်သွေး၊ အခြားသူတွေကို ဧည့်ခံပါ’

‘ဟုတ်ကဲ့’

ပန်းရောင်သွေး အရမ်းချောမောလှပတာပဲ။ နှင်းသာရောင်ချိတ်ဝမ်းဆက်လေးနဲ့ ကျက်သရေရှိလိုက်တာ။ အသက်အရွယ်အရ ပန်းရောင်သွေးရဲ့ မျက်ဝန်းတွေကို မသိမသာ ခိုးကြောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခိုးဝှက်နှင့် သူမ မျက်ဝန်းတွေထဲမှာ မိမိအပေါ် စိတ်ဝင်စားမှု အရိပ်အငွေ့လေးတွေ ဖုံးလွှမ်းနေမလားလို့ အကဲခတ်ကြည့်သည်။

'ပန်းရောင်သွေးလည်း မျက်ဝန်းလဲ့လဲ့တွေနဲ့ ရှက်သွေးဖြန်းနေတယ်၊ ကိုယ့်ကို မင်းလည်း စိတ်ဝင်စားနေပါပြီလေ'

ဦးမိုးဝသုန် စိတ်ထဲကနေပြောပြီး စိတ်တွေတဖြန်းဖြန်းတိုးဝင်ကာ အကျေနပ်ကြီး ကျေနပ်နေမိသည်။

'ကိုဝသုန်… လာလေ၊ ဘာရပ်လုပ်နေတာလဲ၊ ကိုယ်တို့က ဒီမှာ'

ဦးမိုးဝသုန် အတွေးတွေနှင့် ကျေနပ်နေကာ ပတ်ဝန်းကျင်ကိုပဲ သတိမပြုမိ။ ကိုစိုးသော်တို့ကိုပင် မတွေ့။ သူတို့က လှမ်းခေါ်လိုက်မှ လွတ်နေတဲ့ ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

'ကိုဝသုန်… ဒီနေ့တော့ လူပျိုလေးရုံးလောက်အောင် လန်းထွက်နေပါလား၊ ကိုယ့်လူကြီး မရိုးတော့ဘူး ထင်တယ်'

'စိုးသော်… မင်း ဘာတွေပြောနေတာလဲကွ၊ နေရာဒေသအလိုက်လေ'

'ကိုဝသုန်'

'ပြော'

'ပန်းရောင်သွေးကလေ ခင်ဗျားအကြောင်းတွေ ကျုပ်မိန်းမကို မေးနေတာဗျ'

'ဟုတ်လား'





စိုးသော်တို့ နောက်နေတာပဲ ဖြစ်ပါစေ။ ဦးဝသုန်ကတော့ သဘောတွေကျနေသည်။ ပန်းရောင်သွေးက မေးတယ်တဲ့လား။ ဖနီးဆုံးပြီးကတည်းက ဆယ်နှစ်လောက် ဘယ်မိန်းကလေးမျိုးနှင့်မှ ပတ်သက်ဆက်ဆံခြင်း မရှိဘဲ သားကိုပြုစုယုယပျိုးထောင်ပေးခဲ့တာပါ။ ဖူးစာရှင်အစစ်အမှန်နှင့်ပဲ မဆုံတွေ့ခဲ့လို့လား။ နှစ်ပေါင်းများစွာ စိမ်းသက်နေခဲ့တဲ့ မိမိနှလုံးသားတွေ ပန်းရောင်သွေးနဲ့ ဆုံတွေ့စဉ်မှာတော့ ဂုဏ်ရွှေသိက္ခာတွေပင် မဆည်နိုင်ဘဲ တုန်တုန်လှုပ်လှုပ်နှင့် ရင်ခုန်နေသည်။ မိမိအကြည့်တွေက ပန်းရောင်သွေးဆီပဲ တဝေ့လည်လည် ရောက်ရောက်သွား၏။ ပန်းရောင်သွေးကလည်း မိမိကိုပဲ ဂရုတစိုက်အချိန်တွေပေးပြီး ညှော်ခံနေသည်။ မျက်လုံးချင်း၊ အကြည့်ချင်းတွေ မကြာခဏ ဆုံမိပြီး ချစ်ကြိုးတွေ သွယ်တန်းရစ်နှောင်ဖွဲ့နေကြပြီ ဖြစ်သည်။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဘယ်လိုလူကြီးလဲ။ ရှိုးကလည်း အပြည့်နဲ့။ သူမ အနားကနေ ဖြတ်သွားတာ ရေမွှေးပုလင်းကြီးပဲ မှောက်ကျသွားသလားပဲ။ လူကြီးကတော့ ချောမောခန့်ညားပါရဲ့။ ပန်းနုချယ် စိတ်ထဲမှာ မာမီနှင့် တရင်းတနှီးရှိနေလွန်းသည်ထင်သည်။ ဟိုလူကြီးကလည်း မာမီ့ကိုပဲ ကြည့်ကြည့်နေတယ်။ ဘာတွေလဲ။ မာမီကလည်း ဟိုအရင်နှစ်တွေက မွေးနေ့ပွဲနှင့်မတူအောင် အလှအပတွေ ပြင်ဆင်လွန်းနေသည်ဟု သံသယဝင်လာ၏။ Sedona Hotle ကြီးမှာ မာမီ့မွေးနေ့ပွဲ ကျင်းပတာ အထူးအဆန်းမဟုတ်ပေမယ့် မနေ့က မာမီသူငယ်ချင်း မွေးနေ့ကပြန်လာပြီးကတည်းက မာမီ မျက်နှာအမူအရာ အပြုအမူတွေရော ထူးဆန်းနေသည်။





'ချယ်ရေ… မာမီ့ကို ကြည့်ပါဦး၊ ဒီပွဲတက်ဝတ်စုံတွေထဲက မာမီနဲ့အလိုက်ဖက်ဆုံး ရွေးပေးပါဦးကွယ်'

'မာမီကလည်း ပန်းရောင်လေးဝတ်ဖို့ ရွေးပြီးပြီပဲ၊ ဘာဖြစ်လို့လဲ'

'ပန်းရောင်ကြီးက လူတွေရဲ့ မျက်လုံးတွေထဲမှာ လက်နေမလားလို့'

'ပန်းရောင်က မာမီအကြိုက်ဆုံးပဲလေ၊ သေသေချာချာရောင် ချုပ်ထားတာပဲ၊ ကောင်းပါတယ်၊ အဲဒါပဲ ဝတ်ပါ'

မာမီ အဝတ်ဗီဒိုကိုဖွင့်ပြီး တစ်စုံပြီးတစ်စုံ ဝတ်ကြည့်လိုက် စိတ်တိုင်းမကျလိုက်နဲ့ တစ်မနက်လုံး အလုပ်ရှုပ်နေသည်။ ပန်းရောင်ချိတ်ကို ရွေးချယ်ထားပြီးမှ နုံ့သာရောင်ချိတ်ကို မာမီ ထပ်ဝယ်ခဲ့၏။ ကန္တော့ရတဲ့ အရောင်တဲ့။ အလှတွေလည်း လိုအပ်တာထက် ပိုပြီးပြင်နေသလိုပင်။ ဟိုလူကြီးနဲ့ မာမီများ ငြိနေပြီလား။ ချယ် တားဆီးရမှာပဲ။ ဒယ်ဒီ ဆုံးသွားတဲ့ နှစ်တွေ ဒီလောက်ထိကြာနေပြီ။ မာမီအေးအေးဆေးဆေးပဲ စိန်ရွှေရတနာရောင်းဝယ်ရေးပဲ လုပ်နေတာ။ ရုပ်ရည်ချောမောပြီး နုပျိုတဲ့ မာမီ့ကို လက်ထပ်ချင်တဲ့ ယောကျာ်းတွေ ဝိုင်းဝိုင်းလည်။ ဘယ်ရမလဲ။ ပန်းနုချယ်က အကြီးအကျယ် ကန့်ကွက်တားဆီးလာခဲ့တာပါ။ သူမအကြောက်ဆုံးက မာမီ လက်ထပ်မှာပင်။ အခြေအနေကို စောင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီ ဟိုဘက်မှာ ဧည့်သည်တွေက မာမီ့ကို မေးနေကြတယ်၊ လာလေ ဧည့်ခံရအောင်'

ဟိုလူကြီးစားပွဲမှာပဲ ထိုင်ပြီး တစ်ယောက်တည်းထိုင်ဧည့်ခံနေ၍ ချယ် အမြင်ကတ်ကတ်နှင့် ပေါ်တင်ပဲ ခေါ်ထုတ်လာခဲ့သည်။

'မာမီ'

'ဟင်'

'အဲဒီလူကြီးက ဘယ်သူလဲ'

'ဘယ်လူကြီးလဲ'

'မာမီ တစ်ချိန်လုံး ဧည့်ခံနေတဲ့ လူကြီးလေ၊ ရှိုးအပြည့်နဲ့လေ၊ ရေမွှေးနံ့တွေကလည်း နံစော်နေတာပဲ'

'ဟဲ့... ချယ်'

'ဟုတ်တယ်လေ၊ ဝတ်ထားတာကလည်း လူပျိုရှုံးတယ်မာမီ့မွေးနေ့မှာ တမင်ရှိုးထုတ်လာတာ'

'ချယ်နော်... မာမီ့မိတ်ဆွေကို ပေါက်ကရလေးဆယ်မပြောနဲ့၊ လူကြီးလူကောင်းတွေ'

'လူကြီးလူကောင်းတွေတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ မာမီ့ကိုတော့ လာပိုးလို့မရဘူး'

'ချယ်ရယ် မဟုတ်တာတွေ၊ မိတ်ဆွေတွေပါ၊ မာမီက ယောကျ်ားတွေကို စိတ်မဝင်စားပါဘူး'





'သမီးတောင် ယောကျ်ားတွေကို လုံးဝစိတ်မဝင်စားတာနော်၊ မာမီလည်း စိတ်မဝင်စားနဲ့၊ သမီးသေမှ စိတ်ဝင်စား'

'ဟဲ့... ချယ်၊ ဘာတွေပြောနေတာလဲ၊ ဒီစကားတွေက အမိပြောရမှာ'

ဒေါ်ယန်းရောင်သွေးလည်း ခင်ပွန်းသေဆုံးပြီးကတည်းက သမီးလေးဘဝရေးရေးအတွက် ဒေါ်ယန်းရောင်သွေး နောက်ထပ်အိမ်ထောင်ပြုဖို့ပင် လုံးဝစိတ်ကူးမရှိတော့။ ဆယ်နှစ်တောင် ကျော်ခဲ့ပြီ။ အခုမှ ဦးမိုးဝသုန်နှင့် ဆုံမိပြီးမှပါ သမီး ချယ်ပြောသလိုတစ်ယောက်ကိုတစ်ယောက် အကြည့်ချင်းဆုံပြီး ပတ်ဝန်းကျင်ကတောင် ရိပ်မိနေပြီလား။ ကိုမိုးဝသုန်ကို ဒေါ်ယန်းရောင်သွေး စိတ်ဝင်စားနေသည်။ ရင်တွေခုန်နေ၏။ အကြည့်ချင်းဆုံမိစဉ်တစ်ခဏမှာပင် ဒေါ်ယန်းရောင်သွေး အပျိုစင်ဘဝကလို ရှက်သွေးဖြာချင်သည်။ ကိုမိုးဝသုန်မျက်စိထဲမှာ မိမိက ကျက်သရေရှိတာ ချောမောလှပချင်နေသည်။

'မာမီနော် သမီးလည်း ချစ်သူရည်းစားမထားဘူး၊ မာမီလည်း နောက်ထပ် အိမ်ထောင်မပြုနဲ့'

ဒီကောင်မလေး သူချစ်သူ ကောင်လေး မတွေ့သေးတော့ ကိုယ်ချင်းမစာမနာ မအေကိုပါ စည်းကမ်းချက်တွေ ကန့်သတ်နေသည်။ အရင်ကဆိုရင် ဒေါ်ယန်းရောင်သွေး သမီးဆန္ဒတွေကို အလွယ်တကူ လိုက်လျောလိုက်မိပေမယ့် ကိုမိုးဝသုန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံပြီးမှ စိတ်က ပြောင်းလဲသွားရ၏။ အိမ်ထောင်ပြုရင်လည်း ပြုရမည်။ သမီးလေးလည်း မတွေ့သေးလို့ပါ။ ဒေါ်ပန်းရောင်သွေး စိတ်တွေက ကိုမိုးဝသုန်ဆီ ရောက်ရောက်သွားသည်။ မိမိကို စိတ်ဆိုးသွားပြီလား။ သမီးချယ် ရိုင်းတယ်။ ကိုမိုးဝသုန် ရှေ့မှာ ပေါ်တင်ကြီး မျက်နှာထားတင်းတင်းနဲ့ လာခေါ်တာယ် မသိတော့။ စိတ်တွေမဖြောင့်ဘဲ ကိုမိုးဝသုန်ရှိနေတဲ့ စားပွဲဆီ ပြန်သွားဖို့ပဲ စိတ်ရောက်နေသည်။

'မာမီ ဒီမှာ မာမို့ငယ်သူငယ်ချင်းတွေ မာမို့ကို မေးနေတယ်'

သမီး ချယ်က တမင် ကိုဝသုန်ရှိနေတဲ့ စားပွဲနှင့်ဝေးနေရန် အစွန်ဆုံးစားပွဲတွေဆီ ခေါ်ဆောင်သွားနေသည်။ ဒေါ်ပန်းရောင်သွေးကလည်း သမီးလစ်သည်နှင့် ကိုမိုးဝသုန် ထိုင်နေတဲ့ စားပွဲဆီ ပြန်ရောက်လာသည်။

'ကိုမိုးဝသုန်ရယ် အားနာလိုက်တာ၊ ဧည့်သည်တွေကလည်း အရမ်းများနေတယ်လေ'

'ရပါတယ် ပန်းရောင်သွေးရယ်၊ ဧည့်သည်တွေကို ဧည့်ခံပါ၊ ကိုဝသုန် မပြန်သေးပါဘူး၊ မွေးနေ့ပွဲပြီးမှ ပြန်မှာပါ'

'သွေးက အားနာလို့ပါနော်၊ ကိုမိုးဝသုန်က လူစိမ်း မဟုတ်လား၊ သွေးနဲ့ခင်မင်တာတောင် မကြာသေးဘူးလေ'

'ကိုဝသုန်ကို သူစိမ်းလို့ မသတ်မှတ်ပါနဲ့ ပန်းရောင်သွေး





ရယ်၊ အားမနာပါနဲ့၊ တခြားဧည့်သည်တွေကိုလည်း ဧည့်ခံပါ'

ဟိုကောင်မလေးက ပန်းရောင်သွေးရဲ့ သမီးတဲ့။ ပန်းနုချယ်တဲ့။ စီးပွားရေးတက္ကသိုလ်မှာ တက်နေတာတဲ့။ မျက်နှာထားက တင်းတင်းလေးနဲ့ ဦးမိုးဝသုန်အား မကျေနပ်သလို ကြည့်သည်။ မိခင်ကို တမင်ဆွဲခေါ်သွားတာ ပန်းရောင်သွေးက မိမိကို တောင်းပန်နေ၏။ အိုကေပြီပဲ။ ပန်းနုချယ် မင်းတားဆီးလို့ရမယ် ထင်လား။ သားမိုးရေတံခွန်လိုပဲပေါ့။ ကိစ္စမရှိပါဘူး။ ပန်းရောင်သွေးကို မိမိ ဖူးစာဖက်အဖြစ် ရင်ထဲကနေ သတ်မှတ်ထားပြီး ဖြစ်သည်။

'မာမီ ဟိုမှာ ဧည့်သည်တွေ ရောက်နေပြီလေ၊ အရမ်း အားနာဖို့ ကောင်းတယ် မာမီ လာပါ'

ပန်းနုချယ်က လာပြီးခေါ်နေပြန်သည်။ ဒီကောင်မလေးတော့ သူ့အမေကို လက်ထပ်ပြီးမှ ပုံစံပေးရမယ်။ မျက်နှာထားကြီးက တင်းလို့။ မိမိအား အလိုမရှိကြောင်း ပြသနေသည်။

'ကိုဝသုန်'

'ဟင်'

'ဘာတွေစဉ်းစားနေတာလဲ၊ ပန်းရောင်သွေးကို ကြည့်တာ မျက်စိကြီးလည်း ကျွတ်ကျသွားပါဦးမယ်'

'ဟိုကောင်မလေးက တစ်မျိုးပဲ၊ ကိုယ်နဲ့ပတ်သက်နေတာ မကြိုက်သလိုပဲ စိုးသော်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အမေ နောက်အိမ်ထောင်ပြုမှာ သေမတတ် ကြောက်
နေတယ်၊ ပန်းနုချယ်လည်း ရည်းစားမထားဘူးလေ'

ဒီကောင်မလေး အမြန်ဆုံး ချစ်သူတွေ့သွားရင် ကောင်း
မှာပဲ။ မိမိနှင့် ပန်းရောင်သွေးကြားမှာ အနှောင့်အယှက် အဟန့်
အတားတွေ ရှိနေသည်။ သား မိုးရေတံခွန်ကလည်း လက်ခံမှာ
မဟုတ်ပေ။ မိမိကတော့ ပန်းရောင်သွေးနဲ့ တွေ့မှ သားကိုပေးခဲ့တ
ကတိတွေကို ဖျက်ပြစ်ရတော့မည်။ ပန်းရောင်သွေးနှင့် လက်ထ
ဖြစ်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

'ပန်းရောင်သွေး သမီးကလည်း သူ့အမေ ယောက်ျ
တွေနဲ့ ပတ်သက်ရင် အတင်းအကြပ်တားဆီးတာနော်'

သား မိုးရေတံခွန်လိုပါပဲလား။ မိမိလည်း သား ပေ
အောင် လုပ်ရှားနေရတာပဲ။ ကောင်မလေး သူ့အမေလက်
မလွှတ်တော့။ ဦးမိုးဝသုန်ကလည်း ခွဲကောင်းကောင်းနှင့်စောင့်
သည်။ ပန်းရောင်သွေးကို ကျူချင်သေးတယ်။ တော်တော်နှော
ယှက်တဲ့ ကောင်မလေးပဲ။ မအေအနားကနေ မခွာပေ။ ပန်းရော
သွေးနှင့် မတူဘဲ ခေတ်ရှေ့ပြေးလွန်းနေသည်။ ဦးမိုးဝသုန်
မကြိုက်ပေ။ ပန်းရောင်သွေးကိုတောင် ကျက်သရေရှိလို့ သမီး
တော့ တကယ်ပဲ မိခင်မွေးနေ့ပွဲမှာ ဘောင်းဘီက တိုနံ့နံ့လေး
ကြည့်စမ်း ပေါင်ရင်းနားအထိပဲ။ ပေါင်တံဖြူဖြူဖွေးဖွေး စင်းစင်း





လေးတွေက ယောက်ျားတွေရဲ့ ရမ္မက်စိတ်ဆန္ဒတွေကို ဖိတ်ခေါ်နေ
သလိုပဲ။ ဦးမိုးဝသုန်က မနှစ်သက်။ အမြင်ကတ်နေသည်။

'ကိုဝသုန်… အမေလား သမီးလား၊ အကြည့်တွေက'

'တော်စမ်းပါ မနွယ်ရာ၊ အမေနဲ့ သမီး တခြားစီပဲ၊
ပန်းရောင်သွေးက တကယ့်ကို နုသာရောင်ဝတ်စုံလေးနဲ့ ကျက်
သရေရှိလိုက်တာ၊ ပန်းနုချယ်ကတော့ ကိုယ့်မျက်စိထဲမှာ ကန့်လန့်
ပဲ'

လူကြီးကို ဘာဖြစ်လို့ မျက်နှာထားတည်တည်နဲ့ မျက်
စောင်းထိုးကြည့်တာမျိုး ဦးမိုးဝသုန် အမြင်အကတ်ဆုံးပဲ။ ဒါပေမဲ့
ပန်းရောင်သွေးကိုတော့ မိမိရင်ထဲအထိ စူးနစ်စွာ ချစ်နေသည်။
ပန်းရောင်သွေးနဲ့ လက်ထပ်ပြီးရင်တော့ ဒီကောင်မလေးကို ပုံစံ
ပြောင်းပြစ်ရမယ်။ သား မိုးရေတံခွန် ကိုယ်တိုင်ပင် ဣန္ဒြေသိက္ခာ
ရှိတဲ့ မိန်းကလေးတွေကိုပဲ နှစ်သက်သည်။ မိမိပုံစံသွင်းထား၍
သားက ရိုးသားကြိုးစားပြီး တည်တည်တန့်တန့် နေထိုင်တတ်၏။
ပန်းရောင်သွေးက မိမိအနားမကပ်တော့ပေ။ နောက်ဆုံး မိမိ
တစ်ယောက်တည်းကျန်ရစ်သည်။ မိမိစိတ်ထဲတွင် ပန်းရောင်သွေး
ကို နှုတ်ဆက်ပြီးမှ ပြန်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေ၍ ပေထိုင်နေ
လိုက်သည်။

'အန်ကယ်'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မက ပန်းနုချယ်ပါ၊ မာမီ ဒေါ်ပန်းရောင်သွေးရဲ့ သမီးပါ'

'ဪ'

ကောင်မလေး မျက်နှာထားက မိမိအား ပြတ်သားစွာ စိန်ခေါ်တော့မည့် အနေအထားဖြစ်နေသည်။ ရတယ်လေ။ မင်းလို ကောင်မလေးလောက်တော့ ကိုယ်က အဖေအဖြစ် ရောက်မယ့်သူပဲ။ မင်းကိုတော့ ထိန်းနိုင်ရမှာပဲလေ။ ဦးမိုးဝသုန် ခံ တည်တည်ရင်ဆိုင်လိုက်သည်။

'မွေးနေ့မင်္ဂလာပွဲက ပြီးသွားပါပြီရှင်'

'ဟုတ်တယ် ကလေးမ၊ အန်ကယ်က ပန်းရောင်သွေး နှုတ်ဆက်ပြီးမှ ပြန်မှာလေ'

'အဲဒါဆိုရင်လည်း ဟိုမှာ ဧည့်သည်တွေကို ဧည့်ခံ တယ်၊ သွားနှုတ်ဆက်လိုက်ပါ၊ အန်ကယ်တစ်ယောက်တည်း ဝေါင်းစင်းစင်းဖြစ်နေလိမ့်မယ်၊ မာမီက ကျွန်မရဲ့ အဖေဘက် ညီမတွေနဲ့ ဒီဟိုတယ်မှာ အိပ်ကြမှာပါ'

မာမီ့ကို လာငမ်းနေတဲ့ ဦးမိုးဝသုန်အား ဘယ်လိုနှိပ်ကွ ပြစ်ရမလဲဆိုတာ ချယ် စဉ်းစားနေသည်။ မာမီ လုံးဝယောကျ် တွေနဲ့ မိတ်ဆွေအဖြစ်တောင် မဆက်ဆံစေရဘူး။ ကာကွယ် မယ်။ သူမက ပေါ်တင်ပဲ ဦးမိုးဝသုန်နဲ့ ထိပ်တိုက်ရင်ဆိုင်ရမည် ဖြစ်သည်။





'ဒါမှမဟုတ်လည်း မာမီ့ကို ချယ် ပြောလိုက်ပါ့မယ်၊ အန်ကယ်က နှုတ်ဆက်သွားပါတယ်လို့၊ အန်ကယ် အပြန်နောက် ကျမှာ စိုးလို့ပါ၊ ပြန်လိုက်ပါတော့နော်'

'ကောင်းပါပြီ ကလေးမ၊ မင်းအမေကို အန်ကယ်ပဲ သွားနှုတ်ဆက်လိုက်ပါ့မယ်'

'အခု မာမီထိုင်စကားပြောနေတာက ဒယ်ဒီ့ဘက်က အမျိုးအဆွေတွေပါ၊ မာမီ့အပေါ် တစ်မျိုးထင်သွားနိုင်လို့ ပြောပြ လိုက်ပါ့မယ်နော်၊ ပြန်ပါ'

ပန်းနုချယ်က မျက်နှာပြောင်တိုက်ကာ မိမိအား စိန်ခေါ် လိုက်သည်။ လူကြီးဆိုတော့ ခက်နေ၏။ ကောင်မလေးက မိမိအား မလိုလားသော မျက်နှာစူပုတ်ပုတ် တင်းတင်းလေးနှင့် ရှေ့မှာပိတ်ရပ်နေ၏။ တော်တော်လေး အမြင်ကတ်စရာကောင်း သည်။

'ပြန်ပါတော့'

'ကောင်းပြီလေ၊ အန်ကယ်က လူမှုရေးအရ နှုတ်ဆက် စကား ပြောချင်တာပါ၊ မင်းက ရပါတယ်ဆိုတော့လည်း အန်ကယ် ပြန်မယ် ပန်းနုချယ်'

'ဟုတ်ကဲ့ ကောင်းပါပြီ၊ အစောကြီးကတည်းက အန်တီ နှယ်နဲ့အတူ ထပြန်ရမှာ၊ အဟဲ... အရမ်းတောင် နောက်ကျနေပြီ နော်'



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဝသုန် ဆက်ပြီးထိုင်နေလျှင် မကောင်းတော့တာမို့ ထပြန်ခဲ့ရသည်။ မိမိစိတ်တွေက ဟာတာတာနှင့် လေထဲမှာ လွင့်မျောနေသလိုပင်။ စိတ်ကောင်းမရှိတဲ့ ကောင်မလေး။ ပန်းရောင်သွေးကို လှမ်းကြည့်လိုက်တော့ မိမိကိုကျောပေးကာ ထိုင်နေသည်။ ပန်းရောင်သွေး မျက်နှာလေးကို မြင်ချင်သေးတယ်။ နှုတ်ဆက်စကားတွေ ပြောချင်သေးတယ်။ ပန်းနုချယ်ဆိုတဲ့ ကောင်မလေး ဝင်ရှုပ်လို့ ဖုန်းဆက်လိုက်ရင် ကောင်းမလား။ စိတ်ထဲမှာ အလိုမကျမှုတွေနှင့် ရှုးရှူးနစ်နစ် နာကျင်နေသည်။

○



## အခန်း(၃)

ကိုမိုးဝသုန် ပြန်သွားပြီပဲ။ သမီး ချယ် ဘာတွေသွားပြောလိုက်လို့လဲ။ အားနာစရာ ကောင်းလိုက်တာ။ မိမိကိုလည်း သမီးချယ်က ကိုမိုးဝသုန် အနားသွားဖို့ဆိုတာ ဝေလာဝေး နည်းနည်းပါးပါး လှည့်ကြည့်လို့ပင် မရ။ မကျင့်မကောင်းတဲ့ ကောင်မလေး။ မိမိအား ယောကျ်ားဘက်က အမျိုးတွေနှင့် မျက်နှာချင်းဆိုင် စကားပြောနေစေ၏။ မိမိလှုပ်၍ပင် မရ။ ယောကျ်ားအမျိုးတွေရှေ့မှာ သူစိမ်းယောကျ်ားတစ်ယောက်နှင့် တရင်းတနှီးစကားပြောနေ၍ မသင့်ပေ။ သမီးက တမင်ခေါ်ထားတာပါ။ သူတို့တွေက ပြန်ကြတော့မယ်ဟာကို မိပန်းနုချယ် ဆွဲထားတာ။ ကိုမိုးဝသုန်က လူမှုရေး ညံ့ဖျင်းသည်ဟု ထင်မှာလည်း စိုးရိမ်သည်။ ဘယ်လိုလုပ်ရမလဲ။ သမီးချယ်က ငယ်စဉ်လေးကတည်းက မိမိကို နောက်အိမ်ထောင်ပြုမှာ ကြောက်သူ။ ယောကျ်ားတွေနှင့်မြင်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်သက်ဆတ်ဆံခွင့်မပြု။ ပြဿနာအကြီးအကျယ် ရှာတတ်သည်။

'မာမီ'

'ဟင်'

'ဘာတွေရှာနေတာလဲ'

'မဟုတ်ပါဘူး၊ မာမီတို့ ညှော်ခံပွဲ သိမ်းမှပဲ၊ လူတွေမှ မရှိတော့တာ'

'မာမို့မိတ်ခွေလား၊ အန်တီနွယ့် မိတ်ခွေလား၊ ထပြန်သွားတယ်၊ တော်တော်စိတ်မရှည်တဲ့ ပုံပဲ၊ ချယ်က ညှော့သည်တွေနဲ့ စကားပြောနေလို့ စောင့်ပါဆိုတာ မရဘူး၊ ဒေါ်သတကြီး ထပြန်သွားတယ်လေ'

မဖြစ်နိုင်ဘူး။ ကိုမိုးဝသုန်က လူတွေရှင်းသွားသည်အထိ စိတ်ရှည်ရှည် ထိုင်စောင့်နေတာပဲ။ မိမိ သိနေသည်။ မိချယ် စနက်ကြောင့်ပဲ ဖြစ်မယ်။ သမီး စကားတွေကို မိမိ လုံးဝမယုံပေ။ အတင်းမောင်းထုတ်ပစ်လိုက်တာပဲနေမှာ။ ဒါပေမဲ့ သမီးချယ် အဖေ့ဘက်က ဆွေမျိုးတွေရှေ့မှာ ဒေါ်ပန်းရောင်သွေး ဣန္ဒြေသိက္ခာ ဆည်နေရသည်။

'ရပါတယ်ကွယ်၊ မာမီလည်း တကူးတက ညှော်ခံမနေနိုင်ပါဘူး၊ မတတ်နိုင်ဘူးလေ'

'ကျွန်မတို့လည်း ပြန်မယ်၊ သွေး မွေးနေ့မှသည် အနှစ်





ရာကျော်တိုင် သမီးလေးနဲ့အတူတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'

တကယ်တော့ ပန်းရောင်သွေးရဲ့ စိတ်ထဲမှာ ပေးတဲ့ဆုနဲ့ မပြည့်ပါစေနှင့်ဟု ပြောနေမိသည်။ ယောကျ်ားဘက်က ဆွေမျိုးတွေက မိမိကို နောက်အိမ်ထောင် မပြုစေလို။ သမီးနဲ့ပဲ နေစေလိုကြသည်။ မိမိလည်း နောက်အိမ်ထောင်ပြုဖို့ ဘယ်တော့မှ စိတ်မကူးခဲ့မိ။ သမီးလေး ချယ် ပျော်ရွှင်ချမ်းမြေ့ရေးအတွက်ပဲ ဖြစ်စေသည်။ အခုတော့ ကိုဝသုန်နှင့်ဆုံမိပြီးမှ မိမိ စိတ်တွေ ငယ်မူငယ်သွေး ပြန်ပြီး ရင်ခုန်နေ၏။ ဘယ်လိုလုပ်ရမလဲ။ သမီးချယ်ရှေ့မှာလည်း အမူအယာပျက်လို့ မဖြစ်ဘူး။ မှင်သေသေနှင့် နေရသည်။

'မာမီ'

'သမီးလေးချယ်'

'Happy Birthday to you'

'Thank You'

သမီးချယ်က မိမိကို နောက်မှသိုင်းဖက်ပြီး Happy Birthday to you ဟု အနမ်းလေးတွေနှင့် ချွဲချွဲနွဲ့နွဲ့လေး ပြောနေပေမယ့် ဒေါ်ပန်းရောင်သွေးရဲ့စိတ်တွေ ပျော်ရွှင်လန်းဆန်းမလာဘဲ ကိုမိုးဝသုန်ဆီပဲ စိတ်တွေက ထူးဆန်းစွာ ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြီး တောင်းပန်ချင်လိုက်တာ။ အိမ်ပြန်ရောက်မှ တောင်းပန်ရမယ်။ မိန်းမယ် ဘာတွေသွားပြောလဲ။ စိတ်ထဲမှာ တစ်ခုခုကို လိုအပ်နေသလိုပဲ။ အားနာသလိုလို မိမိအပေါ် အထင်သေးပြီး မဆက်ဆံတော့မှာ စိုးရိမ်နေသည်။ မွေးနေ့အခန်းအနားက ပြီးဆုံးသွားပြီ ဖြစ်၏။ ပန်းစည်းတွေပင် သိမ်းဆည်းကာ ကားပေါ်တင်နေကြသည်။

'ပျော်ရွှင်စရာ မာမီ့မွေးနေ့မှာ တစ်ဦးတည်းသောသမီးလေး ပန်းနုချယ်က မွေးနေ့လက်ဆောင်ပေးပါတယ်'

'ရှုတ်'

'ရှုတ်'

သမီးက မိမိပါးပြင်နှစ်ဖက်အား တရှိုက်မက်မက်လေး နမ်းရှိုက်သည်။ ကိုမိုးဝသုန်သာ ဖြစ်နေရင် ဘယ်လောက်ကောင်းမလဲလို့ ရုတ်တရက် အတွေးဝင်လာပြီးမှ သမီးချယ် ရိပ်မိသွားမှာ စိုးရိမ်၍ ပြုံးပြရယ်မောနေရသည်။

'ပြန်ကြစို့ မာမီ'

'အေးကွယ်'

သမီးချယ်က ကားလေးကို ပျော်ရွှင်သွက်လက်စွာဖြင့် မောင်းနေသည်။ ဒေါ်ပန်းရောင်သွေးရဲ့ စိတ်ထဲမှာ အပျော်တွေ ပျောက်ကွယ်နေ၏။ ကိုမိုးဝသုန်အား ဖုန်းဆက်၍ တောင်းပန်





ချင်သည်။ ပြန်ရောက်တော့ သမီး ချယ်က လိမ္မာပါးနပ်စွာ မာမီနဲ့အတူတူ လာအိပ်မယ်ဆို၍ အခက်တွေ့ရသည်။

'မာမီ့မွေးနေ့မှာ ချယ် မာမီနဲ့အတူတူ အိပ်မယ်နော်၊ သဘောတူလက်ခံတယ် မဟုတ်လား မာမီ'

'အိပ်ပါ သမီးချယ်၊ မာမီ သမီးလေးနဲ့အတူတူ မအိပ်ရတာတောင် ကြာပြီ မဟုတ်လား'

'မာမီကို ချစ်တယ်'

ပန်းနုချယ်ကလည်း မာမီ့ကို စိတ်မချနိုင်လောက်အောင် ဖြစ်နေသည်။ ဦးမိုးဝသုန်အပေါ် မာမီစိတ်တွေ တိမ်းညွှတ်ယိမ်းယိုင်နေသည်ဟု ထင်နေ၏။ လက်မခံနိုင်ပါဘူး။ မာမီ ဘယ်တော့မှ နောက်ထပ်ယောကျ်ားတစ်ယောက်နဲ့ လက်မထပ်စေရဘူး။ ပထွေးဆိုတာကို မုန်းတယ်။ အသက်အရွယ်နဲ့မမျှအောင် ရှိုးတွေထုတ်ပြပြီး ရေမွှေးတွေဆွတ်၊ ဘာတွေဆွတ်နဲ့ မျက်နှာကလည်း ပေါင်းတင်ထားတာလားမသိဘူး။ မျက်နှာပေါ်မှာ နုဖတ်ဖွေးဥနေတာပဲ။ မာမီက ဘယ်တုန်းကမှ ယောကျ်ားတွေအပေါ် စိတ်ဝင်တစား ရှိခဲ့တာ မဟုတ်။ အခုတော့ အမူအယာတွေတော်တော်လေး ပျက်နေတယ်။ ဟိုလူကြီးအပေါ် စိတ်ဝင်စားနေတာ သေချာသည်။ ဖုန်းတွေဆက်ပြီး ကျူနေမှာစိုး၍ ချယ် မျက်ခြေမပြတ် စောင့်ကြည့်နေသည်။

'ချယ်… မာမီ့ကို အောက်မှာ အအေးတစ်ခွက်သွားယူ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါလားကွယ်၊ ခင်ခင့်ကို မခိုင်းနဲ့နော်၊ သမီး ကိုယ်တိုင်ဖျော်ပေးတဲ့ ဖျော်ရည်က အရမ်းသောက်လို့ကောင်းတယ်နော်'

'အင်း··· သမီး သွားဖျော်ခဲ့မယ်၊ မာမီ အဝတ်တွေလဲပြီး အိပ်ယာပေါ်မှာ သက်တောင့်သက်သာလေး အနားယူနေနော်'

'အေးပါ'

သမီး အခန်းထဲကနေ ပြန်ထွက်သွားမှ ဒေါ်ပန်းရောင်သွေး လက်ကိုင်အိတ်လေးကို ဆွဲပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ဖုန်းဆက်ဖို့ပါ။ ဒီကောင်မလေးက အနားက မခွာ။ မအေကို မယုံသင်္ကာနှင့် စောင့်ကြည့်နေ၏။ ဒေါ်ပန်းရောင်သွေး အကြောင်းရှာအပြင်ထွက်ခိုင်းပြီး လစ်သည်နှင့် ဖုန်းထည့်ထားတဲ့အိတ်ကို ဆွဲကာ ရေချိုးခန်းထဲ ဝင်လာခဲ့၏။ ရေချိုးခန်းထဲရောက်သည်နှင့် ဖုန်းကို ထုတ်ပြီး ကိုမိုးဝသုန်ဆီ ဆက်လိုက်သည်။

'ဟဲလို··· ကိုမိုးဝသုန်လား၊ ကျွန်မက ပန်းရောင်သွေးပါ၊ နာမည်အပြည့်အစုံ ခေါ်နေရင် ရှည်ပါတယ်လေ၊ သွေးပါ၊ ကိုမိုးဝသုန်ရယ် သွေးလေ အရမ်းကိုအားနာပြီး တော်တော်လေး စိတ်မကောင်းဖြစ်ရပါတယ်၊ သွေး ဧည့်ဝတ်မကျေမိဘူး၊ တောင်းပန်ပါတယ်နော်၊ ကိုမိုးဝသုန် စိတ်ထဲမှာ သွေးနဲ့ပတ်သက်ပြီး ထစ်ငေါ့ငြိုငြင်သွားမှာ အရမ်းစိုးရိမ်မိပါတယ်၊ ဧည့်သည်တွေ ပြန်သွားပြီး ကိုမိုးဝသုန်ကို ကြည့်လိုက်တော့ မရှိတော့ဘူးလေ၊





...မဆက်ဘဲ ထပြန်သွားတော့ သွေး အရမ်းစိတ်မကောင်းဖြစ် ...ဦး ရင်ထဲမှာ ဟာသွားတာပဲ'

'ဒီမှာ··· ဒီမှာ··· ဘာတွေပြောနေတာလဲဗျ၊ ခင်ဗျား ...ယ်သူလဲ၊ အခုစကားပြောနေတာ ဦးမိုးဝသုန် မဟုတ်ပါဘူး၊ ...ကျွန်တော်က မိုးရေတံခွန်ပါ၊ သူ့သားလေ'

'ဟင်'

ဒေါ်ပန်းရောင်သွေး သမီးအလစ်မှာ ပြောချင်တဲ့စကား ...တွေကို တရစပ်ပြောနေမိပြီး တစ်ဘက်က ဦးမိုးဝသုန် နားထောင် ...ဘယ်ထင်ကာ ပြောချင်တာတွေကို တရစပ် ပြောမိသွားသည်။ ...သူ့သား မိုးရေတံခွန်တဲ့။ သေပြီ။ ရှက်စရာကောင်းလိုက်တာ။ ...သေပစ်ချင်တယ်။ ဘယ်လိုလုပ်ရမလဲဟင်။ သူ့သားတဲ့။ လေသံ ...လည်း မာလိုက်တာ။ သမီးချယ်ထက်တောင် ဆိုးနေသေး ...တယ်။ ဒီဖုန်းနံပါတ်ကို ဦးမိုးဝသုန်ကိုယ်တိုင် ပေးခဲ့တာပဲ။

ကိုမိုးဝသုန်ရဲ့ ကုမ္ပဏီနာမည်နှင့် ဆက်သွယ်ရမည့် ဖုန်း ...ပါတ်တွေ ပါနေသည်။ ဒေါ်ပန်းရောင်သွေး ဆက်လိုက်တာက ကိုမိုးဝသုန် အမြဲတမ်းကိုင်တဲ့ ဖုန်းတဲ့။ သူကိုယ်တိုင်က ပြောထား ...တာပါ။ ဘယ်လိုလုပ်ပြီး သူ့သားဆီ ရောက်သွားရတာလဲ။ သမီး ...နဲ့ချယ်လိုပဲလား။ ဖအေဖုန်းကို သိမ်းထားလိုက်ပြီလား။ မိမိ ဆက်မပြောရဲတော့ဘဲ ဖုန်းကိုပိတ်ပြီး ရေချိုးခန်းအပြင်ကို ထွက် ...လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီ'

'ဟင်'

'မာမီ ဗိုက်နာလာတာနဲ့ အိမ်သာတက်ချင်လို့ သမီးရယ်'

'မာမီ အိမ်သာတက်တာကလည်း လက်ကိုင်အိတ်ကြီး

ပါ ယူသွားတာလားဟင်'

'ဟုတ်သားပဲ'

သမီး ပန်းနုချယ် ပြန်မရောက်နိုင်သေးဘူး ထင်မှတ်ပြီ အိတ်ကြီးကိုင်ကာ ကပျာကယာ ပြန်ထွက်လာခဲ့ခြင်းဖြစ်သည် သမီးက ရောက်နေပြီပဲ။ အအေးဗန်းလေးကိုကိုင်ပြီး မိမိကို မ သလိုလိုနှင့် ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ပြဿနာနေ စောစောက တောင်းပန်ချင်လွန်းလို့ ရေအိမ်သာထဲဝင်ပြီး ဖုန် ဆက်တော့လည်း အဆင်က မပြေ။ သူ့သားကိုင်တာနှင့် တိုးသွ ၏။ အခုလည်း သမီးနှင့်တိုးနေသည်။

'မာမီ အထဲဝင်ပြီး ဟိုလူကြီးဆီ ဖုန်းခိုးဆက်တာ မဟုတ် လား'

'မဟုတ်ပါဘူး သမီးရယ်၊ မာမီက ယောက်ျားတွေ စိတ်မဝင်စားဘူး၊ အမိပွာယ်မရှိတာ'

'ရေအိမ်ထဲသွားတာ ဘာဖြစ်လို့ ပိုက်ဆံအိတ်ကြီး ယ သွားရတာလဲ၊ ဖုန်းရှိနေလို့ မဟုတ်လား၊ မာမီ မလိမ်နဲ့၊ ဟိုလူကြ ဆီ ဖုန်းခိုးဆက်တာပဲ'





သမီးချယ်အား ဘယ်လိုမှ ငြင်းလို့မရအောင် လက်ပူး ဆက်ကြပ်မိနေသည်။ မိမိကလည်း ဖုန်းပဲယူသွားရင် ဖြစ်လျက် သားနဲ့ အိတ်ကြီးပါ ကယောင်ကတမ်းနှင့် ဆွဲယူသွားမိ၏။ အသက်ရှူတောင် မှားမတတ်ဘဲ။ သမီးချယ်နှင့် ရင်မဆိုင်တော့ ဘဲ အအေးခွက်တစ်ခွက်ယူပြီး သောက်သည်။

'တော်ပြီ၊ မာမီနဲ့ မအိပ်တော့ဘူး၊ မာမီ မရိုးသားတော့ ဘူးလို့ ထင်တယ်၊ ဒီဖုန်းကိုတော့ ယူသွားမယ်၊ အိမ်ဖုန်းနဲ့လည်း ဆက်မယ်လို့ မကြံနဲ့နော်၊ သမီးက မာမီကို စောင့်ကြည့်နေမှာပဲ'

သမီးက ဖုန်းကိုသိမ်းပြီး မိမိအခန်းထဲမှ ထွက်သွားသည်။ အမလေး ဘယ်လိုလုပ်ရမလဲ။ ရှက်လိုက်တာ။ ကိုမိုးဝသုန်လည်း သူ့သားနှင့် ဘယ်လိုပြဿနာတွေ ရင်ဆိုင်ရမလဲ။ ဖုန်းကလည်း ဆက်လို့မဖြစ်ပေ။ ကိုမိုးဝသုန်ဖုန်းကိုလည်း သူ့သားမိုးရေတံခွန် က ကိုင်ထားပုံရ၏။ ဒေါ်ပန်းရောင်သွေး အိပ်လို့တောင် မရဘဲ ငယ်ငယ်အပျိုစင်ဘဝက မိဘတွေရဲ့ ချုပ်ချယ်မှုကို ခံနေရတဲ့ မိန်းကလေးတစ်ယောက်ကဲ့သို့ပင်။ စိတ်ညစ်လို့ သေတော့မယ်။ အိပ်ယာပေါ်မှာ လူးလိမ့်နေသည်။

ဦးမိုးဝသုန်ကလည်း ဖုန်းသံမြည်လာတော့ သားက ကောက်ကိုင်ပြီး နားထောင်လိုက်၍ အထိတ်တလန့်ဖြစ်သွားရ သည်။ သား မိုးရေတံခွန်က မိမိကို မယုံပေ။ ရေမွေးတွေ ထုံ သင်းပျံ့ပြီး စိတ်မကြည်မသာနှင့် ရော့ရဲရဲပြန်ရောက်လာတဲ့ ဖခင်



www.burmeseclassic.com

www.burmeseclassic.com



ကို မသင်္ကာတဲ့အကြည့်တွေနှင့် ကြည့်ပြီး စစ်ဆေးတော့သည်။

'မင်း... မင်း... ရေတံခွန်... ဒယ်ဒီ့ဖုန်းကို ဘာဖြစ်လို့ မပေးရတာလဲကွ'

'ဒေါ်ပန်းရောင်သွေးတဲ့ ဘယ်သူလဲ ဒယ်ဒီ'

'မိတ်ဆွေလေကွာ'

'ဒယ်ဒီက ဒေါ်ပန်းရောင်သွေးရဲ့ မွေးနေ့ပွဲကို သွားတာလား'

မိမိ ဘယ်လိုပြန်ဖြေရမှန်း မသိတော့။ ပန်းရောင်သွေးရဲ့ ဖုန်းကို သား ရေတံခွန်က ကိုင်မိသွားသည်။ မိမိငြင်းလို့ရ တော့။ သူဘာပြောလည်း မေးတော့ ဒယ်ဒီ ဘာတွေလုပ်နေတာလဲတဲ့။ မရိုးသားတော့ဘူးတဲ့။ သား မယုံတော့ဘူးတဲ့။ ဒယ်ဒီ မကြီးမငယ်နဲ့ ဘာပြဿနာတွေ လုပ်လာတာလဲတဲ့။ ဦးမိုးဝသုန် တော်တော်လေး ခေါင်းခြောက်သွားသည်။

'ဒယ်ဒီ့မိတ်ဆွေပါကွ၊ မွေးနေ့မပြီးခင် ပြန်လာလို့ ဒယ်ဒီက စိတ်ဆိုးသွားတာ ထင်လို့'

'ကလေးကလားတွေနော် ဒယ်ဒီ၊ မလုပ်သင့်ဘူး၊ ပန်းရောင်သွေးဆိုတဲ့ မိန်းမကြီးက ငယ်ငယ်လေးလား'

'မဟုတ်ပါဘူးကွာ၊ ကလေးတစ်ယောက် အမေပါ၊ သူမှာလည်း သမီးတစ်ယောက်ရှိတယ်၊ ပန်းနုချယ်တဲ့'

'အဲဒီမိန်းမ ဘယ်မှာနေလဲ ဒယ်ဒီ'





'ဘာမှမဟုတ်ပါဘူး သားရာ၊ မိတ်ဆွေတွေပါ'

'ဒယ်ဒီ နောက်မိန်းမယူတာကို လုံးဝ လက်မခံနိုင်ဘူးနော်၊ မာမီ့အစား ဘယ်လိုမိန်းမကိုမှ မထိုးဘူး၊ ဒယ်ဒီ နောက်ဆုတ်ပါ'

သား မိုးရေတံခွန်က တည်တည်တင်းတင်း ပြောပြီး ထွက်သွားသည်။ ပန်းရောင်သွေး ဘာတွေပြောသွားတာလဲ။ သားကို မေးမရ။ မိမိကိုတောင်းပန်စကားတွေပဲ ပြောသွားတာဖြစ်မယ်။ သမီး ပန်းနုချယ်ကြောင့်ပါ။ မိမိအပေါ် ပန်းရောင်သွေး စိတ်ဝင်စားနေကြောင်း သိသွားစေ၏။ ဦးမိုးဝသုန် နေမထိထိုင်မသာကြီးနှင့် ဘာပဲဖြစ်ဖြစ် ပန်းရောင်သွေးဆီ ဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်သည်။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

'ဟဲလို… သွေးလား၊ ကိုဝသုန်ပါ၊ သွေး ဖုန်းဆက်တာ
သားကကိုင်မိသွားတယ်လေ၊ ကိုဝသုန် တောင်းပန်ပါတယ်ကွာ
တကယ်ဆို သွေးကို နှုတ်ဆက်ပြီးမှ ပြန်ချင်တာပါ၊ ကိုယ်
ကောင်းကောင်းနဲ့ စောင့်နေတာပါ၊ သွေးရဲ့သမီး ဟိုကောင်မလေး
က ကိုယ့်ကို အတင်းပြန်ခိုင်းနေတာလေ'

ဟွန်း ဘယ်လိုလူကြီးလဲ။ သွေးတဲ့ ကိုဝသုန်တဲ့။ ဖုန်းက
ချယ်ကိုင်တာ သေသေချာချာ နားမထောင်ဘဲ စွတ်ပြောနေသည်
မာမီ စောစောက ဖုန်းဆက်တာပဲ။ အခြေအနေက အတော်လေး
ခရီးတွင်နေတာပဲ။ သွေးတွေ ကိုယ်တွေတောင် ဖြစ်နေပြီ။ ချယ်
အတင်းလည်း ပြောနေသေးတယ်။ မာမီ့ဖုန်းကို ချယ် သိမ်းလာ
တာ မသိဘဲ ပြောချင်တာတွေ ပြောနေသည်။ ဒေါသဖြစ်လိုက်





။ ဒါပေမဲ့ မာမီ့အခြေအနေကို သိချင်၍ ဆက်နားထောင်နေ
ဦးမိုးဝသုန်ကလည်း ဆက်ပြောနေသည်။

'သွေး နားထောင်နေလား၊ ကိုယ် မနက်ဖန်ညနေ ဗိုလ်
ချုပ်ဈေးကိုလာခဲ့မယ်လေ၊ သွေးနဲ့ အေးအေးဆေးဆေး စကား
ပြောချင်တယ်၊ ကိုယ့်ရင်ထဲမှာ ပြောစရာတွေ အများကြီးပဲနော်
သွေး'

'ဟုတ်ကဲ့'

'သွေး ဘာဖြစ်နေတာလဲ၊ အသံတွေ တုန်ရီနေသလိုပဲ၊
ကိုယ် လာခဲ့မယ်လေ၊ တွေ့မှ ရင်ထဲကစကားတွေ ပြောကြတာ
ပေါ့'

ဦးဝသုန်က ဖုန်းကို ပိတ်သွားသည်။ သားကိုကြောက်
ပြီး ဖုန်းတောင် ရဲရဲမပြောရဲပေ။ အသက်ကြီးမှ အရှက်မရှိလိုက်
တာ။ မာမီ့ကို ဘာမှမပြောတော့ဘဲ မနက်ဖြန်မှ သိမယ်။ ချယ့်
မာမီကို လက်ထပ်ဖို့တော့ လုံးဝ မစဉ်းစားနဲ့နော်။ ပထွေးဆိုတာ
ကို လုံးဝလက်မခံဘူး။ ချယ် ဖုန်းကိုပိတ်ပစ်လိုက်သည်။ ဒီလူကြီး
မာမီ့ကို အတင်းအကြပ်နောက်ပိုးနေတာလည်း ဖြစ်မယ်။ ရေမွှေး
တွေဆွတ်ပြီး နံစော်နေတာပဲ။ မုန်းလိုက်တာ။ ပန်းနုချယ်ရဲ့ ဘဝမှာ
ဘယ်တော့မှ ပထွေးဆိုတာ မရှိစေရဘူး။ တွေ့မယ်လေ။ လာခဲ့
ပါ။ မနက်မိုးလင်းတော့ မာမီ့အား ဈေးမထွက်ဘဲ အနားယူဖို့
ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီ ဈေးမထွက်နဲ့၊ အနားယူပါ၊ ဆိုင်ပိတ်ထားလို
မယ်နော်'

'ဘာဖြစ်လို့လဲ သမီးချယ်ရဲ့၊ မာမီ မပင်ပန်းပါ
မွေးနေ့မှာ မာမီ ဘာမှလုပ်ရတာမှ မဟုတ်တာပဲ၊ ဈေးထွက်
ဒေါ်ပန်းရောင်သွေးကတော့ ဆိုင်ပဲထွက်ချင်သ
သမီး က သင်တန်းတွေတက်နေရ၍ မအားပေ။

ကိုမိုးဝသုန်ကို သေသေချာချာ တောင်းပန်ချင်သ
သူ့သားဆီ ဖုန်းရောက်သွား၍ မတောင်းပန်လိုက်ရပေ။ ဒေါ်
ရောင်သွေး စိတ်ထဲမှာ ကိုမိုးဝသုန်ကိုပဲ သတိရတမ်းတပြီး ရင်
နေရသည်။ သမီးချယ်ကတားဆီးနေ၏။ ပထွေးဆိုတာကို ငယ်
လေးက လက်မခံခဲ့။ မိမိယောကျ်ားတစ်ယောက်ယောက်
စကားပြောဆိုမိရင်တောင်မှ သမီးချယ်က ပြဿနာရှာတ
သည်။

'ချယ်က နားဆိုရင် နားလိုက်ပါ မာမီရယ်၊ ကိုယ့်သ
လေးက စေတနာနဲ့ ပြောတာပါ၊ မာမီ အသက်ကြီးပါပြီ၊
လောက်အထိ အပင်ပန်းမခံစေချင်လို့ပါ'

'မာမီ အသက်မကြီးသေးပါဘူး ချယ်ရယ်၊ အသက်
ဆယ်ပဲ ရှိသေးတာပါ၊ မာမီ့ကို ကြည့်စမ်း၊ ကျန်းမာပြီး ဘ
လောက်အထိ အရွယ်တင်လဲ'

'ချယ့်မျက်စိထဲမှာတော့ အဖွားကြီးပဲ'





'ဒီကလေးမကတော့လေ၊ ကိုယ့်အမေ ကျန်းကျန်းမာမာ
ခဲ့ နုပျိုလန်းဆန်းနေတာ မကြည့်ရက်ဘူး ထင်တယ်'

'ဘာပဲပြောပြော အသက်ငါးဆယ်က အဖွားကြီးပဲ၊ မာမီ
အသက်ကြီးနေပြီ၊ ကြီးမှ ဝက်သက်မပေါက်ချင်နဲ့'

'ပန်းနုချယ်'

ဒီကောင်မလေးတော့ မိမိအား အဖွားကြီး အတင်းလုပ်
နေသည်။ ဦးမိုးဝသုန်ကြောင့်ပဲ ဖြစ်မည်။ သမီးချယ် ကိုယ်တိုင်
က ချစ်သူယောကျ်ားလေး မထားတော့ ခက်နေ၏။ မာမီ့တစ်
သက် သမီးတစ်သက် အိမ်ထောင်မပြုကြေးတဲ့။ အရင်ကတော့
ဒေါ်ပန်းရောင်သွေးလည်း သမီးလိုပဲ ဆုံးဖြတ်ထားခဲ့တာပါပဲ။
အခုတော့ ချစ်သူတွေ့လာပြီ။ ကိုမိုးဝသုန်လေ။ သူမ အရမ်းကို
ရင်ခုန်လှုပ်ရှားနေရသည်။ ဒေါ်ပန်းရောင်သွေး အရွယ်နှင့်မလိုက်
အောင်ပဲ နှလုံးသားတွေ တဆတ်ဆတ်နာကျင်နေကာ ကိုမိုးဝသုန်
နှင့် တွေ့ဖြစ်ချင်နေ၏။ သမီးချယ် မိမိဖုန်းကိုလည်း ယူသွား
သည်။ မိမိ သည်းမခံနိုင်တော့ပေ။ ချယ့် အခန်းထဲအထိ လိုက်
လာခဲ့၏။ သမီး သီချင်းနားထောင်နေသည်။

'ချယ်'

'ဟင်… မာမီ ဘာလဲ'

'ဖုန်းပေး'

'မပေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မာမိုကို ကလေးမှတ်နေလား၊ ဖုန်းသိမ်းထားတဲ့အထိ မလုပ်ပါနဲ့၊ ပေးစမ်း'

'မာမီ ဟိုလူကြီးဆီ ဆက်မလို့ မဟုတ်လား'

'မဆက်ဘူး၊ မာမီ ကလေးမဟုတ်ဘူးလို့ ပြောထားတယ်နော်၊ ပေး'

'ရော့… ဒါပေမဲ့ မာမီကို ချယ် ပြောတားပြီးပြီနော်၊ ချယ့်ဘဝမှာ ပထွေးဆိုတာကို လုံးဝလက်မခံဘူးနော်၊ ပြဿနာ အကြီးအကျယ်ရှာမယ်၊ ဒီလူကြီးနဲ့မာမီ လုံးဝမပတ်သက်ပါနဲ့၊ မနက်ဖြန် မာမီ ဈေးမထွက်နဲ့ ဒါပဲ'

သမီးချယ် စိတ်ညစ်နေမှာလည်း ဒေါ်ပန်းရောင်သွေး မလိုလားပါဘူး။ ခက်နေတာကတော့ သမီးချယ်မှာ ချစ်သူ ယောကျ်ားလေး မတွေ့သေးတာပဲ။ မိမိဆင်ခြင်မှုဖြစ်မယ်ထင်တယ်။ သမီး မကြိုက်တာကို မလုပ်တော့ပါဘူးလေ။ ဖုန်းကို ယူပြီး ပြန်လာခဲ့သည်။ မိမိ အိပ်ခန်းထဲ ပြန်ရောက်တော့ ကိုမိုးဝသုန်ကို သတိရပေမယ့်လည်း စိတ်တွေကို ထိန်းချုပ်ထားလိုက်ရ၏။ သမီးချယ်က ပထွေးဆိုတာကို လုံးဝလက်ခံမှာ မဟုတ်ပေ။ ကိုမိုးဝသုန်ရဲ့သား မိုးရေတံခွန်ကလည်း မိထွေးဆိုတာကို လက်ခံမှာ မဟုတ်။ စောစောစီးစီးကပဲ မပတ်သက်ကြတာ ကောင်းပါတယ်။ သွေးတို့နှစ်ယောက်က ဘယ်လိုနည်းနဲ့မှ ဖူးစာဖက်တွေ မဖြစ်နိုင်ပါဘူး ကိုမိုးဝသုန်ရယ်။ ဆိုင်တောင် မထွက်နဲ့





ဘဲ့။ ဘာဖြစ်လို့လဲ။ ဒီကောင်မလေးမှာ အကြောင်းတစ်ခုခုတော့ ရှိရမည်။ ဆိုင်က ထွက်ရမယ်။ ဖောက်သည်တွေ ရှိသေးတယ်။ သမီးချယ် ကျောင်းသွားဖို့ ပြင်ဆင်နေသည်။

'မာမီ အိမ်မှာပဲနေနော်၊ ချယ် ကျောင်းသွားတော့မယ်'

'မာမိမှာ ဖောက်သည်တွေ ရှိသေးတယ် ချယ်ရယ်၊ အဓိပ္ပာယ်မရှိတာ၊ ဟိုလူကြောင့်လား၊ စိတ်မပူနဲ့၊ မာမီ လုံးဝမပတ်သက်တော့ဘူး'

'ဒါဆို ဘုရားရှေ့မှာ သစ္စာရေသောက်ပြ၊ ကတိစကားလောက်နဲ့တော့ မယုံဘူး၊ ဘယ်လိုလဲ မာမီ'

'ညည်းကလည်းအေ၊ ကလေးကလားတွေ၊ ကဲ… ဆိုင်ထွက်တော့ဘူး ရပြီလား'

မာမီ့ကို ချယ် စေ့စေ့လေး ကြည့်မိသည်။ ဘုရားရှေ့မှာ သစ္စာရေတောင် မာမီ မသောက်ပြရဲပါလား။ ဟိုလူကြီးကို မာမီ ကြိုက်နေပြီ။ သေချာတယ်။ အတင်းအကြပ် တားဆီးနေရင်လည်း မာမီက ပိုပြီးစိတ်ဝင်စားသွားမှာ ကြောက်ရသေးသည်။ ချယ်က စိတ်မကစားဘဲ မာမီက စိတ်ကစားနေတော့ စိတ်ပျက်လိုက်တာနော်။ ချယ် ဒီနေ့အထိ မာမီစိတ်အားငယ်သွားမှာစိုးရိမ်၍ ချစ်သူပင် မထားခဲ့။ ယောကျ်ားလေးတွေနဲ့တောင် မပတ်သက်ခဲ့ဘူး။ မာမီ့အနားကနေ လှည့်ထွက်လာပြီး ကားကို မောင်းကာ ဗိုလ်ချုပ်ဈေးဘက်ထွက်လာခဲ့သည်။ Car Parking မှာ ကားထိုး



www.burmeseclassic.com

www.burmeseclassic.com



ရပ်ခဲ့ပြီး မာမီဖွင့်ထားတဲ့ စိန်ရွှေရတနာဆိုင်ကို ရောက်လာခဲ့၏။ ပတ်ဝန်းကျင်အား မသိမသာ အကဲခတ်လိုက်တော့ မျက်နှာချင်းဆိုင်မှာ ဦးမိုးဝသုန် ယောင်လည်လည် ရပ်စောင့်နေတာ တွေ့လိုက်သည်။

'ဒီမှာ အန်ကယ်'

'ဟင်… မင်း ပန်းနုချယ်'

'မာမီ့ကို စောင့်နေတာလား'

'မဟုတ်ပါဘူး၊ အန်ကယ် ပိုးပုဆိုးလာဝယ်တာပါ၊ မင်္ဂလာဆောင်တစ်ခုမှာ မင်္ဂလာပန်းကုံးစွပ်ရမယ်လေ'

'အဓိပ္ပာယ်မရှိတာပဲ၊ အန်ကယ် စိတ်ရောဂါမှန်သေးရဲ့လား။ ကျက်သရေမင်္ဂလာ ယူနေတဲ့ အချိန်မှာ ဘယ်စုံတွဲက အန်ကယ့်လို မိန်းမသေသွားတဲ့ မုဆိုးဖိုကြီးကို မင်္ဂလာပန်းကုံးစွပ်ခိုင်းမှာလဲ'

'ဘာပြောတယ်'

'မာမီ့ကို လာပိုးနေတာ မဟုတ်လား'

ချယ် ပေါ်တင်ကြီးပဲ ပြောင်ကျကျ စိန်ခေါ်ပစ်လိုက်သည်။ အဲဒါမှ မှတ်မှာ။ အနားမနေနိုင်ပါ။ မာမီ့ကို အရယူဖို့ ဘယ်တော့မှ မစဉ်းစားနဲ့။ ပန်းနုချယ်နဲ့ အရင်တွေ့လိုက်ဦး။ သူမ မျက်နှာထားတင်းတင်းမှုန်တည်တည် ကြည့်ပစ်လိုက်သည်။

'မာမီ့ကို မနှောင့်ယှက်ပါနဲ့၊ ဝေးဝေးက ရှောင်နေပါ၊





ပြီးတော့ ကျွန်မအမေက အိမ်ထောင်ပြုလို့မဖြစ်ဘူး၊ ကျွန်မအမေ သားအိမ်ထုတ်ထားရတယ်လေ'

'အို… မင်း… မင်း… ဘာတွေ လာပြောနေတာလဲ ပန်းနုချယ်၊ သားအိမ်ထုတ်ထားတာနဲ့ အိမ်ထောင်ပြုလို့ မရဘူးဆိုတာ ဘာဆိုင်လဲ'

'ဟင်… မဆိုင်ဘူးလား၊ ဆိုင်ဆိုင် မဆိုင်ဆိုင် မာမီ့ကို လက်ထပ်ယူဖို့ လုံးဝမကြိုးစားပါနဲ့၊ နောက်ထပ်လည်း လာပြီး မပတ်သက်ပါနဲ့၊ ကျွန်မ သဘောကောင်းပြီး အေးအေးဆေးဆေး မေတ္တာလာရပ်ခံတာနော်'

ဦးမိုးဝသုန် မျက်နှာကြီးရဲပြီး ရှက်ရမ်းရမ်းကာ ချာခနဲ လှည့်ထွက်စဉ် တစ်ဘက်မှာရှိနေတဲ့ မုန့်လက်ဆောင်းသည်ကြီးကို ဝင်တိုက်မိတော့သည်။

'အောင်မလေး'

'ဟာ'

'အို'

'ဂျလွမ်လွမ်'

'ဝွမ်'

ခေါင်းပေါ်မှာ ရွက်ထားတဲ့ မုန့်လက်ဆောင်းဗန်းကြီး ပြုတ်ကျသွားသဖြင့် ပတ်ဝန်းကျင်မှာ မုန့်လက်ဆောင်းတွေ ပြန့်ကျဲကာ ဆူညံပွက်လောရိုက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘာဖြစ်တာလဲ၊ ဈေးသည်ရပ်နေတာတောင် မမြင် ဘူးလား၊ ဟိုရှေ့က ကောင်မလေးကို ငမ်းပြီး ထွက်လာတာ မဟုတ်လား'

'တောင်း... တောင်းပန်ပါတယ်၊ အရေးကြီးကိစ္စလေးရှိ လို့ လှည့်ထွက်မိလိုက်တာပါ၊ လျော်ကြေးဘယ်လောက်ပေး မလဲ၊ ပေးပါ့မယ်'

ဈေးသန့်ရှင်းရေးသမားတွေရော ပတ်ဝန်းကျင်မှ လူတွေ ပါ ဝိုင်းအုံရောက်လာကြသည်။ ဦးမိုးဝသုန် မျက်နှာကြီး ထူအမ်း တွတ်နေပြီး လက်ထဲမှာ ကိုင်ထားတဲ့ လက်ကိုင်ဖုန်းရော ကား သော့ပါ ပြုတ်ကျသွားကာ တုန်တုန်ချိချိ လိုက်ကောက်ယူနေ သည်။

'လျော်ကြေးယူပါ၊ ငါးသောင်း ကျေနပ်လား၊ မကျေနပ် ရင် တစ်သိန်းယူပါ၊ ဟို... ဟို သန့်ရှင်းရေးအတွက် တစ်သောင်း ပေးပါ့မယ်၊ တောင်းပန်ပါတယ်နော်'

ကြားကနေ သန့်ရှင်းရေးဝန်ထမ်းက ပိုက်ဆံလက်ခံပြီး ပြဿနာကို ဖြေရှင်းပေးလိုက်၍ ပြီးသွားကာ ဦးမိုးဝသုန် အရှက် ကွဲပြီး ခက်သွက်သွက် ပြန်ထွက်သွားတော့သည်။

'ဟား... ဟား... ဟား'

'ဟင်း... ဟင်း... ဟင်း'

ပန်းနုချယ် သဘောကျစွာ တဟားဟား အော်ရယ်ပြစ်မိ





သည်။ ပိုးထည်တိုက်ပိုင်ရှင် အန်တီချောက ချယ့်ကို ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ်။

အားနာစရာကြီးလို့ ပြောသည်။

'ဘာမှမဟုတ်ပါဘူး အန်တီချောရဲ့၊ ပုံစံပေးလိုက်တာပါ'

'ညည်းအမေ ပန်းရောင်သွေးကို လာပိုးနေတာလား ပန်းနုချယ်'

'မဟုတ်ပါဘူး'

'ဒီလောက်အထိတော့ ရိုင်းရိုင်းစိုင်းစိုင်း အရှက်ကွဲတဲ့ အထိတော့ ပုံစံမပေးသင့်ဘူးနော် ကောင်မလေး၊ ညည်းအကြောင်း သေိဘူး မှတ်နေလား၊ အမေကို နောက်အိမ်ထောင်မပြုစေချင် တာလည်း တစ်ပိုင်းပေါ့'

အဲဒီအဘွားကြီး သူနဲ့ဘာဆိုင်လို့လဲ။ မာမီနှင့်ပတ်သက် လာလျှင် ချယ် ဘယ်လောက်အထိ ပြဿနာရှာတတ်လည်းဆို တာ ပတ်ဝန်းကျင်က ဆိုင်တွေပင် သိနေကြသည်။ ချယ် ဂရု မစိုက်ပေါင်။ သူမက မာမီကို မပတ်သက်ဖို့ပဲ ပြောတာပါ။ သူ့ဟာသူ ဘေးမကြည့်ဘဲ မုန့်လက်ဆောင်းသည်ကို ဝင်တိုက်ပစ် တာပါ။ ချယ် အပြစ်မှ မဟုတ်တာ။ မာမီ့အနား လာကပ်မယ် တော့ မကြံနဲ့နော်။ ပန်းနုချယ်က ဘာကိုမှ ဂရုမစိုက်ဘူး။ ပြဿနာ ရှာပစ်မှာပဲ။ မာမီကို တိုင်ချင်လည်းတိုင်ကြပါစေ။ ချယ်က ဘာလုပ်လို့လဲ။ မာမီနဲ့ မပတ်သက်ဖို့ပဲ ပြောတာ။ ဈေးလမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ညစ်ပတ်ပေရေသွား၍ သန့်ရှင်းရေးသမားတွေ တော်တော်လေး သန့်ရှင်းရေးလုပ်ယူကြရသည်။

'ညီမလေးကိုတော့ မရွှေမိတို့က အရမ်းကျေးဇူးတင်တယ်၊ ဟိုလူကြီး တော်တော်လေး ငမ်းကြောထတာပဲ၊ ညီမလေးကို ငမ်းပြီး ဝင်တိုက်မိလို့ ပိုက်ဆံတစ်သိန်းက မပင်ပန်းဘဲနဲ့ ရတာလေ၊ အဲဒီလိုသာ နေ့တိုင်းဝင်တိုက်မယ့်သူရှိရင် ဘယ်လောက်ကောင်းမလဲ။ ညီမလေးနောက် အမြဲတမ်းလိုက်နေရမလို ဖြစ်နေပြီ'

အလကားနေရင်း ပိုက်ဆံတစ်သိန်းရလိုက်တဲ့ မုန့်လက်ဆောင်းသည် ဒေါ်ရွှေမိက ဝမ်းသာအားရ သဘောကျစွာ ချယ်နောက်လိုက်ပြီး ပြောသည်။ ကောင်းတယ် မှတ်ထား။ ပန်းနုချယ်ရဲ့ ပညာပေးမှုက နံပါတ်တစ်ပဲ ရှိသေးတယ်။ ဦးမိုးဝသုန် အရှက်တကွဲနဲ့ မာမီဆိုင်ရှေ့ကို နောက်ထပ်မလာရဲအောင် လုပ်ပစ်လိုက်မယ်။ ပန်းနုချယ်ကတော့ ကျေနပ်ပျော်ရွှင်လို့ မဆုံးနိုင်အောင် ဖြစ်နေသည်။

၀



## အခန်း(၅)

တော်တော်ဆိုးသွမ်းတဲ့ ကောင်မလေးပဲ။ ပြောလိုက်တာနား မညှာမတာ။ မျက်နှာကို မထောက်မထား။ ဦးမိုးဝသုန် ကျက်လို့သေတော့မယ်။ မျက်နှာလည်း မီးဟပ်နေသလိုပဲ။ ပူလိုက်တာ။ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမလဲ မသိတော့။ ကိုကို ပြောလိုက်တာ ချိုးချိုးဖဲ့ဖဲ့ အရေးထဲ မုန့်လက်ဆောင်သည်ကို ဝင်တိုက်မိသေးသည်။ ပန်းနုချယ် မင်းက ငါ့လိုလူတစ်ယောက်ကို အရှက်ခွဲတယ်လား။ မင်းအနေနဲ့ သဘောမတူဘူးလား။ ဦးဝသုန် ဘယ်လိုမှ မကြည့်တော့ဘဲ ကားဆီကို တုန်တုန်ချိချိ ရောက်လာသည်။

'ငါ့ကို အရှက်ခွဲတဲ့ ကောင်မလေး၊ မင်းအမေနဲ့လက်ထပ်ပြီးရင်တော့ ပထွေးပီပီ မင်းကို နှိပ်စက်ပြမယ်'


www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဝသုန် ဒေါသတကြီး ကြိမ်းမောင်းနေမိသည်။ ဗိုလ်ချုပ်ဈေးထဲကနေ ကားကိုအမြန်ဆုံးမောင်းထွက်လာခဲ့၏။ မိမိ ကောင်းကောင်းအရှက်ခွဲပြစ်လိုက်တာပဲ။ ပန်းနုချယ် မင်းကို ခွင့်လွှတ်မယ်ထင်လား။ တွေးမိတိုင်း မကျေမချမ်းနိုင်။ ဒီကော မလေးကို အမုန်းကြိတ်ပြစ်ချင်နေသည်။ ပန်းရောင်သွေးကို ထားတာ။ ဘာဖြစ်လို့ ပန်းနုချယ်က ရောက်လာရတာလဲ။ ဆို လည်း မဖွင့်ပေ။ ပန်းရောင်သွေး ဘာဖြစ်နေလို့လဲ။ နေမ မကောင်းလို့လား။ ဦးမိုးဝသုန်ရဲ့ စိတ်က ပန်းရောင်သွေးကိုတေ ချစ်နေမိသည်။ သမီး ပန်းနုချယ်တော့ အမြင်ကတ်စရာကော နေ၏။ မင်းကို ဘယ်လိုနှိပ်ကွပ်ပြစ်ရမလဲ။ ပန်းရောင်သွေးက မိမိအပေါ် စိတ်ဝင်စားနေတယ်ဆိုတာ ထင်ရှားနေသည်။ မေ့ပြ ဖို့ ကြိုးစားပေမယ့် မရ။ ပန်းရောင်သွေးရဲ့ ကျက်သရေရှိတဲ့ အလှတွေကို နှစ်သက်နေသည်။ ပန်းနုချယ်နဲ့တော့ လုံးဝဆန့်ကျ ဘက်ပဲ။ ပန်းရောင်သွေးကိုတော့ လက်လွှတ်အဆုံးရှုံးမခံနိုင် ဘူး။

နှလုံးသားထဲမှာ ချစ်နေမိ၍ ဘယ်လိုပဲဖြစ်ဖြစ် အရယူဖို့ ဆုံးဖြတ်ထားသည်။ သူပြန်ရောက်လာတော့ သား မိုးရေတံခွန်က မယုံသင်္ကာသော မျက်လုံးတွေနှင့် ကြည့်၏။ ဦးမိုးဝသုန် ခေ တည်တည်ပင် အိမ်ထဲဝင်ဖို့ ပြင်သည်။





'ဒယ်ဒီ'

'ဟင်'

'ဘယ်က ပြန်လာတာလဲ'

'ဘာဖြစ်လို့လဲကွ'

ဒယ်ဒီပုံစံကို ကြည့်ရတာ ထွက်သွားတဲ့ ပုံစံနှင့်မတူဘဲ ညှိုးနွမ်းရော့ရဲနေသည်။ ရှုံးတွေထုတ်ပြီး ကျော့ကျော့လေးထွက် သွားတာမို့ အခုတလော ဒယ်ဒီက လူငယ်လေးတစ်ယောက်လို ဒန်းဆန်းတက်ကြွနေ၏။ သူ မျက်ခြေမပြတ်အကဲခတ်နေသည်။

'ဒေါ်ပန်းရောင်သွေးဆိုတာ ဘယ်သူလဲ၊ အဲဒီမိန်းမနဲ့ ဒယ်ဒီသွားတွေ့တာ မဟုတ်လား'

'မဟုတ်ပါဘူး သားရယ်၊ ဒယ်ဒီ အလုပ်ကိစ္စတစ်ခု သွားတွေ့တာ အဆင်မပြေလာလို့ပါ'

'ဒယ်ဒီဘောင်းဘီအောက်မှာ ဘာတွေပေကျံလာတာလဲ၊ မုန့်လက်ဆောင်းဖတ်တွေ ထင်တယ် ဒယ်ဒီ'

'ဟင်'

ဗိုလ်ချုပ်ဈေးထဲမှာ မုန့်လက်ဆောင်းဖတ်တွေ ပေကျံလာ တာပါ။ တော်သေးတယ်။ ကားနဲ့ပြန်လို့။ မိမိ ထူပူပြီး မုန့်လက် ဆောင်းဖတ်တွေ ပေကျန်လာတာပင် မသိပေ။ တွေးမိတိုင်း ပန်းနုချယ်ကို ဒေါသတွေဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒယ်ဒီ ဘာတွေဖြစ်လာတာလဲ၊ ဒေါ်ပန်းရောင်သွေးက မုန့်လက်ဆောင်းသည်လား'

'ဟာ… မဟုတ်တာတွေ၊ မုန့်လက်ဆောင်းသည်ဆို ဒယ်ဒီက ပတ်သက်ပါ့မလားကွ'

'ဒါဖြင့်ရင် ဒယ်ဒီ ဘောင်းဘီအောက်မှာ မုန့်လက်ဆောင်း ဖတ်တွေ ဘာဖြစ်လို့ ဒီလောက်ပေကျံလာရတာလဲ'

'ဒယ်ဒီ့အနားရောက်မှ မုန့်လက်ဆောင်းသည်က ချော်လဲ ပြီး မှောက်ကျသွားတာကွ'

ဒယ်ဒီ့ကိုတော့ မိုးရေတံခွန် မယုံပေ။ ဒေါ်ပန်းရောင် သွေးကို သိအောင်တော့ လုပ်ရမယ်။ ဘယ်လိုမိန်းမမျိုးလဲ။ ဒယ်ဒီ ဆီ တောင်းပန်စကားတွေ ပြောနေတဲ့အသံကဆို နူးညံ့ပျော့ပျောင်း နေသည်။ မိုးရေတံခွန် စိတ်ထဲမှာ နည်းနည်းလေးမှ မကျေနပ်။ ဒယ်ဒီ နောက်မိန်းမယူမှာကိုတော့ မိုးရေတံခွန် အပြတ်သားဆုံး တားဆီးရမည်ဖြစ်၏။ ဒယ်ဒီ့အခန်းထဲ ဝင်ရှာတာ ဒေါ်ပန်းရောင် သွေးရဲ့ Visiting Card ကို တွေ့ထားပြီးဖြစ်သည်။ ဒေါ်ပန်းရောင် သွေးက ဗိုလ်ချုပ်ဈေးမှာ စိန်ရွှေရတနာရောင်းတာပဲ။ ဘာတွေပဲ ရောင်းရောင်း မိထွေးဆိုတာကို မိုးရေတံခွန် လက်မခံနိုင်ပေ။ မာမီနေရာမှာ ဘယ်လိုမိန်းမမျိုးကိုမှ အစားမထိုးနိုင်ပါဘူး။ ဒယ်ဒီ့ ကို အတင်းအကြပ် ပြောနေရင်လည်း ဖွတ်တိုးမှာ ကြောက်ရ၏။





မိုးရေတံခွန် ဘာမှပြောမနေတော့ဘဲ ဒယ်ဒီ့အနားကနေ ထွက်လာခဲ့ သည်။ သူ ဗိုလ်ချုပ်ဈေးကို သွားရမယ်။ ဒေါ်ပန်းရောင်သွေးရဲ့ အခြေအနေကို သွားလေ့လာရမယ်။ မိုးရေတံခွန် ဗိုလ်ချုပ်ဈေး ဆီ ထွက်လာခဲ့သည်။

'ဒီဆိုင်ပဲ၊ ဗီတ်ထားပါလား၊ ဒယ်ဒီပြောသလိုပဲ မုန့်လက် ဆောင်းသည်က ဒယ်ဒီ့အနားမှာ မှောက်တာလား'

မိုးရေတံခွန် ဗီတ်ထားတဲ့ ဒေါ်ပန်းရောင်သွေးရဲ့ ဆိုင်ကို သိမသာ အကဲခတ်ရင်း မျက်စောင်းထိုးဆိုင်မှာ ပိုးထည်တွေ ကြည့်နေသည်။

'ပန်းရောင်သွေးရဲ့ သမီး၊ ပန်းနုချယ်က တော်တော်ဆိုး ဘာပဲ မသိတာရယ်၊ သူ့အမေကိုလာပိုးတဲ့လူတစ်ယောက်ကို အရှက်ခွဲပြစ်တယ်လေ'

'ဟင်… ဘယ်လိုဖြစ်ရတာလဲ မချောရဲ့'

'မနက်ကလေ ဟိုလူကို ဘာတွေပြောလိုက်တယ် မသိ ဘူး၊ ရှက်ရမ်းရမ်းပြီး လှည့်ထွက်တာ မုန့်လက်ဆောင်းသည်ကြီး ကို ဝင်တိုက်မိပြီး မုန့်လက်ဆောင်းဘမ်းကြီး ပြုတ်ကျလို့ အားလုံး မှောက်ကုန်တယ်လေ'

'ဟုတ်လား'

'အဲဒီလူ တချိုးတည်းလစ်ပြေးတာပဲ၊ လျှော်ကြေးလည်း ပေးရားပေးခဲ့တယ်၊ အရမ်းရှက်သွားမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'တော်တော်ဆိုးတဲ့ ပန်းနုချယ်ပဲ၊ ဒီကောင်မလေးက သူ့အမေနောက်အိမ်ထောင်ပြုမှာ အရမ်းကြောက်တယ်၊ ယောကျ်ား တွေနဲ့ ပတ်သက်ရင်တောင် ပြဿနာ ရှာနေတာ'

ပိုးထည်တိုက်ပိုင်ရှင် ဒေါ်ချောဆိုတဲ့ မိန်းမကြီးက ဆော ဆိုင်မှမိန်းမကြီးကို ပြောပြနေခြင်းဖြစ်သည်။ ဒယ်ဒီပဲ။ သက်ဆေ ခံက ဒယ်ဒီ့ဘောင်းဘီနောက်မှ မုန့်လက်ဆောင်းဖတ်တွေ ပေ နေတာ တွေ့ရ၏။ ဒယ်ဒီပဲ။ အရှက်မရှိလိုက်တာ။ ဒေါ်ပန်းရော သွေးရဲ့သမီး ပန်းနုချယ်။ မင်း ငါ့ဒယ်ဒီကို အရှက်ခွဲပစ်လို တာပဲ။ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်။ မိုးရေတံခွ ပိုးထည်ဆိုင်မှာ ပစ္စည်းတွေကို ဝယ်ယူရင်း ခင်မင်ရင်းနှီးစေ ကြိုးပမ်းလိုက်သည်။

'ပိုးထည်တွေဝယ်တာ များလှချည်လား၊ မောင်ရင် ဖြ ရောင်းဖို့လားကွယ်'

'မဟုတ်ပါဘူး၊ ကျွန်တော်က လက်ဆောင်တွေ ပေး ပါ၊ လုပ်ငန်းကြီးလုပ်တော့ သက်ဆိုင်ရာတွေကို လက်ဆောင်ပေး ရတယ်လေ'

'ဟုတ်တာပေါ့လေ၊ မောင်ရင်နဲ့ ဖောက်သည်အဖြ အန်တီချော လျှော့ပေးပါ့မယ်၊ နောက်လည်း လာဝယ်နော်'

'ဟုတ်ကဲ့၊ ကျွန်တော်က အကောင်းစား ပိုးထည်တွေ ယ်ပြီး လူကြီးတွေ လုပ်ငန်းရှင်ကြီးတွေကို လက်ဆောင်ပေး ပါ၊ အများကြီးဝယ်စရာရှိပါတယ်'

'ဖောက်သည်တွေ ဖြစ်ပြီပေါ့ကွယ်၊ ဝယ်ပါ မောင်ရင် န်တီချောနဲ့ ဆက်ဆံကြည့်ပါ'

'ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က မိုးရေတံခွန်ပါ၊ မှတ် ားပါနော်၊ ဒီမှာ ကျွန်တော့်ရဲ့ Visiting Card ပါ အန်တီ'

'အန်တီက ဒေါ်ချောချောမေပါ၊ အန်တီချောလို့လည်း ေါ်ပါတယ်၊ မောင်ရင်နဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ် ွယ်'

ပိုးထည်ဆိုင်ပိုင်ရှင် ဒေါ်ချောချောမေနှင့် ခင်မင်ရင်းနှီး ရန် မိုးရေတံခွန်ကြိုးစားလိုက်သည်။ ဒေါ်ပန်းရောင်သွေးရဲ့ ီး ပန်းနုချယ်ကို တွေ့ချင်၏။ ဒယ်ဒီ့ကို အရှက်ခွဲခဲ့တဲ့ မိန်း လေးကို သူ လုံးဝခွင့်မလွှတ်နိုင်ပေ။ သူကရော ဒယ်ဒီနှင့် ေါ်ပန်းရောင်သွေးကို သဘောတူမယ်ထင်နေလား။ အပြတ်သား း ကာကွယ်တားဆီးပြစ်မယ်။ မိုးရေတံခွန် ချက်ချင်းကြီး မြန်းစုံစမ်းတာမျိုး မလုပ်ချင်သေး၍ ပြန်လာခဲ့သည်။ သူ တ်ထဲဝင်လာတော့ ညှိခန်းမှာ ဒယ်ဒီနှင့်ဆုံ၏။ ဒယ်ဒီ့ကို ရလေ ပန်းနုချယ်ကို ဒေါကန်လေပဲ။ ဒယ်ဒီ့လို လူကြီး ကောင်းတစ်ယောက်ကို လူပုံအလယ်မှာ အရှက်ခွဲပြစ်ရလား။





www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး ပန်းနုချယ်။ ဒယ်ဒီ
သူ့ကို ဒယ်ဒီ့အခန်းထဲ ဝင်ရှာသေးလားတဲ့။ သူ ဘာမှ မသိ
နေသည်။

'သား… မင်း ဒယ်ဒီ့အခန်းထဲ ဝင်တယ် မဟုတ်လား
မင်း ဘာတွေဝင်ရှာတာလဲ'

'ဒယ်ဒီ ဘာပျောက်သွားလို့လဲ'

'ကဒ်တစ်ခု'

'ဒေါ်ပန်းရောင်သွေးရဲ့ Visiting Card လား'

'မင်းယူသွားတာလား'

'ဟုတ်တယ် ဒယ်ဒီ'

'ပေးစမ်းပါ သား၊ မင်း ဒယ်ဒီ့ကိုယ်ရေးကိုယ်တာ
တွေပါဝင်ပြီး ပါချင်နေတာလားကွာ'

'ဒေါ်ပန်းရောင်သွေးကို လက်ထပ်ဖို့ ဒယ်ဒီ ကြိုး
နေတာလား'

'ဟုတ်တယ် သား၊ ဒယ်ဒီ့ရဲ့ ဖူးစာဖက်ထင်တယ်၊
သက်လုံး ဒယ်ဒီ့နှလုံးသားကို သော့ခတ်ထိန်းချုပ်လာခဲ့တာ
ပန်းရောင်သွေးကို တွေ့မှ ဒယ်ဒီ နှလုံးသားတွေ တထိတ်ထိတ်
ခုန်ပြီး နာကျင်နေတယ်၊ ချစ်မိသွားတယ်ကွာ'

'တော်ပါတော့ ဒယ်ဒီရာ၊ ကလေးကလား၊





ဒေါ်ပန်းရောင်သွေးရဲ့သမီး ပန်းနုချယ်ကြောင့် ဒယ်ဒီလူပုံအလယ်
မှာ အရှက်ကွဲခဲ့ရပြီ မဟုတ်လား'

'မင်း… မင်း'

'ဒေါ်ပန်းရောင်သွေးနဲ့ လုံးဝမပတ်သက်ပါနဲ့တော့၊ ဒယ်ဒီ
နောက်မိန်းမတစ်ယောက် ထပ်ယူတာကို ကျွန်တော် လုံးဝလက်မခံ
နိုင်ဘူး၊ ဒယ်ဒီ ရှေ့ဆက်မတိုးပါနဲ့တော့'

မိုးရေတံခွန်ပြောပြီး ဒယ်ဒီအနားကနေ ထွက်လာခဲ့
သည်။ သူ့အိပ်ခန်းထဲ ရောက်လာပြီး အိပ်ယာပေါ် ပြစ်လှဲချပြစ်
လိုက်သည်။

'ပန်းနုချယ်ဆိုတဲ့ ကောင်မလေးက သူ့အမေကို လာပိုး
တဲ့ ယောကျ်ားမှန်သမျှ နောက်မကပ်နိုင်အောင် ပြဿနာရှာပစ်
တတ်တယ်'

ဗိုလ်ချုပ်ဈေးထဲက ကြားလာတဲ့ စကားတွေက သူ့နားဝ
မှာ ခါးသက်နေသည်။ ဒယ်ဒီ့ကို အရှက်ခွဲတဲ့ ပန်းနုချယ်ကိုလည်း
မိုးရေတံခွန် ဒေါသတွေ ဖြစ်နေ၏။ ဒေါ်ပန်းရောင်သွေးကိုလည်း
ဒယ်ဒီ့အနားမကပ်ရဲအောင် လုပ်ပြစ်ရမယ်။ မာမီနေရာမှာ ဘယ်
လိုမိန်းမမျိုးကိုမှ အစားမထိုးနိုင်ပေ။ မိထွေးဆိုတာ မရှိစေရဘူး။
ဒေါ်ပန်းရောင်သွေးဆီ မိုးရေတံခွန် ဖုန်းဆက်လိုက်သည်။ ဒယ်ဒီ
နှင့် သူ့အသံက ဆင်တူသဖြင့် ဒယ်ဒီ ဆက်သလိုနှင့် သူ့အသံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်၏။ ဒေါ်ပန်းရောင်သွေးကလည်း ဒယ်ဒီပဲ ထင်နေသည်။

'ကိုဝသုန်လား သွေးပါ ပြောလေ'

'သွေး ဘာဖြစ်လို့ ဆိုင်မဖွင့်တာလဲ၊ ကိုယ်ရောက်လာသေးတယ်၊ သွေး သမီးကြောင့်လေ၊ ကိုယ် အရှက်ကွဲသွားရတယ်'

'ဟင်··· ဟုတ်လား၊ သမီးက သွေးကိုလည်း ဈေးမထွက်ခိုင်းဘူးလေ၊ ထင်သားပဲ၊ ကိုဝသုန် လာမယ်ဆိုတာ တောင်းပန်ပါတယ် ကိုဝသုန်ရယ်၊ သွေးကို ယောကျ်ားတွေနဲ့ ပတ်သက်တာ မကြိုက်ဘူး၊ ပြဿနာရှာတတ်တယ်၊ သွေးလေ ကိုဝသုန့်ကို တွေ့မှ သွေးလည်း ခင်မင်ရင်းနှီးချင်လာပြီး သံယောဇဉ်တွေ ဖြစ်ရတာပါ'

ဒေါ်ပန်းရောင်သွေး စကားကြောင့် မိုးရေတံခွန် ဒေါသဖြစ်သွားပြီး မကြီးမငယ်နှင့် ခင်ဗျားကြီးအရှက်မရှိဘူးလားဟု အော်ဟစ်ပြောဆိုတော့မိမတတ် ဖြစ်သွားရတာ သူ့စိတ်ကို ထိန်းချုပ်လိုက်ရသည်။

'ကိုဝသုန် ရှင့်အသံတွေက တစ်မျိုးကြီးပဲနော်၊ မိုးရေတံခွန်လား··· မင်း··· မင်း'

'ကိုယ်ပါ သား မသိအောင် ဆက်ရတာပါ သွေး'





'သားနဲ့သမီးကြားမှာ သွေးတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ဒိတ်ညစ်လိုက်တာ'

'သွေး'

'ရှင်'

'ကိုယ်နဲ့သွေး တွေ့ကြရအောင် ထွက်လာခဲ့ပါလား၊ ကိုယ် Rose မှာ စောင့်နေမယ်လေ၊ လာဖြစ်အောင် လာခဲ့ပါသွေးရယ်နော်၊ ညမိုးချုပ်တဲ့အထိ ကိုယ် စောင့်နေမှာနော် သွေး'

'ထွက်လို့ရပါ့မလား မသိဘူး၊ ဒီကောင်မလေးက ချက်ခြေမပြတ် စောင့်ကြည့်နေတာပါ၊ ဒါပေမဲ့ ဖြစ်ချင်ရာဖြစ် သွေး လာခဲ့မယ်၊ ကိုဝသုန် စောင့်နေနော်'

'အိုကေ'

မိုးရေတံခွန် ဖုန်းပိတ်လိုက်ပြီး သဘောကျ ကျေနပ်စွာ ပြုံးမိသည်။ တွေ့ကြသေးတာပေါ့ ဒေါ်ပန်းရောင်သွေးရယ်။ မာမီ့ နေရာဘယ်သူမှ ဝင်လို့မရနိုင်ပါဘူး။ မိုးရေတံခွန်က တားဆီးပစ်ရမှာပဲ ဒေါ်ပန်းရောင်သွေးနှင့်တွေ့ပြီး ပြဿနာရှာဖို့ပဲ မိုးရေတံခွန် ဆုံးဖြတ်ထားသည်။ ဒယ်ဒီကတော့ အပြင်ထွက်ဖို့အတွက် အကွက်ချောင်းနေ၏။ သူက ဒယ်ဒီကို နည်းနည်းလေးမှ အလစ်မပေးပေ။ ဒယ်ဒီ့ကို အိမ်ထဲမှာနေအောင် ဘယ်လိုလုပ်ရမလဲ။ သူက ဒီနေ့ကျောင်းပိတ်ရက်ဖြစ်ပေမယ့် ဒယ်ဒီ့အနားမှာ စောင့်မနေနိုင်။ ဒေါ်ပန်းရောင်သွေးနှင့် ဆုံရဦးမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒယ်ဒီ အပြင်မထွက်နဲ့နော်၊ သား ကျောင်းကိစ္စနဲ့ သွား စရာရှိတယ်၊ ဒေါ်ပန်းရောင်သွေးဆီလည်း ဖုန်းမဆက်ပါနဲ့'

မိုးရေတံခွန်ပြောပြီး ဒယ်ဒီအပြင်မထွက်နိုင်စေရန် ခြံကြီး ကို သော့ခတ်ပြီး သော့ကို သူယူသွားသည်။ မတတ်နိုင်ဘူး ဒယ်ဒီရေ။ ကြီးမှဝက်သက်ပေါက်တော့လည်း ပိုပြီးခံရမှာပဲ သူ့ အပြင်ကို ပြန်ထွက်လာခဲ့သည်။

၀



## အခန်း(၆)

သမီးချယ် ကျောင်းသွားပြီဖြစ်၍ ဒေါ်ပန်းရောင်သွေး ပြင်ထွက်ဖို့ ပြင်ဆင်နေသည်။ ကိုဝသုန်က ကျက်သရေရှိတဲ့ း မတစ်ယောက်ရဲ့ လှပကျော့ရှင်းမှုကို သဘောကျတတ်သည်။ ါ်ပန်းရောင်သွေး မိမိနှင့် လိုက်ဖက်မည့် ဣန္ဒြေရှိရှိ တည်တည် ငြိမ် ဝတ်စုံလေးကို ရွေးချယ်ဝတ်၏။ ဘယ်လိုအနှောင့်အယှက် ဟန့်အတားတွေပဲရှိရှိ ကိုဝသုန်နဲ့အချစ်တွေကို လက်ခံမယ်။ သွး ရင်တွေခုန်နေပြီ။ ဘယ်အသက်အရွယ်ပဲရောက်ရောက် ချစ်ဆိုတာကတော့ လူတွေရဲ့ နှလုံးသားထဲမှာ ပေါက်ဖွားရှင် န်လာနိုင်တာပဲ။ မိချယ် ရည်းစားလည်းမတွေ့၊ အမေကို နှောက် ယှက်ဖို့အားတစ်ယောက် မရအောင် စောင့်ကြည့်ပြီး ဟန့်တား ှောင့်ယှက်နေတာနဲ့ပဲ အချိန်တွေက ကုန်ဆုံးနေသည်။ ဒီတစ်ခါ တော့ မာမီ ကြီးမှ ဝက်သက်ပေါက်နေပြီ သမီးချယ်ရေ Sorry ဒေါ်ပန်းရောင်သွေး ပြင်ဆင်ပြီး မှန်ရှေ့မှာ အကြိမ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



စွာ ရပ်ကြည့်၍ စိတ်ကျေနပ်မှ အပြင်ကို ထွက်လာခဲ့သည် Royal Rose စားသောက်ဆိုင်က ဒီအချိန် လူရှင်းတတ်၏။ နာ ကြီး အဆင့်မြင့်မြင့် စားသောက်ဆိုင်ပဲ။ ချိန်ထားတဲ့အချိန် ရောက်နေ၍ ကိုဝသုန် ရောက်နေပြီထင်သည်။ ကားရပ် ဒေါ်ပန်းရောင်သွေး ကားထဲမှ ဆင်းကာ ကျော့ကျော့မော့ ဆင်မယဉ်သာ ခြေလှမ်းတွေနှင့် စားသောက်ဆိုင်ထဲ ဝင်လာ သည်။ ဒေါ်ပန်းရောင်သွေး လူရှင်းတဲ့ စားပွဲမှာ ဝင်ထိုင်လိုက် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ပြီး ကိုဝသုန်ကို ရှာမိသည်။

'ဟင်'

ဒေါ်ပန်းရောင်သွေး မျက်ဝန်းတွေ ပြူးကျယ်သွားသည် ခပ်လှမ်းလှမ်းမှာ ကိုဝသုန်နှင့် ခပ်ဆင်ဆင်လူငယ်ချောချော တစ်ယောက် ထိုင်နေ၏။ ကိုဝသုန့်သား မိုးရေတံခွန်များလား ကိုဝသုန်နှင့် တော်တော်တူနေတာပဲ။ ဒီကောင်လေး သူ့အ ချိန်းထားတာ သိသွားလို့ လာချောင်းနေတာလားပဲ။ စောစော မိမိဖုန်းပြောခဲ့တာ ကိုဝသုန်ရော ဟုတ်ရဲ့လား။ မိုးရေတံခွန်မှ လား။ ဘုရားရေ… ဘယ်လိုလုပ်ရမလဲ။ ဒေါ်ပန်းရောင်သွေ ထရမလို ထိုင်ရမလိုဖြစ်နေသည်။ ပူကလည်း ရှင်းနေ၏။ မိမိ ရှိုးအပြည့်နှင့် ထိုင်နေတာ ဘယ်လောက်ကြောင်လဲ။ မျက်နှ လည်း အပူငွေ့တွေဟပ်သလို ပူနွေးရှိန်းမြမြ တခြားဝိုင်းမှာထိုင် နေတဲ့ ကောင်လေးက မိမိအား ပေါ်တင်ပဲ စူးစိုက်ကြည့်နေသည်





'အန်တီ ဘာမှာမလဲခင်ဗျာ'

'ဟင်'

စားပွဲထိုးကောင်လေးက လာမေးတော့ ရုတ်တရက် ဘာ ရမှန်းပင် မသိ။ မိမိခပ်ကြောင်ကြောင် မော့ကြည့်မိသဖြင့် းပွဲထိုးကောင်လေးက ထပ်မေးသည်။

'အန်တီ ဘာမှမလဲခင်ဗျာ၊ အဖော်ကို စောင့်နေတာလား၊ ကက်မှ မှာပါ ရပါတယ်'

'အဖော်မစောင့်ပါဘူး၊ နန်း… ၊နန်းကြီးသုတ်တစ်ပွဲ းပါကွယ်'

'ဘာသားနဲ့လည်း ခင်ဗျာ'

'ဝက်သားနဲ့ပါ'

'ဟုတ်ကဲ့'

စားပွဲထိုးကောင်လေး ထွက်သွားမှ မိမိ ဝက်သားမစား ာ သတိရသွားသည်။ ဝက်သားကို ငယ်ငယ်လေးကတည်းက းတာပါ။ ဝက်သားစားလျှင် အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ တ်၍ ဒေါ်ပန်းရောင်သွေး ငယ်စဉ်လေးကတည်းကပင် ဝက် သားမစားတော့။ ဒေါ်ပန်းရောင်သွေး၏ မိဘတွေ လက်ထက် တည်းက ဂရုတစိုက် တားဆီးပိတ်ပင်ထားခဲ့၏။ ဘယ်လိုလုပ် မလဲ။ ဝက်သားနဲ့ဟု ကယောင်ကတမ်း မှာလိုက်မိတာ မှားတာ ပဲ။ စားလို့မဖြစ်ဘူး။ မိမိမှာ အန္တရာယ်ကျရောက်နိုင်တယ်။ ဝက်



www.burmeseclassic.com

www.burmeseclassic.com



သားစားတိုင်း တစ်ခုခုဖြစ်တာပဲ။ မစားတော့လည်း မှာပြီးနေ
ဖြစ်သည်။ ပြန်ပြင်လိုက်ရင် ကောင်းမလားပဲ။ နှုတ်ခမ်းတွေ
စေ့ကပ်ပြီး လှုပ်မရ။ ဟိုကောင်လေးကလည်း မိမိကိုယ် စေ့စေ့
ကြည့်နေ၍ ရှက်လာ၏။ ဘာကြောင့်လဲ မိုးရေတံခွန်လား။ မိမိ
ဣန္ဒြေရှိရှိ ဝတ်စားထားတာကို သဘောကျလို့လား။ အမေ
ကိုဝသုန်ကလည်း မလာသေးဘူး။ ရှင်ပဲ မိုးချုပ်မှောင်မဲတဲ့အ
စောင့်နေမယ်ဆို။ ပြီးတော့ သူပဲနှိုးတာ။ ခုထိ ရောက်မလာသေး
ဘူး။ ထပြီး ပြန်ပြန်တော့လည်း မိမိက စားစရာတွေမှာထားသည်
မကြာခင် ရောက်လာတော့မယ်။ ပြီးတော့ မိမိစားလို့မရတဲ့ ဝ
သား။ ဒေါ်ပန်းရောင်သွေး တစ်ကိုယ်လုံး ဇောချွေးတွေ ပျံလာ
သည်။

'အန်တီ ရပါပြီ'

'အေး… အေးကွယ်'

ဝက်သားကို မြင်ကတည်းက ဒေါ်ပန်းရောင်သွေး အော
အံပျို့တက်ချင်လာသည်။ စားလို့မဖြစ်ဘူး။ အန္တရာယ်နဲ့ ရင်ဆိုင်
ရမှာ။ စီးပွားရေးအတွက်လည်း ဝက်သားမစားပါဘူးဟု ဘုရား
မှာ လျှဒါန်းထား၏။ မစားဘူး။ ဖြစ်ချင်ရာဖြစ်ပဲ။ ပြန်လည်
လဲတာမျိုးလည်း မလုပ်ချင်။ ဒီမိန်းမကြီး ပေါက်ကရတွေ လာ
လုပ်နေတယ်ထင်ဦးမယ်။ ရှက်လိုက်တာ။ ကိုဝသုန် မလာတော့
ဘူးထင်တယ်။ ပြန်မယ်။ ထပြန်ဖို့ကျတော့လည်း စိတ်ကထင်





သည်။ သူလာလို့ မရလို့ပဲလား။ စိတ်တွေကယောက်ကယက်
ဆက်ပြီးထိုင်နေရမလို ထသွားရမလို ဝက်သားနဲ့
ကြီးသုဘ်ကိုလည်း စားရမလား။ မစားရဘူးလား။

စိတ်နှစ်ခွနှင့် ဒုက္ခတွေအကြီးအကျယ်ရောက်နေသည်။

'မာမိ'

'ဟင်'

'ဒီမှာဘာထိုင်လုပ်နေတာလဲ၊ ဝတ်စားပြင်ဆင်ပြီး ဦးမိုး
နိုကိုများ စောင့်နေတာလားဟင်'

'ပန်းနုချယ်… သမီး ဘယ်ကနေ ရောက်လာတာလဲ၊
ျောင်းသွားမယ်ဆို'

'မာမိကရော ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ၊
မီး ထင်သားပဲ၊ လစ်တာနဲ့ မာမီထွက်တော့မယ်ဆိုတာ၊
ိုကောင်က ဘာကောင်လဲ၊ သမီးဝင်လာကတည်းက ကြည့်နေ
ာ၊ မာမို့ကိုပဲ ငမ်းနေတယ်'

'ဟဲ့… မဟုတ်တာတွေဟယ်၊ အဲဒါက ဦးမိုးဝသုန်ရဲ့
ား မိုးရေတံခွန် ထင်တာပဲ၊ ဒါကြောင့် ကြည့်နေတာ ထင်
တယ်'

'မိုးရေတံခွန်'

'အင်း'

'ဦးမိုးဝသုန်ရဲ့ သားလား'



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်မယ် ထင်တာပါ၊ ဦးမိုးဝသုန်နဲ့ တူနေလို့'

သူမ ဆတ်ခနဲ လှည့်ကြည့်ပြစ်လိုက်တော့ မိုးရေတံ
ဆိုတဲ့လူက ကော်ဖီခွက်ကို ယူပြီး သောက်နေသည်။ ပန်းနု
စဝင်လာကတည်းက မာမီကို တွေ့ပြီး အကဲခတ်ကြည့်နေ
သူက မာမီ့ထံ စူးစူးရဲရဲ ကြည့်နေ၏။ မကြည်တဲ့အကြည့်တွေ
ချယ့်မာမီက ရှိုးရှိုးသားသား ဖြူဖြူစင်စင် နေတာပါ။ ရှင့်အ
ကြောင့် ကျွန်မအမေ စိတ်ကစဉ့်ကလျား ဖြစ်နေရတာ။ မာ
တစ်သက်လုံး ဣန္ဒြေသိက္ခာကြီးမားစွာနဲ့ နာမည်ဂုဏ်သတင်
မွေးပျံ့ခဲ့ရတာပါ၊ ဟိုလူကြီး ဦးမိုးဝသုန်ကြောင့်ပဲ။ မာမီ က
မရဖြစ်နေသည်။ ချယ် မသိအောင် နိုးကြောင်နိုးဂုက်တွေ လု
တတ်နေ၏။ အပြတ်ရှင်းပြစ်မယ်။

'မာမီ စားလေ'

'မစားတော့ဘူး'

'ဘာဖြစ်လို့လဲ မှာထားပြီးတော့၊ ဟင်… ဝက်သားပေ
နဲ့ပါလား၊ စားပွဲထိုးတွေ မှားပြီထင်တယ်၊ ပြန်ပြင်ခိုင်းလေ
မာမီ ဝက်သားမှ မစားတာ'

'နေပါစေ၊ မာမီ မစားတော့ဘူး၊ ပြန်ပြင်ခိုင်းရင်လည်
အားနာစရာပါကွယ်၊ နေ… နေ… မာမီက နွယ်လာမယ်ဆို
စောင့်နေတာ၊ မလာဘူး ပြန်မယ်လေ'

'မာမီ ပြန်နှင့်ပါ၊ ချယ့်မှာ သူငယ်ချင်းတွေပါတယ်
ဟိုဘက် စားပွဲမှာ'

'အေး… အေး… ဒါဆိုလည်း မာမီ ပြန်မယ်နော်၊
နီးကြီးသုတ်ဖိုး ရှင်းရဦးမယ်'

'ချယ်ရှင်းပါ့မယ်၊ မာမီ သွားပါ'

'အေး… အေး'

မာမီ တုန်တုန်ချိချိနှင့် ခန္ဓာကိုယ်ပင် ယိုင်လဲပြိုမတတ်
ဟယောင်ကတမ်းထပြန်သွားသည်။ ချယ်ကလည်း သူငယ်ချင်း
တွေ စားပွဲပြန်ပြောင်းထိုင်လိုက်၏။ သူငယ်ချင်းတွေက ချယ်
မာမီက အရမ်းချောတယ်။ ကျက်သရေရှိတဲ့ အလှပဲဟု ပြောတာ
တွေကို ချယ် မကြားတော့ပေ။ မာမီ ပြန်သွားပြီး ခဏအတွင်းမှာ
ပင် ဟိုလူက ထသွားသည်။ သူမလည်း ထလိုက်တာ သူငယ်
ချင်းတွေက နားမလည်သလိုနှင့် ချယ် ဘယ်သွားမလို့လဲဟု
ဝိုင်းမေးကြသည်။

'စာရင်းရှင်းစရာလေး တစ်ခုရှိလို့၊ ခဏလေးပဲ စောင့်၊
ပြန်လာခဲ့မယ်'

'ဟဲ့… ချယ်'

သူမ ဘာမှပြောမနေကော့ဘဲ ဆိုင်ထဲကနေ ထွက်လာခဲ့
သည်။ သူကားပေါ်တက်ဖို့ တံခါးကိုဖွင့်နေစဉ်မှာပင် ချယ် သူ့



www.burmeseclassic.com

www.burmeseclassic.com



အနား ရောက်သွား၏။ ချယ်က ခပ်တည်တည်နှင့် ရင်ဆိုင်လိုက်သည်။

'ဒီမှာ ရှင်က မိုးရေတံခွန်လား'

'ဟုတ်တယ်၊ မင်းက ပန်းနုချယ်လား'

'ရှင်က ကျွန်မနာမည်ကို ဘယ်လိုလုပ်ပြီး သိနေရတာလဲ'

'မင်းနဲ့ ဒေါ်ပန်းရောင်သွေးကို တွဲပြီးတွေ့လို့လေ၊ မင်းက ဒေါ်ပန်းရောင်သွေးရဲ့ သမီးလား'

'ဟုတ်တယ်၊ ရှင်ရော ဦးမိုးဝသုန်ရဲ့ သားလား'

'ဟုတ်တယ်'

ဒေါ်ပန်းရောင်သွေး အရှက်တကွဲနှင့် ပျာယာခတ်ပြီး ဘရုတ်သုက္ခတွေ ဖြစ်နေတာကို မိုးရေတံခွန် ပီတိဖြစ်လို့တောင် မဆုံးသေးဘူး။ ပန်းနုချယ် ရောက်လာ၍ ဒေါ်ပန်းရောင်သွေး ပြန်သွားရသည်။ သူကလည်း ဒေါ်ပန်းရောင်သွေး ပိုပြီးရှက်အောင် ရန် စူးစူးစိုက်စိုက် ကြည့်၏။ သူလည်း ပန်းနုချယ်နဲ့တွေ့ချင်နေတာပါပဲ။ မျက်နှာထားတင်းတင်းနှင့် ကြည့်ပစ်လိုက်သည်။

'ရှင့်အဖေက ကျွန်မအမေကို လိုက်နှောင့်ယှက်နေတာ ရပ်ပေးပါ'

'ဟား… ဟား… ဟား'





မိုးရေတံခွန် ခန္ဓာကိုယ်အား လှုပ်ခါရမ်းပြီး သဘောကျစွာ [illegible]ဟာစ်ရယ်မောပစ်မိသည်။

'မင်းက တော်တော်ဟာသပြောတတ်တဲ့ မိန်းမပဲ၊ မင်းအမေက အခု ငါ့ဒယ်ဒီအလာကို အလှအပတွေပြင်ပြီး ငါ့အဖေ [illegible]ကျက်စိကျအောင် ဣန္ဒြေရှိရှိ ဝတ်လာပြတာလေ၊ ဒယ်ဒီနဲ့ ချိန်းထားလို့လာတာ၊ ထပ်ပြောလိုက်မယ်. ငါက ဒယ်ဒီ့အသံတုပြီး မင်းအမေကို ချိန်းလိုက်တာလေ၊ အရမ်းမှန်ပြီး Rose ကို တွေ့ဖို့ ရောက်လာတာပဲ'

'နင် လူယုတ်မာ'

ချယ် ဒေါသတကြီးနှင့် မိုးရေတံခွန်ရဲ့ ပါးပြင်ကို ရိုက်ချရန် ချိန်ရွယ်လိုက်စဉ် သူက ချယ့်လက်ကို တစ်ဝက်မှာပင် ဖမ်းယူဆုပ်ကိုင်လိုက်သည်။

'လွှတ်စမ်း၊ ရှင့်ကို လုံးဝခွင့်မလွှတ်ဘူး၊ ရှင် ကျွန်မအမေကို အရှက်ခွဲတာ လူယုတ်မာ'

'မင်းကရော ငါ့အဖေကို ဗိုလ်ချုပ်ဈေးထဲမှာ အရှက်ခွဲခဲ့တာပဲလေ၊ ကျေပြီ'

'မကျေဘူး၊ ဘယ်တော့မှ မကျေဘူး၊ ရှင့်အဖေ နောက်ထပ် ကျွန်မအမေကို လာပြီး မပတ်သက်ပါစေနဲ့၊ ရှင့်အဖေဘာဖြစ်သွားမလဲဆိုတာ စောင့်ကြည့်နေလိုက်'

'မင်းအမေကိုလည်း မင်းထိန်းထားနော်၊ ငါ့အဖေအား



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ၊ ငါ့အသံမှန်းမသိ မိန်းမတစ်ယောက်ဖြစ်ပြီး မစဉ်း
မဆင်ခြင်နိုင်တော့ဘူး'

'အရှုံးကောင်'

'မင်း ပေါ်မပဲ၊ ငါ့ကိုများ လာပြီး အံတုရတယ်
အရှက်မရှိလိုက်တာ'

'နင်… နင်'

သူမ လက်လေးကို ဆောင့်ခနဲ ရုန်းပစ်လိုက်ပြီး ထ
ရန်မူမည်လုပ်စဉ် သူက ကားပေါ်တက်ကာ မောင်းထွက်သွ
သည်။ ပန်းနုချယ် အသားတွေတဆတ်ဆတ်တုန်လာသည်အ
ဒေါသအမျက်တွေ ထွက်ကာ ကျိန်ရစ်၏။ မာမီ ရှက်စရာကော
လိုက်တာ။ မိုးရေတံခွန်… ရှင့်ကို ဘယ်တော့မှ မကျေ
ပန်းနုချယ် ရပ်ပြီးအသံကုန်အော်ဟစ်ပစ်မိသည်။

'ချယ်… ဘာဖြစ်တာလဲ၊ ဟိုလူနဲ့ ချယ်နဲ့ သိလို့လာ
ဒုက္ခပါပဲဟယ်၊ အရှုံးလား၊ ပတ်ဝန်းကျင်ကိုလည်း ကြည့်ပါ
အသံပြဲကြီးနဲ့ အော်ရတယ်လို့'

သူမ အနားကို သူငယ်ချင်းတွေ ရောက်လာကြပြီး သ
ပေးရသည်။ ဘယ်လောက်ခံပြင်းစရာ ကောင်းလဲ။ မာမီ
အရှက်ခွဲရတယ်လို့။ မိုးရေတံခွန်အား ပန်းနုချယ် သတ်ပြစ်
လောက်အောင် ဒေါသထွက်နေ၏။ မာရီက သူမလက်ကို ဆွဲ
လာသည်။





'ထိုင်ပါဦး ချယ်ရယ်၊ ဘာဖြစ်တာလဲဟ၊ နင်နဲ့သူ ဘာ
ပြဿနာဖြစ်လို့လဲ'

'အလကားလူ၊ အရှုံးကောင်၊ ခွေးကောင်'

'ချယ်'

'သွားမယ်ဟာ'

'နေပါဦးဟ၊ စားစရာတွေ မှာပြီးပြီ၊ စိတ်ကိုလျှော့ပစ်
လိုက်ပါ၊ သူက ဘယ်သူလဲ၊ ဟို… ဟို… သူက နင့်အမေကို
ဗျား'

'ဟာ… မဟုတ်ပါဘူး၊ သတ်သာ်ပါ၊ ဒီလူကို ချယ်
အသေသတ်ပြမယ်'

ချယ် ကြိမ်းမောင်းနေသည်။ မိုးရေတံခွန်ကို ဘယ်လို
သုပ်ရမလဲ။ လူယုတ်မာ။ ချယ့်မာမီကိုများ ရက်ရက်စက်စက်
အသံတုနဲ့ သူ့အဖေယောင်ဆောင်ပြီး ချိန်းရတယ်လို့။ ခံပြင်းလိုက်
တာနော်။ သူငယ်ချင်းတွေကိုလည်း အကျိုးအကြောင်း အဖြစ်မှန်
တွေအား ထုတ်ဖော်မပြောပြရဲပေ။ ချယ့်မာမီအား ဣန္ဒြေသိက္ခာ
ရှင်တစ်ယောက်အဖြစ် စံနမူနာယူပြီး ချီးမွမ်းနေကြတာပါ။ ချယ်
ပြန်ချင်သည်။ မာမီ့ကို ပြောပြချင်၏။ ဦးမိုးဝသုန်ရဲ့သား မိုးရေ
တံခွန်အကြောင်းတွေ ဘယ်လောက်အထိ စိတ်သဘောထား
ယုတ်မာကောက်ကျစ်လဲ။ စိတ်ပုပ်တွေ။ ချယ် အစားအစာတွေ
ပင် စားချင်စိတ် မရှိတော့ဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ချယ်... ပြောပါဦးဟယ်၊ ဒီလူထွက်သွားတာနဲ့ ဒေါသတကြီး ထွက်လိုက်သွားတာပဲလေ၊ သူက နင့်ကိုပစ် အချစ်သစ် ရှာသွားလို့လား'

'တော်ကြစမ်းပါဟာ'

တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေ ပြောနေ တဲ့ သူငယ်ချင်းတွေကို ဒေါသတကြီး အော်ဟစ်တားစီးပြ သည်။

ဒီမှာဖြင့် ရူးချင်နေပြီ။ မိုးရေတံခွန်ကို ဘယ်လိုနေ ပစ်ရမလဲ။ ပန်းနုချယ်က ဘယ်တော့မှ အလျှော့ပေးမှာ မဟု ဘူး။ ဒေါသအမျက်ချောင်းချောင်းထွက်ပြီး မျက်ထောက် အံကြိတ်ကြိတ်ကာ အခဲမကျေနိုင်အောင် ဖြစ်နေသည်။

○



## အခန်း(၇)

'မာမီ'

'ဟင်'

'Royal Rose မှာ မာမီသွားစောင့်နေတာ ဦးမိုးဝသုန်ကို မဟုတ်လား'

'ဟင်'

'အဲဒါ သူ့သားမိုးရေတံခွန်က သူ့ဒယ်ဒီ အသံတုဖျက်ပြီး မာမ့်ကို ချိန်းတာ'

'သမီး... သမီးကို ဘယ်သူပြောလဲ၊ မဟုတ်တာတွေ၊ မဖြစ်နိုင်ပါဘူး၊ ကိုဝသုန်ပါကွယ်'

'မိုးရေတံခွန်ကိုယ်တိုင် ပြောတာ မာမီ၊ ဘယ်လောက် အကျင့်ယုတ်လဲ၊ မာမ့်ကိုလည်း မှိုချိုးမှျစ်ချိုးပြောတာ၊ ချယ် ဒေါသထွက်လွန်းလို့ အမှန်ကြိတ်ပစ်ချင်တယ်'

ကောင်စုတ်လေး ကိုဝသုန်နဲ့ လက်ထပ်ပြီးရင် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



မိထွေးပီပီ နှိပ်စက်ပြမယ်။ အရပ်မြင့်မြင့် ခန္ဓာကိုယ်တောင့်တောင့် တင်းတင်း ဖြူဖြူနုနု နှုတ်ခမ်းနီစွေးစွေး ခပ်ချောချောကောင်လေး ဖြစ်ပေမယ့် စိတ်ဓာတ်ကတော့ နိမ့်ကျလိုက်တာ။ ကြည့်စမ်း မိမိ ဘယ်လောက်အထိ ရှက်တကြဲ ဖြစ်ခဲ့ရလဲ။ စားသောက် ဆိုင်မှာ တစ်ယောက်တည်း ခပ်ကြောင်ကြောင် အမှားမှား အယွင်း ယွင်းတွေနဲ့ ဘယ်လောက်အထိ ဒုက္ခတွေ ရောက်ခဲ့ရလဲ။ လူကြီး တစ်ယောက်ကို ဒီလိုအရှက်ခွဲစရာလား။ နင်က ခုကတည်းက ငါ့ကို မိထွေးတစ်ယောက်လို မြင်နေတာပေါ့လေ။ ဒေါ်ပန်းရောင် သွေး စိတ်ထဲကနေ ကြိတ်ပြီး ဒေါသတွေ ဖြစ်နေရသည်။ သမီး သိသွား၍လည်း ပိုပြီး ရှက်နေရ၏။ မိုးရေတံခွန်ကြောင့် မိမိ အရှက်တွေသိက္ခာတွေ စုတ်ပြတ်သပ်သွားရသည်။

'မာမီ'

'ဟင်'

'ဦးမိုးဝသုန်နဲ့ လုံးဝမပတ်သက်ပါနဲ့၊ ပထွေးဆိုတာကို လုံးဝ လက်မခံနိုင်ဘူးလို့ ပြောထားပြီးပြီနော်၊ ဦးမိုးဝသုန်က မလွယ်ဘူး၊ သူ့အသက်အရွယ်ကြီးနဲ့ အရှက်မရှိလိုက်တာ၊ ချယ်က တော့ ပြဿနာရှာမှာနော်၊ ချယ့်အကြောင်း သိတယ်နော် ပြဿနာရှာတဲ့နေရာမှာ Super Star ပဲ'

ဒေါ်ပန်းရောင်သွေး မလှုပ်ရဲတော့။ သမီးအကြောင်း လည်း မိမိ အသိဆုံးပင်။ ပြဿနာ ကောင်မလေး။ မပတ်သက်





တာပဲ ကောင်းပါတယ်လေ။ ကိုမိုးဝသုန်ရဲ့ သားကလည်း မိမိ အား လက်မခံပေ။ မိထွေးဆိုတာကို မုန်းတီးနေသည်။

'သမီး ကျောင်းသွားတယ်ဆိုပေမယ့် ကြည့်ခိုင်းထားတဲ့ သူတွေ ရှိတယ်နော်'

'ချယ်နော်... မာမီ့ကိုတော့ လိုက်ပြီးချုပ်ချယ်နေတယ်၊ သမီးလည်း ချစ်သူထားဖို့ မစဉ်းစားနဲ့'

'လုံးဝပဲ၊ ချစ်သူဆိုတာ မပြောနဲ့၊ ယောကျ်ားလေးတွေနဲ့ တောင် မပတ်သက်ဘူး'

မာမီက ချောတယ်။ အရွယ်တင်တယ်။ ငယ်ငယ်ရွယ် ရွယ်နှင့် မုဆိုးမဖြစ်ခဲ့တာတောင် သမီးအတွက် ငြင်းပယ်ခဲ့သည်။

မာမီက စီးပွားလည်း အရှာကောင်း၏။ စံပြအမျိုးသမီး ပါ။ ဦးမိုးဝသုန်ကြောင့် မာမီ့စိတ်တွေ လှုပ်ရှားသွားရတာပါ။ ပြီးတော့ မိုးရေတံခွန်ပဲ။ သူကများ သူ့အဖေကို သူတော်ကောင်း လို့ ထင်နေသေးတယ်။ မာမီက တော်ဝင်တဲ့မိန်းမပါ။ ချယ်မာမီ့ ကို မျက်ခြေမပြတ် ကြည့်ထားရမည်ဖြစ်သည်။ ဦးမိုးဝသုန် ထပ်ပြီးချဉ်းကပ်လာလို့ကတော့ သေပြီသာမှတ်။ ချယ် စိတ်ထဲက နေ ကြိမ်းနေသည်။

ဦးမိုးဝသုန်ကလည်း သား မိုးရေတံခွန်က ခြံကိုသော့ ခတ်ထား၍ ဒေါသတွေ အကြီးအကျယ် ထွက်နေသည်။ ဒီကောင် သူ့ကို ကလေးမှတ်နေလား။ ဖုန်းကိုလည်း ခါတ်ခဲဖြုတ်ယူသွား



www.burmeseclassic.com

ဏ်။ ဓာတ်ခဲအပိုရှိပေမယ့် ကားက မရှိပေ။ မိမိက ပန်းရောင်သွေ
ကို ချစ်နေသည်။ ပန်းရောင်သွေးကလည်း မိမိကို ချစ်
ခက်နေကြတာက သားနဲ့သမီးပဲ။ ဟိုကောင်မလေး ပန်းနုချ
ကိုတော့ ဦးမိုးဝသုန် လုံးဝမနှစ်သက်။ အမြင်ကတ်သည်။ ဝတ်
စားပုံ နေထိုင်ပုံကအစ ပြာကလပ်စိန်မလေး။ ဣန္ဒြေမဲ့လွန်းနေ
မိန်းကလေး ပီသပုံလည်း မရ။ အချစ်ဆိုတာကို ဘယ်လိုလု
ရမလဲ။ ပန်းရောင်သွေးကို ဦးမိုးဝသုန် မမြင်ရရင် မနေနိုင်အော
နှလုံးသားတွေထဲကနေ ချစ်မြတ်နိုးနေသည်။

'ဒယ်ဒီ'

'သား... ရေတံခွန် မင်း ဘယ်လိုလုပ်တာလဲ၊ ဒယ်ဒီ
ကလေးမှတ်နေလားကွာ၊ ဖုန်းကိုလည်း ဓာတ်ခဲဖြုတ်သွားတယ
အဲဒီလို မလုပ်ပါနဲ့ကွာ'

'ဒေါ်ပန်းရောင်သွေးနဲ့ ထပ်ပြီးမဆက်သွယ်တော့ဘူး
ကတိပေးပါ'

'မင်း အချစ်ဆိုတာကို မသိသေးပါဘူး သားရာ'

'ဒယ်ဒီက ဒေါ်ပန်းရောင်သွေးကို ချစ်နေတယ်ဆ
မာမီ့အပေါ် မချစ်တော့ဘူးဆိုတဲ့ သဘောလား'

'မဟုတ်သေးဘူးလေ သားရဲ့၊ ဒယ်ဒီ ပြောတာက ဖူး
လေ၊ မင်းမာမီကိုတော့ ဒယ်ဒီငယ်ချစ်ဦးပဲ၊ ဘယ်လိုအချစ်မျိုး
မှ အစားထိုးလို့မရပါဘူး၊ ဒါပေမဲ့ ပန်းရောင်သွေးကို မြင်မြင်ချ





ဒယ်ဒီ့နှလုံးသားတွေ အရမ်းခုန်လာတယ်၊ ဖူးစာဖက်လား
ဆောင် မသိပါဘူး'

'ကျွန်တော်ကတော့ မိထွေးကို လုံးဝလက်မခံနိုင်ဘူး၊
ဒယ်ဒီ၊ ယောကျ်ားပဲ ဒယ်ဒီရာ၊ အပျော်ပဲ ကြံပေါ့'

'ဘာကွ'

'ဒီအသက်အရွယ်ကြီးကြမှ လက်ထပ်တာတွေ ဘာတွေ
လုပ်ပါနဲ့တော့၊ အပျော်ပဲလုပ်ပါ၊ တွဲပေါ့၊ ဆန္ဒရှိရင် လျှပ်ရှား
လ၊ ဟိုတယ်တွေ အများကြီးရှိနေတာပဲ'

'သား... မင်း... မင်း ဘယ်လိုပြောလိုက်တာလဲကွ၊
ဒယ်ဒီ့သားက တည်ကြည်ခန့်ညားတဲ့ ယောကျ်ားပါ၊ မဟုတ်တာ
တွေကွာ'

'ဒယ်ဒီ ဖူးစာဖက်တွေ ဘာတွေလုပ်မနေနဲ့၊ အတည်
တော့ လက်ထပ်လို့မရဘူးနော်၊ သား လက်မခံဘူး'

ဒယ်ဒီ့ကို အပြတ်သားဆုံး ပြောလိုက်သည်။ မိုးရေတံခွန်
တ်ထဲမှာ ဒယ်ဒီ့ကို စိတ်မချတော့။ ဒေါ်ပန်းရောင်သွေးကို လက်
ထပ်ယူဖို့ ကြိုးစားမှာပဲ။ ဘယ်လိုလုပ်ရမလဲ။ ဒေါ်ပန်းရောင်သွေး
သလည်း ဒယ်ဒီ့အကြိုက် အပီကို ဝတ်စားပြင်ဆင်ထားတာပဲ။
သူကတော့ အရှက်ကင်းမဲ့သည်ဟု ထင်သည်။ ယောကျ်ားတစ်
ယောက်က ချိန်းတာနဲ့ လာရောလား။ လွယ်လိုက်တာ။ ပြီးတော့
သည်း ပန်းနုချယ်ပဲ စွာတေးလန်မလေး။ ဒယ်ဒီ့ကြောင့်တဲ့။

www.burmeseclassic.com

သူကတော့ ဒယ်ဒီနှင့် ဒေါ်ပန်းရောင်သွေးကို ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ကွဲအောင်လုပ်ရမှာပဲ။ မာမီရယ် ဒယ်ဒီသစ္စာမဲ့နေပြီ မာမီ့အစားထိုးတော့မယ်။ သား နှလုံးသားတွေ နာကျင်နေပါပြီ မာမီ့ကို သတိရသည်။ ငယ်ငယ်ရွယ်ရွယ် အသက်လေးဆယ်မှာ ပဲ သွေးကင်ဆာရောဂါဖြင့် သေဆုံးခဲ့ရ၏။ သားကတော့ မာမီ နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးဘူး။ သား အတတ်နိုင်ဆုံး တားဆီးပြစ်မှာပါ။ မာမီ့ကို တမ်းတပြီး တတွတ်တွတ်ပြောသည်။

နောက်နေ့ကျတော့ မိုးရေတံခွန် ဗိုလ်ချုပ်ဈေးကို သွား သည်။ ဒေါ်ပန်းရောင်သွေးက ဆိုင်ဖွင့်၏။ ဒယ်ဒီနှစ်သက်ပေ ဆိုရင်လည်း နှစ်သက်ချစ်စရာပဲ။ ဒေါ်ပန်းရောင်သွေးက ငွေကြေး ကြွယ်ဝချမ်းသာမှုရော ရုပ်ရည်ရူပကာရော ပြောစရာမရှိ။ သူက တော့ မနှစ်သက်။ မာမီ့နေရာမှာ အစားထိုးဝင်ရောက်မဲ့ မိန်းမကြီး အဖြစ်ပဲ မြင်နေ၏။ မုန်းတီးစိတ်တွေပဲ ရှိသည်။

'မောင်ရင် ပိုးထည်တွေ လာဝယ်ပြန်ပြီလား၊ ဒီမှာ အသစ်တွေ ရှိတယ်၊ ကြည့်ပါဦး'

သူ ဒေါ်ချောချောရဲ့ ပိုးထည်ဆိုင်ကို အရင်ဝင်ပြီး ပိုးထည် တွေ ချိတ်တွေ ဝယ်သည်။

'ဟဲ့... မုန့်လက်ဆောင်းသည် ညည်းကော ဒီမှာ ပြီး ရစ်သီရစ်သီလုပ်ပြန်ပြီလား၊ ဟိုလူက လာမှာမဟုတ်ဘူး၊ ပန်းရောင်သွေးကို မနေ့ကအဖြစ်အပျက်တွေ သွားပြောပြ လိုက်ဦး'

'ပြောပြီးပါပြီ၊ စောစောက ကားပေါ်ကအဆင်းမှာ တွေ့ လို့လေ၊ ဒေါ်ပန်းရောင်သွေးက ကောင်းတယ်တဲ့၊ ဒီအသက် အရွယ်ကြီးကျမှ လာပိုးပမ်းနေတာ၊ သမီးပြသသနာရှာပြီး အရှက်ခွဲ တာတောင် နည်းသေးတယ်တဲ့၊ ဟင်း... ဟင်း... ဟင်း... ဟင်း'

'ဟား... ဟား... ဟား'

မိုးရေတံခွန် ရင်ထဲမှာ ဒေါ်သမုန်တိုင်းက လေပြေ လေညှင်းကနေ ဆိုင်ကလုံးမုန်တိုင်းအဖြစ် အသွင်ပြောင်းသွားရ သည်။ ဒယ်ဒီ့ကိုတောင် ဒေါ်ပန်းရောင်သွေးက လှောင်ပြောင် သရော်ချနေတာပဲ။ သူ ပိုးထည်ဖိုးတွေ ရှင်းပြီး တစ်ဘက်လမ်း ကို ကူးကာ ဒေါ်ပန်းရောင်သွေး စိန်ရွှေရတနာဆိုင်ကို ရောက်လာ သည်။

'ဟင်... မင်း... မင်း... မိုးရေတံခွန် ဒီကိုဘာလာ လုပ်တာလဲ'

'ကျွန်တော် အန်တီ့ကို ပြောစရာရှိလို့ပါ'

'ဘာပြောမှာလဲ၊ မင်း... မင်းနဲ့ ပြောစရာစကား မရှိ တော့ဘူး ထင်တယ်၊ မင်းလုပ်လို့ ငါ ဘယ်လောက်အထိ အရှက်







www.burmeseclassic.com

www.burmeseclassic.com



ကွဲခဲ့ရလဲ၊ ငါ့သမီးကိုလည်း မင်းပေါက်ကရတွေ ပြောတယ် မင်း ထွက်သွားပါ'

'ထွက်မသွားနိုင်ဘူး အန်တီ၊ ကျွန်တော်ကတော့ ပြော မှာပဲ၊ ဒယ်ဒီ့ကို လုံးဝလက်မခံပါနဲ့'

'ဟေ့ … အန်တီတစ်ယောက်တည်း လက်မခံလို့ မလား၊ မင်းဒယ်ဒီလာပြီး မပတ်သက်ဖို့ပဲ အရေးကြီးတာပါ'

'အန်တီ လက်မခံရင် ဒယ်ဒီတစ်ယောက်တည်း ဆေ လောက်တောင်ပဲ ချစ်နေပါစေ၊ ပြဿနာ မရှိပါဘူး၊ အန်တီပဲ'

'မင်း ထွက်သွားစမ်း၊ မင်း အခုချက်ချင်း ထွက်သွား ပါ'

'အသံမကျယ်ပါနဲ့ အန်တီ၊ ကျွန်တော်က လူကြီး ကောင်းပါ၊ အရုက်ကွဲစရာရှိရင် အန်တီပဲ အရှက်ကွဲမှာနော်'

သူ့စိန်လက်စွပ်တစ်ကွင်းကို ကောက်ကိုင်ကြည့်တော့ ဒေါ်ပန်းရောင်သွေး အတင်းဆွဲလုတော့မလို ပြင်ပြီးမှ ပတ်ဝန်း ကျင်ကြောင့် ငြိမ်သက်သွားသည်။ သူ ရယ်ပစ်ချင်လာ ဒေါ်ပန်းရောင်သွေး မျက်နှာပေါ်မှာ ပန်းရောင်သွေးတွေ သမ်းပြီး သူကတော့ အေးအေးဆေးဆေးပင်။ ရတနာပစ္စည်းတွေ တစ်ခုပြီး တစ်ခု ကိုင်တွယ်ကြည့်ရင်း ဒယ်ဒီနှင့် ကင်းကင်းရှင်းရှင်းနေ ဒယ်ဒီ့ကို လက်မခံရန် သတိပေးစကားတွေပဲ ပြောသည်။

'ကျွန်တော့်ဒယ်ဒီကို အန်တီ မချစ်ပါဘူး၊ အန်တီ့သ

= အရှက်ခွဲတာတောင် အရှမ်းဝမ်းသာနေတာ၊ မုန့်လက်ဆောင်း ည်ပြောတဲ့စကားတွေ ကျွန်တော် Hand Phone နဲ့ အသံသွင်း းတယ် အန်တီ၊ ဒယ်ဒီ့ကို ဖွင့်ပြဖို့လေ'

'ဟင်'

ဒေါ်ပန်းရောင်သွေး ရုက်ရုက်နှင့် မုန့်လက်ဆောင်းသည် မှာ အရှက်ပြေပြောလိုက်တာကို မိုးရေတံခွန်က အသံသွင်း ပြီး ကိုဝသုန်ကို ဖွင့်ပြမယ်တဲ့။ အဲဒီလိုတော့ မဖြစ်စေလိုပေ။ ရေတံခွန်ကို ဒေါ်ပန်းရောင်သွေး ဒေါကန်သွားသည်။ တားဆီး လည်း ရမှာမဟုတ်ပေ။ ကိုဝသုန်အပေါ် ဒေါ်ပန်းရောင်သွေး မိနေ၏။ မိုးရေတံခွန်ဆိုတဲ့ ကောင်လေးကိုပဲ မုန်းတာ။ မိထွေး ရာ အရယူပြီး ဒီကောင်လေးကို နှိပ်စက်ပြစ်ရမယ်။ ဒေါ်ပန်း ရောင်သွေးကလည်း ပြောလိုက်မိတယ်။ ဘာပဲဖြစ်ဖြစ် ကိုဝသုန် ကိုတော့ ရှင်းပြ၍ တောင်းပန်ရမည်။

ပြောချင်တာတွေ ပြောပြီး မိုးရေတံခွန် ပြန်ထွက်သွားမှ သက်ရှူ ဖြောင့်သွားသည်။

'မာမီ'

'ဟင်'

'မိုးရေတံခွန် ဒီကို ဘာလာလုပ်တာလဲ၊ မာမီ့ကို ဘာတွေ ဘာပြောတာလဲ'

'ချယ်ရယ် ထားလိုက်ပါ၊ ဘာမှမပြောပါဘူး၊ မာမီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



က ပစ္စည်းတွေ လာကြည့်တာပါ၊ အခြေအနေကို အကဲခတ်တာ ဖြစ်မှာပါ'

သမီးချယ်နှင့် ပဋိပက္ခတွေ ဖြစ်မှာစိုး၍ ဘာမှမပြော ကြောင်းပဲ ဒေါ်ပန်းရောင်သွေး ပြောလိုက်သည်။ ဗိုလ်ချုပ်ဈေး မှာ ကိုယ့်စတိုင်လ်နဲ့ကိုယ် ဟန်ပန်တစ်ခွဲသားနဲ့ နေကြတာ သမီးပန်းနုချယ်က ဒေါသတွေထွက်နေ၏။ မိုးရေတံခွန် အပြတ် ချေမှုန်းပစ်မည်ဟု ကြိမ်းဝါးနေ၏။ ဒေါ်ပန်းရောင်သွေး ကပဲ သမီးချယ် ဒေါသတွေ ငြိမ်သက်သွားအောင် ဖျောင့် နေရသည်။

'ထားလိုက်ပါကွယ်၊ မာမီလည်း ကိုဝသုန်နဲ့ မပတ်သက် တော့ပါဘူး၊ မချောဆီမှာ ပိုးထည်တွေ လာဝယ်တာပါ'

'တမင်သက်သက် မာမီ့စိတ်ကို အနှောင့်အယှက်ဖြစ် အောင် လုပ်နေတာပါ၊ တွေ့မယ်၊ ပန်းနုချယ် အကြောင်းဖြ မယ်'

'ချယ် ထားလိုက်ပါတော့၊ မာမီ တောင်းပန်ပါတယ် ဈေးကလူတွေ အာရုံစိုက်မိသွားရင် မာမီတို့ပဲ အရှက်ကွဲရမှာပေ စိတ်လျှော့'

'တောက်'

မိုးရေတံခွန် လာလုပ်တာနဲ့ ဒေါ်ပန်းရောင်သွေး အရော အဝယ်ပင် မကောင်းတော့။ စိတ်တွေရှုပ်ထွေးနေသည်။ သမီး





ယ်ကလည်း အနားကနေ မခွာပေ။ ဒေါ်ပန်းရောင်သွေး စိတ် သက်သာလိုက်တာ။ အခုလောက်ဆိုရင် ဟိုကောင်လေး မုန် က်ဆောင်းသည် ပြောတဲ့စကားတွေ အသံသွင်းထားတာ သူ့ ယောက်ကို ဖွင့်ပြနေပြီလားပဲ။ ကိုမိုးဝသုန် ဒေါသဖြစ်သွားမလား။ ကို မုန်းတီးသွားတော့မယ် ထင်တယ်။ စိတ်တွေ ပူလိုက်တာ။ ကယ့်ကို နေမထိ ထိုင်မသာကြီး။ ကိုဝသုန်ရယ် သွေးကလေ ရက်ပြေပါ။ တကယ်ပဲ စိတ်ထဲက မပါပါဘူးနော်။ သူတို့တွေ စုကြမှာ စိုးရိမ်ပြီး ပြောတာပါ။ သွေး စိတ်ထဲမှာတော့လေ ဝသုန် စိတ်လေးနည်းနည်းမျက်သွားမှာတောင် အရမ်းပဲ စိုးရိမ် ကြောင့်ကြနေမိတာပါနော်။ တောင်းပန်စကားလေးတွေ ပြောမိ သည်။

'တောင်းပန်ပါတယ်နော်၊ တကယ့်ကို ရင်ထဲအသည်း ထဲက လှိုက်လှိုက်လှဲလှဲ တောင်းပန်ပါတယ်'

'မာမီ'

'ဟင်

'ဘာတွေတောင်းပန်နေတာလဲ၊ ဘယ်သူ့ကို လှိုက်လှိုက် လှဲလှဲ တောင်းပန်နေတာလဲဟင်'

သမီးချယ် အသံကြားမှ အတွေးတွေနှင့် သတိလက် လွတ်နှုတ်ကနေ တောင်းပန်စကားတွေ အသံထွက်သွား၍ သတိ ပြန်ဝင်လာသည်။ ရှုးရှူးတောက်တောက် မျက်ဝန်းစိမ်းစိမ်း သမီး



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေက ဆတ်ခနဲ ရောက်လာ၏။ သေတော့မှာပဲ။ သမီး
အမေးကို အဖြေတစ်ခုခု ကမန်းကတန်း ရှာဖွေရသည်။

'ဦးမိုးဝသုန်ကို မာမီ တောင်းပန်နေတာ မဟုတ်လား'

'မဟုတ်ပါဘူး သမီးရယ်၊ တောင်းပန်နေတာက သေ
သွားတဲ့ မာမီ့ချစ်ခင်ပွန်း သမီးဒယ်ဒီ့ကိုပါကွယ်'

'ပြီးရော'

ဟူး တော်ပါသေးရဲ့။ သမီးချယ်က ကျေနပ်သွားသည်
ဟုတ်တယ် မာမီတောင်းပန်သင့်တယ်။ မာမီသစ္စာမဲ့တာ ဒယ်ဒီ
တောင်းပန်ရမယ်တဲ့ ဒေါ်ပန်းရောင်သွေးစိတ်တွေ မွန်းကျပ်သွား
သည်။

○



## အခန်း(၈)

ဦးမိုးဝသုန်ကလည်း သားမိုးရေတံခွန် ဘယ်လောက်ပဲ
အားဆီးနေပါစေ။ ပန်းရောင်သွေးကို နှစ်သက်နေသည်။ နောက်
ဆုတ်နိုင်ပေ။ ရအောင်ယူမယ်။ သား ဒီကောင် ကိုယ်ချင်းမစာ
ဘူး။ ဒီအသက်အရွယ်အထိ လူလွတ်ဘဝနဲ့ နေထိုင်ခဲ့တာကျေနပ်
သင့်သည်။ ပန်းရောင်သွေးနှင့်ဆုံမိသွားမှ မိမိစိတ်တွေ နုပျိုပြီး
အချစ်တွေပေါက်ဖွားရှင်သန်နေတာပါ။ သူငယ်ချင်း စိုးသော်ရဲ့
မီး နွယ်ကတစ်ဆင့် ပန်းရောင်သွေးကို ဆက်သွယ်ဖို့ စဉ်းစားထား
သည်။

'ဒယ်ဒီ ဘယ်လဲ'

'မင်း ဒယ်ဒီ့ကို လိုက်ပြီးချုပ်ချယ်နေမှာလား တံခွန်၊
ဒယ်ဒီ့အသက်အရွယ်ရလာပြီကွ၊ ပျော်သလို နေပါရစေ'

ဒယ်ဒီ့အသက်အရွယ်နဲ့ မလိုက်အောင် ရှိုင်းထားတာ
ခေါ်အပြင်ပဲ။ မိုးရေတံခွန်ကလည်း ဒယ်ဒီ နောက်မိန်းမယူတာကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝလက်မခံနိုင်ပေ။ ဒယ်ဒီကတော့ တားဆီးလို့ရမှာမဟုတ်
ဒေါ်ပန်းရောင်သွေးဘက်ကိုပဲ တားဆီးရမည်။ ပန်းနုချယ်
အမေကိုပဲ မင်းတားထား။ မိထွေးဆိုတာကို လက်မခံဘူး။ ဒယ်
က လူငယ်တစ်ယောက်လို တက်ကြွနေသည်။

'ဒယ်ဒီကို ခွင့်လွှတ်မပေးနိုင်ဘူးလား၊ သား ပန်းရော
သွေးက ကျက်သရေရှိတဲ့ မိန်းမပါကွာ၊ ငွေကြေးရော ဂုဏ်
ရော ပြည့်စုံနေတဲ့ တော်ဝင်မိန်းမလေ'

'တော်ပါတော့ ဒယ်ဒီ'

'မင်းကို ဒယ်ဒီ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်
ပန်းရောင်သွေးကို ဒယ်ဒီ လက်ထပ်မယ်'

ဦးမိုးဝသုန် ပြတ်ပြတ်သားသားပဲ ပြောလိုက်မိသည်
ပန်းရောင်သွေးကိုတော့ မိမိ မစွန့်လွှတ်နိုင်ပါဘူး။ ဘယ်
အခြေအနေမျိုးပဲရှိရှိ ပန်းရောင်သွေးကိုတော့ လက်ထပ်ရမည်
ဖြစ်သည်။

'ဒယ်ဒီ လက်ထပ်သင့်နေပါပြီ၊ သားကို ပြုစုပျိုးထော
ပေးခဲ့တာပဲ သားရှေ့ရေးအတွက်လည်း စိတ်အေးရပြီပဲ သားရ

သား မိုးရေတံခွန် မလှုပ်နိုင်အောင် ဦးမိုးဝသုန် ပြော
လိုက်သည်။ ပန်းရောင်သွေးကို လက်ထပ်မယ်။ ဆုံးဖြတ်ပြီး
ဒီအရွယ်ရောက်မှတော့ အချစ်သစ်ရှာတာ မိမိမှာ အပြစ်မရှိ
သား မိုးရေတံခွန်ရဲ့ မာမီကိုလည်း မိမိ သစ္စာမဲ့တာမဟုတ်





ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်ခဲ့ပေမယ့် သားအတွက် အသစ်မရှာ
ခဲ့။ အခုတော့ ဖူးစာရှင်ဖြစ်နေလို့လား မသိဘူး။ ပန်းရောင်သွေး
ကို ချစ်နေမိသည်။

'ဒယ်ဒီကို မင်း မတားနဲ့တော့၊ ပန်းရောင်သွေးကို ဘယ်
လိုအနှောင့်အယှက် အဟန့်အတားတွေပဲရှိရှိ ဒယ်ဒီ လက်ထပ်ယူ
မယ်၊ မိသားစုပျော်ပျော်ရွှင်ရွှင် အဆုံးသတ်နိုင်အောင် မင်း လက်ခံ
လိုက်ပါ သားရယ်'

'ကျွန်တော်ကတော့ လုံးဝ လက်မခံနိုင်ဘူး ဒယ်ဒီ'

'ဒယ်ဒီ ပြောထားပြီးပြီနော်၊ ပန်းရောင်သွေးနဲ့ လက်ထပ်
မှာပဲ၊ ဒယ်ဒီ ဆုံးဖြတ်ထားပြီးပြီ'

ဒယ်ဒီ ထွက်သွားသည်။ မိုးရေတံခွန်ကတော့ ဒယ်ဒီနှင့်
ဒေါ်ပန်းရောင်သွေးတို့ လက်မထပ်ဖြစ်အောင် ဘယ်လိုတားဆီးရ
မှန်းပင် မသိ။ ဒီနေ့ ဒယ်ဒီနှင့် ဒေါ်ပန်းရောင်သွေးတို့ တစ်နေရာ
ရာမှာ ချိန်းတွေ့နိုင်သည်။ လူကြီးဆိုတော့ ဘယ်နေရာဖြစ်နိုင်
မလဲ။ ဘုရားလား၊ Royal Rose မှာလည်း ချိန်းတွေ့နိုင်တာပဲ။
ဒယ်ဒီ ဘယ်လိုပဲဆုံးဖြတ်ပါစေ။ သူကတော့ တားဆီးရမည်ဖြစ်
သည်။

ပန်းနုချယ်ကလည်း မာမီ့အခြေအနေကို စောင့်ကြည့်နေ
သည်။ ဖုန်းပြောပြီး တစ်နေရာရာကို ထွက်သွားဖို့ ပြင်ဆင်နေ
ပုံပင်။ ချယ် မာမီ့အနားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီ စောစောက ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ'

'နွယ်လေ၊ သမီးအန်တီနွယ် နေမကောင်းဘူးတဲ့၊ အဲ မာမီ သွားကြည့်မလို့'

'မာမီလည်း ဈေးထွက်ရတာပဲ၊ အရမ်းပင်ပန်းတာပဲ ဈေးပိတ်ရက်မှ သွားပါလား'

'ရပါတယ်ကွယ်၊ မာမီက သွားလာလှုပ်ရှားနေမှ ကျ မာရေးကောင်းတယ် သမီးချယ်ရဲ့၊ မပင်ပန်းပါဘူး'

သမီးချယ်က စပ်စုမေးမြန်းနေတာတွေကို ဒေါ်ပန်းရော သွေး ဘယ်လိုရှောင်တိမ်းရမှန်းပင် မသိ။ ကိုဝသုန်နှင့် တွေ့ နွယ်တို့အိမ်မှာ ချိန်းထားသည်။ စောစောက နွယ်ကိုယ်တိုင် ဖုန်း ဆက်ချိန်းတာပါ။ ကိုဝသုန်နှင့် သွေးတို့ ပတ်သက်မှုကို နွယ် တစ်ဆင့်ဆိုတာ သမီးချယ် မသိသေးပေ။ ဒေါ်ပန်းရောင်သွေး ကလည်း ကိုဝသုန်နှင့် တွေ့ချင်သည်။ မတွေ့ရ မနေနိုင်အောင် ဖြစ်နေပြီ။ သမီး ဘယ်လောက်ပဲလက်မခံနိုင်ဘဲ တားဆီးနေ စေ၊ မိမိကတော့ ကိုဝသုန်အချစ်တွေကို လက်ခံဖို့ ဆုံးဖြတ်ထား သည်။

'မာမီ အခုတလော အပြင်ထွက်ရင် တည်ငြိမ်တဲ့ အရောင်တွေပဲ ရွေးချယ်ဝတ်တတ်တယ်နော်'

'ချယ် မာမီ့ကို အဲဒီလောက်အထိ မျက်စိဒေါက်ထောက် မကြည့်ပါနဲ့၊ မာမီ ဒီအသက်အရွယ်အထိ သမီးလေးကို ကျွေးမွေ





ာင့်ရှောက်လာခဲ့တာ သမီးရှေ့ရေးအတွက်လည်း စိတ်အေးရပြီ သော'

'ချယ်ကတော့ မာမီ နောက်ထပ်အိမ်ထောင်ပြုတာ လုံးဝ သဘောမတူနိုင်ဘူးနော်၊ ကန့်ကွက်မှာပဲ၊ နှောင့်ယှက်မှာပဲ၊ သမီး း ကလေးနဲ့ ပထွေးနဲ့ သင့်တော်ပါ့မလား မာမီ'

'သမီးချယ် ချစ်သူရှာလေ၊ လက်ထပ်လိုက်၊ မာမီက အမွေတွေအများကြီးပေးမှာ၊ သမီးရှေ့ရေးအတွက် ပူစရာမှ မရှိ ာပဲ'

'မာမီနော်'

'မာမီ့နှလုံးသားကိစ္စတွေကို သမီး ဝင်မစွက်ဖက်နဲ့တော့၊ မီ ဆုံးဖြတ်ပြီးပြီ၊ မာမီ့မှာ ရွေးချယ်ပိုင်ခွင့်တော့ ရှိရမယ်လေ၊ ဟုတ်ဘူးလား'

'မာမီ'

'မာမီ ကလေးမဟုတ်တော့ဘူး၊ ကိုဝသုန့်အပေါ် မာမီ တ်တွေယိမ်းယိုင်တိမ်းညွှတ်နေတာ ဝန်ခံတယ်၊ သွားပြီနော် ချယ်'

ချယ် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ထွက်သွားတာကို ေါသတွေပေါက်ကွဲလွင့်ထွက်ပြီး ခြေကလေးဆောင့်ကာ ကျန်ရစ် ခဲ့သည်။ ဒုက္ခပါပဲ။ တားဆီးလို့မရနိုင်တော့ပါလား။ ချယ်က တွေးဆို အရမ်းမုန်းတာ။ ဖအေကိုချစ်တဲ့သမီးမို့ မာမီ့အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းယောကျ်ားတစ်ယောက် အစားထိုးဝင်ရောက်မှာအကြောင်း ဆုံးပင်။ ဘယ်လိုလုပ်မလဲ။ မရဘူး။ တားနိုင်သလောက်တော့ တားရမှာပဲ။ မာမီ ဘယ်သွားနိုင်လဲ။ အန်တီနွယ် မနေ့ အကောင်းကြီးပါ။ နေမကောင်းဘူးဆိုတာ မဖြစ်နိုင်ဘူး။ မာမီ ဦးမိုးဝသုန်တို့ အန်တီနွယ့်အိမ်မှာများ ချိန်းတွေ့နေကြမလားပဲ။ အန်တီနွယ်က မာမှီအချစ်ဆုံး ငယ်သူငယ်ချင်းပါ။ မာမီအတွက် အကူအညီပေးနိုင်သည်။

'အန်တီနွယ့်အိမ် လိုက်သွားမယ်၊ ဒီအတိုင်းတော့ လွှတ် ပေးမထားနိုင်ဘူး၊ ချယ်ကတော့ တားဆီးနိုင်သလောက် တားဆီး မှာပဲ'

ချယ် စဉ်းစားမနေတော့ဘဲ ကားနှင့် အန်တီနွယ့်အိမ် မောင်းထွက်လာခဲ့သည်။ ဦးမိုးဝသုန်ရှိနေလို့ကတော့လား။ ဒေါ ထွက်လိုက်တာ။ ဒီလူကြီး မာမီကို စည်းရုံးသိမ်းသွင်းပြီး လ ထပ်ဖို့ ကြိုးစားနေတာ။ ဗိုလ်ချုပ်ဈေးမှာ အရှက်ခွဲထားတာ မမှ သေးဘူး။ အံကိုတင်းတင်းကြိတ်ပြီး အန်တီနွယ့်အိမ် ရောက်လာ သည်။

'တီ… တီ'

'တီ'

'ဟင်… သွေးရေ… မင်းသမီးကား ခြံဝမှာ ရောက်နေ တယ်၊ ဘယ်လိုလုပ်ကြမလဲ'





ခြံဝမှ ကားဟွန်းသံကြောင့် CCTV ကနေ ဒေါ်နွယ် ကြည့်လိုက်တော့ သွေးရဲ့သမီး ယန်းနုချယ်ရဲ့ကား ဖြစ်နေသည်။

'အောင်မလေး လုပ်ပါဦး၊ သမီးချယ် လာချောင်းတာ ဖြစ်မယ်၊ ကိုဝသုန်… ရှင် ခဏလောက် ရှောင်နေပေးပါ၊ သမီးချယ် တွေ့သွားလို့ မဖြစ်သေးဘူး၊ ပုန်းနေပေးပါနော်'

'သွေး သတ္တိမရှိဘူးလား၊ ရင်ဆိုင်ပစ်လိုက်မယ်ကွာ'

'မဖြစ်သေးလို့ပါ၊ ခဏလေးရှောင်ပေးပါနော်၊ မတွေ့ ခင် ပြန်သွားမှာပါ၊ တောင်းပန်ပါတယ် ကိုဝသုန်ရယ်'

ယန်းနုချယ်ဆိုတဲ့ ကောင်မလေးကို ဦးမိုးဝသုန် တော် တော်လေး အမြင်ကတ်လာပြီး မုန်းတီးမိသည်။ ဂျိုလ်ဆိုးမလေး နည်းအမျိုးမျိုးနှင့် မိမိအား ဒုက္ခပေးနေသည်။ ငါ မင်းပထွေးနေရာ ရောက်ရင် သေပြီသာမှတ်။ ယန်းရောင်သွေးက တောင်းတောင်း ပန်ပန်နှင့် ပြောနေသဖြင့် နွယ်ဝင်နိုင်းသည့် ပစ္စည်းဟောင်းတွေ ထားသောစတိုခန်းထဲ ဝင်လိုက်ရသည်။

'ကိုယ် သွေးကို ချစ်လို့နော်'

'ဟုတ်ပါပြီ၊ ဝင်ပါတော့'

ကိုဝသုန် ဝင်သွားလို့ စိတ်အေးရပြီမှတ်တယ်။ နွယ့်ကို လည်း နေမကောင်းဘူးလို့ ပြောထားတာပဲ။ တကယ်တမ်းကျ တော့လည်း အချစ်ရဲ့အင်အားတွေ သတ္တိတွေ ဘယ်ရောက်ကုန် မှန်း မသိတော့။ သမီး အထင်လွဲသွားမှာ စိတ်ထိခိုက်ကြောကွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာကို ဒေါ်ပန်းရောင်သွေး မလိုလားမိပေ။ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနှင့် သမီးကို စိတ်ချမ်းသာစေချင်သည်။

'နွယ်··· နင်လည်း အနွေးထည်ထူထူဝတ်ပြီး အိပ်ခန်းထဲ အမြန်ဝင်ပါ'

'ဘာဖြစ်လို့လဲ သွေးရ'

'နင်က နေမကောင်းတဲ့လူလေ၊ အနွေးထည်ဝတ်မှပေါ့၊ အခန်းထဲဝင် အိပ်ယာပေါ်မှာ စောင်ခြုံအိပ်နေ'

'အောင်မလေး ငါက အပူကြောက်တယ်ဟ၊ ဒီလောက်ပူပြင်းလောင်မြိုက်နေတာ ဘယ်လိုလုပ်ပြီး အနွေးထည်ဝတ် စောင်ခြုံနေနိုင်မလဲ၊ သေလိမ့်မယ်'

'နေပါဟယ်၊ ခဏလေးပါ၊ သမီးချယ် ယုံကြည်တာနဲ့ ပြန်သွားမှာပါ၊ လုပ်ပါဟဲ့၊ သမီးချယ် ဝင်လာတော့မယ်'

'Air Com တော့ ဖွင့်မယ်ဟာ'

'မဖွင့်နဲ့၊ သမီး ယုံကြည်အောင် လုပ်ပါတယ်ဆိုမှဟာ၊ လုပ်စမ်းပါ၊ ခဏလေးပဲဟာ၊ နွယ် တောင်းပန်ပါတယ်ဟယ်၊ ဝတ်စမ်းပါ အနွေးထည်'

'သေပြီ၊ နင်ကလည်း ရည်းစားလည်းထားချင်သေးတယ်၊ သမီးလည်းကြောက်နေသေးတယ်၊ တကယ်ပါပဲ'

'သွေးကို သမီး အထင်သေးမှာ ကြောက်လို့ပါ၊ ရုတ်တရက်ကြီးလေဟယ်၊ လုပ်စမ်းပါ၊ အချိန်မရှိတော့ဘူး'





'သေချင်တာပဲ'

'မသွယ်ရေ မီးဖိုခန်းထဲကနေ နနွင်းမှုန့်နည်းနည်းယူလာခဲ့စမ်းပါ'

'ဘာလုပ်ဦးမလို့လဲ သွေး'

'နင့်ကို လိမ်းပေးမလို့၊ နေမကောင်းတဲ့လူနဲ့ ပိုတူအောင်လေ'

'မလုပ်ဘူးဟာ၊ နနွင်းအနံ့ကြီး ငါ မုန်းတယ်၊ ဒီလောက်ဆို ရပါပြီ'

နွယ့်ကို အနွေးထည်ထူထူ ဝတ်ပေးပြီး အိပ်ယာပေါ်လှဲအိပ်စေကာ စောင်ခြုံပေးထားလိုက်သည်။ ဒေါ်ပန်းရောင်သွေးက နွယ့်အနားမှာ ထိုင်နေလိုက်၏။ ခဏကြာတော့ သမီးချယ်ရောက်မှာကို မှင်သေသေနှင့် စောင့်နေသည်။

ချယ်ကလည်း အန်တီနွယ့်ခြံထဲ ဝင်လိုက်သည်နှင့် ပတ်ခန်းကျင်ကို အကဲခတ်လိုက်တော့ ဦးမိုးဝသုန် စီးနေကျကားကြီးရပ်ထားတာ တွေ့လိုက်၍ မာမီနှင့် ချိန်းတွေ့နေကြတာ သေချာတယ်ဆိုပြီး ဒေါသတွေထွက်လာရသည်။ ပြဿနာရှာပြမယ်။ တွေ့ကြသေးတာပေါ့လေ။ ချယ့်ကို တံခါးလာဖွင့်ပေးသူက အိမ်ဖော်ကောင်မလေး မသွယ်ပင်။ မျက်နှာကျောကိုတင်းလိုက်သည်။

'မာမီရော ရှိလား'

'ရှိပါတယ် မမလေး၊ အန်တီနွယ် နေမကောင်းလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီသွေးလည်း ရှိပါတယ်၊ အန်တီနွယ့်အိပ်ခန်းထဲ ဝင်သွားဝ

'အေး'

အန်တီနွယ်တို့ တိုက်က ချယ် ငယ်စဉ်လေးကတည်း

မကြာခဏ အလည်ရောက်လာတတ်ပြီး တည်းခိုနေထိုင်နေ

ပါ။ မာမီနှင့် ငယ်သူငယ်ချင်းတွေဖြစ်ကြ၍ မကြာခဏရော

လာတတ်ပြီး စားအိမ်သောက်အိမ်ဖြစ်နေသည်။ အန်တီနွယ်

မကောင်းဖြစ်နေတာ ဖြစ်နိုင်ပါ့မလား။ ချယ် ခပ်တည်တည်

အန်တီနွယ့် အိပ်ခန်းထဲ ဝင်လာခဲ့၏။ မာမီလည်း ရှိနေသည်

'သမီးချယ် ရောက်လာတာလား၊ ညည်း အန်တီနွ

လေ ဒီမှာ ဖျားနေလို့ အသားတွေ တဆတ်ဆတ်တုန်ပြီး ချမ်းနေ

အနွေးထည်ရော စောင်ရော ခြုံထားရတယ်လေ'

'ဟုတ်လား မာမီ'

'လာ'

ချယ်ကတော့ မယုံပေ။ အန်တီနွယ် အိပ်ယာပေါ်မှာ

နေပြီး ချယ့်ကို မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ အန်တီနွ

နေမကောင်းတာ ဖြစ်ချင်ဖြစ်နိုင်ပေမယ့် ဟိုလူကြီးကားက ခြံ

မှာ ဘာဖြစ်လို့ ရပ်ထားရတာလဲ။ သေချာတာက ဒီတိုက်ကြီး

မှာ ဦးမိုးဝသုန် ရှိနေနိုင်၏။ ဟိုလူကြီးနဲ့ မာမီ၊ အန်တီနွယ်

မကောင်းတာကို အကြောင်းပြပြီး လာချိန်းတွေ့နေကြတာလည်

ဖြစ်နိုင်သည်။





'အန်တီနွယ် နေမကောင်းဘူးလား၊ ချယ် လာကြည့်တာ

ဖျားတာလားဟင်'

'အင်း'

'ဟုတ်လား၊ အခုတလော တုတ်ကွေးတွေက အရမ်း

ခြင်းထန်တာလေ၊ ဆေးခန်းရော ပြလား'

'အေးကွယ်၊ ပြပြီးပါပြီ၊ တုပ်ကွေးလေ၊ ကိုရီးယား

တုတ်ကွေးတဲ့'

'ဟာ… အန်တီနွယ်ကလည်း ဂျပန်တုတ်ကွေးပါ'

'အေး… ဟုတ်တယ်၊ ဂျပန်တုတ်ကွေး၊ အန်တီလည်း

တုတ်ကွေးတွေက အမျိုးမျိုးဖြစ်နေတော့ ရောကုန်ပြီ'

'ဟင်… အန်တီနွယ့် နဖူးမှာ ချွေးတွေရွှဲနေတာပဲ၊ ရာသီ

ဥတုက ပူတယ်နော်၊ အဖျားကျသွားပြီပဲ၊ စောင်တွေဖယ်လိုက်

ပါ'

'ဟုတ်တယ်၊ စောင်တော့ ဖယ်လိုက်ရင် ကောင်းမယ်'

'မဖယ်နဲ့လေ နွယ်၊ ရှင်ပဲ စောစောက ချမ်းပြီးတုန်နေ

တာ၊ ကျုပ်တောင် လန့်သွားတယ်'

ယုန်းရောင်သွေးကတော့ လုပ်ချလိုက်ပြန်ပြီ။ နွယ်က

တော့ ပူအိုက်ပြီး မီးပူဟပ်နေသလိုပဲ။ သေတော့မယ်။ ချွေးတွေ

လည်း ခန္ဓာကိုယ်အနှံ့ အသီးသီး လိမ့်ဆင်းကျကာ ချွေးပေါင်း

အိုးထဲ ဝင်နေရသလို ဖြစ်နေသည်။ ယုန်းနုချယ်ရဲ့ မျက်လုံးတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မယုံသင်္ကာသလိုကြီး။ လူကြီးဖြစ်ပြီး ဟန်ဆောင်လိမ်ညာ
နေတာ မျက်နှာပူလာသည်။

'သမီးချယ် ပြန်နှင့်လေ၊ မာမီ ခဏနေဦးမယ်၊ နွယ်
အနားမှာ ဘယ်သူမှ မရှိလို့ သမီး အန်ကယ် စိုးသော် ပြန်လာ
တဲ့အထိ စောင့်ပေးရဦးမယ်'

'ရပါတယ်၊ မာမီနဲ့အတူတူ စောင့်ပေးမယ်၊ အေးအေး
ဆေးဆေးမှ အတူတူပြန်ကြတာပေါ့'

'ပြန်တော့ ချယ်၊ အန်တီနွယ်က သွေးကို ညအိပ်တော်
ခေါ်ထားရမှာ၊ တစ်ခါတလေ အဖျားက အရမ်းကြီးလာတတ်
တယ်၊ ကိုစိုးက အရေးတကြီး ဧည့်ခံပွဲရှိလို့ ညဥ့်နက်မယ်လေ
သမီး ချယ် ပြန်နှင့်လိုက်ပါ'

ခွေးမလေး မပြန်ဘူး။ နွယ် ပူလွန်းလို့ အသက်ရှူ
မဝတော့။ အတင်းပြန်လွှတ်တာပင် မပြန်ပေ။ အောင်မလေး
သေတော့မှာပဲ။ ပူလိုက်တာ။ သွေးကလည်း သူ့သမီးအား နှင်
အတင်းပြန်ခိုင်းသည်။

'ပြန်ပါချယ်၊ သမီး စာကျက်ရဦးမယ်လေ၊ မာမီ
စောင့်မနေနဲ့ ပြန်ပါ'

'အင်းပါ၊ ချယ် ပြန်ပါ့မယ်၊ မာမီက ဖွတ်ကြီးပြန်ခိုင်း
နေတယ်၊ အခုပဲရောက်တာကို၊ အန်တီနွယ် ချယ် ဘာလုပ်ပေး
ရမလဲ၊ နှိပ်နယ်ပေးရမလား'

'ဟင့်အင်း… ရပါတယ်ကွယ်၊ သွေးကို ထားခဲ့ရင်ပဲ
ကျေးဇူးတင်ပါပြီ'

ချယ့်စိတ်ထဲမှာ မကျေနပ်မိ။ ဦးမိုးဝသုန်ရဲ့ ကားက
ဘာဖြစ်လို့ ရှိနေရတာလဲ။ တိုက်ကြီးထဲမှာ နေရာအနှံ့လိုက်ရှာ
ကြည့်ချင်သည်။ အန်တီနွယ် နေမကောင်းတာတော့ ထားလိုက်
ပါ။ အကြောင်းပြပြီး ဦးမိုးဝသုန်နဲ့ မာမီ ချိန်းတွေ့ကြတာ ဖြစ်
နိုင်သည်။ ဦးမိုးဝသုန်ရဲ့ ကားကို အရောင်ရော နံပါတ်ရော
ကားအမျိုးအစားရော ချယ် သေသေချာချာ မှတ်ထားခဲ့၏။
အောက်ထပ်မှာပင်ရှာဖို့ ချယ် ဆုံးဖြတ်ထားသည်။

'ချယ် ပြန်တော့မယ်နော် အန်တီ'

'အေး… အေး'

မယ်မင်းကြီးမ မြန်မြန်ပြန်ပါတော့ ပူလို့သေတော့မယ်။
နှင်းနုချယ် အခန်းထဲက ထွက်သွားမှ စိတ်သက်သာရာ ရသွား
သည်။

'နွယ် စောင်တော့ ခဏလှပ်ထားလိုက်၊ အနွေးထည်
တော့ မချွတ်နဲ့ဦးနော်'

'ဘာဖြစ်လို့လဲ'

'သမီးချယ်က လည်တယ်၊ မယုံသင်္ကာဖြစ်ပြီး အခန်းထဲ
ပြန်ဝင်လာနိုင်တယ်၊ နေဦး သွေးကားပေါ်အထိ သေသေချာချာ





www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးလိုက်ဦးမယ်နော်၊ သမီးကားထွက်သွားသံ မကြား မချင်း အနွေးထည်ကို မချွတ်နဲ့ဦး'

'သေပြီ'

ဒေါ်ပန်းရောင်သွေး မှာစရာရှိတာတွေ မှာပြီး သမီးချယ် နောက် ပြေးလိုက်ခဲ့ရသည်။ ဒီကောင်မလေးက ယုံရတာ မဟုတ် ဘူး။ ပြန်လှည့်ကြည့်ချင် ကြည့်မှာ။ ဒေါ်ပန်းရောင်သွေး အောင် ထပ်ရောက်တော့ သမီးချယ်က ထွက်မသွားသေးဘဲ ရပ်ပြီး ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်နေသည်။

○



## အခန်း(၉)

'သမီးချယ် ဘာတွေကြည့်နေတာလဲ၊ ပြန်တော့လေ'

'မာမီ မှန်မှန်ပြော၊ ဦးမိုးဝသုန်နဲ့ ချိန်းတွေ့နေတာ မဟုတ် လား'

'မဟုတ်ပါဘူး ချယ်ရယ်၊ နွယ် နေမကောင်းဖြစ်နေတာ သမီးအမြင်ပဲ'

'ဟိုကားက ဘယ်သူ့ကားလဲ မာမီ'

သမီးချယ်က ကိုဝသုန်ရဲ့ ကားကို လက်ညှိုးထိုးပြနေ သော့ ဒေါ်ပန်းရောင်သွေး ရင်တွေဒိန်းခနဲ မြည်ဟီးသွားပြီး လှုပ် ရှားထူပူသွားတဲ့ စိတ်တွေ မျက်နှာပေါ် ထင်ဟပ်မလာခင် အသိ နှင့် ပြန်ချုပ်ထိန်းပြစ်ရသည်။

'အဲဒီကားက အစောကြီးကတည်းက ရှိနေတာပဲ ချယ်၊ ဘယ်သူ့ကားလဲ မာမီတောင် မသိပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဦးမိုးဝသုန်ကားပဲ'

'ဟင်'

'မာမီမှင်သေသေနဲ့ မသိချင်ယောင်ဆောင်မနေစမ်းပါ နဲ့၊ ဒီတိုက်ကြီးထဲမှာ ဦးမိုးဝသုန် ရှိကိုရှိရမယ်၊ ချယ် မသက်သာ ရှာရမယ်'

'ချယ် ပြန်ပါကွယ်၊ နှယ်ကလည်း နေကောင်းတာ မဟုတ်ဘူး၊ ပြန်ပါ'

'ဦးမိုးဝသုန်ရဲ့ ကားကြီးက ဒီမှာ ဘာဖြစ်လို့ ရှိနေရတာ လဲ၊ မာမီ ဖြေလေ'

'မာမီ ဘယ်သိမလဲ၊ နှယ်က ပြောတော့ ကိုစိုးသော် သူငယ်ချင်းက ကားထားပြီး နှစ်ယောက်အတူတူ သွားကြတာ ကိုစိုးသော် သူငယ်ချင်း ဖြစ်နိုင်တယ်'

'မာမီ ပြန်လိုက်ခဲ့တော့'

'ချယ်ရယ် နှယ့်ကို အားနာစရာကောင်းပါတယ်၊ မာမီ ယုံပါ၊ ပြန်တော့'

'ခဏနေဦး၊ လိုလိုမယ်မယ်တော့ ရှာကြည့်ရဦးမ လေ'

ချယ်ကတော့ စိတ်ထဲကနေ ဦးမိုးဝသုန် တစ်နေရာ မှာ ရှိနေသည်ဟု ထင်နေသည်။ အမိဖမ်းရမယ်။ ဦးမိုးဝသု





ကားကြီးရပ်နေကတည်းက မသက်သာစရာပင်။ ချယ် စားသောက် ခန်းထဲ ဝင်လာခဲ့၏။ မတွေ့ပေ။ မသွယ်ကတော့ အန်ကယ်စိုး သူငယ်ချင်းကားပါတဲ့။ ကလပ်ကို သွားတာ။ မိုးလင်းခါနီးမှ ပြန်လာမှာတဲ့။ ချယ် စိတ်ကမရတော့။ တစ်နေရာရာမှာ ဦးမိုး သုန်ရှိနေမှာပဲဟု အငွေ့အသက်တွေ ရနေသည်။

'ချယ် မာမီပြန်လိုက်ခဲ့တော့မယ်၊ သမီး ဒီလိုလုပ်နေရင် နှယ့်ကို အားနာစရာကောင်းနေပြီ'

'မလိုက်ပါနဲ့ မာမီရယ်၊ နေခဲ့ပါ၊ ချယ် စိတ်မသန့်လို့ ဟိုဟိုဒီဒီ ရှာကြည့်ရုံလေးပါ'

ဦးမိုးဝသုန်ကလည်း အမှိုက်တွေနဲ့ ရှုပ်ထွေးညစ်ပတ် နံစော်နေတဲ့ စတိုခန်းထဲမှာ သေဖြစ်ချင်လောက်အောင်ပင် စိတ် ညစ်ပြီး သန့်သန့်ပြန့်ပြန့် မွှေးမွှေးကြိုင်ကြိုင်နေတဲ့ မိမိအတွက် ရှိုအန်ချင်စိတ်တွေက အူထဲအသည်းထဲကနေ လိပ်လိပ်တက်လာ သည်။ ကြိုလ်မလေး။ မပြန်သေးဘူးလား။ ကားမောင်းထွက်သွား သံလည်း မကြားရ။ ဘာတွေရစ်နေတာလဲ။ အနံ့အသက်ဆိုးတွေ ကြောင့် မိမိနှာခေါင်းဝကို လက်တွေနှင့် ဖိပိတ်ထားရသည်။

'ကျွိ… ကျွိ'

'ကျွိ'

ကြွက်တွေ နှစ်ပေါင်းများစွာ ပစ္စည်းအစုတ်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ထားတဲ့နေရာ။ စိုးသော် ဒီကောင်က ပစ္စည်းဆို နမျော
နစ်ပေါင်းများစွာ သိမ်းထားတတ်သည်။ သေရောပဲ။ ကြွက်
မိမိ အရှုံးဆုံးပဲ။ အန်ချင်လိုက်တာ။ ပျို့ပျို့တက်လာ၏။ စိတ်
ထိန်းပြီး အသံမထွက်စေရန်လည်း ပါးစပ်ကို လက်တွေနှင့်အတ
ဖိပိတ်ထားရသည်။

'သမီး ဘာတွေလုပ်နေတာလဲ၊ ပြန်လို့ပြောနေတ
လေ၊ ကဲ… သမီး ဒီလောက်မသက်သာဖြစ်နေရင်လည်း ဖေ
ပြန်လိုက်ခဲ့မယ်၊ လာ… နွယ့်ကို သွားနှုတ်ဆက်မယ်လေ'

ကိုဝသုန် ပုန်းနေတဲ့ စတိုခန်းနားရောက်လာ၍ ဒေါ
ရောင်သွေး အထိတ်တလန့် ဖြစ်ကာ သမီးချယ်အား အမြန်
ဖို့ ပြောရသည်။ ကိုဝသုန့်ကို အားနာလိုက်တာ။ ဘယ်လော
တောင်များ စိတ်ဒုက္ခတွေ ရောက်နေရမလဲ။ ပစ္စည်းအဟောင်း
ထားတဲ့ အခန်းထဲ မိမိကိုချစ်၍ ဝင်ပုန်းနေရှာ၏။ သနားသ

'မာမီ ဘာဖြစ်နေတာလဲ၊ တော်တော်လေး အိုဗာ
ဖြစ်နေတယ်၊ ဘာလို့ လန့်နေတာလဲ၊ ချယ် စိတ်တိုင်းကျရှာပြီး
ပြန်မှာပါ၊ အေးအေးဆေးဆေး ညအိပ်နေခဲ့ပါ၊ ဒီအခန်းက ဘ
အခန်းလဲ မာမီ'

'ချယ်ရယ် စပ်စပ်စုစု သူများတိုက်ထဲမှာ မွှေနှော
နေတာ မကောင်းဘူးနော်၊ လာ ပြန်မယ်'





'ခဏလေးပါ'

မိမိ ပုန်းနေတဲ့ အခန်းရှေ့မှာရပ်ပြီး ပြောနေကြ၍ ဦးမိုးဝသုန် အသက်ပင် ရဲရဲမရှူရဲဘဲ ဖြစ်နေသည်။ အရေးထဲ အန်ချင်လာ၏။ လည်ချောင်းဝမှာ ဆို့တက်လာ၍ အတင်းပြန်မျိုချရပြီ။ အသံမထွက်စေရန် ပါးစပ်ကိုပိတ် နှာခေါင်းကိုလည်း ညှစ်ထားရသည်။

'ဝေါ့'

'ဝေါ့'

သေတော့မယ်။ အနေရခက်လွန်းလို့ ခွေးကောင်မလေး ယှန်းနုချယ် တော်တော်လေး အကျင့်ယုတ်ပါလား။ မင်းအမေကိုတော့ ငါ အရယူပြမယ်။ မင်းတော့ နာပြီသာမှတ်။ ယှန်းနုချယ်ကို အမုန်းကြိတ်စက်ထဲ ထည့်ပစ်ချင်နေသည်။

'ကျွိ… ကျွိ'

'ကျွိ'

'အောင်မလေး'

အသံထွက်တော့မလို့ ကြွက်က မိမိခေါင်းပေါ် ဖုတ်ခနဲ ပြုတ်ကျလာသဖြင့် ပါးစပ်နှင့် နှာခေါင်းကို ညှစ်ထား၍ အောင်မလေးဆိုတဲ့အသံက လည်ချောင်းဝမှာပဲ ပျောက်ကွယ်သွားသည်။ ယှန်းနုချယ် မင်းတော့လား စိတ်ပုတ်မလေး။ လူကြီးတွေကို အနော



www.burmeseclassic.com

www.burmeseclassic.com



တွေ့အောင် လုပ်တာ ကောင်းလား။ ဦးမိုးဝသုန် အနေရခက်လွ
သဖြင့် ပန်းနုချယ်ကိုပဲ ဒေါသတွေထွက်နေသည်။ မင်းအမေ
ငါ ချစ်နေလို့ပေါ့ကွာ။ သား မိုးရေတံခွန်ရဲ့အမေကို မိမိလက်ထဲ
ဖို့ ကြိုးစားစဉ်က ပန်းခင်းလမ်းလို ချောမွေ့ပြီး ပျော်စရာကော
ခဲ့၏။

အခုတော့ အရှက်ခွဲခံရ။ ရောင်ရတိမ်းရ။ ပုန်းရှောင်
ဒေါသတွေက ပေါက်ကွဲချင်သည်။

'ချယ်ရယ်… အဲဒီလိုတွေ လုပ်နေရင် နှယ့်ကို အား
စရာကောင်းနေပြီ၊ မာမီ ပြန်လိုက်ခဲ့မယ်လို့ ပြောပြီးပြီပဲ'

မာမီ ပြန်လိုက်လာလို့မဖြစ်ဘူး။ ဦးမိုးဝသုန်နဲ့ လက်
လက်ကြပ်ဖမ်းပစ်ရမယ်။ တစ်တိုက်လုံးအနှံ့ လိုက်ရှာပေမ
မတွေ့။ အန်ကယ်စိုးနဲ့ တကယ်ပဲ လိုက်သွားလား။ ဘာပဲဖြစ်
ပြန်လာမှာ သေချာတယ်။ မာမီ့ကို ထားခဲ့ပြီး ထောင်ချောက်
ဖို့ စိတ်ကူးရလာသည်။

'ကောင်းပါပြီ မာမီရယ်၊ ချယ် ပြန်ပါတော့မယ်၊ သ
က မာမီ့ကိုချစ်လွန်းလို့ပါနော်၊ ပထွေးဆိုတာကြီးကိုတော့ အ
မုန်းပါတယ်'

ဦးမိုးဝသုန် အခန်းထဲကနေ ပြေးထွက်ပြီး ပန်းနုချယ်
နရင်းအုပ်ပြစ်ချင်သည်။ ပထွေးကို မုန်းတယ်တဲ့။ မင်း… 





တော့လား ပန်းနုချယ် အံကိုတင်းတင်းကြိတ်ပြီး ဒေါသတွေကို ထိန်းချုပ်ထားရသည်။

'ဦးမိုးဝသုန်က ဒီအရွယ်ကြီးကျမှ လူပျိုတစ်ယောက်လို ကိုးစမိုးထုတ်ပြီး မာမီ့ကို ပိုးနေတာ အရှက်ကို မရှိဘူး'

'ချယ် သမီး ဘယ်လိုပြောလိုက်တာလဲ၊ ရှိုင်းရိုင်းစိုင်း စိုင်း၊ ကိုဝသုန် ကြားသွားရင် ဘယ်လိုလုပ်မလဲ'

'ဘာကြားစရာရှိလို့လဲ၊ မာမီက ကိုယ့်သမီးပြောတာ တွေ မျက်နှာလိုမျက်နှာရ သွားပြောမလို့လား'

'ဟင်'

'မာမီ ဘာဖြစ်နေတာလဲ၊ အခုတောင်ဒီလောက်ကြောက် နေပြီလား၊ အောင်မလေး မလွယ်ဘူး၊ လက်ထပ်လိုက်ပြီးရင် တော့ ချယ်တောင် ပထွေးလက်စာ မိတော့မယ်'

'ချယ် ဘာတွေပြောနေတာလဲ၊ ဒုက္ခပါပဲ၊ ညည်းတော့ လေ၊ ကိုဝသုန်က လူကြီးလူကောင်းဟဲ့၊ ညည်းအချိုးကတော့ မလွယ်ပါဘူး၊ လာ… လာ… ပြန်တော့၊ နှယ်လည်း နေ မကောင်းဘူး'

'ပြန်ပါ့မယ်၊ နေဦး အန်တီနှယ့်ကို ထပ်နှုတ်ဆက်လိုက် ဦးမယ်'

'တော်ပြီလေ၊ သမီး စောစောက နှုတ်ဆက်ခဲ့ပြီးပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ထပ်ပြီး နှုတ်ဆက်လိုက်ဦးမလို့လေ'

သမီးချယ် အပေါ်ထပ်ကို ပြန်တက်သွားသဖြင့် ဒေါ်ပ ရောင်သွေးလည်း ပြေးတက်လိုက်သွားကာ နွယ့်အိပ်ခန်းရှေ့က ပိတ်တာရပ်ပြစ်ရသည်။

'နွယ်ရေ သမီးက ထပ်ပြန်လာပြီး နှုတ်ဆက်မလို့ လေ'

'မာမီကလည်း ဘာဖြစ်နေတာလဲ၊ အန်တီနွယ့်အခန်း ဝင်တာပဲ၊ တံခါးလည်း ဖွင့်ထားတာကို၊ ဘာဖြစ်လို့ ရှေ့က ပိတ်ကာနေတာလဲ'

'မဟုတ်ဘူးလေ သမီးရဲ့၊ နွယ်က သူ့အခန်းထဲဝင် အသံပေးမှ ကြိုက်တာလေ၊ သမီး မသိဘူး မဟုတ်လား'

ဒေါ်နွယ်နွယ်လည်း အပြင်မှ ပန်းနုချယ်အသံပြန်ကြာ ရသဖြင့် စောစောကအိုက်လွန်းလို့ ချွတ်ထားတဲ့ အနွေးထည် ကပျာကယာ ပြန်ကောက်ဝတ်ရသည်။ စောင်ကိုလည်း ပြန် ကာ အိပ်ယာပေါ် လှဲအိပ်ပစ်လိုက်ရ၏။ ခွေးမလေး မပြန်သေ ဘူး။ မိမိတို့အား မသင်္ကာ၍ ရစ်နေတာပဲ ဖြစ်နိုင်သည်။

'အန်တီနွယ်ရေ ဝင်လာပြီနော်'

နွယ် အိပ်ယာပေါ်မှာ စောင်ခြုံပြီး လှဲနေတာတွေ ဒေါ်ပန်းရောင်သွေး စိတ်အေးသွားသည်။





'ချယ် မပြန်သေးဘူးလား'

'စောစောက မာမီနဲ့ စကားကောင်းသွားလို့ မပြန်ဖြစ် သေးတာလေ အန်တီနွယ်၊ ထပ်ပြီးပြန်နှုတ်ဆက်တာ၊ ဒီတစ်ခါ တော့ တကယ်ပြန်ပြီ'

'အေး… အေး'

ပန်းနုချယ် ပြန်ဆင်းသွားပြီး ကားမောင်းထွက်သွားသံ ကြားမှ နှစ်ယောက်သား သက်ပြင်းမောကြီးတွေကိုယ်စီ မှုတ်ထုတ် ပြစ်လိုက်ရသည်။ နွယ်က ဝတ်ထားတဲ့ အနွေးထည်ကို ချွတ်ပြီး ကြမ်းပြင်ပေါ် ပေါက်လိုက်၏။ စောင်ကိုလည်းဖယ်သည်။ ပြီး တော့ Air Com ကို ပြေးဖွင့်လိုက်၏။ ဒေါ်ပန်းရောင်သွေးက တော့ နွယ့်ကို ကြည့်ပြီး ရယ်သည်။

'ဘာရယ်နေတာလဲဟဲ့၊ ဒီမှာ ပူအိုက်လို့ သေတော့မယ်၊ အရှင်လတ်လတ် ရေနွေးအိုးထဲ ပြုတ်ကျနေသလိုပဲ၊ သွေးကတော့ လေ'

'ကျေးဇူးပါပဲ နွယ်ရာ၊ ဘာပဲဖြစ်ဖြစ် သမီးကိုတော့ အရမ်းအားနာတယ်၊ သနားလည်း သနားတယ်လေ၊ အမေကို အရမ်းချစ်လို့ပါ၊ သွေးလည်း အမှားအမှန် မသိတော့ဘူး၊ ကိုဝသုန်နဲ့တွေ့မှ သူငယ်ပြန်နေပြီလားပဲ၊ သူ့ကိုချစ်မိသွားတယ်'

'ဒါအရေးမကြီးပါဘူး ကိုဝသုန်ရော၊ ပစ္စည်းအပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေထားတဲ့ အခန်းထဲမှာဆိုတော့ အနံ့အသက်တွေနဲ့ ဒုက္ခအရမ်း ရောက်နေမှာပဲ'

'ဟယ်… ဟုတ်သားပဲ၊ သွေး သွားသတိပေးရဦးမှာပဲ'

နွယ်ပြောမှ ကိုဝသုန်ကို သတိရပြီး အောက်ထပ်ပြန်ဆင်းလာကာ ကိုဝသုန်ရှိနေတဲ့ စတိုခန်းဆီ အပြေးအလွှားသွားရသည်။

'ကိုဝသုန်… ထွက်ခဲ့တော့လေ၊ သခင် ပြန်သွားပါပြီ'

'ကျွီ'

တံခါးဖွင့်သံကြားပြီး ကိုဝသုန်ထွက်မလာသဖြင့် ဒေါ်ပန်းရောင်သွေးအထဲဝင်လိုက်သည်။

'အား'

'အို'

ဒေါ်ပန်းရောင်သွေးရဲ့ ခန္ဓာကိုယ်အား ကိုဝသုန်ရဲ့ လက်တွေနှင့် ရစ်ပတ်နှောင် ပွေ့ဖက်လိုက်သဖြင့် အထိတ်တလန့် ဖြစ်သွားရသည်။

'ကိုဝသုန်ရယ် လန့်လိုက်တာ ရှင် ဖယ်ပါ'

'မဖယ်ဘူးကွာ၊ ဒီအထဲမှာ ကိုယ်ဘယ်လောက်အထိ ဒုက္ခခံခဲ့ရလဲ၊ အတိုးနဲ့ ချစ်ပစ်ရမယ်'

'အောင်မလေး ကလေးကလား ဖယ်ပါ၊ အပြင်ထွက်ရအောင်၊ ဒီအခန်းကြီးက အနံ့အသက်လည်း မကောင်းဘူး၊ လွှတ်





ပါ အို'

ဦးမိုးဝသုန်ကတော့ ပန်းနုချယ်ကို ဒေါသဖြစ်ရပေမယ့် ဒေါ်ပန်းရောင်သွေးကိုတော့ ချစ်သည်။ ကလေးကလားပဲပြောပြော အချစ်က နုပျိုလာ၏။ သွေးရဲ့ မျက်နှာအနှံ့ နမ်းပစ်လိုက်သည်။

'ကိုဝသုန်… ဘယ်လိုလုပ်တာလဲ၊ ထွက်ရအောင်၊ နွယ်တို့ သိသွားရင် မကောင်းပါဘူး၊ ရှက်စရာကြီး ဖယ်ပါရှင်'

'သွေးကိုတော့ ကိုယ် အရမ်းချစ်တယ်၊ ဘယ်သူတွေ ဘယ်လိုပဲတားတား လုံးဝမခွဲကြစမ်းနော် သွေး၊ လက်ထပ်မယ်၊ အတူတူနေမယ်'

'အင်းပါ၊ သွေးလည်း ကိုဝသုန့်ဆန္ဒနဲ့ ထပ်တူပါပဲ၊ လွှတ်တော့နော်၊ ထွက်ရအောင်ပါ'

'အခုမှပဲ ဒီအခန်းလေးက နိဗ္ဗာန်ဘုံလေးဖြစ်နေပြီ၊ အပြင်မှာဆို ဒီလိုအခွင့်အရေး မရှိဘူးလေ၊ ဣန္ဒြေသိက္ခာတွေနဲ့ နေရတာ၊ ခဏလေးပါ သွေးရယ်'

'ဒုက္ခပါပဲ၊ အို… ရှင်… ရှင်'

'သွေးကို ချစ်တယ်'

ဒေါ်ပန်းရောင်သွေး နှလုံးသားတွေ အချစ်ကြောင့် နုပျိုနွေးထွေးလာရပြီး ကိုဝသုန် ပြုသမျှ ငြင်းပယ်နိုင်တဲ့ အင်အား



www.burmeseclassic.com

www.burmeseclassic.com



တွေ ကင်းမဲ့သွားကာ လိုက်လျောပြီးသားဖြစ်သွားရသည်။ အနံ့ အသက်တွေရော ကြွက်တွေရော အရာရာမေ့မျောကာ ဣန္ဒြေ သိက္ခာတွေလည်း တစ်စစီ ကျိုးပျက်လွင့်စင်သွားရ၏။ နွယ် ရောက်လာပြီး သတိပေးမှသာ နှစ်ယောက်သား စတိုခန်းထဲက နေ အပြင်ကို ပြန်ထွက်လာကြတော့ နွယ်က မျက်စောင်းထိုးပြီး ပြောသည်။

'လွန်တယ်'

○

## အခန်း(၁၀)

မာမီ့ကို မသက်သာပါဘူး။ မျက်နှာအမူအယာတွေက တစ် တစ်ခု ဖုံးကွယ်လျှို့ဝှက်ထားသလို ပျက်နေသည်။ တစ်ခါတစ်ရံ မီမျက်နှာက သွေးဆုတ်ဖြူရော်နေတတ်၏။ ချယ် မယုံပေ။ သုန်နှင့် မာမီ ချိန်းတွေ့ကြမှာတော့ သေချာတယ်။ မာမီ ဒီ ာက်အထိ အမူအယာပျက်နေတာ အန်တီနွယ်ကလည်း မာမီ့ ယ်သူငယ်ချင်းပဲ။ ဦးမိုးဝသုန် တွေ့ရအောင် အန်တီနွယ်တို့ င်မယားက အောင်သွယ်တော်လုပ်နေတာလည်း ဖြစ်နိုင်၏။ ည် မသက်သာတတ်လို့ ပြန်လှည့်လာတာပါ။ စိတ်ထဲမှာ မကျေ င်ဖြစ်ရသည်။

'မာမီ အရမ်းရက်စက်တာပဲ သမီးကိုတောင် မထောက် း ပထွေးလက်ထဲ ထိုးအပ်တော့မလို့လား'

မာမီက အရမ်းကို ရှိုးသားဖြူစင်ပြီး ဣန္ဒြေသိက္ခာကြီး တဲ့ မိန်းမတစ်ယောက်ပါ။ ဒယ်ဒီ သေဆုံးသွားတာ နှစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြာခဲ့တာတောင် မာမီ ဘယ်ယောက်ျားနဲ့မှ နီးနီးစပ်စပ် ခင်မင်ရင်းနှီးစွာ မနေထိုင်ခဲ့။ ဒီ ဦးမိုးဝသုန်ဆိုတဲ့ လူကြီးနဲ့ကျမှ မာမီ့ အရှက်သိက္ခာတွေ ကင်းမဲ့သွားရတာပါ။ ဘယ်လိုစည်းရုံးသိမ်းသွင်းလိုက်လဲ မသိဘူး။ ကားမောင်းရင်း ပန်းနုချယ် ဝမ်းနည်းကြေကွဲရလွန်း၍ မျက်ရည်တွေပင် ဝဲလာသည်။

'ပတွေးဆိုတာကို ချယ် လုံးဝလက်မခံနိုင်ဘူး၊ နောက်အိမ်ထောင် ထပ်ပြုတာ အပြစ်မရှိဘူးဆိုပေမယ့် ချယ်တို့ ဒယ်ဒီ့နေရာကို ဘယ်သူနဲ့မှ အစားမထိုးနိုင်ပါဘူး'

ချယ် ကားမောင်းနေရင်း မာမီ့ကို မကျေမနပ်နှင့် ပွစိ ပြောပြီး ဒေါသတွေ ထွက်နေသည်။ ဘယ်လိုတားဆီးမလဲဆိုတာ စဉ်းစားရင်း ခေါင်းတွေရှုပ်ထွေးလာရ၏။ သဘော မတူဘူး။ လုံးဝပဲ။ လုံးဝပဲ။ ဦးမိုးဝသုန် ရှင်ကြီးကို ကောင်းကောင်းဒုက္ခပေးပြစ်ရမယ်။ မာမီနဲ့ ဘယ်တော့မှ လက်မထပ်ရဘူး။ ရအောင်နှောင့်ယှက်ဖျက်ဆီးမယ်။ ကြိမ်းဝါးနေသည်။

'ဒုန်း'

'ဟာ'

'ကျွီ'

'အို'

ချယ် သတိလက်လွတ်ဖြစ်သွားပြီး အမှောင်ထဲမှာ ထားသည့် ကားတစ်စီးကို နောက်ကနေ ဝင်တိုက်မိသည်။





မောင်းလာသော ကားက ရပ်သွားပြီး အောက်ကိုဆင်းကာ တိုက်မိသွားတဲ့ကားကို ကပျာကယာ ကြည့်လိုက်၏။ ထိုကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

'ဩော်… မင်းကို၊ ငါ့ကားကို တမင်ဝင်တိုက်ပစ်တာပဲ၊ ခင်း ဘယ်လိုကောင်မလေးလဲကွ၊ စိတ်ဓာတ်နိမ့်ကျလှချည်လား'

'ဘာရှင့် အမှောင်ကြီးထဲမှာ ရပ်ထားတာ၊ ရှင့်ကားမှန်းကျွန်မက ဘယ်လိုလုပ်သိမှာလဲ၊ ဦးနှောက်နဲ့ စဉ်းစားစမ်းပါ၊ ဘာညာဘာညာသွေး ကောင်းကောင်းနဲ့လေ'

'ဘာပြောတယ်'

သူ့ကားကို ဝင်တိုက်တဲ့ ကားပိုင်ရှင်က သူနဲ့ ရန်သူ ပန်းနုချယ်ပဲ။ ကားက လမ်းဘေးမှာ ရပ်ထားတဲ့ ကားကို ဝင်တိုက်တာ တမင်ရန်စတာပဲ။ မိုးရေတံခွန်က ဒယ်ဒီ့ကို ချောင်းနေတာ။ Royal Rose ရဲ့ ခပ်လှမ်းလှမ်းလမ်းဘေးအမှောင်ရိပ်မှာ ကားရပ်ပြီး ဒယ်ဒီနှင့် ဒေါ်ပန်းရောင်သွေးတို့ ရောက်လာမလားလို့ စောင့်ကြည့်နေခြင်းဖြစ်သည်။

'ငါ့ကားက လမ်းဘေးမှာ ရပ်ထားတာလေ၊ မင်းသွားရာလမ်းနဲ့ အလွတ်ကြီးပဲ ပန်းနုချယ်'

'ကျွန်မ နာမည်ကို မသုံးပါနဲ့၊ မတန်ဘူး'

'မင်း'

မိန်းကလေးတစ်ယောက်ဖြစ်နေလို့ ဒေါသတွေကို ထိန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ မင်းလို ကောင်မလေးကများ ဒေါ်ပန်းရောင်သွေး သမီးဖြစ်လို့ မိုးရေတံခွန် အမြင်ကတ်နေပြီး နရင်းပရင်းတို့ ပိတ်တီးပစ်ချင်လာ၏။ ထောင့်ကမကျိုးဘူး။ မိုးရေတံခွန်ရဲ့ ကား က နောက်ပိုင်းချိုင့်ဝင်သွားကာ မီးလုံးတွေလည်း ကြေမွကွဲသွား သည်။

'မင်း ဘယ်လိုလုပ်မှာလဲ၊ မင်း ပြောသလိုပဲ၊ ငါ့ကား တောင် မင်းကားနဲ့တိုက်မိလို့ မင်းဆီကကားပြင်ဆင်စရိတ်ရရင် တောင် မတန်ဘူးကွ'

'ရှင်… ရှင်'

ပန်းနုချယ်က ဒေါသတကြီးနှင့် မျက်နှာကြီးနီမြန်းလာ ကာ သူ့အနားကပ်လာပြီး ရိုက်နှက်ဖို့အတွက် လက်ကိုမြှောက် လိုက်သဖြင့် မိုးရေတံခွန် သူမလက်အား ဖမ်းကိုင်ထားလိုက်ကာ သူမလက်လေးအား တင်းတင်းညှစ်ထားလိုက်သည်။

'အား… နာလိုက်တာ၊ ရှင်… ဘာလုပ်တာလဲ၊ လွှတ်'

'မင်းက စတင်တိုက်ခိုက်တာပဲ အမိ၊ မင်း ဘယ် လောက်အထိ သတ္တိရှိနိုင်မလဲ'

'လွှတ်နော်၊ ရှင်… ရှင် ယောကျ်ားဖြစ်ပြီး မိန်းကလေး တစ်ယောက်ကို အနိုင်မကျင့်ပါနဲ့'

'ငါက အနိုင်ကျင့်တာမှ မဟုတ်တာ၊ မင်းဘက်က စတာ၊ လမ်းဘေးမှာ ရပ်ထားတဲ့ ငါ့ကို တမင်ဝင်တိုက်ပစ်တယ်





လို့လည်း စော်ကားတယ်၊ ပြီးတော့ တိုက်ခိုက်တယ်၊ မင်း ညွှန့်တဲ့ ပြစ်မှုတွေ အရမ်းများသွားပြီ'

'လွှတ်နော်၊ အား… ရှင့်ခွန်အားနဲ့ ကျွန်မကို ပြန်တိုက် နေတာ ယောကျ်ားမပီသဘူး၊ လွှတ်နော်၊ လွှတ်'

ပန်းနုချယ်က နာကျင်လွန်းတဲ့ မျက်နှာလေးနှင့် ရှုံ့တွတွ ဖြစ်နေပေမယ့် တင်းမာရူးတောက်လွန်းနေတဲ့ ဒေါသမျက် လုံးတွေနှင့် ကြည့်ကာ အံကြိတ်ထားရင်း သူမလက်ကို ရုန်းဖယ် သည်။ မိန်းမတစ်ယောက် အံကြိတ်ပြီး ဒေါသဖြစ်တာ ငါ အဆုံးပဲ။ မိန်းမလည်း မပီသ ဝတ်ထားတာကလည်း သူ ဘာန်ပစ်ချင်လောက်အောင် လျှပ်ပေါ်လော်လီနေသည်။

'လွှတ်… လွှတ်… ကျွန်မ အော်ပစ်လိုက်မှာနော်'

'အော်လေ၊ မင်းက ငါ့ကားကို တိုက်တယ်၊ ငါ့ကိုလည်း ဒီလိုလုပ်တယ်၊ ငါက ဒီအတိုင်းပဲ ထားတာ၊ မင်း အော်လေ၊ ဘာ မင်းကို ဖက်ပြီးနမ်းနေတာမှ မဟုတ်တာပဲ'

'ရှင်… ရှင်… လူယုတ်မာ၊ ယောကျ်ားဆိုပြီး နိုင်ထက် စီးနင်းနဲ့ လွှတ်၊ ရှင့်ကားပြင်ဖို့အတွက် ဘယ်လောက်လျော်ကြေး ပေးရမလဲ ပြော'

'မလိုဘူး၊ ဒီကားကိုလည်း ငါ မစီးတော့ဘူး၊ ဒီအတိုင်းပဲ ပစ်ထားပစ်မယ် ရှုံလို့'

'ရှင်… ရှင်'



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲကနေ ချယ် ဒေါသတကြီး ဆောင့်ရုန်း
လိုက်၍ သူက လွှတ်ပေးလိုက်ပေမယ့် နာကျင်တဲ့ ခံစား
ပြင်းပြင်းထန်ထန် ခံစားလိုက်သည်။ နာလိုက်တာ။ အလေ
လိုသဖြင့် နာကျင်မှုကို ကြိတ်မှိတ်ခံကာ လှည့်ထွက်ခဲ့၏။
ကြေးမယူလည်း နေပေါ့။ သက်တောင်သက်သာသေး
ဒေါသဖြစ်လိုက်တာနော်။ တွေ့သမျှ မြင်သမျှတွေကို ပစ်
ရိုက်ချိုးပြစ်ချင်လာ၏။ သူမ ကားပေါ်တက်လိုက်ကာ ခြေ
ဆောင့်ကာ သူ့ဘက်လည်း မျက်စောင်းတစ်ချက်လှမ်းထိုးပ
ပြီး ကားမောင်းထွက်လာသည်။

'ရှင့်ကို မုန်းတယ်၊ အရမ်း မုန်းတယ်၊ ရွံတယ်၊
တယ်'

ပြစ်ပြစ်နှစ်နှစ် ပြောပြစ်သည်။ သူမ အိပ်ခန်းထဲ
ရောက်တဲ့အထိ ဒေါသတွေက မပြေ။ ပေါက်ကွဲလွင့်ထွက်
တွေ့သမျှကို ဆွဲယူလွှင့်ပေါက်ပြစ်ချင်သည်။

'မာမီ့ကြောင့်ပေါ့၊ တော်တော်အနိုင်ကျင့်တဲ့လူ၊ ကဲ
ကဲဟယ်'

အိပ်ယာပေါ်မှ ခေါင်းအုံးတွေ စောင်တွေပေါ်
ဒေါသတွေ ရောက်ကာ ဆွဲယူလွှင့်ပစ်ခြင်းခံကြရရှာသည်။
တံခွန် ဆုတ်ကိုင်ဖျစ်ညှစ်ထားမှုကြောင့် သူမ လက်
ဒဏ်ရာက အနီရောင်အကွင်းလိုက် ကျန်နေ၏။ ရှင့်ကားမှန်း

ဖိုးလပြည့်စာပေ

သိပြုတ်ထွက်ပျက်စီးသွားအောင် တိုက်ပစ်လိုက်တယ်။ Royal
ရှေ့ ခပ်လှမ်းလှမ်း အမှောင်ရိပ်မှာ သူ့ကားက ဘာဖြစ်လို့
ပ်ထားရတာလဲ။ သူ့ဒယ်ဒီနှင့် သူမမာမီတို့ ချိန်းတွေ့ကြ
ထင်လို့လား။ ဖြစ်နိုင်တယ်။ အရင်တစ်ခါကလည်း မာမီ့ကို
Rose မှာ ထိုင်နေတာ ချယ်နှင့်ဆုံခဲ့ဖူးသည်။ ပြန်သွားရင်
င်းမလားပဲ။ မာမီလွန်တယ် ကိုယ့်သမီးလေးက သဘော
ါဘူးဆို နောက်ဆုတ်ပေါ့။ ရှေ့ဆက်တိုးနေတဲ့ မာမီ့ကို
စိတ်တိုနေ၏။ မိုးရေတံခွန်ကလည်း သူ့ဒယ်ဒီကို တားဆီးနေ
ပဲ။ ဖြစ်နိုင်၏။ လက်မှ ဒဏ်ရာအကွက်ကြီးကို မြင်တိုင်း
ခွန်အားသုံးပြီး သူမလက်အား ဒဏ်ရာရစေခဲ့တဲ့ သူ့မျက်နှာ
အား ကုတ်ခြစ်ရိုက်နှက်စေချင်သည်။ သူမရင်ထဲမှာ အလို
မှုတွေ ခံပြင်းနာကျင်ဒေါသတွေကြောင့် ကွဲအက်ပွင့်ထွက်
တ် မွန်းကြပ်လာ၏။ ဘယ်လိုမှ ခံစားလို့မရတော့ဘူး။ မိုးရေ
ခွန်ရဲ့ အနိုင်ကျင့်စော်ကားမှုကို ခံလိုက်ရ၍လည်း ချယ် မကျေ
မချမ်းနိုင်နှင့် စိတ်ကိုထိန်းချုပ်နိုင်စွမ်း မရှိတော့သလို နားနှစ်
ကို ပိတ်ပြီး အသံကုန်အော်ပစ်လိုက်သည်။

'အား'

'မမလေး ဘာဖြစ်တာလဲ၊ ဘာကြောက်စရာတွေ့လို့လဲ
င်၊ မြွေလား'

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မြွေမဟုတ်ဘူးဟေ့ သရဲ သဘက် ပြိတ္တာတွေနဲ့ ...
လာလို့'

'တံခါးဖွင့်ပါ မမလေး ဘုရားသောက်တော်ရေ ...
ရမလား၊ ရေမန်းလည်း ရှိတယ်'

'သွားကြစမ်း၊ ငါ့ဒေါသတွေ နင်တို့ဆီ မကူးစက်...
အဝေးကို သွားနေကြ'

ချယ် အသံကုန် အော်ဟစ်မောင်းထုတ်ပစ်လိုက်သ...
အိမ်ဖော်ကောင်မလေးနှစ်ယောက် အောက်သို့ ပြေးဆင်း...
ကြသည်။ အရေးထဲ ဦးမိုးဝသုန်နှင့် မိုးရေတံခွန်တို့ကို ...
ဘယ်လို ရင်ဆိုင်အနိုင်ယူရမလဲ။

'ငါ လျှော်ကြေးမယူဘူး၊ ဒီကားကိုလည်း မစီးတော့...
ရှိလို့'

ဘယ်လောက်များ စော်ကားလိုက်တဲ့ စကားလဲ။ ...
တိုင်း ဒေါသတွေက မိုးလောက်မြင့်တဲ့ လှိုင်းလုံးကြီး...
ပင်လယ်ကမ်းစပ် သဲသောင်ပြင်အား တဝုန်းဝုန်းလာရိုက်ခတ်...
သလိုပင်။

ချယ် စိတ်တိုင်းကျ ဆွဲယူပစ်ပေါက်ပြီး စောင်...
ခေါင်းအုံးတွေ အိပ်ယာခင်းတွေ မရှိတော့တဲ့ အိပ်ယာပေါ် ပြ...
ချလိုက်သည်။





'ဒေါသဖြစ်လိုက်တာ၊ အရှူး… ရှင့်ကို တစ်နေ့နေ့ အကြီးအကျယ် အနိုင်ယူပြမယ်၊ စောင့်ကြည့်နေပါ'

မာမီ့ဆီ ဖုန်းဆက်ပြီး ပြန်ခေါ်လိုက်ရင် ကောင်းမလားပဲ။ ဖြစ်သေးပါဘူး။ အန်တီနွယ် တကယ်ပဲ နေမကောင်းဖြစ်နေသော အားနာစရာကြီး။

ဦးမိုးဝသုန်နဲ့များ သွားချိန်းတွေ့နေပြီလား။ ချယ် ဖုန်းဆက်ကြည့်တော့ မာမီရှိနေသည်။

'မာမီ ပြန်လာမှာပါ၊ ဒီမှာ ည မအိပ်ပါဘူး၊ အိပ်နှင့်နော် သမီးလေး'

အန်တီနွယ် အိမ်ဖုန်းကို ဆက်လိုက်တော့ အန်တီနွယ် အိမ်ထဲမှာပဲ ရှိနေ၍ နည်းနည်းစိတ်အေးသွားသည်။ ဒေါသတွေ ပြေသွားမှ ခေါင်းအုံးတွေ စောင်တွေကို မသွယ်ကိုခေါ်ပြီး ပြန်ခင်းခိုင်းရ၏။ မမလေးလက်က ဘာဖြစ်တာလဲဟု မေးတော့ ခွေးကိုက်တာဟု ဖြေလိုက်ပြီး ကိုယ့်အဖြေကိုယ် သဘောကျပြီး တဟားဟား အော်ရယ်ပစ်သည်။

'ခွေးကိုက်တာဟေ့၊ ခွေးကိုက်တာ၊ ခွေးရူး'

'ဟင်… မမလေး ခွေးရူးကိုက်ရင် ကိုယ်လည်း ရူးတတ်တယ်လေ၊ ဆေးခန်းမပြဘူးလား'

'လူခွေး လူခွေး'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'သွား… သွား၊ ငါ အိပ်တော့မယ်၊ မာမီပြန်လာလာ မလာလာ .မနှိုးနဲ့'

'ဟုတ်ကဲ့'

မသွယ် ထွက်သွားသည်။ ချယ် အိပ်ယာပေါ် ပစ်လှဲ ပြီး မျက်ဝန်းလေးတွေ ပိတ်ပစ်ပေမယ့် ဟိုလူ မိုးရေတံခွ မျက်နှာကြီးက ထင်းထင်းကြီး ပေါ်လာပြန်၏။ ထထိုင်ပြီး ခေါင်း ကို ခါရမ်းမိသည်။

'ဒေါသဖြစ်လိုက်တာ၊ လုံးဝအမြင်ကတ်စရာမျက်နှာ ကြီး၊ မုန်းတယ်၊ မုန်းတယ်'

ချယ် မျက်ဝန်းတွေ ပြန်မှိတ်ပြီး အိပ်ဖို့ကြိုးစားသည်။ ဒေါသတွေကို လျှော့ပစ်လိုက်၏။ ချယ်က ခေါင်းချလိုက်တာနှ အိပ်ပျော်သူ။ တင်းကြပ်ပိတ်လှောင်နေသော စိတ်ကို လျှော့ပြ လိုက်မှ အိပ်ပျော်သွားသည်။

'ချယ်'

'ဟင်'

သူမ မျက်ဝန်းလေးတွေ ဖြတ်ခနဲ မော့ကြည့်လိုက်တော့ သူမ မျက်ဝန်းပေါ်မှာ အုပ်မိုးထားတဲ့ မိုးရေတံခွန်ရဲ့ မျက်နှာကို တွေ့လိုက်သဖြင့် ချယ် ကြောက်ရွံ့ထိတ်လန့်စွာ ရုန်းဖယ်ဖို ကြိုးစားစဉ် သူ့မျက်နှာက သူမမျက်နှာပေး အပ်ကျလာပြီး သူ နှုတ်ခမ်းသားလေးတွေ နာကျင်ပူနွေးသွား၏။ မိုးရေတံခွန်က





ယ့်ကို နမ်းတာပဲ။ ချယ် အထိတ်တလန့်နှင့် မျက်နှာလေးအား ယ်ညာရမ်းခါပြီး ဖယ်ရှားပေမယ့် မရ။ ချယ် ရင်တွေတဆတ် ဆတ်တုန်ပြီး သူ့အနမ်းတွေကို မွှတ်သိပ်စွာ ခံယူနေသည်။

'ချယ့်ကို ချစ်တယ်၊ ချယ့်ကို အရမ်းချစ်လို့ပါ'

'အို'

သူမ ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲမှာ လူးလူးလွန့်လွန့် င့် ယောက်ျားလေးတွေနှင့် နီးကပ်စွာ မနေဘူးသဖြင့် ရင်တုန် း:တုန် နွေးနွေးထွေးထွေး လှိုက်လှိုက်ဖိုဖိုကြီး အနမ်းတွေက ရစပ် အဆက်မပြတ်။ မာမီ သိသွားရင်ဆိုတဲ့ အသိဝင်လာပြီး မ အတင်းအကြပ် ရုန်းဖယ်ပစ်တော့ အိပ်ယာကနေ လန့်နိုး ာသည်။

'ဟင်'

'အောင်မလေး မုန်းလိုက်တာ၊ ဒီလူနဲ့မှ'

သူမ ဒေါသတကြီး ငုတ်တုတ်ထထိုင်မိသည်။ မိုးရေ ံခွန်ဆိုတဲ့လူကို သူမ မုန်းနေ၏။ အောင်မလေး အိပ်မက်က ည်း ရွံစရာကောင်းလိုက်တာ။ မိုးရေတံခွန်ရဲ့ မျက်နှာချောချော ် ချယ် မြင်ယောင်လာပြီး ရင်တွေက တဒိတ်ဒိတ်ခုန်လာသည်။ က်နွေးထွေးသော အနမ်းတွေ၊ အကြင်နာတွေ ပြည့်လျှံနေတဲ့ က်ဝန်းအကြည့်တွေက ချယ် မျက်ဝန်းတွေထဲ အရိပ်ထင်ဟ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ဘယ်လိုဖျောက်ဖျက်ပစ်ရမလဲ။ မုန်းပါတယ်ဆိုမှ အရုပ်မြင့်မြင့်မောင်းမောင်း မျက်နှာချောချော နှုတ်ခမ်းစိုရဲရဲတွေ ချယ်မျက်ဝန်းတွေထဲမှ ဖယ်ပစ်လို့မရ ဖြစ်နေသည်။

O



## အခန်း(၁၁)

ယန်းနုချယ်ဆိုတဲ့ ကောင်မလေးနှင့် ပြဿနာတွေဖြစ်ပြီး ဒယ်ဒီ့ကိုလည်း ဆက်မစောင့်ချင်တော့သဖြင့် မိုးရေတံခွန် ပြန်လာတော့ ဒယ်ဒီက တိုက်ထဲဝင်ကာစပဲ ရှိနေသေးသည်။

'သား... ဘယ်ကနေ ပြန်လာတာလဲကွ'

ဒယ်ဒီက Royal Rose မှာ ဒေါ်ယန်းရောင်သွေးနဲ့ ချိန်းတွေ့ကြတာ မဟုတ်ဘူးဆိုပြီး စိတ်နည်းနည်းလေး ပေါ့ပါးသွားရပေမယ့် မီးအလင်းရောင်အောက်မှာ ဒယ်ဒီ့ပါးပြင်ပေါ်မှာ မိန်းမတစ်ယောက်ရဲ့ နှုတ်ခမ်းပုံစံ နှုတ်ခမ်းနီရောင်က ခပ်ရေးရေး ထင်နေပြီး ဒယ်ဒီ့ခန္ဓာကိုယ်မှာ ပင့်ကူမျှင်တွေ ပေကျံရစ်နွယ်နေတာတွေ့လိုက်ရ၏။ မိုးရေတံခွန် မျက်လုံးပြူးသွားရသည်။ ဒီလောက် အသန့်အပြန့်ကြိုက်နှစ်သက်တဲ့ ဒယ်ဒီက မိန်းမတစ်ယောက်နှင့် ချောင်တစ်ခုခုမှာ ချိန်းတွေ့လာတာလည်း မဖြစ်နိုင်ပေ။ ဒေါ်ယန်းရောင်သွေးကလည်း သန့်သန့်ပျံ့ပျံ့ ဒယ်ဒီ့ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ရှက်သွေးတွေ ဖြန်းနေသလို မျက်နှာပေါ်မှာ ပန်းသွေးရောင် ထနေသည်။

'ဒယ်ဒီ'

'ဘာလဲ သား'

'ဒယ်ဒီ ဘယ်ကပြန်လာတာလဲ'

'ဟင်'

မိုးရေတံခွန် မေးနေတာကို ဒယ်ဒီအဖြေမပေးနိုင်သေးဘဲ ခပ်ကြောင်ကြောင် ပြန်ကြည့်သည်။ အကြောင်းတစ်ခုခုတော့ သူ့ကိုလျှို့ဝှက်ဖုံးကွယ်ထားပုံပင်။ ဣန္ဒြေသိက္ခာကြီးမားတဲ့ ဒယ်ဒီ့ မျက်နှာက ပန်းသွေးရောင်ထနေကာ ရုတ်တရက် အဖြေရှာမရ ဖြစ်နေ၏။ သူ့စိတ်ထဲမှာ မသင်္ကာတော့။ ဒယ်ဒီ့အနားကပ်သွားပြီး နှုတ်ခမ်းနီတွေက ဘယ်ကနေ ပေကျံလာတာလဲ ဒယ်ဒီဟု ထပ်မေးလိုက်သည်။

'ဒေါ်ပန်းရောင်သွေးနဲ့ ချောင်တစ်ခုခုမှာ ချိန်းတွေ့လာတာလား ဒယ်ဒီ၊ ကြည့်ပါဦး၊ ခန္ဓာကိုယ်မှာလည်း ပင့်ကူမျှင်တွေနဲ့ ညစ်ပတ်နေတယ်'

'ဟာ'

ပြဿနာပဲ။ မိမိကိုယ်မှာ ပင့်ကူမျှင်တွေ ကပ်ငြိပေကျံနေတာ သတိမထားမိဘဲ ပြန်လာခဲ့မိသည်။ ပါးက နှုတ်ခမ်းနီတွေ





ကိုလည်း မဖျက်မိ။ သား မိုးရေတံခွန်အား လိမ်ညာဖို့ ခက်သည်။

'သားကို ဒယ်ဒီပြောထားပြီးပြီပဲ၊ ပန်းရောင်သွေးနဲ့ ဒယ်ဒီကိစ္စ မေးမြန်းစရာမလိုဘူးလေ၊ ဒီတစ်ခါတော့ ဒယ်ဒီ့ဆန္ဒအတိုင်းပဲ လုပ်ရလိမ့်မယ်'

'ဒယ်ဒီ မကြီးမငယ်နဲ့ ဒယ်ဒီတို့နှစ်ယောက် ဘယ်မှာ သွားချိန်းတွေ့ကြတာလဲ'

'ဟော့ကောင်'

'မြင်လို့တောင် မကောင်းဘူး၊ ဒယ်ဒီ့ကိုယ်မှာ ကြည့်ပါဦး၊ ဒေါ်ပန်းရောင်သွေးက ယောကျ်ားတစ်ယောက် ချိန်းရင် ချောင်ထဲလည်း လိုက်တာပဲလား'

'မင်း… မင်း… သွေးကို ဘာဖြစ်လို့ မညာမတာ မှိုချိုးမျှစ်ချိုး ပြောနေရတာလဲ၊ သား မဝေဖန်နဲ့လို့ ဒယ်ဒီပြောထားပြီးပြီနော်၊ ဒယ်ဒီ လုံးဝသည်းမခံနိုင်တော့ဘူး'

'ဒယ်ဒီက သားအပေါ်တောင် သည်းမခံနိုင်တော့ဘူးလား၊ လူ့လောကကြီးထဲကို ဒယ်ဒီ ခေါ်လာလို့ သား ရောက်လာတာနော်'

'ဟော့ကောင် မိုးရေတံခွန် မင်းကို ဘယ်သူက လူ့လောကကြီးထဲ ခေါ်လာလို့လဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'ပြန်စဉ်းစားပါဦး၊ ဒါဆို ကျွန်တော်က ဘယ်လိုလုပ်ပြီး လူ့လောကထဲ ရောက်လာတာလဲ'

'ဩော်… အင်း… မင်းကွာ'

သား မိုးရေတံခွန်ကို ပြောရမည့်စကားလုံးတွေက ရုတ်တရက် ရှာမရ။ ဦးမိုးဝသုန်က အံ့ပြစ်ရှိသလိုလို ဖြစ်နေသည်။ မိမိကလည်း မိမိပဲ။ ပန်းရောင်သွေးကို ညှာပြီး နွယ်ကလည်း နောက်နေတော့ ရုတ်ရုတ်နှင့် ပြန်လာခဲ့၏။ ခန္ဓာကိုယ်မှာ ပင့်ကူမျှင်တွေ ဟွယ်ကပ်ပေကျံနေတာပင် မဖယ်ရှားမိ။ မျက်နှာပူပူနှင့်ပဲ အပေါ်ထပ်တက်လာခဲ့သည်။

'ဒယ်ဒီနော်၊ ပြောထားပြီးပြီ မိတ္တေးဆိုတာ သားဘဝမှာ လုံးဝမရှိစေချင်ဘူး၊ လုံးဝပဲ'

'ဟော့ကောင်'

လှေခါးအပေါ်ဆုံးထပ်ရောက်မှ သူ့စကားအတွက် ဟော့ကောင်ဟုပဲ အော်ပြီး ပြန်တက်သွားလေသည်။ ဒယ်ဒီ့ကို ကြည့်ရတာတော့ လက်ခံချင်ပုံမရပေ။ စိတ်ပျက်လိုက်တာ မိုးရေတံခွန်။ သူ့အိပ်ခန်းထဲ ရောက်ဖို့အတွက် ခြေလှမ်းတွေက လေးလံနေ၏။ ဒယ်ဒီကြောင့်တစ်မျိုး။ ပန်းနုချယ်ရဲ့ ရိုင်းစိုင်းသော အပြုအမူတွေကြောင့် ဒေါသတွေ ထွက်နေရသည်။

'ကျွန်မ နာမည် မသုံးပါနဲ့ မတန်ဘူး'





ပန်းနုချယ် စကားတွေက သူ့ကိုစော်ကားလွန်းနေသည်။ ားကိုလည်း တမင်တိုက်ပြစ်လိုက်ခြင်းပင်။ ပန်းနုချယ်ကားနှင့် ိုက်မိသွား၍ မသုံးတော့ဘူး။ ရောင်းပြစ်မယ်။ လျှော့ဈေးနဲ့ ောင် ရောင်းပြစ်မယ်။ သူ့အိပ်ခန်းထဲ ရောက်သည်နှင့် အဝတ် ားတွေကိုဆွဲချွတ်ပြီး ညဝတ်အင်္ကျီနှင့် လဲလိုက်၏။ Air Com ်းဖြစ်၍ အေးစက်စက်အခန်းထဲမှာပင် သူ့ခန္ဓာကိုယ်က အပူရှိန် ြင့်တက်နေသလိုပင်။ ပူလိုက်တာ။ မင်းက တကယ့်ကို မီး ောက်တစ်ခုပဲ ပန်းနုချယ်။ ငါ အမြတ်နိုးဆုံးကားကိုမှ မင်း ်တိုက်ဖျက်စီးပြစ်တယ်။ တွေးမိတိုင်း မကျေချမ်းနိုင်။ အိပ်ယာ ေါ်လှဲအိပ်ပြီး မျက်လုံးတွေ မှိတ်ထားပစ်တော့လည်း ပန်းနုချယ် ားသံတွေနှင့် အပြုအမူတွေအားလုံး ပြန်ကြားနေရသည်။

'တောက်… မေ့ပစ်ချင်ပါတယ်ဆိုမှကွာ၊ အရမ်းရိုင်း ်းတဲ့ ကောင်မလေး၊ သူမ မာမီနဲ့ ဒယ်ဒီသာ လက်ထပ်ရင် ယ်ဒီ့ကို ပတွေးဆိုပြီး ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမှာ'

ဒယ်ဒီ့ကို ဘယ်လိုတားဆီးရမလဲ။ ဒေါ်ပန်းရောင်သွေး ဒေါ်ပန်းရောင်သွေး ဖြစ်နေသည်။ မိုးရေတံခွန်ကတော့ လက် ခံနိုင်ပေ။ မင်းကို ကြည့်ပြီး မင်းအမေကို ပိုပြီးတော့ မနှစ် ်က်ဘူးကွ။

မင်းလို မိန်းကလေးမျိုးနဲ့ ပတ်သက်ဆက်ဆံရမှာ ငါရွံ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ ဘယ်လောက်ပဲ နှစ်သက်နေပါစေ။ ပန်းနုချယ်ကား
နှင့် တိုက်မိသွား၍ သူ့စိတ်မသန့်တော့။ ရတဲ့ဈေးနဲ့ရောင်းပြ
မယ်။ အိပ်လို့မရ။ ဒေါသတွေ ခံပြင်းမှုတွေက သူ့စိတ်ကို နှိပ်စ
နေသည်။ မိုးလင်းခါနီးမှ မေးခနဲ အိပ်ပျော်သွားပြီး အိပ်မက်
မက်နေသေး၏။ ပန်းနုချယ်နှင့်သူ မှောင်ရိပ်ထဲမှာ ရပ်ထား
သူ့ကားပေါ်မှာ အချစ်တွေ အနမ်းတွေ အကြင်နာ အယုအယ
ကြောင့် ရင်ခုန်လှိုက်ဖိုနေသည်။

'တံခွန့်ကို ချယ် ချစ်တယ်၊ မြတ်နိုးတယ်၊ ချယ့်အ
ဦး ချစ်သူပါကွယ်'

'မင်း တကယ်ပြောနေတာလား ချယ်ရယ်၊ ကိုယ်လည်း
ချယ့်ကို အရမ်းချစ်နေမိပြီ၊ ချစ်တယ် ချယ်'

ချိုမြိန်တဲ့ အနမ်းအိအိစက်စက်တွေက မိုးရေတံခွန်
နှလုံးသားတွေ တဆတ်ဆတ်တုန် မောနွမ်းလျှစွာ ဖြတ်ခနဲ လန့်
သည်။

'ဘာအိပ်မက်တွေလဲကွာ၊ ကျက်သရေမရှိလိုက်တာ
စိတ်ပျက်တယ်'

သူ မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ အလင်းရောင်
ပင် ထိန်နေသည်။ နေတောင်မြင့်နေပြီပဲ။ မိုးရေတံခွန် ထ
ရေချိုးခန်းထဲ ဝင်ခဲ့၏။ ပန်းနုချယ်က သူ့မျက်ဝန်းတွေ အ





အရုပ်တွေထဲ တွယ်ကပ်ခိုဝင်ကာ ရေချိုးခန်းထဲအထိ လိုက်လာပြန်
သည်။

'ပန်းနုချယ်... မင်းကို ငါ အရမ်းမုန်းတယ်'

'မေ့ပျောက်ပစ်ချင်တယ်ကွ၊ ငါ့နောက်ကို ဘာဖြစ်လို့
လိုက်နေရတာလဲ'

သူ ရေပန်းအောက်သို့ ဝင်လိုက်ပြီး တဖွားဖွားပြုတ်ကျ
နေတဲ့ ရေပန်းအရှိန်က သူ့နားထဲသို့ အသံဆူညံစွာ ကျရောက်နေ
၍ စိတ်သက်သာနေသည်။

'ပန်းနုချယ် မင်းက ငါအမုန်းဆုံး မိန်းမပဲ၊ မင်းနဲ့ပတ်
သက်တာတွေ ငါ သတိရမနေချင်ဘူးကွ၊ မင်းလို စွာတေးလန်
လျှပ်ပေါ်လော်လီတဲ့ မိန်းကလေးမျိုးကို ငါ အရမ်းမုန်းတယ်'

တဝေါဝေါကျနေတဲ့ ရေပန်းက အရှိန်ပြင်းပြင်းနှင့် ဆူညံ
နေသည်။ ပန်းနုချယ်အသံတွေ မကြားရပေမယ့် သူ့နှလုံးသား
တွေကတော့ ပန်းနုချယ် နှုတ်ခမ်းသားလေးကို နမ်းရှိုက်မိတဲ့
အိပ်မက်တွေကို အမှတ်တရနှင့် တဆစ်ဆစ် နာကျင်နေ၏။
ရေပန်းအောက်မှာ အသိမဲ့စွာ အချိန်ကြာမြင့်သည်အထိ နေမိနေ
ပြန်သည်။

'ရှင် အရူးပဲ၊ လူယုတ်မာ'

'အား'



www.burmeseclassic.com

www.burmeseclassic.com



သူ့အသိအာရုံတွေကို ဖမ်းစားလွှမ်းတဲ့ အသံစူးစူး အတော်လေး နှောင့်ယှက်နေ၍ ရေကျသံထက် ကျယ်လောင် သော အသံဖြင့် အားယူအော်ပစ်သည်။

ပန်းနုချယ်အကြောင်းတွေက မေ့ဖျောက်ပစ်၍မရ။ နား က ကြားလိုက်။ အသိအာရုံမှာ ထင်ဟပ်လာလိုက်နှင့် မိုးရေတံခွန် ရေပန်းခလုတ်ကို ပိတ်ပစ်သည်။

'တော်ပြီကွာ၊ ငါ မင်းအကြောင်း မတွေးတော့ဘူး မင်း ကားနဲ့ တိုက်မိတဲ့ ငါ့ကားကို အခုပဲ သွားရောင်းပစ်မယ်'

မိုးရေတံခွန် စိတ်တွေတည်ငြိမ်အောင် ထိန်းချုပ်ဖို့ ကြိုး စားနေရင်းက ပန်းနုချယ်အကြောင်းတွေ အလုအယက်တိုးဝင်လာ နေသဖြင့် စိတ်ကမတည်ငြိမ်တော့။ အရေးထဲ အိပ်မက်ကတာ မျိုး။ အပြင်မှာက ရန်သူတွေ။ အိပ်မက်ထဲမှာက ချစ်သူတွေ ဘာတွေလဲကွာ။ ရေစိုနေတဲ့ ဆံပင်တွေကို သဘက်နှင့် ခပ်ကြမ်း ကြမ်း သုတ်ပစ်သည်။ သူအဝတ်အစားတွေလဲပြီး ခြံထဲဆင်းလာ တော့ ဒယ်ဒီက သူ့ကားကို ကြည့်သည်။

'သားကားက ဘယ်လိုဖြစ်ရတာလဲ၊ နောက်ကနေတိုက် တာပဲ၊ တော်တော်ပျက်စီးသွားပြီ သား၊ ဘယ်ကားတိုက်တာလဲ လျော်ကြေးရော ရရဲ့လား'

'ခွေးဦးနှောက်သာသာပဲရှိတဲ့ မိန်းကလေးတစ်ယောက်က



BURMESE CLASSIC .com



င်တိုက်တာပါ ဒယ်ဒီ၊ ပြင်ဆင်စရိတ်လည်း လက်မခံဘူး ရွှံလို့'

'ဘာကွ၊ မင်းကားကို ဘယ်သူတိုက်တာလဲ'

'ဒေါ်ပန်းရောင်သွေးရဲ့သမီး ပန်းနုချယ်လေ'

'ဘာ'

'ကျွန်တော့်ကားကို လမ်းဘေးမှာ ရပ်ထားတာ၊ တမင် င်တိုက်ပစ်တယ် ဒယ်ဒီ၊ ပြီးတော့ မတူမတန်ဘူးပြောသေး ယ်၊ တော်တော်ရိုင်းစိုင်းတယ်'

မိမိသားရဲ့ ကားကို ဝင်တိုက်ပစ်တာတော့ သွေးရဲ့သမီး န်းနုချယ်လွန်သည်ဟု ထင်မိသည်။ ဒီကားကို သားက နှစ်သက် တ်နိုး၏။ ပျက်စီးနေတဲ့ ကားကို တွေ့လိုက်ရတော့ ဦးမိုးဝသုန် တ်မကောင်းဖြစ်ရသည်။ ပန်းနုချယ်ကို မိမိလည်း မုန်း၏။ ယနာရှာလွန်းတဲ့ ကောင်မလေးပါ။ မိမိ စတိုခန်းထဲမှာ ဘယ် ာက်ဒုက္ခရောက်ခဲ့ရလဲ။ လမ်းဘေးရပ်ထားတဲ့ကားကိုမှ တိုက် တယ်လို့ ပန်းနုချယ် မင်းကတော့လေ။ ငါ့သားကားကို ဖျက်ဆီး ်တာ ငါ့အမုန်းဆုံးပဲ။

'ဒီကားကို ရတဲ့ဈေးနဲ့ ရောင်းမယ် ဒယ်ဒီ၊ ကျွန်တော် ီးချင်တော့ဘူး၊ ရွံတယ်၊ ပြင်လည်းမပြင်ချင်ဘူး'

'ဒီကောင်မလေးဆီက အလျော်မတောင်းဘူးလား၊ ားပြင်ဆင်စရိတ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'မကောင်းဘူး ဒယ်ဒီ၊ ကျွန်တော့ပါးကိုတောင် ရိုက်လုပ်တယ်၊ ရိုင်းစိုင်းလွန်းလို့ ကျွန်တော် ဆက်မပြောချင်တာ ပြန်လာခဲ့တယ်'

'မင်း ပြင်ဆင်စရိတ်များများတောင်းရမယ်ကွ၊ သား မစီးချင်တော့ရင်လည်း ရောင်းပစ်လိုက်ပါကွာ'

'ဒယ်ဒီ'

'ပြော'

'ဖြစ်နိုင်ရင် ဒေါ်ပန်းရောင်သွေးကို လက်မထပ်ပါနဲ့တော့၊ သား အနူးအညွတ်တောင်းဆိုတာပါ ဒယ်ဒီ၊ ဒေါ်ပန်းရောင်သွေးရဲ့သမီး ပန်းနုချယ်ကလည်း အရမ်းရိုင်းတယ်'

'အဲဒီကိစ္စကတော့ ဒယ်ဒီသဘောမတူနိုင်ဘူး ထင်တယ် သား၊ ပန်းရောင်သွေးကို ဒယ်ဒီမခွဲနိုင်ဘူး၊ လက်ထပ်ဖို့ ရည်ရွယ်ပြီးသားလေ၊ ပန်းနုချယ်နဲ့ ပေါင်းရမှာမှ မဟုတ်တာ သားရယ် ဒယ်ဒီ ပန်းနုချယ် မာမီနဲ့ လက်ထပ်ပြီးရင် ပထွေးအဖြစ် နဲ့ စက်ပြမယ်'

'ကျွန်တော်ကိုယ်တိုင်က မိထွေးမလိုချင်တာပါ ဒယ်ဒီ'

'ဒီအသက်အရွယ်ရောက်နေမှ ဒယ်ဒီကိုယ်ပိုင်လွတ်လပ်မှုနဲ့ ဆုံးဖြတ်ပါရစေတော့ သားရာ၊ မင်းဆန္ဒကို ဒယ်ဒီအပြစ်မပြောချင်ပေမယ့် ဒယ်ဒီဆန္ဒက ပန်းရောင်သွေးကို လက်ထပ်ချင်တယ်လေ'





သွားပါပြီ။ ဒယ်ဒီကို ဘယ်လိုမှ စည်းရုံးသိမ်းသွင်း၍ ရနိုင်မှန်း မိုးရေတံခွန် အသေအချာ သိသွားပြီဖြစ်သည်။ ပန်းနုချယ် ကားနဲ့တိုက်မိထားတဲ့ သူ့ကားအကောင်းစားကြီးကိုပင် တက်ပြီး မမောင်းချင်တော့ပေ။ သူငယ်ချင်း ကားပွဲစားတစ်ယောက်ဆီပဲ ဖုန်းဆက်ပြီး ကားရောင်းဖို့ပြောသည်။

'မင်းကားကြီးကို ပြင်ပြီးမှ ရောင်းပါလား ရေတံခွန်ရာ'

'ဒီကားကို တစ်နာရီ တစ်စက္ကန့်တောင် မမြင်ချင်တော့ဘူးကွာ၊ အကြောင်းရှိလို့ပါ ရောင်းသာရောင်းပစ်လိုက်ပါ'

မင်းနဲ့ ပတ်သက်တာတွေ ဆိုးတာပဲဖြစ်ဖြစ် ကောင်းတာပဲဖြစ်ဖြစ် ငါ လုံးဝမပတ်သက်ချင်တော့ဘူး ပန်းနုချယ်။ ငါ့ရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲနေပြီ။ ဒေါ်ပန်းရောင်သွေးကိုရော ပန်းနုချယ်ကိုပါ မုန်းသည်။

'ကျွန်တော် ကျောင်းသွားတော့မယ် ဒယ်ဒီ'

'မင်း ကျောင်းပိတ်ထားတယ် မဟုတ်လား'

'ကျွန်တော် သွားချင်လို့ပါ'

'ဒယ်ဒီကားယူသွား'

'နေပါစေ ဒယ်ဒီ၊ အငှားကားပဲ စီးသွားမယ်၊ ဒယ်ဒီ့ကားကလည်း ဒေါ်ပန်းရောင်သွေး စီးတာပဲ မဟုတ်လား'

'သွားရယ်'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ကို နားလည်မပေးနိုင်လောက်အောင် မိုးရေတံခွန်ရင်ထဲမှာ မိတ္တေးဆိုသော မိန်းမတစ်ယောက်အား မုန်းတီးနေသည်။ ဒယ်ဒီချစ်နေတဲ့ မိန်းမက ဘဝတစ်သက်တာလုံး ဒယ်ဒီအသက်ရှင်သန်နေသရွေ့ သူ့မာမီပဲ ဖြစ်စေချင်နေ၏။ အဲဒီ ဆန္ဒပြင်းပြမှုက ဒယ်ဒီ့ရဲ့ အခွင့်အရေးတွေကို မတရားတားဆီးပိတ်ပင်နေတယ်ဆိုရင်လည်း မိုးရေတံခွန် မတတ်နိုင်ပေ။ သူ့မာမီအတွက် ကြေကွဲနာကျည်းနေသည်။

○



## အခန်း(၁၂)

'ဒီကားကို အန်ကယ်စိုးက ဝယ်လာတာလားဟင်'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ ချယ်၊ မျက်လုံးပြူးချက်ဆံပြူးနဲ့ အထိတ်တလန့် အန်ကယ်စိုး အချောင်ရခဲ့တာပါ၊ အပုံတိုက်ရောင်းတာ၊ သူ့ကားကို သူများကားက ရပ်နေတုန်းဝင်တိုက်ထားလို့တဲ့ လျှော့ကိုရောင်းပစ်တာ၊ တော်တော်ပိုက်ဆံတွေ ပေါ်နေကြတာစဲ'

ချယ် တိုက်လိုက်ထားတဲ့ မိုးရေတံခွန် ကားကို အန်ကယ်စိုးသော်က ဝယ်လာခြင်းပင်ဖြစ်သည်။ ဘာဖြစ်လဲ။ ရောင်းပေါ့။ ပိုက်ဆံတွေ အရမ်းပေါ်နေရင်လည်း အလကားပေးပစ်လိုက်ပါလား။ ဦးမိုးဝသုန်ရဲ့ သား မိုးရေတံခွန်ကားဆိုတာ အန်ကယ်စိုးသိပေ။ ပြီးတော့ ကားကိုတိုက်ပစ်သူက ဘူမ။ စိတ်ထဲမှာတော့ ခံချင်။ ကြီးကြီးကျယ်ကျယ်နဲ့ သူမကားနှင့်တိုက်မိ၍ မသုံးချင်လို့ ရောင်းပစ်တာ ခံပြင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကားပိုင်ရှင်က ဘယ်လောက်အထိ ရက်ရောလည်း
ရင် ကားရောင်းတာ ဟင်းရွက်ကန်စွန်းရွက်ရောင်းသလိုပဲ၊ သူငယ်
ချင်း ပွဲစားလက်ထဲအပ်ပြီး သူက လူကိုယ်တိုင်တောင် မလာ
ဘူး၊ လုံးဝဥပက္ခာပဲ'

'အရှုး'

'ဘာပြောတယ် ချယ်'

'ဒီကားပိုင်ရှင်ကို ပြောတာလေ၊ အရူးလို့'

'ချယ်လေးနဲ့ သိလို့လား'

'မသိပါဘူး၊ ပေါတောတောကြောင်တောင်တောင် အရူး
တစ်ကောင်လို့ ထင်မိလို့ အူတူတူနဲ့'

'အန်ကယ်က မေးကြည့်တော့ ပိုင်ရှင်က ဒီကားကို
အရမ်းနှစ်သက်တာတဲ့၊ တသသနဲ့ နေပြီး ဘာဖြစ်လို့ ပေါ်ပေါ်
ပျက်ပျက် လုပ်ဖြစ်တာလည်း မသိဘူးတဲ့'

ကြောင် အူ အရူးဖြစ်လို့ လုပ်တာပေါ့လို့ ပန်းနုချယ်
စိတ်ထဲကနေ နှစ်နှစ်နှာနှာ ပြောမိသည်။ ချယ့်ကားနဲ့ တိုက်မိ
တာနဲ့ပဲ ကြီးကြီးကျယ်ကျယ် မတူမတန်သလိုလို ချယ်လည်း
ရောင်းပစ်မယ်။ သူ့ကားကို သွားတိုက်မိလို့လေ။ သနတယ်
ရှိတယ်။ မဆီမဆိုင် ချယ့်ကားလေးကို စိတ်ထဲကနေ ချဉ်လာပြီး
မျက်စောင်းထိုးကြည့်မိသည်။ အန်ကယ်စိုးသော်ကတော့ ကား
အကောင်းစားကြီး ကားချင်းတိုက်မိတာလေးနှင့် ဈေးပေါပေါနဲ

ရောင်းပစ်လိုက်၍ သူလည်း ဈေးသက်သက်သာသာ ရသွားသဖြင့်
ဝမ်းသာကျေနပ်နေ၏။ ချယ် အရမ်းခံပြင်းသည်။ ချယ့်ကားကို
လည်း ရောင်းမယ်။ ပြီးတော့ အိမ်ပြန်ရောက်ရင် နွားနို့နဲ့ကို
ဆေးပစ်လိုက်မယ်။ မိုးရေတံခွန်ရဲ့ကားကို ဝင်တိုက်မိလို့လေ။
မာမီပေးခိုင်းလိုက်တဲ့ လက်ဆောင်တွေ အန်တီနွယ်ကို ပေးပြီး
ပြန်လာခဲ့၏။ ခြံထဲရောက်သည်နှင့် သူမကားအား ရေခဲသေတ္တာ
ထဲက မာမီသောက်ဖို့ ကျိုထားတဲ့ နွားနို့တစ်ပိုင်းသာကို ယူပြီးဆေး
သည်။

'ဟဲ့… ချယ် ဘာလုပ်တာလဲ၊ မာမီသောက်မယ့် နွားနို့
တွေ၊ တစ်နေ့တစ်ပိုင်းသာသောက်ရမယ်ဆိုလို့ ဝယ်ထားတာ၊ ဒီ
ကားလေးက ဘာဖြစ်လို့ နွားနို့နဲ့ လောင်းနေရတာလဲ၊ ယတြာ
လား ချယ်'

'မဟုတ်ဘူး သနလို့'

'ဘာ'

'ရွံလို့လေ'

'ဘာဖြစ်လို့လဲ၊ ဘာတွေပေလာလို့လဲ'

'မပေပါဘူး၊ ဟိုလူလေ၊ မာမီချစ်ဒါလင်ကြီး ဦးမိုးဝသုန်
ရဲ့သားကားနဲ့ ချယ် ကားတိုက်မိတာ၊ သူ့ကားကို ဈေးပေါပေါနဲ့
ရောင်းပစ်လိုက်တယ်လေ၊ မစီးချင်တော့လို့တဲ့'

'ဟင်'





www.burmeseclassic.com

www.burmeseclassic.com



မိုးရေတံခွန်ဆိုတဲ့ ကောင်လေးက နည်းနည်းမှ ထော် မကျိုးဘူး။ မအောတင်မဟုတ်ဘဲ သမီးကိုပါ လာရောက်ထိုးနှက် နေသည်။

'ဘယ်ကနေ ဘယ်လိုတိုက်မိတာလဲ သမီးချယ်ရယ်'

'သူကားက Royal Rose မှာ ရပ်ထားတုန်း ချယ်လည်း မာမီ့ကြောင့် စိတ်တွေမွန်သွားပြီး ဝင်တိုက်မိတာပါ၊ သမီး အကြီးအကျယ် ပြဿနာတက်ကြတယ်၊ သမီးကားနဲ့ တိုက်မိ ရွတယ်ဆိုပြီး ရောင်းပစ်တာလေ၊ သမီးကလည်း သနလို့ နွားနို ဆေးနေတာလေ၊ ဈေးပေါပေါနဲ့ ရောင်းပစ်ဦးမှာ'

အောင်မလေး သွားပါပြီ။ ဒေါ်ပန်းရောင်သွေးအ အသက် ငါးဆယ်နားရောက်လျှင် သွေးဆုံးမီးယပ်မကိုင်စေ နွားနို့တစ်ပိဿာ တစ်လသောက်ရမယ်ဆိုလို့ နေ့စဉ်ဝယ်ထား တာ။ ဒီနေ့အတွက် ကုန်ပြီ။ ဒီကောင်လေးကလည်း ဒီကော လေးပဲ။ သမီးကိုများ ဒေါသဖြစ်သွားရသည်။ ကိုမိုးဝသုန်ကို ပြောရမယ်။ လူလိမ္မာသား ယဉ်ပါးရမယ်တဲ့။ ကိုဝသုန့်ကိုတော ဆုံးမခိုင်းရမယ်။ သမီးချယ်ကတော့ နွားနို့တွေ လောင်းချပြီ ကားလေးကို စိတ်တိုင်းကျဆေးကျောကာ ရွှေရေငွေရေ လောင်းချသည်။

'ဟုတ်တယ်၊ သမီးလုပ်တာ မှန်တယ်၊ အကျောမခံနဲ့ မာမီ့သမီးလေးကိုများ'





'မာမီ'

'ပြောလေ သမီး'

'ဦးမိုးဝသုန်ကို အဆက်ဖြတ်ပစ်လိုက်ပါတော့နော်၊ ချယ် ပထွေးဆိုတာကို မုန်းလို့ပါ၊ ဒယ်ဒီ့နေရာမှာ တခြားယောကျ်ား တစ်ယောက်နဲ့ အစားထိုးဖို့ ချယ် လုံးဝလက်မခံနိုင်ပါဘူး မာမီ ရယ်'

ဒေါ်ပန်းရောင်သွေးရဲ့ နှလုံးသားတွေက ဆာဆုံးသွားတဲ့ ခင်ပွန်း၊ သမီးဒယ်ဒီနေရာ အစားဆိုတာ မဟုတ်ပေမယ့် ကိုမိုး ဝသုန်ကိုတော့ မေတ္တာရှိနေသည်။ လက်ထပ်ဖို့အထိ ဆုံးဖြတ် ထား၏။ မိုးရေတံခွန်ကို မုန်းပေမယ့် ကိုမိုးဝသုန်ကိုတော့ ဒေါ်ပန်း ရောင်သွေး မစွန့်ခွာနိုင်။ လက်ထပ်ဖို့အထိ တိုင်ပင်ပြီးသားဖြစ် သည်။

'သမီး လုံးဝသဘောမတူဘူး၊ ပထွေးဆိုတာကိုလည်း သမီး လက်မခံနိုင်လို့ပါနော်'

'သမီးရယ် မာမီလည်း သမီးချယ် ဒီအရွယ်အထိ ကိုယ် ကျင့်သိက္ခာနဲ့ နေထိုင်စောင့်ရှောက်လာခဲ့တာပါ၊ မာမီရဲ့ ဖူးစာ ရေစက်ထင်တယ်၊ ကိုမိုးဝသုန်ကိုတော့ မာမီလက်ထပ်ပါရစေ'

'မာမီ'

သူမ အသံကုန်အော်ဟစ်မိသည်။ မာမီ့ကို ဘယ်လိုမှ ပြောဆိုဖျောင်းဖျ၍ စိတ်တိုတိုနှင့် ကားဘော်ဒီအား ထုရိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အနားကနေ ထွက်လာခဲ့သည်။ လောကကြီးက ဘယ်လိုကြီးလဲ မသိဘူးနော်။ မာမီနဲ့ချယ်ရဲ့ သံယောဇဉ်တွေနှင့် ပျော်ရွှင်မှုတွေကို ဖြိုခွဲပြစ်လိုက်တဲ့ တရားခံက ဦးမိုးဝသုန်ပါပဲ။ မာမီ့ကိုလည်း ဘယ်လိုမှ ပြောလို့မရတော့။ ချယ် အပြင်ကို ပြန်ထွက်လာခဲ့ပြန်သည်။

'သမီးချယ် ဘာလဲ'

'ခြေဦးတည့်ရာ မာမီရေ၊ ခြေဦးတည့်ရာ'

ချယ် ပြောပြီး ကားကို ပြန်မောင်းထွက်လာသည်။ Royal Rose နားရောက်တော့ သူမ မျက်ဝန်းလေးတွေက သူနှင့် ကားချင်းတိုက်မိသွားတဲ့ နေရာလေးကို ဝေ့ကြည့်မိ၏။ မကြည့်ပါဘူးဆိုမှ သူမ မောင်းလာတဲ့ ကားလေးက ထိုနေရာအရောက်တွင် တုန့်ခနဲ ရပ်သွားသေးသည်။ ပြီးတော့ သူမ လက်လေးအား ပြန်၍ ကြည့်မိနေ၏။ အရမ်းရက်စက်တယ်။ သူမ လက်လေးနာကျင်တဲ့ ဝေဒနာတွေကို ပြင်းပြစွာ ခံစားခဲ့သည်။

'သူကများ ကားကို ရောင်းပစ်ရတယ်လို့၊ ဒီကလည်း မစီးဘူး၊ ရောင်းပစ်မှာ သိလား'

ချယ့်စိတ်တွေ မခံချင်စိတ်တွေနှင့် ဒေါသတကြီး ရှူရှူဆောင့်ဆောင့်လေး ပြောပြစ်သည်။ သူမအား မတူမတန်သလိုနှင့် အဖက်မတန်တဲ့သဘောထားကြောင့် ပို၍ပင်မခံရခက်နေပါ၏။ မိုးရေတံခွန်ရဲ့ ပိရိသေသပ်စွာ နီစွေးစွေး နှုတ်ခမ်းတွေ၊ မြင့်မြင့်





ခားမား ခန့်ခန့်ညားညား ယောက်ျားပီသမှုတွေကို ချယ့်မျက်ဝန်းတွေထဲကနေ ဖျောက်ဖျက်ပြစ်လို့မရခဲ့။ သတိမရချင်ပါဘူးဆိုမှ ဝဲလေ။ သူမကားကို ပွဲစား ကိုမြဆီ အပ်ပစ်လိုက်ဖို့ ထွက်လာခဲ့သည်။ ချယ် ကားအရောင်းအဝယ် ပြုလုပ်တိုင်း ကူညီနေတဲ့ကားပွဲစား ကိုမြကတော့ ချယ့်ကို ကြည့်ပြီး အံ့အားသင့်နေ၏။ ပြီးတော့ ခေါင်းကို ခါရမ်းပြစ်သည်။

'ဘယ်လိုတွေလဲ မသိဘူး၊ ယန်းနုချယ်ရေ ဦးမြ တွေ့ဆုံသမျှ အထူးအဆန်းတွေပဲ မောင်မိုးရေတံခွန်ဆိုတဲ့ ကောင်လေးဘလည်း ကားအကောင်းစားကြီးကို နည်းနည်းလေးတိုက်မိတာနဲ့ ရသလောက်ဈေးနဲ့ ရောင်းပစ်တယ်၊ ဦးမြကို ပွဲစားလောကမှာ ပြောစရာစကားအဆန်းဖြစ်သွားတယ်၊ ညည်းကရော ဝယ်ထားတာတောင် မကြာသေးဘူး၊ ညည်းသေသေချာချာ စီစဉ်ရွေးချယ်ပြီးမှ အရမ်းကြိုက်လို့ ဝယ်ခဲ့တာပဲလေ၊ ဘာဖြစ်လို့ ပြန်ရောင်းရတာလဲ'

'မကြိုက်တော့လို့'

'မင်းတို့ခေတ်လူငယ်တွေ ဘယ်လိုလဲ၊ ပိုက်ဆံတွေ အရမ်းပေါနေတာလား'

'အင်း'

သူမကားသော့ကို ပွဲစားဦးမြထံ အပ်လိုက်တော့ ကားပွဲ



www.burmeseclassic.com

www.burmeseclassic.com



စား ဦးမြ မျက်ခုံးထူထူကြီးတွေ အပေါ်သို့ ပင့်တက်သွားပြန်သည်။

'အခုချက်ချင်းလား၊ ကားကို ထားခဲ့တော့မလား ပန်းနုချယ်၊ 'ဘာဖြစ်လို့လဲ'

'အသစ်လဲမလို့၊ ရော့… ကားသော့၊ ဦးမြ လက်အပ်လိုက်ပြီ၊ နောက်တစ်စီးထပ်ရှာပေး၊ အမြန်ဆုံးနော်'

'ဟဲ့… ကောင်မလေး ပန်းနုချယ်'

သူမ အငှားကားတစ်စီးပေါ် တက်လာခဲ့သည်။ သူမ လုပ်ရပ်အတွက် ကျေနပ်ပီတိတွေ ဖြစ်နေ၏။ မိုးရေတံခွန်ဆိုတဲ့ လူလည်း ပွဲစားတွေကတစ်ဆင့် ကြားမှာပဲ။ ပန်းနုချယ် ဘယ်လို မိန်းကလေးမျိုးလဲဆိုတာ ရှင်သိစေရမယ်။ မိုးရေတံခွန်က သူ့ကားရောင်းပစ်သလို ချယ်ကလည်း ရောင်းပစ်တယ်။ မိုးရေတံခွန်ရဲ့ ကားကိုမှ တိုက်မိလို့လေ။ သူမ နှုတ်ခမ်းလေးကို တွန့်မဲ့ရှုံ့တွရင်း ဒေါသဖြစ်လိုက်၊ သူ့လိုပဲ သူမကားကို ယှဉ်ပြိုင်ရောင်းပစ်နိုင်၍ ကျေနပ်ပီတိဖြစ်၍လည်း ရယ်သည်။

'ကျွီ'

'ဟင်'

ကားလမ်းဘေးမှာ ထိုးရပ်သွားသဖြင့် သူမ မျက်လုံးလေး ပြူးပြူးနှင့် ကြည့်သည်။





'ကလေးမ ကားပေါ်က ဆင်းတော့နော်၊ အငှားကားခသည်း မပေးနဲ့တော့၊ ဆင်းလေ ဆင်း'

'ရှင်… ဘာဖြစ်လို့လဲ၊ ကျွန်မသွားချင်တဲ့ နေရာကို ရောက်သေးတာ၊ ဘာဖြစ်လို့ ကားပေါ်ကနေ ဆင်းရမှာလဲ'

'ဟို… ဟိုလေ၊ ဆင်းပါ၊ ဆင်းသာ ဆင်းပါ ကလေးမ'

'ဘာဖြစ်လို့လဲရှင့်'

အငှားကားသမားရဲ့ မျက်နှာက စိုးရိမ်ထိတ်လန့်နေတဲ့ အရိပ်အယောင်တွေလိုက်ရ၍ ချယ် သဘောပေါက်သွားရသည်။ ချယ့်ကို အရူးမလေးဟု ထင်မှတ်သွားပုံပင်။ သူမကလည်း မပြင်ဆင်နှင့် ရုတ်တရက် စိတ်ဆိုးပြီး ဒေါသဖြစ်လိုက်၊ ရယ်လိုက် မျက်နှာက တွန့်မဲ့ရှုံ့တွပစ်လိုက်နှင့်ဆိုတော့ အငှားကားမောင်းသမားစိတ်ထဲတွင် အရူးမလေးဟုပဲ ထင်မှတ်သွားတာပဲ ဖြစ်မည်။ သူကိုများ အရူးထင်စရာလား။ သူမ နှုတ်ခမ်းလေး စုထော်သွားသဖြင့် အငှားကားမောင်းသမား မျက်နှာထိတ်လန့်တုန်လှုပ်သွားသည်။

'ရှင်က ကျွန်မကို အရူးမ ထင်နေတာလား၊ ရှင် ဘယ်လိုလူလဲ၊ ကားကိုဆက်မောင်းပါ၊ ကျွန်မ သွားမယ့်နေရာရောက်မှ ဆင်းမယ်၊ ရှင်တောင်းသလောက် ပေးထားတာလေရှင့်'

'ဟုတ်… ဟုတ်ကဲ့ပါ၊ မိန်းကလေးတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အမူအယာအမျိုးမျိုးပြောင်းနေတော့ စိတ်ထဲမှာလေ၊ ဟို… အ
မလေးလို့ ထင်သွားတယ်'

'ကားကိုပဲ ဆက်မောင်းပါ'

'ကောင်းပါပြီ'

အငှားကားသမားက ကားကို ဆက်မောင်းသွားသည်
သူမ နေထိုင်တဲ့ ခြံကြီးထဲ ရောက်တော့ အငှားကားသမား အံ့
တုန်လှုပ်နေ၏။ မင်းက အရမ်းချမ်းသာတဲ့ ကောင်မလေး
တောင်းပန်ပါတယ်ဟု ပြောသည်။

'ချယ် ဘာဖြစ်လာတာလဲ ကားရော'

'ရောင်းဖို့ ထားပစ်ခဲ့တယ် မာမီ'

'ဘာဖြစ်လို့လဲ'

'မတန်လို့၊ ရှုံလို့'

မာမီက ချယ် ဘာပဲလုပ်လုပ် အပစ်ပြောဆိုတတ်ခြ
မရှိပေ။ ချယ့်အား လိုလိုက်ပြီး ချစ်လည်းချစ်သည်။ ဦးမိုးဝသ
ကိုတော့ လုံးဝမကျေနပ်ပါဘူး။ မာမီဆီက ချယ့်အပေါ် ချစ်
အချစ်တွေရော သံယောဇဉ်တွေကိုရော ဖွဲ့ခြွေလုယူတဲ့ လူကြီး
သူ့သားမိုးရေတံခွန်က ပိုဆိုးသေးတယ်။ ချယ့်ကိုများ တွေးမိတိုင်
ဒေါသတွေဖြစ်လာရသည်။

'သမီးလုပ်တာ မှန်တယ်၊ ဒီကောင်လေး မိုးရေတံခွန်
ထောင့်မကျိုးဘူး၊ မာမီလည်း တော်တော်အမြင်ကတ်တယ်၊ ဒ





အဖေနဲ့ လက်ထပ်ပြီးမှ မိတွေးဆိုတဲ့ ခါးသည်းတဲ့ အရသာ
ကောင်းကောင်းခံစားစေရမယ် ချယ်'

'မာမီ'

'ဟင်'

သူမ ဒေါသတကြီး အော်ဟစ်တော့ မာမီကအပြစ်ကင်း
မဲ့နေသလိုလို ဘာအမှားတစ်ခုမှ မကျူးလွန်ထားသလိုလို ငေး
ကြောင်ကြောင် ပြန်ကြည့်သည်။

'ဘာမိတွေးလဲ၊ ဒီလူကြီးကို လက်မထပ်ရဘူးလို့ ပြော
ထားတယ်လေ၊ မာမီ ခုထိ မလျှော့သေးဘူးလား'

'ဒါကတော့ ချယ်ရယ် ကိုဝသုန်နဲ့ မာမီက ဖူးစာဖက်
တွေ ထင်တယ်၊ ရှေးဘဝက ရေစက်တွေရှိကြတယ်လေ'

'တော်ပါတော့ မာမီရာ၊ ချယ့်ကို ငဲ့ပါဦး၊ ချယ့်ကို
ဒီလိုပဲ ဥပက္ခာပြုထားတော့မှာလားလို့'

'ချယ်က ဘာဖြစ်နေလို့လဲကွယ်၊ အမွေပစ္စည်းတွေ
လည်း အများကြီးရှိတယ်'

'မာမီကို ပြောရခက်လိုက်တာ၊ ဒယ်ဒီနေရာကို အစား
ခထိုးနိုင်တော့ ပထွေးကို မုန်းတာ'

'မတတ်နိုင်တော့ဘူး သမီးရယ်၊ မာမ့်နှလုံးသားတွေထဲ
မှာ ကိုမိုးဝသုန်အပေါ် ချစ်မိသွားပြီပဲ'

မာမ့်ကို ချယ် ဘယ်လိုမှ ပြောလို့မရနိုင်ကြောင်း သိ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြင် ပြတ်သားစွာ သိလိုက်ရသည်။ ချယ် ဘယ်လိုလုပ်ရမလဲ၊ ရင်ထဲမှာ နာကြည်းမုန်းတီးမှုတွေ ပြည့်နှက်နေ၏။ ဘယ်သူ့ကို ဒေါသဖြစ်ရမှာလဲလို့ မဂေဟနုပ်မှုတွေနှင့် သူမအိပ်ခန်းထဲသို့ ခပ် ဆောင့်ဆောင့်လေး ဝင်လာခဲ့သည်။

○



## အခန်း(၁၃)

'ကိုယ်တို့တော့ ထူးထူးဆန်းဆန်းတွေပဲ ကြုံနေရတယ် ိုးရေတံခွန်ရေ၊ မောင်ရင်တို့ သူဌေးတွေရဲ့လုပ်ရပ်က တကယ့် ကို နားမလည်နိုင်တော့ဘူး'

'ဘာဖြစ်လို့လဲဗျ'

'ဒီမှာလေ၊ ပွဲစားကိုမြ မနေ့ညနေက သူ့ဆီကို ပန်းနုချယ် ိုတဲ့ ကောင်မလေးက ကားအပ်သွားတယ်၊ ရတဲ့ဈေးနဲ့ ရောင်း ေးပါတဲ့၊ ဝယ်ထားတာ မကြာသေးဘူးလေ၊ အသစ်ကြီးကွ၊ ီဘားရဖို့ တော်တော်ရှာထားရတာ၊ ဘာဖြစ်မှန်းမသိပါဘူးကွာ'

ပန်းနုချယ်တဲ့။ သူမကားကိုလည်း ရောင်းပစ်တာပဲကိုး။ ိုးရေတံခွန်နှင့် ယှဉ်ပြိုင်နိုင်တယ်ဆိုတဲ့ သဘောဖြစ်နေသည်။ င်း မိုးရေတံခွန်ကို ဘယ်တော့မှ မနိုင်စေရဘူး ပန်းနုချယ်။ ောင့်ကြည့်လေ။ မင်းလို ဆောင့်ကြွားကြွား မာရေကြောရေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ငါ ပိုစံကောင်းကောင်းပေးရမယ်။ သူ့ကားပွဲ

သူငယ်ချင်းကိုဆက်က ပြောပြ၍ ပန်းနုချယ် ပွဲစားလက်

ကားအပ်ပြီး ချက်ချင်းရောင်းခိုင်းကြောင်း သိလိုက်သည်။

ကားကိုကြည့်တော့ သူ့ကားကို ဝင်တိုက်ခဲ့တဲ့ ပန်းနုချယ်ရဲ့

ပင်။ သူ ထိုကားကို ဝယ်ဖို့ပြောလိုက်သည်။

'ဒီကားကို ကျွန်တော်ဝယ်မယ် ကိုမြ၊ ဘယ်လောက်

'ဝယ်တုန်းကတော့ သိန်း ထောင့်နှစ်ရာလေ မိုးရေတံ

မင်း ဘယ်လောက်ပေးမလဲ'

'ငါးရာ'

'ဘာ'

'သိန်းငါးရာပေးမယ်ဗျာ၊ ကိုယ်စီးဖို့ မဟုတ်ဘူး

ကျွန်တော့်အိမ်မှာ အလုပ်လုပ်ဖူးတဲ့ ခြံစောင့်ကြီးကို တကျ

စားဖို့ ပေးမလို့'

'ဟေ'

'အခုတော့ အလုပ်ထွက်သွားပါပြီ၊ ဒုက္ခရောက်နေတာ

ကျွန်တော့်ကို ငယ်ငယ်က ထိန်းကျောင်းခဲ့တာလေ၊ ဒီကား

အချောင်ရရင်တော့ ဝယ်ချင်တယ်၊ ဘယ်လိုလဲ ကိုမြ'

'အရမ်းနည်းလွန်းတယ်ကွ၊ သိန်းတစ်ထောင်လော

တော့ ပေးပါ'





'ခင်ဗျားတို့က အမြန်ရောင်းချင်တယ်ဆို၊ ပန်းနုချယ်ဆို

တဲ့ ကောင်မလေး ဖုန်းနံပါတ် သိလား ကိုမြ'

'သိတယ်လေ၊ ဒီမှာ ပန်းနုချယ်ရဲ့ Visiting Cart လေ၊

င်းယူထားလိုက်၊ သိန်းငါးရာပဲပေးရင် ဒီကောင်မလေး ဒေါသ

ဖြစ်မှာကွ'

'အမြန်ရောင်းချင်ရင်တော့ ရတဲ့ဈေးနဲ့ ရောင်းရမှာပဲလေ၊

သူတို့က အရမ်းချမ်းသာတော့ သိန်းငါးရာရှုံးတာ ပါးပါးလေး

ပါ ကိုမြရ၊ ပွဲခ ကျွန်တော့်ဘက်က ထုတ်ပါ့မယ်'

'ဖြစ်ပါ့မလားကွာ'

'ကျွန်တော် ဆက်ကြည့်ပါ့မယ်၊ အချောင်လေးဗျာ၊ နှိုက်

ကြည့်ရမှာပဲ၊ သွားပြီနော်'

'မိုးရေတံခွန် မင်းဝယ်မယ့်ကားကို တွေ့ထားပြီးနော်၊

ဈေးကတော့ မြောက်တယ်'

'အိုကေ ညနေမှ ကြည့်မယ်'

ကားပွဲစားကိုဆက်နှင့် ကိုမြအား နှုတ်ဆက်ပြီး မိုးရေ

တံခွန် ကားပွဲစားတန်းကနေ ပြန်ထွက်လာခဲ့သည်။ အတော်ပဲ

ပန်းနုချယ်ရဲ့ ဖုန်းနံပါတ်ရပြီ။

သူမဆီ ဖုန်းဆက်လိုက်၏။ မိုးရေတံခွန်ရဲ့ နှုတ်ခမ်းတွေ

က ခပ်ထော့ထော့လေး ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို ပန်းနုချယ်လား'

'ဟုတ်ပါတယ်'

'ကားကိစ္စ ပြောချင်လို့ပါ'

'ကျွန်မ ပွဲစားကိုမြနဲ့ လွှဲအပ်ထားပါတယ်၊ ပြော ရှိရင် သူ့ကိုပဲ ပြောပါ၊ ကားပွဲစားတန်းမှာ ရှိပါတယ်'

လေသံက ခပ်မာမာ ထန်ထန် မောက်မာထောင်လွှား တဲ့ ကောင်မလေးကို ဝပ်ဆင်းကျိုးကျသွားစေရန် အကြီးအကျ နှိပ်ကွပ်ပစ်ချင်သည်။

'မင်းကို သိန်းငါးရာပေးမယ် ရောင်းမလား'

'ရောင်းမယ်၊ ရတဲ့ဈေးနဲ့ ရောင်းမယ်၊ ကျွန်မ ပွဲစား သွားစကားပြောပါ၊ ဒီကား မြန်မြန်ရောင်းထွက်ဖို့ပဲ အရေး တယ်၊ ပိုင်ရှင်က ကျွန်မဆိုတာ တစ်နာရီ တစ်စက္ကန့်တော မဖြစ် ချင့်ဘူး၊ ကျက်သရေတုန်းလို့'

သူမ ဖုန်းပိတ်သွားသည်။ ပြောတဲ့လေသံကလည် ကြည့်။ ဘယ်လောက်အထိ နရင်းပရင်း ပိတ်အုပ်ပစ်ချင်စ ကောင်းလဲလို့။ မိုးရေတံခွန် ဒေါသတွေ ထွက်လာသည် ချက်ချင်းပဲ ကိုမြဆီ ဖုန်းဆက်ပြီး ကားအရောင်းအဝယ်တည် ဖြစ်ကြောင်း ပြောလိုက်၏။ ကိုမြကလည်း ပြန်ဖြေသည်။ အ ပန်းနုချယ်က ရောင်းပစ်တဲ့။ မြန်မြန်ရောင်းထွက်သွားစေ





ကောင်းလေပဲဟု ပြောကြောင်း ပြောနေ၏။ မိုးရေတံခွန် နှုတ် ခမ်းထောင့်စွန်းက တွန့်မဲ့သွားသည်။

'ကောင်းပြီလေ၊ ကျွန်တော် အခုပဲ လာယူမယ်၊ ငွေ လည်း ချေမယ်၊ ကျွန်တော့်ကားကိုပေးပစ်မယ့် ခြံစောင့်အဖိုးကြီး လည်း ခေါ်လာခဲ့မယ်လေ'

'အိုကေ'

မိုးရေတံခွန် ငွေသိန်းငါးရာကို ထုတ်ပြီး ခြံစောင့်ကြီး ဦးဖိုးစောကိုပါ ခေါ်လိုက်သည်။ သူ တကယ်လည်း Taxi တစ်စီး လောက် ဝယ်ပြီး ဦးဖိုးစော လုပ်စားကိုင်စားနိုင်အောင် ပေးမလို့ ပါ။ သူ့ကို ယေစဉ်က ထိန်းကျောင်းလာ၍ ပြန်လည် ထောက်ပံ့ ကြည့်ရှုပေးချင်၏။ သူ ပွဲစားတန်းပြန်ရောက်လာသည်။

'ဘာတွေလဲကွာ၊ တကယ့်ကို ထူးဆန်းအံ့ဖွယ်ရာတွေပဲ၊ ကောင်မလေးက ရောင်းပစ်တဲ့ ဒီကားနဲ့ ပတ်သက်ပြီး တော် တော်လေး စိတ်နာနေပုံပဲ မိုးရေတံခွန်'

'ပိုက်ဆံကျေပေါ်များနေလို့ပေါ့ဗျာ၊ ကျွန်တော်ကလည်း ဦးမိုးစောကို ပေးမှာပါ၊ အငှားကားလုပ်ဖို့လေ'

မိုးရေတံခွန်က ဒီလိုကားအကောင်းစားကြီးကို ပေးမယ် ဆိုတော့ ဦးဖိုးစော မယူရဲဘဲ အဓိပ္ပာယ်မရှိတာပဲ မောင်ရေတံခွန် ရယ် ဒီလောက်တန်ဖိုးကြီးတဲ့ ကားကြီးမပေးပါနဲ့တဲ့။ ကကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးလောက်ရရင်ပဲ မင်းကို ကျေးဇူးတင်လှပါပြီကွဲ့။ ပွဲစားတန်း တစ်ခုလုံး ပွက်လောရိုက်သွားသည်။

'အဘဖိုးစော လက်ခံပါ၊ ကျွန်တော်က ဒီထက်မ ထောက်ပံ့ပေးချင်တာပါ၊ ဒီကားကို အငှားကားပြောင်းဖို့လည်း ကျွန်တော်ပဲ စီစဉ်ပေးပါ့မယ်၊ အားမနာပါနဲ့'

'မောင်မိုးရေတံခွန်ရယ် အဘတော့ အိပ်မက်မက်နေ သလားပဲ၊ ဟုတ်ရဲ့လားကွယ်'

'အဘ လက်ခံပါ၊ အဘအတွက် အိုစာမင်းစာပါ ကျွန်တော့်အတွက် ဒီလောက်ငွေကြေးလေးက အပမ်းမကြီးပါဘူး အလှူပဲလေ'

မိုးရေတံခွန် ငွေပေးချေပြီး ကားကို အဘဖိုးစော လက် ထဲအပ်လိုက်သည်။ အငှားကားအဖြစ် ပြောင်းပစ်ဖို့လည်း တပည့် တစ်ယောက်ဆီ ညွှန်ကြားပြီး ချက်ချင်းစီစဉ်စေ၏။ မကြာခင် ပန်းနုချယ် သိမှာပါပဲ။ အငှားကားဖြစ်သွားရင်လည်း မင်း မျက်စိ ရှေ့မှာပဲ ဆွဲပြမယ်။ သူက ယောကျ်ားတန်မဲ့ မိန်းကလေးတစ် ယောက်နှင့် တုဖက်ယှဉ်ပြိုင်တာမဟုတ်ပေမယ့် ပန်းနုချယ်ကို တော့ မိုးရေတံခွန် အမြင်ကတ်နေသည်။

ပန်းနုချယ်ရဲ့အမေ ဒေါ်ပန်းရောင်သွေးကလည်း ဒယ်ဒီ့ ကို ဘယ်လိုမြူဆွယ်သိမ်းသွင်းထားလဲ မသိဘူး။ ဒယ်ဒီက





ဒေါ်ပန်းရောင်သွေးနှင့် လက်ထပ်ဖို့ ဖျက်မရပေ။ ကားကိစ္စပြီး သည်နှင့် သူပြန်လာခဲ့သည်။ ခြံထဲရောက်သည်နှင့် ကားနားမှာ အပြင်ထွက်ဖို့ ရှိုးအပြည့်နှင့် မွှေးကြိုင်ထုံသင်းနေတဲ့ ဒယ်ဒီ့အား တွေ့လိုက်ရသည်။

'ဒယ်ဒီ ဘယ်သွားမလို့လဲ'

'ကုမ္ပဏီကိုလေ'

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲကွ'

'ဒယ်ဒီက အရမ်းအိုဗာဖြစ်နေတယ်လေ၊ ကိုယ့်အသက် အရွယ်လည်း ကြည့်ပါဦးဗျာ၊ ရေမွှေးက သားတို့လူပျိုပေါက်တွေ သုံးတာလေ'

'ဘယ်သူပဲသုံးသုံး ဒီအနံ့လေးကို ဒယ်ဒီကြိုက်လို့ကွာ၊ ဘယ်အရွယ်ဖြစ်ဖြစ် စိတ်တက်ကြွပြီး သန့်သန့်ရှင်းရှင်း သေသေ သပ်သပ် နေထိုင်ရတယ်သား၊ ဒယ်ဒီ ပျော်သလိုနေချင်တယ်ကွာ၊ မင်းအတွက်လည်း ဒယ်ဒီ အားလုံးပြည့်စုံအောင် လုပ်ပေးထားခဲ့ တာပဲ၊ ဒယ်ဒီ ပင်ပန်းနေပြီကွ၊ ဆန္ဒရှိသလို နေပါရစေ'

'ဒယ်ဒီ'

'ပြော'

'ဒေါ်ပန်းရောင်သွေးကို ဒယ်ဒီ လက်ထပ်တော့မှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သား'

ဒယ်ဒီ့အသံက ပြတ်သားလိုက်တာ။ သူ ဘယ်လို
နှင့်မှ တားဆီး၍ မရနိုင်ကြောင်း မိုးရေတံခွန် သိလိုက်သ
စိတ်လျှော့ချင်လာ၏။ မိထွေးနဲ့တော့ မပတ်သက်လိုပေ။ ဟို
မလေး ပန်းနုချယ်နှင့်က ဒီတစ်သက် သင့်မြတ်ဖို့ဆိုတာ မဖြ
တော့ပေ။ ရန်ညှိုးတွေက တရစ်ပြီးတစ်ရစ် အထပ်ထပ်ရစ်
နေခဲ့သည်။

'ဒယ်ဒီ လက်ထပ်ပြီးရင် သီးသန့်နေမှာကွ၊ သားနဲ့
အတူမနေဘူး၊ သူ့သမီးနဲ့လည်း မနေဘူး၊ ပန်းနုချယ်ဆိုတဲ့
မလေးကိုလည်း ဒယ်ဒီအမြင်ကတ်တယ်၊ ဝတ်ပုံစားပုံ နေပုံ
ကအစ ပုံးဝကြည့်မရဘူး'

'သူ့အမေကို လက်ထပ်ထားပြီးမှတော့ ဒယ်ဒီ သူ့နဲ့
အောင်နေလို့ ရမလား၊ သားကရော မိထွေးနဲ့ကင်းလို့ ရ
ဒယ်ဒီ'

'ရပါတယ်ကွ၊ ဒယ်ဒီလည်း သတ်သတ် မင်းနဲ့
သက်မယ်၊ သွေးကလည်း သူ့သမီးနဲ့ သတ်သတ်ပတ်သက်
ဆွေးနွေးပြီးပြီ၊ အိုကေပဲ'

ဦးမိုးဝသုန် ပြောပြီး သားပခုံးကိုပုတ်ကာ ခပ်မြ
လေးပဲ ကားမောင်းထွက်လာခဲ့သည်။ မတတ်နိုင်ဘူး သာ





ဒယ်ဒီ့နှလုံးသားတွေက သွေးအပေါ် မေတ္တာစစ် မေတ္တာမှန်တွေနဲ့ ချစ်မိနေပြီကွ။ မခွဲနိုင်ဘူး။ ဟိုကောင်မလေး ပန်းနုချယ်ကိုတော့ ဦးမိုးဝသုန် မနှစ်သက်မိ။ မိမိက ဣန္ဒြေသိက္ခာရှိရှိ ဝတ်စားနေထိုင်တာပဲ ကြိုက်သည်။ ရုပ်ပလာမလေး။ တစ်ခါတစ်ရံ ဘောင်းဘီတိုတိုနဲ့ ပေါင်ရင်းအထိအသားတွေပေးနေတာ အရှက်မရှိတဲ့ ကောင်မလေး။ နေထိုင်တာလည်း ကျောကျောနဲ့။ မိမိသား မိုးရေတံခွန်ကို မိမိယဉ်ကျေးလိမ္မာတဲ့ သားတစ်ယောက်အဖြစ်ပဲ ပုံစံသွင်းထားသည်။ သားက ပညာပဲ ကြိုးစားနေတာ။ သွေးသမီး ပန်းနုချယ်က ပညာကြိုးစားပေမယ့် ပုံစံမျက်စိနောက်စရာ။ ဆောင့်ကြွားကြွားကောင်မလေး။ မျက်နှာကလည်း မာမာကျောကျော မိမိအမုန်းဆုံးပင်။ ပန်းရောင်သွေးနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ။ ပန်းရောင်သွေး၏ ကျက်သရေရှိတဲ့ ဝတ်စားမှုက ဦးမိုးဝသုန်ရဲ့ နှလုံးသားကို စွဲကိုင်လှုပ်ရှားစေနိုင်ခဲ့သည်။ ဒီနေ့ ပန်းရောင်သွေးနဲ့ ချိန်းထားတယ်။ Royal Rose မှာ ညစာစားသောက်ကြဖို့ပင်။ ဦးမိုးဝသုန် မိမိကုမ္ပဏီကို အရင်ဝင်လာခဲ့သည်။ ရုံးခန်းထဲရောက်တော့ မိမိရဲ့အတွင်းရေးမှူးမလေး ချောရတနာက မျက်နှာငယ်လေးနှင့် သတင်းတစ်ခု ပြောပြသည်။

'အန်ကယ့်ကို ချော ပြောပြစရာအကြောင်းတစ်ခုရှိပါတယ်၊ ပြောရမှာလည်း အရမ်းအားနာလွန်းလို့ပါ၊ မပြောရင်လည်း မဖြစ်ဘူး ထင်မိနေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ချပြာလေ ချော၊ မင်းက အန်ကယ့်ကိုယ်ရေးအရာရှိပဲ ချပြစရာရှိရင် ပြောပြရမှာပဲလေ'

'ဟို… ဟိုလေ အန်ကယ်၊ အခုရုံးမှာ သတင်းတွေပြန့်နေတာက ကုမ္ပဏီပိုင်ရှင်သူဌေး ဦးမိုးဝသုန်က ဗိုလ်ချုပ်ဈေးထဲမှာ စိန်ရွှေရတနာရောင်းတဲ့ မိန်းမတစ်ယောက်ကို အသေရှာ အရှင်ရှာ အရှက်မရှိ ပိုးပန်းချစ်ရေးဆိုဖို့ ကြိုးစားနေတယ်ဆိုတာပါပဲ'

'ဘာပြောတယ်'

'ဘယ်ကနေ ဘယ်လိုသတင်းတွေ ပျံ့နေသလဲ မသိဘူး၊ အဲဒီမိန်းမရဲ့သမီး ပန်းနုချယ်ဆိုလားပဲ၊ သူကလိုက်ပြောနေတာတဲ့'

'ဟင်'

'ဗိုလ်ချုပ်ဈေးထဲမှာတောင် ဦးမိုးဝသုန် လာပိုးရင်း မုန့်လက်ဆောင်းသည်ကို ဝင်တိုက်မိလို့ ဘန်းတွေမှောက်ကျပြီး လျော်ကြေးတွေ အများကြီးပဲ ရှက်ရမ်းရမ်းပြီး ပေးထားခဲ့ရတယ်တဲ့'

'ခွေးကောင်မလေး'

'အဲဒါ အမှန်တွေပဲလားဟင် အန်ကယ်၊ ချောတို့ကတော့ လက်မခံနိုင်ဘူး ဖြစ်နေကြတာ၊ အန်ကယ်က ချောတို့အလုပ်ဝင်တာပဲ နှစ်တွေကြာပြီ၊ မုဆိုးဖို ဘဝနဲ့ ဘယ်မိန်းမကိုမှ စိတ်မဝင်





စားဘဲ သားအတွက်ပဲ ကြိုးစားနေတာလေ၊ အရမ်းသိက္ခာရှိပြီး တည်ကြည်ခဲ့တာပဲ'

'မဟုတ်ပါဘူး၊ ပန်းနုချယ်ဆိုတဲ့ ကောင်မလေးက သူ့အမေနဲ့ အန်ကယ် ရင်းနှီးကြတာကို တစ်မျိုးထင်ပြီး သိက္ခာကျအောင် ပြောဆိုနေတာပါ၊ တော်တော်ဆိုးတာပဲ'

အတွင်းရေးမှူးမလေး ချောကို ဦးမိုးဝသုန် ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။ မျက်နှာတော့ ပူမိသွားသည်။ ကုမ္ပဏီမှာဆို မိမိဂုဏ်ရွှေသိက္ခာနဲ့ နေခဲ့တာပါ။ သားဘဝရေးရေးကလွဲပြီး နောက်ထပ် အိမ်ထောင်သစ် ထူထောင်ဖို့ဆိုတာ အတွေးထဲမှာ လုံးဝမရှိခဲ့သော ဦးမိုးဝသုန်တစ်ယောက် ပန်းရောင်သွေးနဲ့ ဆုံမိသွားမှ ရင်ခုန်တတ်လာသလို အချစ်ကိုလည်း ခံစားလာခဲ့၍ အရှက်သိက္ခာတွေပင် ကင်းမဲ့သွားရသည်။ ဟိုကောင်မလေးကြောင့် ပန်းနုချယ် မင်း ငါ့ဂုဏ်သိက္ခာမရှိအောင် ငါ့ကုမ္ပဏီအထိ လာပြီး ပြောရလားကွ။ ဦးမိုးဝသုန် ဒေါသထွက်လွန်း၍ ပန်းနုချယ်အား ကိုင်ပေါက်ပစ်ချင်လာ၏။ ချောကိုလည်း ထိုကိစ္စ မဟုတ်မှန်ကြောင်း ရှင်းလင်းချက်ပေးဖို့ ညွှန်ကြားခဲ့သည်။

'မင်းပဲ ဖြေရှင်းလိုက် ချော၊ အဓိပ္ပာယ်မရှိတာပဲ၊ အန်ကယ် ဒီလိုလူစားမျိုး မဟုတ်ဘူးကွ'

'စိတ်ချပါ အန်ကယ်၊ ချော တာဝန်ယူပါတယ်၊ ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း အန်ကယ့်အကြောင်း သိနေကြတာပဲ၊ စံပြလေ အန်ကယ် ငယ်ရွယ်စဉ်ကတည်းက မုဆိုးဖိုဖြစ်ခဲ့တာ ဘယ်လောက် ကိုယ်ကျင့်တရားကို ထိန်းသိမ်းနေထိုင်ခဲ့လဲ’

အတွင်းရေးမှူးမလေး ချောရတနာနှင့်ပင် မျက်နှာချင်းဆိုင်ရန် မျက်နှာပူသည်။ ပန်းနုချယ် တော်တော်အကျင့်ပုတ်တဲ့ ကောင်မလေး။ ဒေါသတွေလည်း ဖြစ်ရ၏။ ပန်းရောင်သွေးတို့လည်း မိမိ စွန့်လွှတ်ဖို့ မဖြစ်နိုင်ပေ။ ဒီကောင်မလေးကြောင့်တော့ အကွဲမခံနိုင်ပါဘူး။ ဦးမိုးဝသုန် ကုမ္ပဏီမှာပင် မျက်နှာပြရန် စိတ်တွေမလုံမလဲဖြစ်ရပြီး မိမိအား ကဲ့ရဲ့ရှုံ့ချတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေကြသည်ဟုပင် ထင်သည်။



## အခန်း(၁၄)

ဒယ်ဒီနှင့် ဒေါ်ပန်းရောင်သွေးကို ဘယ်လိုနည်းနှင့်မဆို ခွဲစိတ်ဖို့ မိုးရေတံခွန် ဆုံးဖြတ်ထားသည်။ သူ့လိုယောကျ်ားမပီသ …ဘူးပဲပြောပြော ဒယ်ဒီ့ကို နှောက်ယှက်ထပ်အိမ်ထောင်ပြုတာတော့ …ကျွ က်မခံနိုင်ပါဘူး။ သူ့ကိုချစ်တဲ့ မာမီ ယောကျ်ားအပေါ်လည်း သစ္စာတရားတွေကြီးမားစွာဖြင့် ပြုစုခဲ့သော မာမီ့ကို ဒယ်ဒီ့အချစ်တွေ အပြည့်အဝ ပေးအပ်ထားစေချင်၏။ ဒယ်ဒီ့ရင်ထဲမှာ မာမီ့ကို နေရာလေးသေးသေးပင် ဖယ်ထုတ်ခံထားရတာမျိုး မိုးရေတံခွန် မလိုလားနိုင်ပေ။ ဒေါ်ပန်းရောင်သွေးကို ဒယ်ဒီချစ်နေပြီ။ အရှက်သိက္ခာတွေပင် မစောင့်ထိန်းနိုင်တော့။ ကုမ္ပဏီမှာလည်း ဒယ်ဒီက ဒေါ်ပန်းရောင်သွေးကို ပိုးပန်းနေတဲ့သတင်းက ရှက်စရာဖြစ်နေသည်။ မိုးရေတံခွန်လည်း တားဆီးပြစ်ရမှာပဲ။ ဒေါ်ပန်းရောင်သွေးရဲ့ စိတ်ထဲမှာ ဒယ်ဒီ့ကို စိတ်နာကျည်းသွားစေချင်သည်။ မိုးရေတံခွန် ဗိုလ်ချုပ်ဈေးထဲ ရောက်လာပြီး ပိုးထည်ဆိုင်မှာ

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုးထည်တွေ ဝယ်ရင်း ဒေါ်ပန်းရောင်သွေးက ဦးမိုးဝသုန်ကို ကြိတ်ပိုးနေကြောင်း ပြောပစ်လိုက်သည်။

'သူဌေးကုမ္ပဏီပိုင်ရှင်ကြီး ဦးမိုးဝသုန်ကို ဒေါ်ပန်းရောင်သွေးကစပြီး ကြိုက်တာပါ၊ ဆေးဝါးတွေနဲ့ လုပ်ထားတယ်လို့ ပြောတာပဲ၊ ဒီလောက် ဣန္ဒြေသိက္ခာရှိတဲ့ ဦးမိုးဝသုန် အရူးကြီးလို အရှက်မရှိဖြစ်နေတယ်ဗျာ၊ ကျွန်တော် ကြားရတဲ့သတင်းတွေ စိတ်မကောင်းလိုက်တာ'

'ပန်းရောင်သွေးလည်း တစ်သက်လုံး ဣန္ဒြေသိက္ခာနဲ့ နေထိုင်တာပါကွယ်၊ မိန်းမတွေရဲ့ စံပြပဲလေ၊ သွေးသမီးလေးကလည်း လက်မခံဘူး၊ အမေ့အနားကို ဘယ်လိုယောက်ျားမှ အကပ်ခံတာ မဟုတ်ဘူးကွဲ့၊ ဦးမိုးဝသုန်ကလည်း မိန်းမတွေကို ငုံးဝစိတ်မဝင်စားဘူးတဲ့၊ ဒေါ်ပန်းရောင်သွေးနဲ့မှ အရူးတစ်ပိုင်း ဖြစ်နေတာလို့ အန်တီချောတို့လည်း သတင်းကြားတယ်လေ'

'ဟုတ်တယ် ဒေါ်ပန်းရောင်သွေးဘက်က စတာ၊ ဆေးတွေ အောက်လမ်းနည်းတွေနဲ့ လုပ်ထားတာတဲ့၊ ကျွန်တော်နဲ့ ကုမ္ပဏီက စာရေးမနဲ့က သူငယ်ချင်းတွေလေ'

'ဟုတ်လား'

မုန့်လက်ဆောင်းသည်ရှေ့မှာပင် မိုးရေတံခွန် ပြောလိုက်တော့ ပတ်ဝန်းကျင်သို့ တော်တော်လေးပျံ့နှံ့သွားသည်။ သူကပြောတာပါ။ အရေးကြီးတာက ဒယ်ဒီနှင့် ဒေါ်ပန်းရောင်သွေး





လက်မထပ်ဖြစ်ဖို့ပဲ။ သတင်းတွေ ဖြန့်ပြီး မိုးရေတံခွန် ပြန်လာခဲ့သည်။

မုန့်လက်ဆောင်းသည် မထားကလည်း ထိုသတင်းအားဖြန့်ချင်နေတာနှင့် အတော်ပဲဖြစ်သွားသည်။ ဈေးထဲမှာ လိုက်ပြောတာ အားမရသေးဘဲ အိုင်တင်ကြီးတစ်ခွဲသားနှင့် မျက်နှာတည်တည်တင်း နေထိုင်ဆက်ဆံတတ်တဲ့ ပန်းနုချယ်ကိုလည်း အမြင်ကတ်ကတ်နှင့် သတင်းဖြန့်ပြစ်နေ၏။ နောက်ဆုံးဘယ်လိုမှ အောင့်အည်းမနေနိုင်တော့၍ ဒေါ်ပန်းရောင်သွေးကို လာပြောပြလိုက်သည်။

'ဦးမိုးဝသုန်ကို ဒေါ်ပန်းရောင်သွေးက ဆေးနဲ့လုပ်ထားတာတဲ့၊ ကြိတ်ပိုးနေတာတဲ့၊ သူဌေးမို့ အမိဖမ်းချင်လို့ လုပ်တာတဲ့ အစ်မသွေး'

'ဟင်… ဘယ်သူပြောတာလဲ မထား'

'မနက်ကလေ အန်တီချောဆိုင်မှာ ပိုးထည်တွေလာလာဝယ်နေတဲ့ ကောင်လေးပြောတာပါ'

'ဘာ'

မနက်က ကိုမိုးဝသုန်ရဲ့သား မိုးရေတံခွန် မမချောဆိုင်က ပိုးထည်တွေလာဝယ်နေရင်း စကားပြောနေတာ သွေးသတိထားမိသည်။ စိတ်ထဲမှာတော့ ထင့်နေသားပဲ။ ကြည့်စမ်း။ မိမိကို



www.burmeseclassic.com

www.burmeseclassic.com



သက်သက်မဲ့ သိက္ခာချသွားတာပါ။ ရှက်စရာကောင်းလိုက်တာ
နော်။

အတင်းလာပြောတဲ့ ကောင်လေးက ဦးမိုးဝသုန်ရဲ့သား
တာ သိသွားရင် ပိုပြီးအရှက်ကွဲရမှာပါ။ မထားက တစ်ချေးလုံး
ဖြန့်ပြီးလောက်ပါပြီ။ ဒေါ်ပန်းရောင်သွေး ပတ်ဝန်းကျင်ကို
မကြည့်ရဲတော့။ မိမိတစ်သက်လုံး ဂုဏ်ရှိသိက္ခာကြီးမားစွာ
မှ တစ်စက်လေးမစွန်းထင်းအောင် နေထိုင်လာခဲ့တာပါ။ ကော
စုတ်လေး လင်ပါသားပီပီ စေတနာတစ်စက်မှ မထားဘူး။
အပေါ် ရက်စက်လွန်းသည်။

'ကျွန်မတို့ကတော့ အစ်မသွေးဘက်ကပဲ နာတယ်၊ ဦး
ဝသုန်ကို အစ်မသွေးက စကြိုက်တာတော့ မဖြစ်နိုင်ပါဘူး
အင်း... ဒါပေမဲ့ ဦးမိုးဝသုန်ကလည်း လူချောလူခန့်ကြီး ကျ
သရေရှိတယ်၊ အစ်မသွေးဆိုရင်သာ မယုံတာပါ၊ တခြားမိ
တွေကတော့ ကြိုက်ပိုးနိုင်တယ်၊ အမိဖမ်းချင်ကြတာလည်း ဖြ
တယ်'

'တော်ပါတော့ မထားရယ်၊ သွား... ဈေးရောင်း
မသွေး သမီးလေး ကြားသွားရင် မလွယ်ဘူးနော်၊ ညည်းမှ
လွှင့်ပစ်ခံရမှာ အေ့'

'သွားပြီ အစ်မသွေးရေ၊ ပန်းနုချယ်ကို ကြောက်တာ





ဘနက မိုးထိနေတာ၊ ကျွန်မက အစ်မသွေး သွားပုပ်လေလွင့်
အပြောခံနေရလို့ လာပြောတာပါ'

မထား ပြန်ထွက်သွားပေမယ့် ဒေါ်ပန်းရောင်သွေးရဲ့
တ်ထဲမှာတော့ ပတ်ဝန်းကျင်ကိုပင် ရဲရဲရင်မဆိုင်ရဲဘဲ ရှက်နေ
သည်။ မျက်နှာပြင်ပေါ်မှာ အပူငွေ့က လာဟပ်နေ၏။ မမချော
နှင့် ရှေ့ဆိုင်တွေက သွေးကိုကြည့်ကွက် ကြည့်ကွက်နဲ့ မိုးရေတံခွန်
င်းယောကျ်ားလေးဖြစ်ပြီး အတင်းလာပြောရလား။ မင်းကို ငါ
ခုတောင် လာသတ်ပစ်ချင်တယ်။ ဒီကောင်လေး အန်တီချော
ီးထည်ဆိုင်မှာ လာလာဝယ်နေကတည်းက စိတ်ထဲထင့်နေတာ။
သူက ကျောင်းသားပဲ။ ဘာကိစ္စနဲ့ အထည်တွေ လာဝယ်နေရ
ဘာလဲ။ ဒေါသဖြစ်မိသည်။

သမီးချယ်ကိုလည်း နိုင့်ထက်စီးနင်းနဲ့ ပြဿနာလာရှာ
နေတယ်။ မင်းကို အမုန်းကြိတ်စက်ထဲ ထည့်ပစ်ချင်တယ် မိုးရေ
တံခွန်။ ငါ မင်းအဖေနဲ့ လက်ထပ်ပြီးရင် မိထွေးဆိုတဲ့ အစွယ်ပြူး
ပြူးကို ပြရမယ်။ တကယ်တော့ မိမိက အေးအေးဆေးဆေးနဲ့
ိတ်သဘောထား ပြည့်ဝသူပါ။ ကိုမိုးဝသုန်ကို ချစ်မိတာလည်း
ည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်ပါဘူး။ မိမိလည်း ချမ်းသာတာပဲ
။ ရှက်လိုက်တာနော်။ ညနေ ကိုမိုးဝသုန်နဲ့ ချိန်းထားတယ်။
ယ်လိုလုပ်ရမလဲ။ သူ့သားကို ပြင်းပြင်းထန်ထန် ဆုံးမခိုင်းရ
။ ဒီလောက်အထိ သဲကြီးမဲကြီး တိုက်ခိုက်ထိုးနှက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလား။ ဒေါ်ပန်းရောင်သွေးဆိုင်ကိုပင် စောစောသိမ်းထ
လိုက်သည်။

'မသွေးရေ ဆိုင်သိမ်းတာ စောလှချည်လားကွယ်'

'ဟုတ်ကဲ့ မမချောရေ၊ သမီးနဲ့ ညစာစားဖို့ ချိန်းထား
တယ်လေ'

'ဟုတ်လား'

မမချော လေသံက တစ်မျိုးပဲ။ သွေးစိတ်တွေ မလုံမ
ဖြစ်ရသည်။ ကျွန်မက ဦးမိုးဝသုန်ကို ကြိတ်ပိုးနေတာ မဟုတ်
ဘူး။ အပိုင်လည်း မချိုင်ချင်ပါဘူး။ ဆေးနှင့်လုပ်ထားတာလည်း
မဟုတ်ပါဘူး။ ဟိုကောင်လေး မိုးရေတံခွန် သူ့ဒယ်ဒီနဲ့လည်း
ထပ်မှာ ကြောက်လို့ မဟုတ်မဟတ်တွေ လျှောက်ပြောနေတာ
ဟု ရှင်းပြရင် ကောင်းမလား။ မရှင်းပြတော့ပါဘူး။ သွေးမျက်နှာ
ချင်းတောင် မဆိုင်လိုပေ။ ရှက်လို့ မျက်နှာတွေပူထူနေပြီ။ ဈေး
ကနေပဲ ကဗျာကယာ လှမ်းထွက်လာခဲ့သည်။ ဒေါ်ပန်းရောင်သွေး
Royal Rose ကိုရောက်တော့ ကိုဝသုန်လည်း ရောက်နှင့်နေ
မျက်နှာက မသာမယာ။ ဒေါ်ပန်းရောင်သွေးလည်း စားပွဲ
ဝင်ထိုင်သည်။

'သွေး'

'ဟင်'

'မင်းသမီး ပန်းနုချယ်က ကိုယ့်ကုမ္ပဏီအထိ ရောက်လာ





ပြီး ကိုယ်က ဗိုလ်ချုပ်ဈေးထဲမှာ စိန်ရွှေရတနာရောင်းတဲ့ မိန်းမ
တစ်ယောက်ကို အရူးအသေအလဲပိုးနေပြီး အရှက်သိက္ခာမရှိဖြစ်
နေတယ်လို့ လာပြောတယ်လေ၊ အဲဒါ မင်းသမီးကို ပြင်းပြင်းထန်
ထန် တားဆီးဆုံးမပေးပါသွေး'

'ရှင့်သား မိုးရေတံခွန်ကရော ကျွန်မတို့ဗိုလ်ချုပ်ဈေးဆိုင်
က မိုးထည်တိုက်ပိုင်ရှင် ဒေါ်ချောချာကို ဒေါ်ပန်းရောင်သွေးက
သူဌေးကြီး ဦးမိုးဝသုန်ကို ကြိတ်ပိုးပြီး အပိုင်ချိုင်နေတာတဲ့၊
ဆေးနဲ့လုပ်ပြီး အမိဖမ်းတာတဲ့'

'ဟင်'

ဒေါ်ပန်းရောင်သွေးကလည်း ခံမိခံစားခဲ့ရတာတွေကို
ပြောပြလိုက်သည်။

'ရှင့်သားကိုလည်း ပြင်းပြင်းထန်ထန် ဆုံးမပေးပါ
ကိုဝသုန်၊ သွေး ဘယ်လောက်အရှက်ကွဲခဲ့ရလဲ၊ ပတ်ဝန်းကျင်ကို
မျက်နှာတောင် မပြရဲတော့ဘူး သိလား'

ဒေါ်ပန်းရောင်သွေး မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲလာ
တာလည်း ဦးမိုးဝသုန် ချော့ရသည်။ ပန်းနုချယ်ရော မိုးရေတံခွန်
ရော တော်တော်ဆိုးကြတာပဲ။ သွေးက မိန်းကလေးဆိုတော့
ပြီး ရှက်မှာပဲဆိုပြီး စိတ်မကောင်းဖြစ်ရ၏။ သွေးလက်လေးကို
ဆုပ်ကိုင်ဖျစ်ညှစ်ထားရင်း အားပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သွေးရယ် ကိုယ်တို့ အမြန်ဆုံးလက်ထပ်လိုက်မှ အေးမှာပါ၊ အမြန်ပဲ လက်ထပ်လိုက်ကြရအောင်နော်'

'ဟုတ်တယ် ကိုရယ်၊ သွေးလည်း စိတ်ညစ်နေပြီ၊ ကိုနဲ့တွေ့မှ တစ်သက်လုံး ထိန်းသိမ်းခဲ့တဲ့ အရှက်သိက္ခာတွေ တစ်စစီဖြစ်သွားပြီ သိလား'

'ထားလိုက်ပါတော့ကွာ၊ ကိုနဲ့သွေး အမြန်ဆုံး လက်ထပ်ကြမယ်၊ ကိုယ်တို့နေဖို့ တိုက်လည်း ကိုယ်စီစဉ်ထားတယ်၊ ရှပ်ပါတယ် သွေးရာ၊ တစ်လအတွင်း လက်ထပ်ဖို့ စီစဉ်မယ်၊ ဘယ်သူတွေပဲတားတား ကိုယ်တို့မခွဲဘူးနော်'

'သွေးလည်း ကိုယ့်လိုပါပဲလေ၊ ကိုယ်နဲ့အဝေးမခံနိုင်ဘူး လက်ထပ်ဖို့ပဲ ဆုံးဖြတ်ထားပါတယ်'

'ဘာမှမစိုးရိမ်နဲ့ ကိုတို့ သားသမီးတွေအတွက် လိုလေသေးမရှိအောင် လုပ်ဆောင်ပေးထားခဲ့တာပဲ၊ တာဝန်ကျေပြီမှတ်၊ လက်ထပ်ကြတော့မယ်နော်'

'အင်း'

Royal Rose မှာ ညစာစားပြီး ကားနှင့် ကန်တော်ကြီးစောင်းက လူသူ ကင်းရှင်းတဲ့ နေရာလေးမှာ ကားရပ်ပြီး စကားတွေ ပြောကြသည်။

'သွေး'

'ရှင်'

'သွေးရဲ့သမီးရော ကိုယ့်ရဲ့သားရော ဘယ်လောက်ပဲအုက်ဖျက် သွေး လုံးဝစိတ်မယိုင်သွားနဲ့နော်၊ ကိုယ်တို့ လက်ထပ်ကြမယ်၊ အတူတူနေကြမယ်၊ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝလေးကိုတည်ဆောက်ကြမယ်နော် သွေး'

'သွေးဆန္ဒကလည်း ကိုယ့်ဆန္ဒအတိုင်းပါပဲလေ၊ ကိုယ်နဲ့လက်ထပ်ဖို့ပဲ အခိုင်အမာဆုံးဖြတ်ထားပါတယ် ကိုရယ်'

'သွေးရယ်'

ဦးမိုးဝသုန်ကတော့ သွေးကို မခွဲနိုင်တော့ပေ။ လက်ထပ်ဖို့ပဲ အမြန်ဆုံး စီစဉ်ရမည်ဖြစ်သည်။ ကြာရင်မလွယ်ဘူး။ သားနီးရေတံခွန်ကလည်း လက်မထပ်ဖြစ်ရေးအတွက် နှောင့်ယှက်တားဆီးနေ၏။ သွေးသမီး ပန်းနုချယ်ကလည်း ဒီလိုပဲ။ လက်ထပ်တော့မယ်။ သွေးနဲ့အဝေးမခံနိုင်တော့ဘူး။ ပတ်ဝန်းကျင်က ဘယ်လိုပဲ ဝေဖန်နေပါစေ။ လက်ထပ်ဖို့ပဲ ဆုံးဖြတ်ထားကြသည်။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

'ဘာပြောတယ် ဦးမြ၊ မိုးရေတံခွန်ဆိုတဲ့လူက ချယ့်ကားကို ဝယ်သွားတာ ဟုတ်လား၊ သူ့အိမ်က ခြံစောင့်အတွက် အငှားကားလုပ်ဖို့ ဟုတ်လား'

'အဲဒီလိုပြောတာပဲ ပန်းနုချယ်၊ မိုးရေတံခွန်က တော်တော်လေး ချမ်းသာပုံပဲ၊ သိန်းငါးရာလောက်က အေးဆေးပဲတဲ့၊ ပန်းနုချယ် မရောင်းချင်လို့လား၊ ပြန်ယူပေးရမလား၊ ဦးမြ မိတ်ဆွေကားပွဲစား ကိုဆက်ရဲ့ ငွေရှင်လေ'

'တော်ပါပြီ ရောင်းပစ်လိုက်ပြီးမှပဲ ကြိုက်တာလုပ်ပါစေ၊ ထားလိုက်ပါတော့၊ အဲဒီလူ ဝယ်စီးတဲ့ကားထက် တန်ဖိုးမြင့်တဲ့ကား ရှာပေးပါ'

'ချယ်နဲ့ မိုးရေတံခွန် သိလို့လား'

'မသိပါဘူး အရှုံးပဲ'





ဦးမြ ဆက်မေးမည့် မေးခွန်းတွေကို မဖြေချင်တော့သဖြင့် ပန်းနုချယ် ထွက်လာခဲ့သည်။ မိုးရေတံခွန် ရှင်တော်တော်ကျောချင်တာပဲ။ ယောကျာ်းဖြစ်ပြီးတော့။ မိုးရေတံခွန်ကို သူမယှဉ်ပြိုင်မိတိုင်း အရှုံးနှင့်ပဲ ရင်ဆိုင်နေရသည်။ ဒေါ်သဖြစ်လိုက်တာ။ ချယ့်ကား သိန်းထောင်ကျော်တန်တဲ့ကားကိုများ အငှားကားလုပ်ဖို့ ခြံစောင့်ကို ပေးမှာတဲ့။ မိုးရေတံခွန်ကပဲ နိုင်သလိုဖြစ်နေ၏။ ပန်းနုချယ် အသည်းတွေ ဆတ်ဆတ်ခါ နာနေ၏။ မာမီကလည်း မိုးရေတံခွန်ရဲ့အဖေ ဦးမိုးဝသုန်ကို လက်မထပ်ပါနဲ့ပြောတာ လက်မခံ။ လက်ထပ်မယ်တဲ့။ မာမီ့မှာ အပြစ်မရှိဘူးတဲ့။ စိတ်ညစ်လိုက်တာ။ သမီးတစ်ယောက်လုံးရဲ့ ခံစားချက်ကိုတောင် ခထောက်ထား မငဲ့ညှာဘူး။ ဦးမိုးဝသုန်ရဲ့သား လုပ်ရပ်ကို မာမီသိအောင် သွားပြောရမယ်။ ပန်းနုချယ် ဗိုလ်ချုပ်ဈေးထဲ ရောက်လာသည်။

'အောင်မလေး ချယ်'

'ဟင်… ဒေါ်ထား'

မုန့်လက်ဆောင်းသည်မထားက သူမအား တစ်ခုခုပြောချင်နေပုံနှင့် ရှေ့ကနေ ပိတ်ကာရပ်ထားသည်။ ချယ်က ဒေါကန်နေတာပါ။ စပ်စပ်စုစုနိုင်တဲ့ ဒေါ်ထားအား စကားမပြောချင်။ ပြောလိုက်ရင် စေတနာနဲ့ပါနဲ့ ပြဿနာကို မီးခွက်ထွန်းရှာချင်သူ။ ချယ် မျက်နှာထားက တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟိုလေ အန်တီချောဆီမှာ ပိုးထည်အကောင်းစားတွေ ဝယ်နေတဲ့ မောင်မိုးရေတံခွန်ဆိုတဲ့ ကောင်လေးကလေ မမကြီး သွေး အတင်းတွေကို လိုက်ပြောနေတယ်၊ မမလေးရယ် မထား မခံချင်လိုက်တာ'

'ဘာ'

'မထား အတင်းပြောတာ မဟုတ်ပါဘူး၊ စေတနာနဲ့ပါ မမလေးကြားရကတည်းက ဒေါသထွက်နေတာ၊ ဟိုလေ မမကြီး သွေးက သူဌေးကြီးဦးမိုးဝသုန်ကို အဓိဖမ်းဖို့ ဆေးနဲ့လုပ်ထားတာ တဲ့'

'ဘာ ဘာပြောတယ် မထား၊ သူက အဲဒီလိုပဲ ပြော လား၊ ယောက်ျားတန်မဲ့ မိန်းမလို မိန်းမရနဲ့၊ ပါတိတ်တွေ ဒါဇင် ပေါင်းများစွာ လက်ဆောင်ပို့ပေးလိုက်မယ်'

'မောင်မိုးရေတံခွန်နဲ့ မမလေးချယ်နဲ့ သိလို့လား'

'မသိပါဘူး ရှုံလို့'

မာမို့ဆီ မသွားတော့။ မိုးရေတံခွန်ဆိုတဲ့လူကို တွေ့ရမယ်။ သူ့ပါးကို အချက်တစ်ရာလောက် ဘယ်ပြန်ညာပြန် ရိုက်ပစ်ရမှ ချယ် ကျေနပ်နိုင်မယ်။ ချယ်လည်း သူ့ဒယ်ဒီ ဦးမိုးဝသုန်အား သိက္ခာကျအောင် သတင်းတွေ မဟုတ်မမှန်လွှင့်ခဲ့သော်လည်း သူတို့က ယောက်ျားလေးတွေပဲ။ ဘာဖြစ်လို့ တုန့်ပြန်ရတာလဲ။ မာမီ ဈေးထဲမှာ ဘယ်လိုရင်ဆိုင်ရမလဲ။ ကိုယ်ချင်းမစာတဲ့ လူတွေ





ချယ် ဒေါသတွေပေါက်ကွဲပြီး မိုးရေတံခွန် ဖုန်းနံပါတ်ကို နှိပ် ပစ်လိုက်သည်။

'ဒီမှာ'

'ဗျာ'

'ကျွန်မက ပန်းနုချယ်ပဲ၊ ရှင်နဲ့တွေ့ချင်တယ်၊ အခုချက် ချင်းတွေ့မှ ဖြစ်မယ်၊ တွေ့နေကျနေရာမှာ စောင့်နေပါ'

'နေပါဦး အမိ၊ မင်းနဲ့ငါ တွေ့နေကျနေရာဆိုတော့ မင်းနဲ့ငါက ချစ်သူတွေဖြစ်ခဲ့ဖူးလို့လား၊ တွေ့နေကျနေရာ ဘယ် နေရာလဲ၊ မင်းကို ငါတစ်ခါမှ ချိန်းမတွေ့ဘူးပါဘူး အမိ'

'ဘာရှင့်၊ ဘာချစ်သူလဲ၊ ကျွန်မပြောတာက ရှင်နဲ့တွေ့ဖူး တဲ့ Royal Rose ကို ပြောတာ၊ သိပ်ပြီး အတွေးခေါင်မနေနဲ့၊ လာဖြစ်အောင်လာခဲ့ပါ၊ ရှင်နဲ့စာရင်းရှင်းမှ ဖြစ်မယ်'

'စာရင်း ဘာစာရင်းလဲ၊ ကားကိစ္စလား၊ ရှင်းစရာမလို ဘူး၊ ငါက ပိုက်ဆံပေးဝယ်တာပဲ၊ ငါကြိုက်သလို လုပ်နိုင်တယ်'

'ရှင် အူကြောင်ကြောင်လုပ်မနေနဲ့နော်၊ တခြားစာရင်း ရှင်းစရာတွေလည်း ရှိသေးတယ်'

'ငါ အခု မအားသေးဘူး ပန်းနုချယ်'

'ဘာအလုပ်ရှိလို့လဲ၊ ကြီးကြီးကျယ်ကျယ်နဲ့၊ လယ်ယာ ပြန်စားရေးလား'

'မင်းက ငါ့ကိစ္စ တော်တော်လေးစိတ်ဝင်စားတာပဲ အမိ



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘယ်မိန်းကလေးဆီကိုမှ ဖုန်းအရင်စမဆက်ဖူးဘူး၊ မင်း အကြောင်းမရှိ အကြောင်းရှာပြီး တွေ့ဖို့ချိန်းတိုင်း ငါ မလာနိုင် ဘူး၊ အရမ်းတွေ့ချင်နေရင်တော့ ညရှစ်နာရီမှ ငါအားမယ်၊ အဲ လာစောင့်နေပါ'

'ဘာ… ကျွန်မက ဘာဖြစ်လို့ လာစောင့်ရမှာလဲ'

'မင်းက စချိန်းတာလေ၊ ဒါပဲ၊ ရှစ်နာရီမထိုးခင် အဲ ရောက်နေနော်၊ ငါကတော့ လှမ်းကြည့်လို့ မင်းရှိမနေရင် ပြန် မယ်'

'ဒီမှာ ဒီမှာ'

မိုးရေတံခွန်က စ၍ ဖုန်းကိုပိတ်ပစ်လိုက်သည်။ ပန်းနု ချယ် ဆတ်ဆတ်ခါ နာသွားမှာပဲ။ ကောင်းတယ်။ နေရာတကာ မာနတကြီးလုပ်ချင်တာ။ ဇွတ်လုပ်ချင်တဲ့ ဟာမလေး။ သူ မိန်း ကလေးတစ်ယောက်နှင့် ဖက်ပြိုင်ပြီး အတင်းတွေလိုက်ပြောနေ တာ မဟုတ်ပေမယ့် ဒယ်ဒီ့ကို ဒေါ်ပန်းရောင်သွေးနဲ့ လက်မထပ် ဖြစ်ဖို့ပါ။ အခုတော့ ဒယ်ဒီက လက်ထပ်ဖို့တောင် စီစဉ်နေပါပြီ။ မိုးရေတံခွန် စိတ်ပျက်နေသည်။ ပန်းနုချယ်နှင့်လည်း ပြဿနာ တွေ တက်မနေချင်တော့။ ကင်းကင်းရှင်းရှင်းနေတော့မည်။ ဒယ်ဒီကတော့ ပန်းရောင်သွေးရဲ့ မိသားစုနဲ့ လာပြီးပတ်သက် စရာမလိုအပ်ဘူးတဲ့။ ဒယ်ဒီတို့ ညှိပြီးပြီတဲ့။ တားဆီးလို့မှ မရတာ ပဲ။ လက်ထပ်ပါစေ။ ဒယ်ဒီ့ကို တားဆီးမိနေတာပင် ဒယ်ဒီ့





လွတ်လပ်ခွင့်တွေကို တားဆီးပိတ်ပင်သလို ဖြစ်နေ၏။ မိုးရေ တံခွန်က လူတစ်ယောက်ရဲ့ လွတ်လပ်ပျော်ရွှင်ချမ်းမြေ့မှုကို နှစ်သက်သူပါ။ လူ့လောက သက်တမ်းတိုတိုလေးမှာ လူ့အခွင့် အရေး အပြည့်အဝနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေ ရှိနေစေချင်တယ်။

'မင်းနဲ့ငါ မယှဉ်ပြိုင်ချင်တော့ဘူး ပန်းနုချယ်၊ တော် ပါပြီ၊ ကင်းကင်းရှင်းရှင်းပဲ နေကြတာပေါ့၊ ဒယ်ဒီ့ကိုလည်း ငါ မတားတော့ဘူး'

ဒယ်ဒီ လက်ထပ်တော့မည်ဟု အတိအလင်းကြေညာ လိုက်တဲ့အချိန်ကစပြီး မိုးရေတံခွန် စိတ်ဓာတ်တွေကျပြီး အခန်းထဲ မှာပဲ နေပစ်လိုက်သည်။ ဒယ်ဒီကတော့ သူ့အတွက် ရသင့်ရထိုက် တဲ့ အမွေပစ္စည်းတော် အပြည့်အဝ ထားပေးသည်။ လက်ရှိနေတဲ့ တိုက်နဲ့ခြံကိုလည်း ရှေ့နေတွေနှင့် သူ့နာမည်လွှဲပြောင်းပေးထား ၏။ ဘဝတစ်သက်တာအတွက် အေးချမ်းလုံခြုံမှုရှိနေသော်လည်း ဒယ်ဒီ့ကို တခြားမိန်းမတစ်ယောက် လက်ထဲအပ်လိုက်ရ၍ မိုးရေ တံခွန် လွမ်းဆွတ်ကြေကွဲနာကျင်မှုတွေ ခံစားနေရသည်။ ပန်းနုချယ် ချိန်းထားတဲ့နေရာကို သွားရင်ကောင်းမလား။ မပတ် သက်တာပဲ ကောင်းပါတယ်လေ။ ဒယ်ဒီကလည်း လက်ထပ်ဖို့ ဆုံးဖြတ်လိုက်၍ သူ ရှောင်ထွက်ပစ်ဖို့ပဲ စဉ်းစားနေသည်။

'ပန်းနုချယ် မင်းလို ဇွတ်ဆတ်ဆတ် ကောင်မလေးမျိုး ငါ အရမ်းအမြင်ကတ်တယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



မိုးရေတံခွန် ပေတောပြီး အိမ်မှာနေရင်း ညရှစ်နာရီထိုး တော့ မသွားဘူးလို့ စိတ်ကိုတင်းထားသော်လည်း မိန်းကလေး တစ်ယောက်တည်း မှောင်ထဲမှာ ရပ်စောင့်နေရမှာရော စားသောက် ဆိုင်ဖြစ်၍ သောက်စားမူးယစ်နေတဲ့ သူတွေလည်း ရှိနေ၍ မင်း ငါက မဖြစ်မနေ မလွဲမရှောင်သာ ဆွေမျိုးတွေ တော်စပ်ရတော့ မည်ဖြစ်လို့ အလျှော့ပေးပြီး လာတွေ့ရမှာနော် ပန်းနုချယ်။ သူ သွားတွေ့ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ပန်းနုချယ်ကလည်း မိုးရေတံခွန် ကျောသွားတာ ခံပြင်းနေကာ တွေ့တာနဲ့ ပါးရိုက်ပစ်ဖို့ စဉ်းစားထားသည်။ မိန်း ကလေးတန်မဲ့ သိက္ခာကျခံပြီး သွားတွေ့ရမည်ဖြစ်သော်လည်း မိုးရေတံခွန်အား ကောင်းကောင်းဆုံးမရန် သွားစောင့်နေ၏။ ဘာ ဖြစ်လဲ။ မိုးရေတံခွန်လာမှာပါ။ သူမ စိတ်အာရုံက သိနေသည်။ ချယ် ကားအသစ်လဲဝယ်ယူလိုက်ပြီဖြစ်၍ မိုးရေတံခွန်ရှေ့မှာ ခပ်ကြွားကြွား မာမာထန်ထန် မာနတွေ တုန့်ပြန်ပစ်ချင်နေ၏ သူမနှင့် မိုးရေတံခွန် ကားချင်းတိုက်မိသော Royal Rose ရဲ့ ခပ်လှမ်းလှမ်း အမှောင်ရိပ်မှာ ကားကိုထိုးရပ်သည်။

'ဟင်'

မိုးရေတံခွန်က ရောက်နေပြီပဲ။ ကန်တော်ကြီးစောင်း ဖြစ်၍ ရေစပ်မှာ သူ့ကားကို ရပ်ပြီး ကားကိုမှီကာ ရပ်နေသည်။ ကောင်းတယ်။ ရှင်က ကြိုတင်တောင် ရောက်နေတာကိုး။ မိုး





တံခွန်နား သွားရမှာပဲ။ သူမ စိတ်တွေက မလုံမလဲ။ သတ္တိတွေ ပျောက်ကုန်ပြီထင်သည်။ ပန်းနုချယ်ရဲ့ ဘဝမှာ ဘယ်လိုလူမျိုး ကိုပဲဖြစ်ဖြစ် သတ္တိရှိရှိ ရင်ဆိုင်ဝံ့တဲ့ သတ္တိတွေ အပြည့်ရှိနေခဲ့ သည်။

'ချယ် ရင်တွေဘာဖြစ်လို့ တုန်နေရတာလဲ၊ အရှုံးပေးလို့ မဖြစ်ဘူးနော် ချယ်၊ သတ္တိရှိရှိ ရင်ဆိုင်ပစ်စမ်း၊ ကြောက်စရာ ဘာအကြောင်းမှ မရှိဘူး၊ ပန်းနုချယ်အကြောင်း ရှင်ကောင်း ကောင်း သိစေရမယ်'

သူ့အပေါ်လည်း အမြဲတမ်း ခပ်ကျောကျောနဲ့ အနိုင်ယူ တဲ့လူ။ မာမှီကိုလည်း အရှက်ခွဲတယ်။ ချယ် စိတ်ကိုတင်းပြီး သူ့အနားရောက်သွားသည်။

'ဒီမှာ မိုးရေတံခွန်'

'ဟင်'

'ဖြန်း'

'ဟာ'

'ဖြန်း'

'မင်း'

မိုးရေတံခွန် ဆတ်ခနဲ လှည့်လာသည်နှင့် ပန်းနုချယ်ရဲ့ လက်တွေက လျှင်မြန်စွာ လေထဲမြောက်တက်သွားပြီး မိုးရေတံခွန် ကာကွယ်လိုက်နိုင်ခင်မှာပင် သူ့ပါးကို လွဲရိုက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နောက်တစ်ချက် သူကြောင်ပြီး အံ့သြတုန်လှုပ်သွားပြီး နောက်တစ်ခါထပ်ပြီး မြှောက်တက်လာတဲ့ သူမလက်လေးကို ဖမ်းယူဆုတ်ကိုင်ထားကာ စေ့စေ့စိုက်ကြည့်၏။ ဒီတစ်ခါတော့ ချယ်ရီလက်လေးကို သူ ဆုတ်ကိုင်ထားတာ ခပ်ဖွဖွလေးပါ။ သူ ဆတ်ခနဲ ရှန်းမစ်သည်။

'ရှင် ကျွန်မကို မတရား အနိုင်ယူချင်တယ်၊ ကျွန်မအဖေ ရဲ့ အရှက်သိက္ခာကိုလည်း ရစရာမရှိအောင် ဖျက်ဆီးပစ်တယ် အဲဒါ ပုံစံပေးတာပဲ'

'နေပါဦး အမိ၊ ပြဿနာကို စတင်တာက မင်းပဲလေ ငါ့အဖေရဲ့ အရှက်သိက္ခာတွေလည်း မင်းကြောင့်တစ်စစီဖြစ်ခဲ့ တာပဲ၊ ငါ့ဒယ်ဒီ သူ့ကုမ္ပဏီမှာ စံပြအဖြစ် တည်တည်တန့်တန့် နေတာကွ'

'ရှင်တို့က ယောကျ်ားတွေလေ'

'ယောကျ်ားတွေဖြစ်နေလို့ ပိုပြီးအရှက်ရနေတာကွ ပြဿနာတွေကို စတင်လာတာကမင်းပဲ၊ မင်းအရမ်းရိုင်းတယ်'

'ရှင်'

သူမ ဒေါသတွေ အကြီးအကျယ်ထွက်သွားကာ သူ့ပါး အား နောက်တစ်ချက် ထပ်ရိုက်ရန် လက်ကိုမြှောက်လိုက်စဉ် သူက ဆတ်ခနဲဖမ်းဆုတ်ယူကာ သူမခန္ဓာကိုယ်လေးအား သူ ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်လိုက်သည်။





'အမေ့… ရှင်… ရှင်ဘာလုပ်တာလဲ၊ လွှတ်နော်၊ ကျွန်မ အော်လိုက်မယ်၊ ရှင် အချုပ်ခန်းထဲကို လက်ထိပ်နဲ့ ရောက်သွား ချင်လား မိုးရေတံခွန်'

'ဒီနေရာမှာ မင်းပဲ စချိန်းတာလေ၊ ဘယ်သူက ရန်လာ ဖြစ်မယ်ထင်မှာလဲ၊ ချစ်သူတွေ ချိန်းတွေ့ကြတယ်ပဲ ထင်မှာ ဟုတ်ဘူးလား ချယ်'

'လွှတ်… လွှတ်နော်၊ လူယုတ်မာ လွှတ်'

'မင်းကိုလည်း ငါက ပြန်ပြီး ပုံစံပေးမလို့လေ၊ နူးနူး ညံ့ညံ့ နွေးနွေးထွေးထွေး အနမ်းလေးပါ'

'အို'

ပထမတော့ မိုးရေတံခွန် ဒီလောက်အထိ ကျူးလွန်ဖို့ ရည်ရွယ်ခဲ့ပေ။ ဒယ်ဒီ့ကြောင့် မဖြစ်မနေ ဆွေမျိုးတော်စပ်ရ တော့မည်ဖြစ်၍ အလျှော့ပေးစိတ်တွေနဲ့ စောစီးစွာ သူရောက်နှင့် နေသည်။ ဒါပေမယ့်လည်း စွာတေးလန်ပြီး နေရာတကာလက်ပါ ချင်တဲ့ ပန်းနုချယ်ကို စေ့စေ့ကြည့်ရင်း ချစ်လာမိသွား၍ သူ့ရင်ခွင် ထဲ ဆွဲယူပွေ့ဖက်ထားမိသွားရ၏။ ဒေါသတကြီး ရှန်းကန်နေတဲ့ ပန်းနုချယ်ကို မိုးရေတံခွန်က ချစ်တယ်ဟု တိုးတိုးလျလျ ညင်ညင်သာသာ ပြောလိုက်မိ၍ သူမ.မျက်ဝန်းတောက်တောက် တွေနှင့် ဆတ်ခနဲ မော့ကြည့်ပြီး ထိရိုက်တွန်းထိုး ရှန်းဖယ်ပစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို အညှိုးနဲ့ ဖျက်စီးပစ်မလို့ မဟုတ်လား မိုးရေ
တံခွန်၊ ငါက ယုံမယ်ထင်နေလား၊ လွှတ်နော်၊ နင် လူယုတ်မာ'

'ကိုယ့်ရင်ထဲမှာ မင်းကို အရမ်းချစ်မိသွားပြီ ချယ်ရယ်'

'နင်... နင်'

မိုးရေတံခွန်က ဘယ်လိုမှ ရုန်းဖယ်ငြင်းဆန်၍ မရတော့ဘဲ ချယ် နှုတ်ခမ်းလေးကို ဆတ်ခနဲနမ်းပစ်လိုက်ရာ ချယ် သည် လစ်မေ့မျောသွားမတတ် ထူပူသွားရပြီး ကြောက်လန့်တကြား ရုန်းဖယ်တွန်းထိုးပစ်ရင်း မျက်နှာကို ဘယ်ညာယိမ်းခါပစ်သည်။ ခွေးကောင် မိုးရေတံခွန်။ နင် ငါ့ဘဝကို ဖျက်စီးဖို့ နင်နဲ့ငါ ဘယ်တော့မှ ချစ်သူတွေ မဖြစ်နိုင်ဘူး။ ရန်သူတွေပဲ။ နင့်ပါး ရိုက်ပစ်လို့ နင်လက်တုံ့ပြန်တာပဲ။ နင့်ကိုမချစ်ဘူး။ မုန်းတာ အရှုံးရဲ့။ သူမ အော်ဟစ်အကူအညီတောင်းဖို့ကလည်း ရက်မိနေ၏။ မာမီက ရှိသေးတယ်။ ရဲစခန်းရောက်ပြီး ဖြေရှင်းရဲ သတ္တိလည်း မရှိ။ မိုးရေတံခွန် ခပ်ကြမ်းကြမ်းအနမ်းတွေ မျက်နှာလေးခါရမ်းဖယ်ရှားရင်း ထုရိုက်ပစ်သည်။

'လွှတ်နော်၊ နင် အကျင့်မယုတ်နဲ့၊ ခွေးကောင် ငါနင့်ကို မုန်းတယ်၊ မုန်းတယ် လွှတ်'

မိုးရေတံခွန် တဒင်္ဂအသိကင်းမဲ့သွားပြီး ပန်းနုချယ်အား ကိုယ်ထိလက်ရောက် စော်ကားမိသလို ဖြစ်သွား၍ တောင်းပန် စကားတွေနှင့် သူ့လက်တွေကို ဖြေလျှော့ပေးလိုက်သည်။





'တောင်းပန်ပါတယ် ပန်းနုချယ်၊ ကိုယ့်စိတ်တွေ အသိကင်းမဲ့သွားတယ်၊ တကယ်တော့ ကိုယ် ဒီလိုမပြုမူသင့်ပါဘူး၊ ကိုယ့်ဘက်က စော်ကားသလို ဖြစ်သွားတဲ့အတွက် မင်းကြိုက်သလို လုပ်ပါ၊ ကိုယ် ဘာလုပ်ပေးရမလဲ။ မင်းကျေနပ်တဲ့အထိ ဘယ်လိုပေးဆပ်ရမလဲပြောပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဒယ်ဒီနဲ့ မင်းမာမီက လက်ထပ်ကြတော့မှာ၊ ကိုယ်တို့လည်း မွေ့မသွေ ဆွေမျိုးတွေ တော်စပ်ရတော့မှာပဲလေ'

ချယ်လည်း မိုးရေတံခွန်အား ရဲရဲပင် မကြည့်ရဲတော့။ ရှက်လွန်း၍ ချယ် ထူထူပူပူကြီးနှင့် မိုးရေတံခွန်အား ဘာမှတုန့်ပြန်ပြောဆိုမနေတော့ဘဲ သူမကားလေးပေါ် ပြေးတက်ကာ မောင်းထွက်လာခဲ့သည်။ သူမ ဘာဖြစ်လို့များ မိုးရေတံခွန်ရဲ့ ပါးကို ထပ်မရိုက်ခဲ့ရတာလဲ။ အလျှော့ပေးခဲ့ပြီလား။ သူမ နှုတ်ခမ်းသားတွေ ထူအမ်းနာကျင်နေဆဲပင်။ အရှုံးကောင်။ နင်လား ငါ့ကိုချစ်မှာ။ ဖျက်စီးချင်လို့။ အညှိုးနဲ့ ချစ်တယ်လို့ပြောတာ။ သူမကားကို သတိလက်လွတ် မောင်းနေရင်း မျက်ရည်တွေက ချယ့်မျက်ဝန်းတွေထဲမှာ ပြည့်ဝိုင်းလာသည်။ ချယ့်စိတ်တွေ ချောက်ချားရလွန်း၍ ကားကို ဆက်မမောင်းနိုင်တော့ဘဲ လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပစ်သည်။

'ကိုယ့်ရင်ထဲမှာ ချယ့်ကို အရမ်းချစ်မိသွားပြီ ချယ်ရယ်'

'အရှုံးကောင်'



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး။ မိုးရေတံခွန်နှင့် ချယ်က ကမ္ဘာ့ရန်သူ နံပါတ်တစ်တွေပဲဟာ။ အသွိုးအတေးကြီးကြီးနဲ့ သူမကို လက်စား ချေဖို့ ခြေလှမ်းတစ်လှမ်းဘောင်လှမ်းပစ်လိုက်ခြင်းပါ။ မိထွေးရဲ့ သမီး ကျွန်မကို ရှင်နည်းမျိုးစုံနဲ့ ဖျက်စီးပစ်မလို့ပါ။ သူမ အနိုင် အကြာကြီးပဲ ကားပေါ်မှာ ထိုင်နေမိရင်း စိတ်တွေကို ငြိမ်သက် စေရန် ထိန်းချုပ်ရတာပင် ခက်ခဲပင်ပန်းနေသည်။

၀

## အခန်း(၁၆)

ချယ် အိပ်ယာပေါ် လှဲအိပ်နေရာကနေ ဆတ်ခနဲထထိုင် သည်။ မိုးရေတံခွန်ရဲ့အနမ်းတွေ ဒီကောင်။ ချယ့်ကို စော်ကားခဲ့ တာပဲ။ ချယ့်နှလုံးသားတွေက နာကျင်စွာ လက်ခံယူချင်နေ၏။ မိုးရေတံခွန်ကို တုံ့ပြန်ချစ်မိနေပြီလားပဲ။ မုန်းတီးနာကျည်း ရန်လို မှုတွေ ရုတ်တရက်ကြီး ပျောက်ဆုံးသွားသည်။ သူက ချယ့်ကို ချစ်တယ်လို့ ပြောတာ။ ချယ့်နှလုံးသားထဲမှာ ယုံကြည်လက်ခံနေ ၏။ မိုးရေတံခွန်က ချယ် ပထမဆုံး ထိတွေ့ဆက်ဆံဖူးတဲ့ ယောက်ျားလေးတစ်ယောက် ဖြစ်နေ၍လည်း ချယ့်နှလုံးသားတွေ အကျောခတ်ထန်မှုတွေ ပျောက်သွားသလို အချစ်တွေနှင့် ရင်တွေ ခုန်ချင်နေသည်။ မိုးရေတံခွန်က သူမအား ချစ်တယ်ဆိုတာရော ငြင်းဆန်မှုမရှိနိုင်ပါဘူး။ ဒါကို ချယ် အသိမှာ စွဲမြဲစွာသိနေ၏။ အသိကြီးနဲ့ပဲ မိုးရေတံခွန် အချစ်တွေကို တုန့်ပြန်လက်ခံချင် သည်။ ချယ့်စိတ်ထဲမှာ သူ့ကိုချစ်နေမိပြီဆိုတဲ့ အရာကို ဖျောက်





www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပစ်ဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် မဖြစ်နိုင်ပေ။ ချစ်တယ် ချစ်တယ်ဟုပဲ အော်မည်နေသည်။

'ချယ်ရေ… သမီးချယ်… ထတော့လေ၊ မာမီတောင် ဆိုင်ဖွင့်တော့မယ်၊ သမီးလေး ဒီနေ့မနက် အိပ်ယာထ နောက်ကျ လိုက်တာ၊ အိပ်ပုတ်ကြီးနေတာ ထင်တယ်'

မာမီ့အသံက ချယ့်အခန်းအပြင်မှာ ထွက်ပေါ်လာသည်။ ချယ် ထိတ်ခနဲဖြစ်သွား၏။ မျက်နှာပူနေသည်။ မာမီရေ ချယ် တော့လေ မိုးရေတံခွန်ကို မမုန်းတော့ဘူး သိလား။ ချစ်မိသွား ပြီလို့ ပြောချင်လာ၏။ မာမီလည်း ဦးမိုးဝသုန်ကို လက်ထပ်ချင် ရင် လက်ထပ်တော့ ချယ်ကြည်ကြည်ဖြူဖြူ လက်ခံပါတယ်ဟု ပြောပစ်ချင်တာ ဘယ်ကနေ ဘယ်လိုစပြောရမှန်းမသိ။ မာမီက ထပ်ပြီးနှိုးသည်။

'ချယ်လေးရေ ထတော့လေ၊ သမီး ကျောင်းသွားရဦး မယ်၊ ဒီနေ့မှ ဘယ်လိုဖြစ်ပြီး နောက်ကျနေရတာလဲ'

'ဒေါက်… ဒေါက်'

'ဒေါက်'

'အား… ထပါပြီ မာမီ၊ ချယ် ရေချိုးခန်းထဲဝင်တော့မယ် နော်'

'အေး… အေး… မာမီ သွားပြီနော်၊ မနက်စာအတွက် မာမီ စီစဉ်ထားတယ်၊ သမီးလေး အကြိုက်တွေလေ၊ မာမီက





လက်ထပ်တော့မှာမို့ပေါ့၊ သမီးလေးအတွက် အစွမ်းကုန် ပြုစုပေး နေတာ'

မာမီက နောက်သလို ပြောင်သလိုနှင့် သူလက်ထပ်တော့ မည့်အကြောင်းလည်း အသိပေးသလို ထည့်သွင်းပြောကာ ဆိုင် ထွက်ဖို့ သွားသည်။ အရင်ကဆိုရင် ဒေါသတကြီးနှင့် မျက်စိရှေ့ မှာရှိနေတဲ့ တစ်စုံတစ်ခုအား ကန်ကျောက်ပေါက်ကွဲပစ်မိမှာ ဖြစ် သမယ့် အခုတော့ နှုတ်ခမ်းလေးက ပြုံးသွားသည်။ လက်ထပ် တော့ မာမီရေ။ လက်ထပ်လိုက်ဟု စိတ်ထဲက ပီတိတွေအပြည့် နှင့် ပြောနေမိသည်။

'မာမီရေ… သမီးလည်း မိုးရေတံခွန်ကို ချစ်နေပြီ၊ အချစ်ဆိုတာ ဆန်းကျယ်လိုက်တာနော်၊ အရမ်းမုန်းလွန်းရင်လည်း အရမ်းချစ်သွားတတ်တာ အမှန်ပဲနော် အဟဲ'

ချယ့်နှုတ်ကနေ အသံထွက်အောင် ပြောပြီးရယ်ပစ်သည်။ ကောင်းတာပေါ့လေ။ မိသားစုပြဿနာ မရှိတော့ဘူး။ မိထွေး ထွေးဆိုတာ မရှိတော့ဘဲ ယောက္ခမ သမက် ချွေးမ ပတ်လည် အမျိုးတော်သွားသည်။ ချယ် ရေပန်းအောက်မှာ အေးစိမ့်သွားစေ ဖို့ အကြာကြီး ချိုးပစ်လိုက်၏။ မာမီ့ကိုတော့ ပြောပြရမယ်။ မာမီ အရမ်းဝမ်းသာသွားမလားပဲ။ ညကျရင် အေးအေးဆေးဆေး ပြောပြမယ်။ ချယ်နဲ့ မိုးရေတံခွန်တို့လည်း လက်ထပ်မယ်လို့။ ဒါ… သူနဲ့ချယ် ချစ်သူတွေမှ အတိအကျ မဖြစ်ကြသေးတော့



www.burmeseclassic.com

www.burmeseclassic.com



ချယ် ကြည်ကြည်ဖြူဖြူ ခေါင်းညိတ်လက်ခံလိုက်မယ်။ ရေချိုး ခန်းထဲမှ ပြန်ထွက်လာပြီး အလှတွေပြင်နေတုန်းမှာပဲ မိုးရေတံခွန် ဆီက ဖုန်းဝင်လာသည်။

'ချယ်'

'ရှင်'

'ကိုယ်တွေ့ချင်တယ်၊ ညက တစ်ညလုံး ကိုယ်အိပ် မပျော်ဘူး ချယ်၊ မိုးလင်းတဲ့အထိ စောင့်နေရတာ အရမ်းစိတ်ဆင်း ပန်းတယ်ကွာ၊ တွေ့ချင်တယ်၊ ခဏလေးပဲဖြစ်ဖြစ် လာခဲ့ပါ Royal Rose ကနေ စောင့်နေမယ်၊ ချယ် မလာမချင်းပဲမျှော် မျှော်လင့်နေမယ်နော်'

သူမ ဘာတစ်ခုမှ တုန့်ပြန်မပြောနိုင်ခင် မိုးရေတံခွန် က ဖုန်းပိတ်သွားသည်။ ချယ်လည်း ရုတ်တရက်ကြီး ဖုန်းဆက် လာ၍ ဘာပြန်ပြောရမှန်းမသိအောင် အသံတွေတိမ်ပြီး ဆွံ့အ ကြီးဖြစ်သွားရသည်။ ချယ် ပျော်ရ၏။ မာနတွေလွှင့်ပြီး တင်းခံ နေတတ်တဲ့ ချယ့်နှုတ်ခမ်းလေးပေါ်မှာ အပြုံးတွေ ထင်နေ၏။ ချယ် မှန်ရှေ့မှာ အလှပဆုံးပြင်သည်။

'ဘာဝတ်ရမလဲ၊ လုပ်ပါဦး၊ မိုးရေတံခွန်က ဂူချီရှိရှိ နဲ့ တည်တည်ငြိမ်ငြိမ်ဝတ်စားပြင်ဆင်တာ ကြိုက်မှာပါ ချယ့် အလန်းတွေ ဝတ်လို့မဖြစ်ဘူး၊ ဒုက္ခပါပဲ၊ လုပ်ကြပါဦး၊ လုပ်ကြပါ ဦး'





ချယ့်မှာက ဂူချီရှိရှိ မိန်းကလေးပီပီသသ အဝတ်အစား တွေက မရှိပေ။ မဖြစ်သေးဘူး။ မိုးရေတံခွန်က လူသာငယ်တာ သူ့ဝတ်ပုံက ရိုးရိုးရှင်းရှင်းပဲ။ တကယ့်ကိုတည်ငြိမ်တာ။ ဘောင်း ဘီဝတ်ရင်လည်း သေသပ်ခန့်ညားတဲ့ စတိုင်ပင်နဲ့တွေပဲ ဝတ် တတ်သည်။ ချယ်ကလည်း မိုးရေတံခွန်နှစ်သက်သဘောကျမည့် ဝတ်စားပြင်ဆင်မှုတွေပဲ ဖြစ်ချင်နေ၏။ သူမမှာ မရှိတော့လည်း မာမီငယ်စဉ်က ဝတ်တဲ့အဝတ်အစား ဘီဒိုအား သွားဖွင့်သည်။ မာမီက စည်းကမ်းကြီးသည်။ ငယ်စဉ် အပျိုစင်ဘဝက အဝတ် အစားတွေပင် နှစ်သက်စွာ တရိုတသေ သိမ်းထားတတ်သည်။

'အား… တွေ့ပြီ၊ ဒီဇင်းမယ်ထမီလေးကလည်း ခေတ်မီ နေတုန်းပဲ၊ အင်္ကျီကတော့ ချယ်ဝတ်တဲ့ စီလွှန်နိုင်လွန်အင်္ကျီလေး ဝတ်မယ်'

မာမီ့ဗီရိုကို ဖွင့်ပြီး အင်္ကျီတွေရော ထမီတွေရော တစ် ထည်ပြီးတစ်ထည် ထုတ်ဝတ်ကြည့်သည်။ ချယ်နှင့်တော်မည့် နိုင်လွန်အင်္ကျီလေးနှင့် ဇင်းမယ်ထမီလေးကို ဝတ်သည်။ မိုးရေ တံခွန် မြင်ရင်တော့ မျက်စိကျမှာပါ။ ချယ်က ချယ့်ကိုနမ်းရှိုက်တဲ့ ယောကျ်ားနှင့် ချယ်လက်ထပ်ယူမည့် ယောကျ်ားက တစ်ယောက် တည်းပဲ ဖြစ်ချင်၏။ ဒါကြောင့်လည်း မိုးရေတံခွန်ကိုပဲ ချယ်ရဲ့ ချစ်သူ လက်ထပ်မည့် ခင်ပွန်းလောင်းအဖြစ် ရွေးချယ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… နောက်ကျနေပြီပဲ၊ မိုးရေတံခွန် အရမ်းစောင့်နေရတော့မယ်၊ သွားမှဖြစ်မယ်'

မှန်ထဲက သူမ့ ရုပ်ပုံလွှာကို ပြန်၍လက်ပြနှုတ်ဆက်ပြီး အခန်းထဲကနေ ပြေးထွက်လာသည်။ မိုးရေတံခွန်နှင့် ချိန်းထားတဲ့ Royal Rose သို့ ကားကိုခပ်သွက်သွက် မောင်းပြီး အရောက်သွားသည်။ အောင်မလေး ချယ့်စိတ်တွေအရမ်းလှုပ်ရှားနေ၏။ ဒါ ရည်းစားနဲ့ ချိန်းတွေ့တာ ပထမဦးဆုံးပဲဆိုတော့ ချယ့် လက်ဖျားခြေဖျားလေးတွေပင် စိုစွတ်အေးစက်လာသည်။ သူ ချယ့်ကိုတွေ့ရင် ဘာလုပ်မှာလဲ။ ဟိုနေ့ညကလို ပွေ့ဖက်နမ်းရှိုက်ပစ်မှာလား။ ချယ် ရင်တုန်သွားပြီး ပြန်လှည့်ထွက်သွားရမလား။ စဉ်းစားမိသွားသေးသည်။

'သွားမယ်၊ လူတွေအများကြီးရှိတာပဲ'

ချယ် ကားပေါ်ကနေ ဆင်းပြီး စားသောက်ဆိုင်ထဲ ဝင်လာခဲ့သည်။ မိုးရေတံခွန်က အနောက်ဆုံး ထောင့်စွန်းခုံမှာ ထိုင်နေ၏။ ချယ် စိတ်ကိုတင်းပြီး သူ့အနားလျှောက်သွားသည်။

'ချယ်'

ချယ် ဂါဝန်စားပြင်ဆင်လာပုံကို ကြည့်၍ မိုးရေတံခွန် သဘောကျနှစ်သက်သွားရသည်။ သူ့ကို ချစ်ပါတယ်ဟု ဝတ်ဆင်ပြလိုက်တာပဲ။ အမူအယာ အသွင်အပြင်နဲ့ ပြတာလေ။ ချယ် ဝတ်စားပြင်နေကျ ပုံစံမျိုးနှင့် လုံးဝဆန့်ကျင်ဘက်ပဲ။ မိုးရေတံခွန်





နှစ်သက်မြတ်နိုးမယ့်ပုံစံလေး ဝတ်လာခြင်းပင်။ အရမ်းကို ကြည့်ကောင်းပြီး သူ့ရင်ကို တဒိန်းဒိန်း မြည်ဟီးရိုက်ခတ်သွားသည်။ သူ့ရှေ့မှာ ချယ် ဝင်ထိုင်၏။ လုံးဝကျေနွံအပြည့် တည်ငြိမ်နေသည်။

'ချယ်'

'ဟင်'

'ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးလိုက်ပြီနော်'

'ရှင် ဟို… ဟို… ဘာဖြစ်လို့လဲ'

ချယ် ကြောင်တောင်တောင်နှင့် ရှက်လည်း အရမ်းရှက်နေရပြီ။ မျက်နှာပေးမှာ ပူရှိန်းရှိန်းလေး အငွေ့က ဖြတ်သန်းနေသည်။ မိုးရေတံခွန်ကိုလည်း သိပ်မကြည့်ရဲဘူး။ ကြည့်စမ်းဘယ်တုန်းကမှ တစ်စုံတစ်ယောက်ရှေ့မှာ သတ္တိကြောင်ပြီး ကျွတ်နေတဲ့ ပုံစံမရှိခဲ့။ ထိုပုံစံကိုလည်း ချယ် လုံးဝမနှစ်သက်ပေ။ ဇတ်ဇတ်ကြဲ စွာတေးလန်မလေး ဟန်းနှချယ်က မိုးရေတံခွန်ရှေ့မှာ ယုန်သူငယ်လေးတစ်ကောင်ဖြစ်နေ၏။ သူက ရယ်သည်။

'ချယ် တကယ့်ကို ပုံစံပြောင်းသွားတာပဲကွာ၊ မိန်းကလေးဆိုတာ အရှက်တွေ ကြွေ့သိက္ခာတွေ နူးညံ့မှုတွေ ရှိနေမှ ကိုယ်က နှစ်သက်တယ်၊ အရမ်းလည်း မြတ်နိုးတယ်ကွာ'

ချယ် ပြောင်းလဲသွားတဲ့ ပုံစံလေးကို မိုးရေတံခွန် နှစ်သက်သည်။ သူ့စိတ်ထဲမှာ ကျေနပ်ပီတိတွေနှင့် စားပွဲပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတဲ့ ချယ်လက်အေးစက်စက်လေးအား ဆုပ်ကိုင်မိသည်။

'အမေ့'

'အို'

ချယ် ရှန်းဖယ်ပြီးမှ ငြိမ်သက်သွားသည်။ မျက်တောင်ကော့ကော့လေးတွေ ဖြတ်ခနဲပင့်တက်လာကာ မရဲတရဲ ကြည့်ပြီး အကြည့်ကို ပြန်လွှဲပစ်၏။ သူ ချယ်မျက်နှာချောချောမွတ်မွတ်နုနုလေးအား ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်သည်။

'ချယ် ဒီနေ့ အရမ်းလှတယ်၊ ကိုယ့်ရင်ထဲမှာ အေးချမ်းချိုမြိန်သွားတယ်ကွာ၊ ကိုယ်တောင်းပန်ပါတယ်၊ ချယ့်အပေါ် ရိုင်းပြမှုတွေ နိုင်ထက်စီးနင်းယှဉ်ပြိုင်မှုတွေအတွက် တောင်းပန်တာပါ'

'ဟို… ဟို… ချယ်လည်း တောင်းပန်ပါတယ်နော်၊ အနိုင်ယူတုံ့ပြန်မှုတွေအတွက် အားလုံးကိုပဲ တောင်းပန်တာပါနော်'

'ဒါဆို ကိုယ်နဲ့ချယ် Peace ဖြစ်သွားပြီနော်၊ ငြိမ်းချမ်းရေးပဲ'

မိုးရေတံခွန်က သူမအား တယုတယခွဲကျွေးတော့မတော်အကြင်နာမျက်ဝန်းတောက်တောက်ပပနှင့် ကြည့်ပြီး စားစရာတွေ ထည့်ပေးသည်။ ချယ်လည်း ဘယ်လိုယောက်ျားလေးနှင့်မှ နီးနီးကပ်ကပ် နွေးနွေးထွေးထွေး မနေခဲ့ဖူးပေ။ ရုက်ပြီး ထူပူနေပေ





မယ့် တဖြည်းဖြည်း နေသားကျသွားကာ ပျော်လာ၏။ မိုးရေတံခွန်က ဒယ်ဒီနှင့်မာမီကို လက်ထပ်စေပြီး မိသားစုအသိုက်အမြုံလေး တစ်ခု ပျော်ရွှင်စွာ တည်ဆောက်ဖို့ ပြောနေသည်။

'ကိုယ်တို့ချစ်သူနှစ်ယောက်အတွက် အရမ်းအေးချမ်းနေပါပြီကွာ၊ အရမ်းကောင်းတယ်နော်ချယ်၊ အိုကေပဲကွာ၊ ဒယ်ဒီကလည်း အရမ်းသဘောကျမှာ၊ ဒယ်ဒီတို့ လက်ထပ်ကြပါစေ၊ ကျောင်းပြီးတာနဲ့ ကိုယ်နဲ့ချယ် လက်ထပ်မယ်၊ ဟာကွာ၊ လောကကြီးက ဒီလောက်သာယာပျော်ရွှင်စရာ ကောင်းနေမှန်း စောစောက မသိခဲ့ဘူး'

'အင်း… ဟုတ်တယ်နော်၊ မာမီကလည်း လက်ခံမှာပဲ၊ ငြင်းပယ်စရာအကြောင်းလည်း မရှိဘူး၊ အရင်က ရန်ဖြစ်နေခဲ့တာတွေ အဖိုးတန်အချိန်တွေကို ဖြုန်းတီးပစ်ခဲ့တာပဲ'

'ရန်ပွဲဖူးစာပဲနော် ချယ်၊ အရမ်းမုန်းတီးနေကြတဲ့ သူတွေက အရမ်းချစ်တတ်သွားကြတာပဲလေ၊ အစောကြီးကတည်းက တွေ့တွေ့ချင်းပဲ ချစ်မိသွားရင် ဘယ်လောက်အိုကေမလဲ၊ နှမြောစိုက်တာ အချိန်တွေ'

ချယ်နှင့် မိုးရေတံခွန်တို့ ချစ်သူတွေ နှစ်ယောက် ချစ်သူတွေဖြစ်သွားကြတဲ့ ပထမဆုံးနေ့မှာပင် အမှတ်တရနေ့လေး ဖြစ်စေရန် လျှောက်လည်ကြသည်။ ပထမဆုံး ရွှေတိဂုံဘုရားမှာ ငြိမ်းရေချမ်းဆီမီးတွေ ကပ်လှူပြီး ချစ်သူနှစ်ယောက် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာမျိုးနှင့် တွေ့ကြုံရပါစေ။ မြဲမြဲစွာ ပေါင်းဖက်ကြ မည်ဟု သစ္စာဆိုကြ၏။ ပြီး ကစားကွင်းသွားကြကာ မိုးကောင်း ကင်ကြီးပေါ် လွင့်နေတဲ့ ရိုလာကိုစတာ စီးကြသည်။

'အောင်မလေး ရင်တွေတုန်လိုက်တာ ကိုရယ်။ ကြောက် စရာကြီးနော်'

'ကိုယ်ဖက်ထားပါတယ် ချယ်ရယ်၊ မကြောက်နဲ့နော် ကိုယ့်ရင်ခွင်က ချယ့်ကို အမြဲတမ်းလုံခြုံစိတ်ချနေအောင် အထ အကွယ်ပေးနေပါတယ်'

'တကယ်ပိုတယ်ကွာ'

'မပိုပါဘူး ချယ်ရယ်၊ ကိုယ့်အချစ်ဦးရဲ့ အပြုံးကလေး ကို ကိုယ့်နှလုံးသားတွေထဲအထိ စူးနစ်တိုးဝင် ချစ်မိနေပြီလေ'

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် တင်းကျ စွာ ပွေ့ဖက်ရင်း ရယ်မောရင်း ပျော်နေသည်။ ပြီးတော့ တိုက်ကား လည်း မောင်းကြတယ်။ အကောင်းဆုံးစားသောက်ဆိုင်တွေမှာ လည်း သွားစားကြတယ်။ အချစ်သက်တမ်း စနေ့မှာ အပျော်တွေ အများကြီးဖန်တီးထားမှ ဘဝတစ်လျှောက်လုံး ပျော်ရွှင်ကြရမှာ ဟု ချယ်ရော မိုးရေတံခွန်ရော ယူဆသတ်မှတ်ထားသည်။

'ချယ် ပျော်လား၊ ဒီနေ့ကစပြီး အပျော်တွေပဲ ရှိနေရမယ် အမှတ်တရတွေ အများကြီး လုပ်ထားကြမယ်၊ ဒါမှ တစ်သက်လုံး မေ့ပျောက်မသွားမှာလေ'





'အင်းနော်'

'နောက်ပြီး ဘာထပ်လုပ်ကြရင် ကောင်းမလဲ၊ ဟာ… ကိုယ်အကြံရပြီ၊ အရေးကြီးဆုံးလုပ်စရာ ကျန်နေသေးတယ်'

'ဘာလဲဟင်'

မိုးရေတံခွန်က တစ်စုံတစ်ခုအား သတိရသွားပြီး သူ့ မျက်နှာကြီးက ဝင်းလက်တောက်ပစွာ ပြုံးဖြဲဖြဲနှင့်ကြည့်တော့ ချယ် နားမလည်သလို ဘာလဲဆိုတာ သိချင်လာ၍ ဘာလဲဟုမေး တော့ သူက ချယ့်ပါးလေးနှစ်ဖက်အား သူ့လက်နှစ်ဖက်နှင့် ညှပ်ယူကာ သူ့မျက်နှာနှင့် အနီးကပ်ဆုံးမှာ ထားသည်။

'ချယ့်ကို အချိန်အကြာကြီး နမ်းဖို့လေ'

'အို…ဘုရားရေ'

လူတွေကလည်း ရှင်းနေသည်။ ကားပေါ်မှာနှစ်ယောက် သား ထိုင်နေကြတာဖြစ်၍ နောက်ဆုံးအမှတ်တရလေးက အချိန် ကြာမြင့်သွားရလေသည်။

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၇)

'မသွယ်… သမီးချယ် မရောက်သေးဘူးလား၊ အမေ ပြန်လာတာတောင် ထွက်မကြိုဘူး'

'အပြင်ထွက်သွားတာပဲ မမကြီး၊ ဟုတ်တယ်နော်၊ ဒီနေ့ နောက်ကျလိုက်တာ၊ အမြဲတမ်း မမကြီးဆိုင်က မလာခင် ချယ်လေး ပြန်ရောက်နေကျပါ'

'အင်း… တကယ်ထူးဆန်းနေတယ် မသွယ်ရေ၊ သမီးချယ် နောက်ကျတာ ပထမဆုံးပဲ၊ အမေပြန်လာနေကျအချိန် တစ်ရက်တောင် မပျက်ကွက်ခဲ့ဘူး'

သမီးချယ် ကြိုနေတာ မတွေ့တော့လည်း ဒေါ်ပန်းရောင်သွေး စိတ်ထဲမှာ ဟာတာတာကြီးနှင့် လွမ်းဆွတ်မိနေသလိုပဲ။ သမီးချယ် ဘာဖြစ်လို့ နောက်ကျရတာလဲ။ နှစ်ပေါင်းများစွာ တစ်ရက်လေးတောင် ပျက်ကွက်မှုမရှိဘဲ အမေပြန်အလာကို ကြိုဆိုနေကျပါ။ သမီးချယ် စိတ်ကောက်နေတာပဲဖြစ်မယ်။ မိမိ





လက်ထပ်ပြီး သမီးချယ်ကို ထားခဲ့တော့မှာ သိနေ၍ ဖြစ်နိုင်သည်။ ဘယ်လိုလုပ်ရမလဲ။ မိမိကလည်း လက်ထပ်ပွဲကို အပျက်မခံနိုင်။ ဖြည်းဖြည်းတော့ သမီးချယ် နားလည်လက်ခံသွားမှာပါလေ။ လောလောဆယ်တော့ နေသားမှ မကျသေးကာပဲ။ ထားလိုက်ပါလေ။ မာမီ့စိတ်တွေ ပျော်ရွှင်ဖို့ မာမီ လုပ်ပါရစေ။ တစ်နေ့ သမီးလေး နားလည်လက်ခံလာမှာပါ။ စိတ်မကောင်းပေမယ့် ကိုဝသုန်နှင့် လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီဖြစ်၍ မိမိအိပ်ခန်းထဲ ဝင်လာခဲ့သည်။

'ဟင်… အောင်မလေး အဝတ်အစားပွနေတာပါလား၊ ဘယ်လိုဖြစ်ရတာလဲ၊ တစ်ခန်းလုံးပွရှုပ်နေတာပါပဲလား၊ ဘုရားရေ သူခိုးဝင်ပြီ ထင်တယ်'

သေသေသပ်သပ် စည်းစနစ်ကျကျ သိမ်းဆည်းထားတဲ့ မိမိအပ်ချုပ်စင်ဘဝက ဝတ်တဲ့အဝတ်အစား ဗီဒိုက ပွင့်နေပြီး အင်္ကျီတွေ ထမီတွေ ပွကြဲနေသည်။ သူခိုးဝင်သွားတာတော့ သေချာတယ်။ တစ်ခန်းလုံး အဝတ်ဟောင်းဗီဒိုပဲ မွှေနှောက်သွား၏။ ဒေါ်ပန်းရောင်သွေး သူခိုးဝင်မွှေတာ သေချာသည်ဟု ထင်၍ အပြင်သို့ ပြေးထွက်လာသည်။

'မသွယ်ရေ… လာပါဦးဟဲ့၊ မမကြီးအိပ်ခန်းထဲ သူခိုးဝင်မွှေသွားတယ်၊ သူခိုးဟဲ့ သူခိုးဝင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… မမကြီး ဘာတွေပြောနေတာလဲ၊ ဘယ်
သူခိုးလဲ၊ မဖြစ်နိုင်တာ'

'ဟဲ့… ဘာဖြစ်လို့ မဖြစ်နိုင်ရတာလဲ၊ လာ…
ကိုယ်တိုင် လာကြည့်၊ အိမ်ထဲမှာ ဘာတွေလုပ်နေလဲ၊ နင် တံ
သော့မခတ်ထားဘူးလား'

'ပိတ်ထားပါတယ်'

'လာကြည့် လာ'

မသွယ် လက်ကို ဆွဲခေါ်လာပြီး မိမိအိပ်ခန်းထဲမှာ သူ
မွှေနှောက်သွား၍ ပွကျဲနေတဲ့ ဗီဒိုကို ပြလိုက်သည်။ မသွယ်လည်း
ရင်ဘတ်ကို ဖိပြီး အံ့သြနေ၏။ သူခိုးက ဘယ်လိုလုပ်ဝင်ရတာ
ဟု ထစ်ထစ်အအနှင့် ပြောနေသည်။

'သူခိုးက ဘယ်လိုအခန်းထဲပဲဖြစ်ဖြစ် ဝင်နိုင်တယ်
နင်က နမော်နမဲ့နေတာပဲ၊ ကြည့်စမ်းပါဦး ဘာတွေပါသွားသေ
လဲ၊ ကြည့်ရဦးမယ်၊ ဘာတွေပါသွားလဲလို့'

ဒေါ်ပန်းရောင်သွေး တုန်တုန်ချိချိနှင့် မိမိ အိပ်ခန်းတ
လုံး စစ်ဆေးသည်။ စိန်ရွှေရတနာထားတဲ့ မီးခံသေတ္တာကလည်း
ပုံစံမပျက်။ တခြားအဝတ်ဗီဒိုတွေလည်း ဒီအတိုင်းပဲ သေသေ
သပ်သပ်ရှိနေ၏။ ပျောက်ရတာမျိုးလည်း မရှိပေ။ သူခိုးက မ
လို့များ ဘာတွေလာရှာတာလဲ။ ပွကျဲနေတဲ့ အဝတ်ဟောင်းဗီဒို





ပြန်စစ်ဆေးကြည့်တော့ မိမိအပျိုစင်ဘဝက ဝတ်တဲ့အင်္ကျီနှင့်
င်းမယ်ထမီတစ်ထည်ပဲ ပျောက်ဆုံးနေသည်။

'မမကြီး ဘာတွေပျောက်လဲ၊ အဖိုးတန်ပစ္စည်းတွေ ဘာ
တွေပါသွားလဲဟင်'

'မမကြီး အပျိုစင်ဘဝက ဝတ်တဲ့ ဝတ်စုံတစ်စုံပဲ ပျောက်
ဘာပါ မသွယ်၊ အဖိုးမတန်ပေမယ့် မမကြီးအနှစ်သက်ဆုံး ပစ္စည်း
တွေပါ၊ အပျိုစင်ဘဝက ဝတ်စုံတွေဖြစ်နေလို့ တန်ဖိုးထားတယ်၊
ပျောက်သွားတဲ့ ဝတ်စုံက မမကြီးနဲ့ နင့်အစ်ကိုကြီးတို့ ချစ်သူတွေ
ဖြစ်ကြတဲ့နေ့မှာ အမှတ်တရ ဝတ်တာ၊ နမျောလိုက်တာဟယ်၊
နင့် မမမလေးဝတ်သွားတာရော မဖြစ်နိုင်ဘူးလား၊ မဖြစ်နိုင်ဘူး
သွယ်၊ လုံးဝမဖြစ်နိုင်တာ၊ နင့်မမလေးက ဒီလိုဝတ်စုံတွေကို
ကြိုက်ဘူး၊ ဝတ်စရာအကြောင်းကို မရှိတာ၊ သူခိုးဝင်မွှေတာပဲ'

'မမလေးထွက်သွားတာလည်း အမှတ်တမဲ့ဖြစ်နေလို့
သတိမထားမိဘူး၊ မမလေးကလည်း မဝတ်နိုင်ဘူး'

'သူခိုးဝင်တာ သေချာတယ်၊ အဖိုးတန်မပါပေမယ့်
မကြီး တန်ဖိုးထားရတဲ့ ပစ္စည်းတစ်ခုပဲ မသွယ်၊ သက်ဆိုင်ရာကို
တိုင်ရမယ်၊ ဒီသူခိုးအတင့်ရဲလွန်းတယ်'

'ဟုတ်တယ် မမကြီး၊ ကြည့်စမ်းပါဦး၊ အခန်းထဲအထိ
ဝင်မွှေတာ၊ ဘယ်လိုကနေ ဝင်လည်းမသိဘူး၊ အတွင်းလူများလား



www.burmeseclassic.com

www.burmeseclassic.com



အတွင်းလူဆိုရင်လည်း မသွယ်နဲ့ခြံစောင့်ပဲ ရှိတာ မမကြီးစဉ်းစား ရခက်လိုက်တာ'

'ရှုပ်တယ်၊ စခန်းပဲ တိုင်မယ်၊ အတင့်ရဲတဲ့ သူခိုး အ ဖမ်းပြမယ်'

ဒေါ်ပန်းရောင်သွေး သက်ဆိုင်ရာစခန်းကို ဖုန်းဆက် လိုက်သည်။

'ကျွန်မတို့တိုက်ထဲ သူခိုးဝင်မွှေသွားလို့ပါ၊ လာပြီး စစ်ဆေးပေးပါရှင်'

အဖိုးတန်ပစ္စည်းမဟုတ်ပေမယ့် ဒေါ်ပန်းရောင်သွေး အတွက်ကတော့ အမှတ်တရပစ္စည်းဖြစ်နေ၍ နှမြောမိသည်။ စိန်ရွှေတွေဆိုရင်တောင် ဒီလောက်နှမြောမှာ မဟုတ်။ ဖမ်းရမယ်။ ဒီဝတ်စုံကို မရရအောင် ပြန်ရှာရမယ်။ ဒေါ်ပန်းရောင်သွေး ဒေါသဖြစ်နေသည်။ မကြာခင် စခန်းက သက်ဆိုင်ရာရောက်လာ၏။ ဒေါ်ပန်းရောင်သွေးရဲ့ အိပ်ခန်းကို စစ်ဆေးကြသည်။

'ကျွန်မ ပြန်ရောက်လာတော့ ဒီပုံစံ တွေ့ရတာပဲ၊ ပစ္စည်းကတော့ ဘာမှမပါပါဘူး၊ ကျွန်မ ငယ်စဉ်က တန်ဖိုးထားရတဲ့ ဝတ်စုံပါသွားတယ်၊ ကျွန်မ ပြန်ရှာချင်တယ်၊ တန်ဖိုးထားရတဲ့ ပစ္စည်းဖြစ်နေလို့ပါရှင်'

'စိတ်ချ၊ ကျွန်တော်တို့ကတော့ ဘယ်လောက်တန်ဖိုး





ဖြစ်ဖြစ် တာဝန်ကျေအောင် လုပ်ဆောင်ပေးမှာပါ၊ ဒီမှာနေထိုင်တဲ့ သူတွေကိုတော့ စစ်ဆေးပါ့မယ်၊ အပြင်လူမဖြစ်နိုင်လို့ပါ'

မသွယ်နှင့် ခြံစောင့်ကြီးကို စစ်ဆေးသည်။ သက်ဆိုင်ရာတွေ အစဉ်းစားရခက်ပြီး ခေါင်းခြောက်နေကြ၏။ ဒေါ်ပန်းရောင်သွေးကလည်း အမှတ်တရပစ္စည်းလေးမို့ ရအောင်စုံစမ်းရှာဖွေပေးပါရန် ပြောသည်။ စစ်ဆေးရင်း သက်ဆိုင်ရာတွေပင် မျက်စိလည်နေ၏။ အတွင်းလူပဲဟု ပြောပေမယ့် အတွင်းလူက ရှိနေသည်။

'စိတ်မပူပါနဲ့ ဒေါ်ပန်းရောင်သွေး၊ ရအောင်ရှာပေးပါ့မယ်၊ ဒီသူခိုးက ထူးဆန်းနေတယ်၊ ရအောင်စုံစမ်းဖော်ထုတ်ပေးပါ့မယ်'

'ကျေးဇူးပါပဲရှင်'

သက်ဆိုင်ရာတွေ ပြန်သွားသည်။ မသွယ်နှင့် ဒေါ်ပန်းရောင်သွေးတို့ ပစ္စည်းတွေ ပြန်သိမ်းကြ၏။ ပွသွားတာမှ ဗီဒိုတစ်လုံးပဲ။ ဒေါ်ပန်းရောင်သွေး အမြတ်တနိုး အမှတ်တရပစ္စည်းတွေအဖြစ် သိမ်းဆည်းထားတာတွေပါ။ ပြန်သိမ်းရတာပင် ဖတ်ဖတ်မောနေကြသည်။

'တော်တော်ဒုက္ခပေးတဲ့ သူခိုးပဲ၊ သိမ်းလိုက်ရတာ၊ ပင်ပန်းလိုက်တာ မမကြီးရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ သူခိုးမိလို့ကတော့ ထောင်ကိုချပစ်လိုက်မယ် ဒင်းကို လုံးဝခွင့်မလွှတ်ဘူး'

ဒေါ်ပန်းရောင်သွေး မကျေနိုင်မချမ်းနိုင်နှင့် သူခိုးအား ကြိမ်းမောင်းနေသည်။

'သမီးချယ်လည်း မလာသေးပါလား၊ ဒီကောင်မလေး နောက်မကျဖူးပါဘူး၊ ဘယ်အချိန်ရှိနေပြီလဲ၊ စိတ်ပူလာပြီ'

'ဟော… မမလေး ကားဝင်လာပြီထင်တယ်'

မသွယ် ထပြီး အပေါ်ထပ်ပြတင်းပေါက်ကနေ လှမ်းကြည့်တော့ မမလေးကားဖြစ်နေသည်။

'ဟုတ်တယ် မမကြီးရေ၊ မမလေး ပြန်လာပြီ'

'နောက်ကျလိုက်တာဟယ်'

ချယ်ကလည်း မာမီ အဝတ်အစားတွေ ရှာဖွေဝတ်သွား၍ မာမီ ဘာပြောမလဲ တထိတ်ထိတ်နှင့် အဖြေတစ်ခုပေးနိုင်ရေး ရှာဖွေနေရသည်။ မိုးရေတံခွန်နှင့် ချိန်းထားလို့ပါဟု ရုတ်တရက် အသိမပေးရဲပေ။ ရှက်လို့ပါ။ မာမီ ဝမ်းသာသွားမယ်ဆိုပေမဲ့ နောက်မှပြောမယ်။ ချယ် ခြေလှမ်းဖွဖွလေး နင်းပြီး မာမီ့အခန်းထဲ ဝင်လာသည်။

'ဟင်… သမီးချယ် သမီး… သမီး'

'ဘာဖြစ်လို့လဲဟင်'

'ဒီဝတ်စုံ… ဒီဝတ်စုံ'





'သြော်… မာမီကလည်း ချယ် ဒီနေ့ မြန်မာအမျိုးသမီးဝတ်စုံပြိုင်ပွဲရှိလို့ ဝင်ပြိုင်ချင်တာနဲ့ မာမီ့ဗီဒိုထဲက ထုတ်ယူဝတ်တာလေ၊ လှတယ်မဟုတ်လား အဟဲ'

'ဒီဗီဒိုကို ဖွထားတာ သမီးချယ်လား'

'အင်းလေ'

'သေသာသေလိုက်ချင်တော့တယ် နူယ်ရယ်'

'ဘာဖြစ်လို့လဲ မာမီရဲ့'

'မာမီက သူခိုးဝင်မွှေသွားတယ်ထင်ပြီး ရဲစခန်းတိုင်လို့ လာပြီးစစ်ဆေးသွားကြတယ်'

'ဟင်'

'ဘယ်လိုလုပ်ကြမလဲ၊ သေချင်တာပဲ၊ မာမီက သူခိုးကို အမိဖမ်းခိုင်းထားတယ်၊ မသွယ်ရေ ဘယ်လိုလုပ်ကြမလဲ'

'မမကြီး ဖုန်းပြန်ဆက်လိုက်လေ၊ မှားသွားပါတယ်လို့၊ ဖုန်းပြန်ဆက်လိုက်ပါ'

'အောင်မလေး ချယ်ရယ်၊ သမီး ဒီလိုလုပ်လိမ့်မယ်လို့ ဘယ်ထင်မလဲ၊ သူခိုးဝင်မွှေသွားတယ်ထင်တာ၊ မာမီ့ကို ဘာဖြစ်လို့ ဖုန်းဆက်ပြီး မပြောတာလဲ'

'သမီးက ရုတ်တရက်ကြီး အကြံရသွားလို့ပါ၊ ပြိုင်ပွဲက နောက်ကျနေလို့ အရေးတကြီး ထွက်သွားမိတာလေ၊ မာမီက လည်း ဘာဖြစ်လို့ စခန်းအထိတိုင်ရတာလဲ၊ ဒါလေးပျောက်တာနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'မာမီ့အမှတ်ရ ပစ္စည်းအေ့၊ ဒီဝတ်စုံလေးကို သမီးသယ် ကိုအောင်နဲ့ ချစ်သူဖြစ်တဲ့နေ့က ဝတ်တာ အမှတ်ရလေ'

'ဟုတ်လား၊ ဒါဆို ဒီဝတ်စုံလေးကို သမီးဆက်သိမ်း ထားလိုက်မယ်နော် မာမီ'

'ရပါတယ်၊ မာမီပဲ သိမ်းပါ့မယ်'

'ချယ် သိမ်းပါ့မယ်၊ ချယ့်အတွက်လည်း အမှတ် တရပဲလေ မာမီ'

'ဟင်… သမီးက ဘာအမှတ်တရလဲ'

'နောက်မှ ပြောပြမယ်'

မာမီကို ဘာမှပြောပြမနေတော့ဘဲ ချယ် အိပ်ခန်းလေး ပြေးဝင်လာခဲ့သည်။ ကြည့်စမ်း တိုက်တိုက်ဆိုင်ဆိုင်ပဲ။ မာမီ ချစ်သူနှင့် တွေ့ဆုံတုန်းက ပထမဆုံး ဝတ်ခဲ့တဲ့ ဝတ်စုံလေး တိုက်ဆိုင်စွာ ချယ်နှင့် သူ ပထမဆုံးချစ်သူဖြစ်ကြတဲ့နေ့မှာ ဝတ် တဲ့ဝတ်စုံလေးနှင့် ထပ်တူဖြစ်နေ၏။ ကျေးဇူးအများကြီးတင် တယ် မာမီ။ ဒီဝတ်စုံလေးကို သိမ်းထားဖို့ မာမီက သတိပေး လေ။

ချယ် အဝတ်အစားလဲပြီး ထိုဝတ်စုံလေးအား အမှတ်တ သိမ်းဆည်းလိုက်သည်။ မာမီနဲ့ဒယ်ဒီလိုပဲ သိပ်ချစ်ကြတဲ့ ချစ်သူ တွေ ဖြစ်ချင်သည်။ မာမီနဲ့ဒယ်ဒီလို ငယ်ရွယ်စဉ်မှာ ခွဲခွာရ လည်း စိုးရိမ်ထိတ်လန့်ပူပင်သွားရသည်။





'ကိုရယ်… ချယ်လေ အိမ်ထောင်သက်ရှည်ရှည် ပေါင်း ဖက်ချင်တယ်၊ ကိုယ့်ကိုလည်း ချစ်တယ်၊ ဘယ်သူ့ကြောင့်မှ မခွဲဘူးနော်'

'ဟဲ့… သမီးချယ် ဘာတွေတဘွတ်တွတ် ပြောနေတာ လဲ'

'ဟာ… မာမီ၊ ဟိုလေ ဒီနေ့ မြန်မာအမျိုးသမီးဝတ်စုံ ပြိုင်ပွဲလေးမှာ ချယ် ဆုရပါစေလို့ ဆုတောင်းနေတာပါ'

အရေးထဲ မာမီဝင်လာ၍ ချယ် ပြောနေသံကြားသွားပေ မယ့် ဘာမှန်းမသိလိုက်ပေ။ မာမီက ရဲစခန်းကို ဖုန်းပြန်ဆက်၍ တောင်းပန်ရကြောင်း ပြောနေသည်။

'အားနာလိုက်တာ သမီးရယ်၊ သူတို့တွေက တာဝန်တွေ အရမ်းများကြတာ၊ မာမီက ဘာမဟုတ်တာလေးနဲ့ အလုပ်သွား ရှုပ်တယ်၊ မာမီတော်တော်လေးကို တောင်းပန်လိုက်ရတယ်၊ မျက်နှာပူလိုက်တာနော်'

'ဟား… ဟား… ဟား'

'ဟဲ့… မာမီက အားနာလို့ သေတောင်သေချင်တာ၊ မျက်နှာတောင် မထားတတ်တော့ဘူး'

'မာမီနဲ့သူတို့က သိတာမှ မဟုတ်တာ၊ ထားလိုက် ပါ'

'မသိပေမယ့် မာမီ့ကို တော်တော်နမော်နမဲ့နိုင်ပြီး ခိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တဲ့ အရိုးသမီးကြီးလို့ ထင်သွားမှာပေါ့၊ ရှက်တယ်၊ ရှက်တယ်'

ချယ်ကတော့ မာမီ့အဖြစ်ကို တွေးမိတိုင်း ရယ်ချင်နေသည်။ ချယ်ကလည်း ချယ်ပဲ။ ရည်းစားဆီ အမြန်ရောက်ချင်နေ၍ အရာအားလုံး မေ့လျော့သွားရ၏။ အဝတ်တွေ ပြန်သိမ်းခိုင်းဖို့ သတိမရတော့။ နောက်တစ်ခါ မာမီ့ဆီ အကြောင်းကြားပါဟု ပြောပြီး ပြန်ထွက်သွားသည်။

○

## အခန်း(၁၈)

ဦးမိုးဝသုန် မင်္ဂလာပွဲကိစ္စအတွက် စီစဉ်စရာရှိတာတွေ စီစဉ်နေသည်။ မိမိနှင့် ပန်းရောင်သွေးတို့ နေထိုင်ဖို့ တိုက်ကလည်း ပြင်ဆင်လို့ ပြီးသွားပြီဖြစ်၏။ ခြံထဲမှာပဲ အိမ်သစ်တက် မင်္ဂလာနှင့် မိမိလက်ထပ်မင်္ဂလာပွဲ တစ်ပြိုင်တည်း ကျင်းပမည် ဖြစ်သည်။ လက်ရှိတိုက်ကိုတော့ သားနာမည်နှင့် လွှဲပေးထားခဲ့၏။ သားနှင့်မိတွေးတို့ လုံးဝပတ်သက်ဆက်ဆံစရာ မလိုပေ။ သား မိုးရေတံခွန်ရဲ့ အနာဂတ်အတွက် စိတ်ချစေရန် ဦးမိုးဝသုန် ကြိုတင်စီမံခန့်ခွဲထားသည်။

'မွေ့ယာကြီးကို မပြီးတင်ကြ၊ သတိထားနော်၊ မြန်မြန်လေးလုပ်ကြပါကွာ၊ သားရောက်မလာခင် အပြီးသယ်ရမယ်'

ဦးမိုးဝသုန် အိပ်ယာအခန်းအနားတွေကို အိမ်သစ်ဆီ သယ်နေခြင်းပင်။ သားကိုတော့ မတွေ့စေချင်ပေ။ မိမိလုပ်ရပ်တွေအတွက် နောင်တမရပေမယ့် သား ရင်ထဲမှာ ခံစားချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဦးမိုးဝသုန် နားလည်ပါသည်။ မိတွေးအား လက်ခံဖို့ဆိုတာ ခက်ခဲနေမည်ဖြစ်သည်။ ထို့ကြောင့်ပင် မိမိယူချင်တဲ့အိမ်ထောင်ပရိဘောဂတွေကို သားရောက်မလာခင် သယ်နေခဲ့သည်။

'တီ… တီ'

'တီ… တီ'

'ဟာ'

သား ပြန်ရောက်လာပြီပဲ။ ခြံရှေ့မှာ သားကားက ဟွန်းတီးနေ၍ ခြံစောင့်ကြီးက တံခါးဖွင့်ပေးနေသည်။ မိမိယူသွားမယ့်မွေ့ယာကြီးက ထိုးထိုးထောင်ထောင် မျက်နှာပူလိုက်တာ။ ဒီကောင် ဘာဖြစ်လို့ စောစောစီးစီး ပြန်ရောက်လာတာလဲ။ လာမယ် မထင်ထားဘူး။ ဦးမိုးဝသုန် ပြန်သိမ်းလို့ကလည်း မဖြစ်တော့။ သားကို အပြုံးနှင့်ပဲ ရင်ဆိုင်လိုက်သည်။

'အဟဲ့… သားရဲ့အိမ်ထောင်တစ်ခု တည်ဆောက်တော့မယ်ဆိုရင် မွေ့ယာကအရင်ဆုံး သယ်ရတယ်ကွ'

'ဟင်… ဘာဖြစ်လို့လဲ ဒယ်ဒီ'

'ဟာ… ဟုတ်သားပဲ'

မိမိလည်း သားကို မျက်နှာတွေ ထူပူပြီး ဘာတွေပြောနေမိမှန်းပင် မသိ။ မွေ့ယာကြီးက ထိုးထိုးထောင်ထောင် နှစ်ယောက်အိပ်ဆိုတော့ အကြီးကြီးပဲ။ ပြီးတော့ ဒန်းလော့မွေ့ယာသန်း





ရောင်။ သားက စိတ်ဆိုးဒေါသထွက်ဟန် မပြဘဲ ရယ်ကြဲကြဲလေး ကြည့်၍ ဦးမိုးဝသုန် နည်းနည်းလေးတော့ စိတ်သက်သာရာရသွားသည်။

'သယ်ပါ ဒယ်ဒီ၊ သားကို ဘာမှအားနာစရာမလိုပါဘူး၊ ယူချင်တာတွေရှိရင်လည်း ယူပါ၊ ဒယ်ဒီ့ကို သား နားလည်ပါတယ်၊ သားလည်း ဝိုင်းကူသယ်ပေးမလို့ စောစောပြန်လာခဲ့တာပါ'

'ဘာကွ၊ ဘာပြောတယ် သား၊ ဒယ်ဒီ့ကို နားလည်တယ် ဟုတ်လား၊ ဒယ်ဒီ နားကြားများလွဲသွားလားလို့ပါကွာ'

သား စကားတွေနှင့် မျက်နှာပေးကပါ ရယ်မောကျေနပ်ပီတိတွေနှင့် မိမိကိုပါ ကူညီမယ်ဆိုတော့လည်း ဦးမိုးဝသုန် အံ့သြသွားသည်။ ဟုတ်မှဟုတ်ရဲ့လား။ မိမိနောက်အိမ်ထောင်ပြုမယ့်ကိစ္စ သား အမြဲတမ်းခါးခါးသည်းသည်း ဆန့်ကျင်ကန့်ကွက်နေခဲ့၏။ အခုတော့ ဒယ်ဒီ ယူချင်တာရှိတာ ယူပါတဲ့။ သားအကူအညီပေးဖို့ အစောကြီးပြန်လာတာတဲ့။ ဟုတ်မှဟုတ်ရဲ့လား။ မိမိမျက်နှာ အားတက်သွားပြီး သားကို ကျေးဇူးတင်စွာ ကြည့်မိသည်။

'တကယ်ပါ ဒယ်ဒီရဲ့၊ သား လက်ခံပါပြီ၊ ဒယ်ဒီ့ကိုလည်း ပြောစရာစကားတွေ ရှိနေပါသေးတယ်'

'ပြောလေ သား၊ ဘာမှအားမနာနဲ့နော်၊ သား ဒယ်ဒီ



www.burmeseclassic.com

သားအဘော လီမွှာပြီးသားပါ၊ မင်းတောင်းဆိုမှုတွေ အားလုံး လိုက်တော့မယ်'

'ဒယ်ဒီ'

'ပြောလေ သား'

'သားနဲ့ အန်တီပန်းရောင်သွေးရဲ့ သမီး ပန်းနုချယ်နဲ့ ချစ်သူတွေဖြစ်သွားကြပါပြီ'

'ဘာကွ'

'ပန်းနုချယ်နဲ့ သား အရမ်းအဆင်ပြေသွားပြီ၊ ရန်သူတွေ အဖြစ်ကနေ အရမ်းချစ်သူတွေဖြစ်သွားကြတယ်'

'ဟင်'

ဦးမိုးဝသုန် သားကို ဆတ်ခနဲမော့ကြည့်မိသည်။ ဘယ်လို ဖြစ်သွားရတာလဲ။ ပန်းရောင်သွေးကို မိမိ ချစ်မြတ်နိုးနှစ်သက် ပေမယ့် ပန်းနုချယ်ဆိုတဲ့ကောင်မလေးကိုတော့ အမြင်ကတ်မိ သည်။ မနှစ်သက်ပေ။ သားနဲ့လက်ထပ်ဖို့တော့ သဘောမတူချင်။ ခေတ်မီလွန်းပြီး ဇက်ဇက်ကြဲ ဟာမလေး လူကြီးမိဘကိုလည်း ရိုသေလေးစားရမှန်းမသိ။ ပန်းနုချယ်ကြောင့် မိမိ ဘယ်လောက် အထိ အရှက်တကွဲဖြစ်ခဲ့ရလဲ။ သားကို ရုတ်တရက်ကြီး ချစ်သူ အဖြစ် လက်ခံတာလည်း မရိုးသားဘူးဟု ထင်မိသည်။

'ဒယ်ဒီ'

'ဟင်'





'ဘာဖြစ်လို့တွေဝေသွားရတာလဲ၊ သားနဲ့ချယ် လက်ထပ် လိုက်ရင် မိသားစုတွေအားလုံး အဆင်ပြေသွားပြီပဲ၊ အိုကေ မဟုတ်လား ဒယ်ဒီ'

'မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ ဒယ်ဒီ'

ဒယ်ဒီ့မျက်နှာထားက ရုတ်ခြည်းမာကျောသွားကာ လုံးဝ မဖြစ်နိုင်ကြောင်း ငြင်းပစ်လိုက်၍ မိုးရေတံခွန်ပင် နားမလည်နိုင် အောင် ဒယ်ဒီ ဘယ်လိုဖြစ်သွားရတာလဲဟုပင် ထင်မိသည်။ ပန်းနုချယ်အား ဒယ်ဒီ တော်တော်လေး အညိုးအတေးတွေနဲ့ မုန်းတီးနေကြောင်း သိလိုက်ရ၏။ သူဝင်ရှုလည်တော့မယ် ထင် သည်။ အပြင်ထွက်ဖို့ ပြင်နေတဲ့ ဒယ်ဒီ ဆတ်ခနဲ ထသွားပြီး တိုက်ကြီးထဲ ပြန်ဝင်သည်။

'မိုးရေတံခွန်'

'ဗျာ… ဒယ်ဒီ'

'ဒီလိုဟာမလေးမျိုးကိုတော့ သားနဲ့လက်မထပ်စေချင် ဘူး၊ သားရဲ့အနာဂတ်ကို ဖခင်တစ်ယောက်အနေနဲ့ လုံးဝကို သဘောမတူနိုင်ဘူး'

'ဗျာ'

'ဒယ်ဒီ့ချွေးမအဖြစ်လည်း လက်မခံနိုင်ဘူး၊ မင်း လက် မထပ်ရဘူး သား'

www.burmeseclassic.com



'ဟိုလေ ဒယ်ဒီ၊ ဘာဖြစ်လို့လဲ၊ ပန်းနုချယ်က စိတ်သဘောထား ပြည့်ပါတယ် ဒယ်ဒီရဲ့၊ နောက်ပြီး အခု ဝတ်စားပုံကအစ ပြောင်းသွားတယ် ဒယ်ဒီ၊ ဟင်း... ဟင်း... ဟင်း... သားချိန်းလိုက်တဲ့အချိန်မှာ ချယ် လာတွေ့တာ အရှိန်းကျက်သရေရှိပြီး ဒေါ်ပန်းရောင်သွေး အပျိုစင်ဘဝက ဝတ်ခဲ့တဲ့ ရှေးခေတ်ဝတ်စုံနဲ့ လာတွေ့တာ ဟား... ဟား... ဟား'

'ဟော့ကောင် မိုးရေတံခွန်၊ တိတ်စမ်း၊ ဆက်မပြောနဲ့တော့၊ ဒီကောင်မလေးမျိုးက ရုတ်တရက် ဝတ်စားပြင်ဆင်ပုံပြောင်းပစ်လိုက်တယ်ဆိုကတည်းက မရိုးသားတာကွ'

'မဟုတ်သေးဘူး ဒယ်ဒီ၊ သားကတော့ ချယ့်စိတ်နှလုံးသား ဖြူစင်တယ်လို့ပဲ ထင်နေတယ်၊ အပြင်ပန်းပုံစံနဲ့ တွေ့ပြီး ဆုံးဖြတ်ချက်ချလို့ မဖြစ်ဘူးထင်တယ် ဒယ်ဒီရယ်'

'မင်း ဘာမှထပ်မပြောနဲ့တော့ မိုးရေတံခွန်၊ ဒီကောင်မလေးက တစ်ချိန်လုံး စွာတေးလန်နေတာပါ၊ သူ့အမေကို မဖြစ်မနေဒယ်ဒီက လက်ထပ်ယူနိုင်ပြီဆိုတာ သိလိုက်လို့ အကောက်ကြံနဲ့ အချိုးပြောင်းသွားတာကွ၊ ဒယ်ဒီ သိတယ်၊ ဒုက္ခပေးဖို့ကြံစည်တာ၊ မယုံနဲ့ကွ၊ သားက ရိုးသားတယ်၊ အခုမှစတွေ့တဲ့ကောင်မလေးကို အကြောင်းသိသိကြီးနဲ့ မယုံစမ်းပါနဲ့ကွာ'

မိုးရေတံခွန် အခက်ကြုံသွားရသည်။ ဒယ်ဒီက တောက်တောက်ခါးခါးပင် ငြင်းဆန်နေ၏။ ဒယ်ဒီက သူ့ကို လက်တုန့်ပြန်နေတာလား။ နောက်ပြောင်နေတာလားဟုပင် သူ ထင်မိသွားသည်။ ဒယ်ဒီ့မျက်နှာကို ကြည့်တော့လည်း အတည်ပဲ။ လုံးဝဆို လက်မခံနိုင်တဲ့ မျက်နှာထားမျိုး။ မိုးရေတံခွန် ဘာဆက်ပြောမှန်း မသိနိုင်အောင် ယောင်ချာချာဖြစ်သွား၏။ သူနှင့်ချယ့်ကို ဒယ်ဒီက ဝမ်းသာကျေနပ်စွာ သဘောတူပေးလိမ့်မည်ဟုပဲ ထင်ထားသည်။

'ဒီကောင်မလေး မရိုးသားတာပဲ၊ သား စဉ်းစားကြည့်လေ၊ အဓိပ္ပာယ်မရှိတာပဲ၊ ရုတ်တရက်ကြီး၊ သား မိုးရေတံခွန်လက်မထပ်ရဘူး၊ မင်းကို ဘဝတစ်လျှောက်လုံး ဒုက္ခပေးဖို့ကြံစည်အားထုတ်မယ့် မိန်းကလေးမှန်း သိသိကြီးနဲ့ ဒယ်ဒီက သဘောတူ ကြည်ဖြူပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒယ်ဒီ လုံးဝလက်မခံဘူး'

'ဒယ်ဒီကလည်း ကိုယ်ချင်းစာပါဦးဗျာ၊ ဒယ်ဒီ့ကျတော့ ဒေါ်ပန်းရောင်သွေးကို လက်ထပ်ပြီးတော့၊ အခုသား အလှည့်ကျမှ ဘာဖြစ်လို့ ကန့်ကွက်နေရတာလဲ'

'ဒယ်ဒီက ဒယ်ဒီပဲ၊ မင်းကမင်းပဲ၊ ဒီကောင်မလေး အရမ်းအကျော်တင်းတာကွ၊ လူကြီးမိဘကိုလည်း မရိုသေပါတ်ဘူး၊ အိုကွာ ဒီကောင်မလေးဆီမှာ ဒယ်ဒီမနှစ်သက်တာတွေ အများကြီးပဲ၊ ချွေးမအဖြစ် ဘယ်လိုလက်ခံနိုင်မလဲကွ'

'သားနဲ့ချယ်က ရင်ထဲနှလုံးသားထဲကနေ အမှန်အကန်





www.burmeseclassic.com

www.burmeseclassic.com



နှင်နှစ်တာကာ ချစ်နေကြတာပါ ဒယ်ဒီ၊ ယုံပေးပါ၊ ကျောင်း ပြီးသွားရင် လက်ထပ်ကြဖို့အထိ သစ္စာဆိုထားကြတာပါ။ ချ... အောင်ကြံစည်ပါစေ သားချစ်တယ်’

‘ဟော့ကောင် မင်း ဘယ်လိုဖြစ်ရတာလဲ၊ အဓိပ္ပာယ်... တာကွာ၊ သားဟာ သားဘယ်ကတည်းက ချစ်ချစ် ဒယ်ဒီက... လုံးဝသဘောမတူဘူး၊ ဒယ်ဒီလည်း ပန်းရောင်သွေးနဲ့ လက်... ဖို့ စဉ်းစားရတော့မှယ်’

‘ဒယ်ဒီ’

‘ဟော့... အပြင်ကလူတွေ ကားပေါ်တင်ထားတဲ့ ပန်း... တွေ ပြန်ချလိုက်ကြတော့၊ ငါ သယ်မသွားတော့ဘူး’

‘အဲဒီလို မလုပ်ပါနဲ့ ဒယ်ဒီ၊ ဒေါ်ပန်းရောင်သွေး... တော့ လက်ထပ်ပါ၊ ဒယ်ဒီပဲ အရမ်းချစ်တာဆို’

‘ဒယ်ဒီချစ်တာက ဒယ်ဒီ့ကိစ္စပဲ၊ မင်းဘဝနဲ့ ရင်း... မချစ်ဘူး သား’

‘ဗျာ’

‘မင်းကို ဒုက္ခပေးဖို့ စိတ်သောကတွေရောက်စေဖို့ အ... အတေးနဲ့ လက်စားချေမလို့ကွ၊ ဒီကောင်မလေးကို ဒယ်ဒီလုံး... ကြည့်လို့မရဘူး၊ ဘယ်လိုပဲစဉ်းစား စဉ်းစားကွာ၊ သဘော... ဘူး’

မိမိကို နည်းမျိုးစုံနဲ့ အရှက်သိက္ခာမဲ့အောင် ထောက်...





သွာတာမှုကင်းမဲ့စွာ ပြုလုပ်ထားတဲ့ ကောင်မလေး။ ဗိုလ်ချုပ်ဈေး ထဲမှာ မိမိအရှက်တကွဲ ဖြစ်ခဲ့ရတာ မေ့ပစ်လို့မရသေးဘူး။ စိတ် ပုပ်တဲ့ ပန်းနုချယ်။ ကြည့်စမ်း။ သားကို ဘယ်လိုများ စည်းရုံး သိမ်းသွင်းပစ်လိုက်လဲ။ ဉာဏ်နီဉာဏ်နက်များလိုက်တာ။ ကုမ္ပဏီ အထိ လိုက်ပြီး အရှက်ခွဲပစ်ခဲ့၏။ သားဘဝနဲ့တော့ မရင်းနိုင်ပါ ဘူး။ သားကို ချုပ်ကိုင်ဖို့ ကြိုးစားတာပါ။ သူမ မာမီကို မိမိ လက်ထပ်နိုင်လို့ ဘယ်လိုမှ မတတ်သာလို့ သားဘက်လှည့်ပစ် တာ။ ပန်းရောင်သွေးကို မိမိလက်ထပ်ဖို့ပင် ပြန်၍စဉ်းစားရမည် ဖြစ်သည်။ မိမိလက်ထပ်တာ သားနှင့်မပတ်သက်စေလိုပေ။ သား ကို လက်စားချေဖို့ ကြံစည်တာ အမုန်းဆုံးပင်။ တွေးမိတိုင်း ဒေါသဖြစ်ရသည်။

‘သားကိစ္စကို ပန်းနုချယ် အမေနဲ့ ဒယ်ဒီ ရှင်းရမယ်၊ ဒယ်ဒီနဲ့ ပန်းရောင်သွေး လက်ထပ်တာ၊ မင်းနဲ့မပတ်သက်စေချင် ဘာကွ၊ သား မာမီ့နေရာလည်း အစားထိုးသေးတယ်၊ သားဘဝ ကိုပါ အဖျက်စီးခံရမယ်ဆိုရင် ဒယ်ဒီ ဘယ်လောက်အထိ တာဝန် ခဲ့တဲ့အဖေ ဖြစ်သွားမလဲ’

‘ဟို... ဒယ်ဒီ၊ သားဘဝကို ဘယ်သူကဖျက်စီးပစ်မှာ လဲ၊ မဖြစ်နိုင်တာပဲဗျာ၊ ချယ့်ကို သေသေချာချာ နီးနီးကပ်ကပ် လေ့လာကြည့်မှ အရမ်းချစ်စရာကောင်းပြီး စိတ်သဘောထား ပြည့်ဝတာ သိလာရတာပါ၊ သားဘက်ကနေ စချစ်သွားတာပါ’



www.burmeseclassic.com

www.burmeseclassic.com



'ဆက်မပြောနဲ့တော့ မိုးရေတံခွန်၊ တော်ကွာ၊ တော်၊ ဒီကောင်မလေးက အရှမ်းပါးနပ်ပြီး လည်တာကွ၊ မိန်းမလည် သိန်းကြွယ်မလေး၊ သူ့အမေကို တားမရလို့ ဒယ်ဒီသားဘက်လှည့်ပစ်တာ ကောင်းလား'

'မဟုတ်ပါဘူး ဒယ်ဒီ၊ လုံးဝမဟုတ်ပါဘူး၊ သား ကလေးမှ မဟုတ်တော့တာ၊ တစ်ယောက်နဲ့တစ်ယောက် နီးနီး ကပ်ကပ် အကြိမ်ပေါင်းများစွာ စိစစ်လေ့လာကြပြီးမှ သားက အရှမ်းချစ်မိသွားရတာပါ။ သား ဘက်ကလည်း ချယ့်ဆီက ချစ်တယ်ဆိုတဲ့ အဖြေကို တောင်းဆိုမိခဲ့တာပါ'

'လက်မခံနိုင်ဘူးလို့ ပြောထားပြီးပြီနော် သား၊ အဲဒီ လောက်အထိတော့ မင်း မာမီ့အပေါ် ဒယ်ဒီသစ္စာဆက်မဖဲ့နိုင်တော့ဘူး၊ အဲဒီလောက်အထိတော့ ဒယ်ဒီသားအပေါ် မရက်စက်နိုင်ဘူး'

'ဟာဗျာ'

ဒယ်ဒီက ဘယ်လိုမှ ပြောဆို၍ နားမဝင်တော့ဘဲ ကားမောင်းပြီး အပြင်ကို ထွက်သွားလေသည်။ မိုးရေတံခွန် ဘယ်လို လုပ်ရမလဲ။ ချယ့်မာမီဆီ သွားတာလား။ ဒယ်ဒီက ဒေါ်ပန်းရောင် သွေးနှင့် လက်ထပ်ဖို့ ပြန်စဉ်းစားနေပြီဆိုတော့ သူ့အပေါ် သံယော ဇဉ်ကြီးမားကြောင်း သိလိုက်ရပြီ၊ ဝမ်းသာကျေနပ်မိပေမယ့် ချယ့် အား ချွေးမအဖြစ် လက်မခံတာကို ဘယ်လိုဖျောင်းဖျပြောဆိုရမလဲ





မသိတော့ပေ။ မိုးရေတံခွန် ဝဋ်လည်ပြီလားပဲ။ ဒယ်ဒီကပဲ သူ့ကို မှတ်လောက်သားလောက်အောင် ပုံစံပေးချင်နေတာလား။ ဒယ်ဒီ စိတ်ထဲကတော့ ကျေနပ်နေမှာပဲ။ မိသားစုဝင်တွေ စည်းလုံး ညီညွတ်သွားစေမယ့် ကိစ္စပဲဟာ။ ဒယ်ဒီ ပြောသလိုပဲ ချယ်က ရော သူ့ကိုဒုက္ခပေးဖို့ ကြံစည်တာလား။ လုံးဝမဖြစ်နိုင်တာပဲ။ သူ့ဘက်က စပြီး ချယ့်ကိုချစ်သွားတာ။ ချယ့်ရဲ့ဖြားယောင်းသွေး ဆောင်မှု လုံးဝမရှိခဲ့။ ဒယ်ဒီ လွန်တယ်ဗျာ။ အဲဒီလိုတော့ မလုပ် သင့်ပါဘူး။ မိုးရေတံခွန် စိတ်ပျက် လက်ပျက်နှင့် သူ့ဆံပင်တွေကို ထိုးဖွကုတ်ခြစ်ပစ်သည်။

၀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၉)

'ပန်းရောင်သွေး ကိုယ် မင်းနဲ့တွေ့ချင်တယ်၊ ကိုယ်... နေမယ့် အိမ်လေးကို လာခဲ့ပါ'

'ဟုတ်ကဲ့ပါ ကိုဝသုန်၊ သွေး အခုပဲ လာခဲ့ပါ့မယ်၊ ဒီနေ့ ပစ္စည်းတွေရော နေရာချမယ် မဟုတ်လားဟင်'

'မင်း လာခဲ့ပါ'

'ကို ဘာဖြစ်လို့လဲ၊ အသံတွေကလည်း မာနေသလိုပဲ မိုးရေတံခွန်နဲ့ ပြဿနာတက်လို့လားဟင်'

'မင်းပဲ လာခဲ့ပါ၊ သွေး ကို အရေးတကြီးကိစ္စတစ်ခု ပြောစရာရှိနေတယ်'

'လာခဲ့ပါ့မယ် 'ကိုဝသုန်'

ကိုဝသုန်က အရေးတကြီးလာခဲ့ပါဆိုတော့လည်း သမီး နှင့် မနက်စာစားဖို့ ပြင်ဆင်နေတဲ့ ဒေါ်ပန်းရောင်သွေး အခက်တွေ့





...သည်။ ဒါပေမဲ့ မသွားလို့ကလည်း မဖြစ်ဘူး။ ကိုဝသုန်က အရေးတကြီး ခေါ်နေ၏။ သမီးကို ထားခဲ့ရမှာပဲ။ မတတ်နိုင်ဘူး ...။ လက်ထပ်ဖို့အထိ ပြင်ဆင်နေတော့လည်း ကိုဝသုန့်ဆီပဲ ...မြန်ဆုံးသွားမှဖြစ်မည်။

'မာမီ့ကို ဦးဝသုန် လှမ်းခေါ်တာလား၊ သွားလေ'

သမီးချယ် မျက်နှာလေးက ပြုံးစစလေးနှင့် သွားလေဆို ...တော့လည်း ဒေါ်ပန်းရောင်သွေး စဉ်းစားရခက်သွားသည်။ သမီး ...သက်ခံလိုက်ပြီလား။ စိတ်ထဲမှာ ပျော်သွား၏။ တကယ်တမ်းကျ ...တော့လည်း အမေ့အပေါ် သံယောဇဉ်ကြီးလွန်းတဲ့ သမီးလေးပါ။ အမေ စိတ်ချမ်းသာစေရန် သမီးလက်မခံချင်ပေမယ့် လက်ခံ ...လိုက်တာပဲဖြစ်သည်။

'မာမီ့ကို ဦးမိုးဝသုန်နဲ့ သမီး သဘောတူပါပြီ'

'အောင်မလေး ဝမ်းသာလိုက်တာ သမီးလေးရယ်၊ သမီး ချယ်က မာမီ့ကို အရမ်းချစ်တယ်ဆိုတာ သိရတော့ မာမီ့လုပ်ရပ် အတွက် တစ်ကိုယ်ကောင်းများ ဆန်နေပြီလားကွယ်'

'တစ်ကိုယ်ကောင်း မဆန်ပါဘူး မာမီ၊ ဦးမိုးဝသုန်က မာမီ့ဘဝအတွက် အကောင်းဆုံးရွေးချယ်မှုပါပဲ၊ သမီး အခု သဘောပေါက်သွားပြီ၊ သွားလေ၊ အန်ကယ် စောင့်နေတော့မယ်'

ချယ်က ဒယ်ဒီလို့တောင် ပြောင်းခေါ်ပစ်ချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်ကြီးတော့လည်း ဦးမိုးဝသုန်ရဲ့သား ကိုမိုးရေတံခွန်
သမီးတို့ ချစ်သူတွေဖြစ်သွားပါပြီလို့ မပြောပြချင်သေးပေ။ ရှ
တယ်။ မျက်နှာလည်း အရှမ်းပူနေသေးသည်။

'ဒါဆိုလည်း မာမီ သွားပြီနော် ချယ်လေး၊ တာ့

'အိုကေ ဘိုင်'

သမီး လက်ခံလိုက်ပြီဖြစ်၍ ဒေါ်ပန်းရောင်သွေး
တက်ကြွနေသည်။ စိတ်မပူရတော့ဘူး။ စိတ်သဘောထားပြ
ပြီး နားလည်မှုရှိလိုက်တာ။ အရင်ကတော့ မိမိအပေါ် ချစ်လွ
ကန့်ကွက်နေတာပါ။ သမီးက ကြည်ကြည်ဖြူဖြူ လက်ခံလို
ဒေါ်ပန်းရောင်သွေး ကျေနပ်နေသည်။ ကိုမိုးဝသုန်ကို ပြော
မယ်။ အဆင်ပြေချင်တော့လည်း အရာရာ မထင်မှတ်ဘဲ အ
ပြေလာ၏။ ကိုဝသုန်နှင့် မိမိတို့နေမည့် မင်္ဂလာအိမ်လေး
ရောက်လာသည်။

'ကိုဝသုန်... ဘာကိစ္စအရေးတကြီးရှိနေလို့လဲဟင်
ပြဿနာ ရှိလို့လဲ'

ကိုဝသုန့် မျက်နှာက မကြည်မလင်နှင့်။ တည်တ
၏။ ဒေါ်ပန်းရောင်သွေး အထိတ်တလန့်နှင့် မေးသည်။

'သွေး'

'ရှင်'





'မင်းသမီး ပန်းနုချယ်က မင်းကို ဘာပြောသေးလဲ'

'ဩော်... ချယ်လား၊ သွေးလည်း အဲဒါဝမ်းသာစရာ
ပြောမလို့၊ ကိုဝသုန့်ကို ချယ်လေးက ကြည်ကြည်ဖြူဖြူ လက်ခံ
လိုက်တယ်လေ'

'ဘာ'

'ရှင်'

'ကိုယ့်ကို မင်းသမီးက ကြည်ကြည်ဖြူဖြူ လက်ခံ
တယ် ဟုတ်လား သွေး၊ အင်း... လက်ခံမှာပေါ့၊ မင်းသမီးနဲ့
ကိုယ့်သားမိုးရေတံခွန်တို့က ချစ်သူတွေဖြစ်သွားကြပြီလေ'

'ဘာရှင့်၊ ဘာပြောတယ် ကိုဝသုန်'

သမီးချယ်နှင့် ဟိုကောင်လေး မိုးရေတံခွန်တို့က ချစ်သူ
တွေဖြစ်သွားကြပြီတဲ့။ ဟုတ်ရဲ့လား။ ဒီလောက် ရန်သူတွေဖြစ်နေ
ကြတာ။ ဒေါ်ပန်းရောင်သွေး မယုံနိုင်ပေ။ ဘာအကြံအစည်တွေ
လဲ။ မိုးရေတံခွန်ဆိုတဲ့ ကောင်လေးကိုတော့ သမက်အဖြစ် လက်
မခံနိုင်ပါဘူး။ သမီးကို တစ်သက်လုံး အမုန်းအညှိုးအတေးတွေနဲ့
နှိပ်စက်ညှင်းပန်းတော့မှာပါ။

'မင်းသမီးက အရှမ်းရိုင်းတယ်၊ သွေး ကိုယ့်သားက
ရိုးသားတယ်၊ မင်းသမီးမှာ အကြံတစ်ခုခုတော့ ရှိနေမှာ သေချာ
တယ်လေ၊ အဲဒါ ကိုယ့်သားကို ဒုက္ခပေးဖို့ပဲ၊ ကိုယ် သဘော



www.burmeseclassic.com

www.burmeseclassic.com



မတူဘူး၊ မင်းသမီးကိုလည်း ချွေးမအဖြစ် လက်မခံနိုင်ဘူး'

'ရှင့်သားကရော ယောကျ်ားလေးဖြစ်ပြီး သွေးအတင်း အဖျင်းတွေ ချေးထဲလာပြီး ပြောသွားတာလေ၊ လူကြီးမိဘကို မရိုသေတတ်ဘူး၊ ရိုင်းတာပဲ၊ သွေးလည်း ဒီကောင် မိုးရေတံခွန် ကို သားမက်အဖြစ် လုံးဝလက်မခံနိုင်ဘူး'

'ဘာကွ'

'ရှင့်လိုပဲလေ'

'ကိုယ့်သားဘဝနဲ့ ရင်းပြီးတော့ မင်းနဲ့လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး ပန်းရောင်သွေး'

'ကျွန်မကလည်း သမီးဘဝကိုရင်းပြီး ရှင့်ကို လက် မထပ်ပါဘူး'

ဦးမိုးဝသုန်နှင့် ဒေါ်ပန်းရောင်သွေးတို့နှစ်ယောက်လုံး သားသမီးတွေကြောင့် တစ်ယောက်ကိုတစ်ယောက် လက်ထပ်ကြ တော့မည့် ချစ်သူတွေဆိုတာ မေ့လျော့သွားရသည်။ ရန်သူတွေ အဖြစ် ပြောင်းသွားသည်။

'ရှင့်သားမှာလည်း အကြံရှိမှာပဲ၊ ကျွန်မသမီးကို ရတ် တရက်ကြီး လာကြိုက်တာလေ၊ ကျွန်မအတွက်နဲ့ ကျွန်မသမီးကို လက်တုန့်ပြန်မလို့ပဲ၊ လုံးဝစိတ်ဓာတ်ညံ့ဖျင်းတယ်'

'မင်း… မင်း… ငါ့သားကိုများ မင်းသမီးကရော လက်





ခံတာ၊ ဒီလောက်လွယ်ရလား၊ အသျှိုးဘယ်လောက်အထိ ကြီးလဲ ဆိုတာ ချက်ချင်းကြီး လက်ခံပစ်လိုက်တာပဲ'

'ကျွန်မသမီးက မိန်းကလေးရှင့်၊ ယောကျ်ားတစ်ယောက် ကို ဘယ်လောက်အထိ လက်တုန့်ပြန်နိုင်မှာလဲ၊ ရှင့်သားရော ဘာဖြစ်မှာလဲ၊ ကျွန်မသမီးလေးကမှ နစ်နာမှာ၊ အညွန့်ကျိုးရမှာ၊ အဖတ်ဆယ်လို့မရဖြစ်တော့မှာလေ၊ တော်တော်ရက်စက်တာပဲ၊ မိန်းမဆန်လွန်းတယ်'

'ပန်းရောင်သွေး မင်းစကားပြောတာ ကြည့်ပြောနော်၊ ငါ့သားကယောကျ်ားပီသတဲ့ ယောကျ်ားကွ၊ မင်းသမီး မြူဆွယ် ဖြားယောင်းသွားလို့ ဖြစ်ရတာပဲ၊ မင်းသမီးကမှ စိတ်ဓာတ်အောက် တန်းကျတာ၊ ဝတ်တာဆင်တာကအစ ဣန္ဒြေမဲ့လွန်းတယ်၊ အရှက်အကြောက် လုံးဝမရှိတာ'

'ရှင်… ရှင်'

ဒေါ်ပန်းရောင်သွေး ဒေါသထွက်လွန်းလို့ အသားတွေ တောင် တဆတ်ဆတ်တုန်ရင်လာသည်။ ခွေးကောင်လေး မိုးရေ တံခွန် ဘာယောကျ်ားပီသတာလဲ။ ချစ်သူရည်းစား မပြောနဲ့ ယောကျ်ားလေးမိတ်ဆွေတောင် ထားဖူးတာ မဟုတ်ဘူး။ မိမိ ကြောင့်ပါ အမေ့တစ်သက် သမီးတစ်သက် ယောကျ်ားတွေနဲ့ မပတ်သက်ကြေးလို့ သစ္စာကတိ ထားခဲ့ကြတာ။ မိမိဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



စတင်ဖောက်ဖျက်ခဲ့မိ၏။ ကြည့်ပါဦး။ သမီးလေးကို ပြောလိုက်တာ။ မှိုချိုးမှုစ်ချိုး တန်ဖိုးမရှိသလိုဘဲ။ ဒေါ်ပန်းရောင်သွေး ဒေါသထွက်နေသည်။

'တော်ပါပြီ၊ ရှင့်လိုယောက်ျားအပေါ် ကျွန်မ ယုံစားမိလို့ အထင်ကြီးမိလို့ ကျွန်မ ထိန်းသိမ်းလာခဲ့တဲ့ ဣန္ဒြေသိက္ခာတွေ တစ်ပြားမှ မရှိတော့ဘူး၊ မှားတယ်၊ အရမ်းမှားတယ်၊ တော်သေးတာပေါ့၊ အချိန်မီ သိရလို့'

'ဟုတ်တယ်၊ ငါလည်း သားကောင်းဖခင်ပီပီသသနဲ့ ဂုဏ်သိက္ခာကြီးမားစွာ ထိန်းသိမ်းလာခဲ့တာ၊ မင်းကြောင့် သူများတွေ့ချက်မှာ ပက်လက်မျောရတာကွ၊ ကောင်းပြီလေ၊ လူသိရှင်ကြား ဘာမှမလုပ်ရသေးတော့ အစီအစဉ်တွေအားလုံး ဖျက်သိမ်းတယ်၊ မင်းသမီးကို မင်းထိန်းပါ၊ ငါ့သားကိုလည်း ငါ့အောင် ထိန်းမယ်'

'ကောင်းတယ်၊ ကျွန်မ သမီးလေး ချယ်အတွက် ကျွန်မ အမေကောင်းပီသပြရမယ်၊ အမေတာဝန်ကျေပြရမယ်၊ ရှင့်သားရဲ့ ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်နဲ့ အရယူဖို့ ကြိုးစားတာ အပြတ်သားဆုံး အကာအကွယ်ပေးရမယ်၊ တစ်ယောက်နဲ့တစ်ယောက် အကင်းရှင်းဆုံး နေမယ်၊ ရှင့်သားပဲ ထိန်းထား'

'အဲဒီလိုပြတ်ပြတ်သားသား ဆုံးဖြတ်တာ အကောင်းဆုံးပဲ ပန်းရောင်သွေး၊ မင်း သွားတော့'





'သွားမယ်၊ ကျွန်မကလည်း ပြတ်ပြတ်သားသားပဲ လုပ်ပစ်မှာ၊ မိုးရေတံခွန်လို ကောင်လေးမျိုးကို ဘယ်တော့မှ သမီးနဲ့ လက်မထပ်စေရဘူး မှတ်ထား'

'ပန်းရောင်သွေး မင်း… မင်း… ငါ့ဒေါသတွေ အုံကြွပေါက်ကွဲမသွားခင် ငါ့ရှေ့ကနေ ထွက်သွားတော့'

ဒေါ်ပန်းရောင်သွေး ဒေါသတကြီးနှင့် ဦးမိုးဝသုန်ကို ပြာကျသွားမတတ် နဂါးမျက်စောင်းထိုးပြီး ဆတ်ခနဲ ထထွက်လာခဲ့သည်။

'အောင်မလေး တော်ပါသေးရဲ့၊ ကံကောင်းလို့၊ သမီးလေးဘဝ နစ်မွန်းတော့မလို့'

ပါးစပ်ကလည်း မကျေမနပ် ပြောရင်း ကားကို ဝေါခနဲ မောင်းထွက်လာခဲ့သည်။ ကိုမိုးဝသုန် ယောက်ျားမဆန်လိုက်တာ။ သမီးလေးကိုများ။ မိုးရေတံခွန်ဆိုတဲ့ကောင်ကလည်းအညှီးနဲ့ သမီးလေးကို လက်စားချေဖို့ ကြံစည်နေ၏။ ကံကောင်းလို့၊ သမီးဘဝကို အနစ်မွန်းမခံနိုင်ပါဘူး၊ ဒီကောင်လေး စိတ်ယုတ်မာနဲ့ သမီးဆီက အချစ်ကိုအရယူတာပါ၊ သမီးကလည်း ပြန်လက်စားချေဖို့ လက်ခံတာဖြစ်နိုင်ပေမယ့် မိန်းကလေးဘက်ပဲ ထိခိုက်နစ်နာမှုတွေ များပြားသွားနိုင်သည်။ သမီးဘဝတော့ အထိခိုက်မခံနိုင်ဘူး။ မိမိအိမ်ထောင်မပြုလည်း ဘာမှမဖြစ်ပါဘူးလေ။ မိခင်ကောင်းတော့ ပီသပြရမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုအောင်ရယ် သွေးများတော့မလို့၊ ကိုအောင့် နေရာမှာ အစားထိုးမိတော့မလို့ပဲ၊ မိုက်မဲသွားမိပါတယ် ခွင့်လွှတ်ပေးပါနော်'

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ သမီးဒယ်ဒီ ချစ်ခင်ပွန်း ကိုအောင်သော်အား တောင်းပန်နေမိသည်။ ဒေါ်ပန်းရောင်သွေး များယွင်းစွာ ဆုံးဖြတ်ပိတော့မလို့။ ဒီကောင်လေး မိုးရေတံခွန် တွေးမိတိုင်း ဒေါသဖြစ်ရ၏။ မိမိကို ဈေးထဲအထိ လာပြီး နာမည် ဖျက်ခဲ့သည်။ အတင်းအဖျင်းတွေ ပြောခဲ့၏။ ဘယ်လောက် အရှက်ကွဲခဲ့ရလဲ။ ကိုမိုးဝသုန်နှင့် ပတ်သက်ပြီး တဒင်္ဂ ရူးသွပ် မိရတာ ဘာမှမစဉ်းစားနိုင်တော့ဘဲ လက်ထပ်ဖို့အထိ မျက်စိမှိတ် လက်ခံ ဘောတူမိသည်။

'အောင်မလေး ပတ်ဝန်းကျင်မှာ ဘာသတင်းမှ မပြန့် သေးလို့ လက်ထပ်ဖို့အထိ စီစဉ်တာများ ဆိုင်နီးနား ပတ်ဝန်းကျင် က သိသွားရင် ပန်းရောင်သွေးရယ် နင်တော်တော်လေး အသုံး မကျတာပဲ၊ အရှက်ကင်းမဲ့လွန်းတယ်'

ကိုမိုးဝသုန် လက်ထပ်ဖို့ သိုသိုသိပ်သိပ် စီစဉ်နေကြ၍ ပတ်ဝန်းကျင်မှာ သတင်းမပြန့်သေးတာပဲ ကံကောင်းသည်။ မိမိအချစ်စိတ်တွေ မှုန်ထူပြီး အများကိုတောင် မသိတော့ဘူး ရှက်စရာကောင်းလိုက်တာ။ ခင်ပွန်းဆုံးပြီးကတည်းက နာမည် ပျက်ဆိုလို့ အမဲစက်လေးတစ်စက်လောက်ပင် မစွန်းထင်းစေခဲ့





သိက္ခာကြီးစွာ စောင့်ထိန်းနေထိုင်လာခဲ့တာပါ။ မိုးရေတံခွန် မိုးရေတံခွန် မင်းလိုကောင်လေးမျိုးကိုတော့ ငါ ဘယ်တော့မှ သမက်မတော်ဘူး။ စောစောကတော့ ဒေါ်ပန်းရောင်သွေး ဘာကို မှ အသိတရားမရှိခဲ့။ ရုတ်တရက်ကြီး သာယာသွားခဲ့ရတာပါ။ သမီးလေး ပန်းနုချယ်က ဖြူဖြူစင်စင် အပျိုစင်လေးတစ်ယောက် ပါ။ တော်ပါပြီ။ နောက်ထပ်လုံးဝပဲ။ အိမ်ထောင်ထပ်မပြုတော့ ဘူး။ သမီးကိုပဲ စောင့်ရှောက်မယ်။ ကားကို တတုန်ကရင်မောင်း ရင်း ပြန်လာသည်။

'တီ... တီ'

'တီ... တီ'

ခြံစောင့်ကြီးက တံခါးလာဖွင့်ပေးတော့ ဒေါ်ပန်းရောင် သွေး ခြံထဲ ကားမောင်းဝင်လာပြီး ခြံထဲမှာ သမီးကားလေး မတွေ့၍ ထိတ်ခနဲ စိတ်ပူပင်သွားသည်။

'သမီးလေးရော ပန်းနုချယ် အပြင်ထွက်သွားပြီလား'

'ဟုတ်ပါတယ် မမကြီး၊ စောစောကပဲ ကားနဲ့ထွက် သွားပါတယ်၊ ဘာဖြစ်လာလို့လဲဟင်၊ မမလေးက ကျောင်းသွား တဲ့အချိန်လေ'

'ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ သွားတော့'

ဟုတ်သားပဲ။ ဒီအချိန်က သမီးကျောင်းသွားချိန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းရောင်သွေး တိုက်ထဲဝင်လာခဲ့သည်။ မိုးရေတံခွန်နဲ့တော့ သွားချိန်းတွေကမှာ မဟုတ်ပါဘူး။ သူ့အဖေက တားဆီးမှာပဲ။ ငါ့သမီးကိုများ ရာရာစစ မင်းတော်တော်အကြံကြီးတဲ့ ကောင်ပဲ။ မိထွေးဆိုတာကို လက်မခံနိုင်ဘဲနဲ့များ ငါ့သမီးလေးဘဝကို ပက်ပက်စက်စက် ဖျက်စီးပစ်ဖို့ ကြံစည်ရက်တယ်။ မိန်းမဆန် လိုက်တာ။ ဒေါ်ပန်းရောင်သွေး ရင်ထုမနာ တနုံ့နုံ့နှင့် နာကျင် ကြေကွဲနေသည်။

○



## အခန်း(၂၀)

တစ်ယောက်ကိုတစ်ယောက် အရမ်းပဲမုန်းတီးပြီး ရန်သူတွေလို အမြဲတမ်းရန်ဖြစ်တတ်ကြတဲ့သူတွေ ချစ်သူဖြစ်ကြပြီဆိုရင် အရမ်းချစ်ကြတာလို့ ပြောနေတတ်ကြတာ တကယ်မှန်တယ်ကွာ။ ချယ်လေး ကိုယ့်ကို အရမ်းချစ်တယ်။ အရင်က အမုန်းတွေ တကယ့်ကို ချယ့်ရင်ထဲမှာ ပျောက်ဆုံးသွားတာ။ ကိုယ့်အကြောင်းတွေပဲ တွေးပြီး ချယ်ရင်ထဲမှာ ပီတိတွေ အပျော်တွေ ဖွေးထွေးလိုက်ဖိုရင်ခုန်ခြင်းတွေ ပြည့်နှက်နေတယ် သိလား။ မာမီကလည်း သိသွားရင် အရမ်းပျော်သွားမှာပဲ။ ဦးမိုးဝသုန်ကို မာမီ အရမ်းချစ်တာလေ။ ချယ် ကိုယ်ချင်းစာမိတယ်။ မိုးမမြင် လေမမြင် ကိုယ့်ကိုချစ်တဲ့အကြောင်းတွေပဲ စဉ်းစားချင်နေတယ်။ ရန်ဖြစ်ခဲ့တဲ့အချိန်လေးတွေကို နမျောလိုက်တာ။ ရန်ဖြစ်ခဲ့ကြလို့လည်း အရမ်းချစ်မိသွားတာဖြစ်မယ်နော် ကို။ ချယ် ကားလေးကိုမောင်းနေရင်း ချစ်သူ မိုးရေတံခွန်အကြောင်းတွေပဲ တွေးမိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ့်နှုတ်ခမ်းအိအိလေးတွေ ပေါ်မှာ အပြုံးတောက်တောက်လေး လေးတွေ ထင်ဟပ်နေရင်း ကိုယ်က ချယ့်ဆီဖုန်းဆက်ပြီး တွေ့ဖို့ ချိန်းထားတဲ့ Royal Rose က သီးသန့်ခန်းလေးဆီ အရောက် လာနေသည်။

'အရေးထဲ ဖုန်းကလာနေသေးတယ်၊ ဟာ··· မာမီပဲ'

ချယ် ဖုန်းကိုဖွင့်ကြည့်တော့ မာမီ့ဖုန်းဖြစ်နေ၍ ဝမ်းသာ သွားသည်။ ဒါပေမဲ့ မာမီ ရုတ်တရက်ကြီး ပြန်ရောက်နေပြီး သူမထံ ဖုန်းဆက်တာတော့ စိတ်ထဲမှာ ထင့်သွားရင်း ဦးမိုးဝသုန် နှင့် လက်ထပ်ဖို့ စီစဉ်နေတာ ချယ့်ကို ဖုန်းဆက်စရာအကြောင်း မရှိပေ။ သူမ နားထောင်လိုက်သည်။

'မာမီ'

'ချယ် သမီး ဘယ်ရောက်နေလဲ၊ မိုးရေတံခွန်ကို သွား တွေ့နေတာလား၊ ကျောင်းမှာလား'

'ကိုယ်နဲ့ သွားတွေ့မလို့လေ၊ အဲ··· မာမီ့ကိုတော့ ဘာမှဖွင့်မပြောရသေးဘူး၊ ပြန်လာမှ ပြောပြတော့မယ်နော်.မာမီ'

'ညည်း ပြန်လာခဲ့၊ ဘာမှပြောပြမနေနဲ့တော့၊ မာမီ အားလုံးသိထားပြီးပြီ'

'ဟင်··· ဦးမိုးဝသုန်က ပြောပြလိုက်တာလား'

'ဟုတ်တယ်'

မာမီ့လေသံက မာလိုက်တာ။ ဘယ်လိုဖြစ်သွားရတာလဲ





မိုးရေတံခွန်နှင့် သူမတို့ အဆင်ပြေသွားပြီဆိုတဲ့ သတင်းကြားလိုက် ရင် မာမီ အရမ်းပျော်သွားမယ်လို့ ချယ် ထင်ထားမိတာပါ။ မာမီ့လေသံက ဒေါသတွေ ပေါက်ကွဲနေသည်။

'ချယ် ပြန်လာခဲ့စမ်း၊ မာမီ ပြောစရာရှိတယ်၊ မာမီ လက်ထပ်ဖို့ အစီအစဉ်လည်း ဖျက်လိုက်ပြီ'

'ဘာပြောတယ် မာမီ'

'အခုချက်ချင်း ပြန်လာခဲ့ သမီးနဲ့ မိုးရေတံခွန်ကိုလည်း မာမီ လက်မခံဘူး'

'မာမီ'

'ပြန်လာခဲ့စမ်း၊ အခုချက်ချင်းနော်'

'အင်းပါ'

ချယ် စိတ်ညစ်သွားရပြီး ကိုယ်နဲ့တွေ့ဖို့ ချယ် သွားတွေ့ ရင် ကောင်းမလား။ မာမီကလည်း ချက်ချင်းပြန်လာခဲ့တဲ့။ ဘာ တွေဖြစ်ကုန်တာလဲ။ နားမလည်နိုင်ပေ။ မိသားစုတွေ ပျော်ရွှင် ကြည်နူးရမည့် အခြေအနေဖြစ်မလာဘဲ မာမီက ဦးမိုးဝသုန်နဲ့ လက်ထပ်မယ့်ကိစ္စတောင် ဖျက်သိမ်းပြစ်လိုက်ပြီတဲ့။ သူမ ချစ်သူ မိုးရေတံခွန်နှင့် မတွေ့တော့ဘဲ မာမီ့ဆီပဲ ပြန်လှည့်လာခဲ့သည်။ ချယ့်ကို တွေ့တော့ မာမီ ဒေါသတွေပေါက်ကွဲပြီး မိုးရေတံခွန်ကို အဆက်အသွယ်ဖြတ်ပစ်ရမည်တဲ့။ ချယ် ဝေ့လည်ပြီထင်တယ်။ မာမီ နောက်နေတာလား။ မာမီ့မျက်နှာပေါ်မှာ ဒေါသတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



တင်းအာခတ်ထန်မှုတွေနှင့် မာထန်နေသည်။

'မာမီလည်း ဘယ်လိုလူမျိုးနဲ့မှ လက်မထပ်တော့ဘူး သမီးဘဝပျက်စီးရာပျက်စီးကြောင်းကိုတော့ မာမီ လုံးဝမလုပ်နိုင်ဘူး'

'ဟိုလေ မာမီ၊ သမီးဘဝက ဘာဖြစ်လို့ပျက်ရမှာလဲ မိုးရေတံခွန်နဲ့ချယ်တို့က အရမ်းချစ်မြတ်နိုးကြတာပါ'

'တော်စမ်း ချယ်၊ ဒီကောင်လေးကို သမီး မယုံနဲ့ အကြံအစည်တစ်ခုခုနဲ့ သမီးကို အရယူတာ၊ မိုးရေတံခွန်က သမီးကို ချစ်မလား၊ ဒီလောက်မုန်းနေတာ၊ မာမီလည်း သူ့ကို သမက်အဖြစ် လက်မခံနိုင်ဘူး'

'ဘာဖြစ်လို့လဲ မာမီရဲ့'

'ရှင်းလို့၊ မာမီ့ကိုလည်း မရှိသေဘူး၊ မာမီအရက်သိမ်းတွေ ဒင်းကြောင့် ကွဲခဲ့ရတယ်လေ'

'မဟုတ်ပါဘူး မာမီရယ်၊ ချယ်လည်း သူ့ဒယ်ဒီကို လုပ်ခဲ့တာပဲ၊ အဲဒီတုန်းကတော့'

'တိတ်စမ်း'

'အခုဟာက'

'ဘာအခုဟာကလည်း၊ သူ့အဖေကလည်း သမီးကို ချွေးမအဖြစ် လက်မခံနိုင်ဘူးတဲ့၊ သမီးကို ထိန်းထားပေးပါတဲ့'

'ဟင်'





'သူ့သားကိုလည်း သူ ထိန်းမယ်တဲ့၊ မာမီနဲ့လက်ထပ်ဖို့တောင် ဖျက်သွားတယ်'

ဦးမိုးဝသုန်ကလည်း ချယ့်ကို မုန်းမှာပါပဲ။ ချယ်ကလည်း ဒုက္ခတွေ အမျိုးမျိုးပေးခဲ့တာ မဟုတ်လား။ အရှက်တွေလည်း ခွဲခဲ့သည်။ အဲဒီတုန်းကတော့ မာမီ့ကို နောက်အိမ်ထောင်မပြုစေလိုတဲ့ ဆန္ဒကြောင့်ပါ။ ကိုယ်နဲ့ ဝေးရတော့မှာလား။ မာမီကတော့ ကိုယ့်ကို လုံးဝသမက်မတော်နိုင်ဘူးတဲ့။ ဘယ်လိုမှ ဖျောင်းဖျပြောဆို၍ပင် မရ။ သေချင်တယ်။ မိုးရေတံခွန်ကိုလည်း မာမီက သမက်တစ်ယောက်အဖြစ် ဘယ်တော့မှ လက်မခံနိုင်ဘူးဆိုပြီး ဦးမိုးဝသုန်ကို မခွဲနိုင်မခွာရက်ချစ်နေဟာတောင် လက်ထပ်ပွဲကို ဖျက်သိမ်းခဲ့သည်။

'မာမီ ပြောပြီးပြီနော်၊ မိုးရေတံခွန်က မာမီ့ကို မကျေနပ်နေတာ၊ သမီးကို အရယူပြီး တစ်သက်လုံး အညှိုးနဲ့နှိပ်စက်နေတော့မှာ၊ မာမီရှေ့ဆောင်လမ်းပြ ယောကျ်ားတစ်ယောက်ကို ဖွတ်ကြီး သမီးကို မညှာမတာ လက်ထပ်ဖို့ လုပ်ခဲ့တာ မာမီ မှားတယ်၊ နောင်တရနေတယ်ကွယ်'

'ဟို… ကိုယ် မိုးရေတံခွန်ကလေ မာမီထင်သလောက်တော့ မဆိုးသေးပါဘူး၊ သမီးကိုလည်း တကယ်ချစ်တာပါ၊ ဆုတ်မာတဲ့ အကြံအစည်တွေလည်း မရှိနိုင်ပါဘူး'

'တော်ပြီ ချယ်၊ မိုးရေတံခွန်ကို လုံးဝမပတ်သက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့လည်း မစဉ်းစားနဲ့၊ မာမီလက်မခံဘူး၊ သဘောလည်း ခဲ့ဘူး။ သမီးကို ချစ်တယ်ဆိုတာလည်း မယုံကြည်ဘူး'

မာမီနဲ့ ဦးမိုးဝသုန်တို့ လက်ထပ်ပွဲတောင် ဖျက်လိုက် ဘယ်ဆိုတော့ ပေါင်းစည်းဖို့ မဖြစ်နိုင်။ မာမီကလည်း အသဲဓာ လိုက်တာ။

'သမီးကို မာမီ မချုပ်ချယ်ဘူး၊ ကျောင်းကိစ္စကလွဲပြီး တခြားဘာမှ လုပ်စရာမလိုဘူးနော်၊ မိုးရေတံခွန်နဲ့တော့ မပတ် သက်ရဘူး၊ မာမီ လုံးဝသဘောမတူဘူး'

လောလောဆယ်တော့ မာမီ့ကို ပြောရှုရမှာမဟုတ်ဘေ ချယ့်အနားကနေ မာမီထွက်သွားသည်။ ဆိုင်ထွက်ဖို့ သွားတာဖြစ်မည်။ ချယ် ဘာဆက်လုပ်ရတော့မလဲ။

ကိုယ်ကရော ဒီလိုမှန်းသိရင် ဦးမိုးဝသုန်နဲ့ မာမီ့ကို မကာ ကွက်ခဲ့ပါဘူး။ နှစ်ယောက်လုံးက အသဲမာလွန်းသည်။ ဘယ်သူ ဖျက်ဖျက် မကွဲဘူးလို့ သစ္စာဆိုထားကြပြီးတော့များ ရက်စ တယ်။ ချယ်က မိုးရေတံခွန်ကို ချစ်နေပြီ၊ ချယ် ကိုယ့်ဆီဖုန်းဆ သည်။

'ချယ်လား ဘာဖြစ်လို့မလာတာလဲ၊ ကိုယ်စောင့်နေ တယ်၊ Royal Rose ကနေ ခုထိတောင် မပြန်ရသေးဘူး'

'ဒီမှာ ပြဿနာတွေ တက်နေပြီ ကိုရေ၊ မာမီက လ





ခံတာ၊ ကိုယ့်ဒယ်ဒီက မာမီ့ကို ပြောလိုက်တယ်၊ လက်ထပ်ပွဲ တောင် နှစ်ဦးသဘောတူ ဖျက်သိမ်းပစ်လိုက်ပြီတဲ့'

'ချယ် လာခဲ့ပါ၊ ကိုယ် အရမ်းတွေ့ချင်တယ်'

'မာမီက ကိုယ်နဲ့ထပ်တွေ့ဖို့ မကြိုးစားနဲ့တဲ့၊ ဒီလိုမှန်းသိ ရင် မာမီတို့ကို မခွဲပါဘူးနော်'

'ချယ်'

'ကို'

'ကိုယ်တို့ တွေ့ကြရအောင်ကွာ'

'ချယ် လာခဲ့မယ်'

'ကိုယ် စောင့်နေမယ်'

မာမီရေ မတတ်နိုင်တော့ဘူးနော်။ ကိုယ်နဲ့ချယ်က အရမ်း အရမ်းကို ချစ်နေကြပြီ။ ကိုယ့်ကို ချယ် ယုံကြည်တယ်။ အရမ်း ချစ်ကြတာပါ။ ချယ့်ဘဝကို ဖျက်စီးမယ့်သူက ကိုယ် မဖြစ်နိုင်။ မာမီ မသိအောင် ပြင်ထွက်လာခဲ့သည်။ ကိုယ့်ဆီရောက်တော့ ဧည့်သည်ခန်းထဲ မျက်နှာညိုညိုနှင့် ကိုယ်က စောင့်နေ၏။ စားစရာ တွေ အရင်စားပါဦးချယ်ရယ်။ နောက်မှ ပြောမယ်ဆိုပြီး ကိုယ်က စားစရာတွေကိုပဲ စားနေသည်။

'ကို'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'စားနိုင်သေးတယ်နော်၊ ချယ်ဖြင့် ရင်ထဲမှာ မီးတောက်နေတယ်'

'စားပါကွာ'

'မစားဘူး'

'ကိုက စိတ်ညစ်ရင် အစားတွေပိုစားတယ်'

တကယ်တော့ ချယ် စိတ်မဆိုးအောင် ဘယ်ကစပြောရမှန်းမသိ၍ စဉ်းစားချိန်ရအောင် မိုးရေတံခွန် အစားတွေစားနေမိခြင်းပင်။ ဒယ်ဒီက ချွေးမအဖြစ် လက်မခံနိုင်ဘူးဆိုတာ ချယ် ဒေါသမဖြစ်သွားအောင် ဘယ်လိုပြောပြရမလဲ။ မင်းကို ဒုက္ခပေးဖို့ အကြံအစည်နဲ့ မင်းအချစ်ကို အလွယ်တကူ လက်ခံတာဆိုတဲ့ ဒယ်ဒီ့အယူအဆတွေကို မိုးရေတံခွန် လက်မခံနိုင်။ ချယ့်မာမီကလည်း ဒယ်ဒီ့အတိုင်း ပြောမှာပဲ။ ချယ့်မျက်ဝန်းတွေ တွေကြည်လဲ့ဖြူစင်နေသည်။ အရင်ကနှင့် မတူအောင် လုံးဆန့်ကျင်ဘက်ပြောင်းလဲသွားသည့် ချယ့်ကို မိုးရေတံခွန် ကြည့်ထားတာက သူ့အပေါ် ချစ်မိသွား၍ သူကြိုက်နှစ်သက်အမူအကျင့်တွေ ပြောင်းလဲပစ်လိုက်တာပင်။ ဒယ်ဒီ့ကို ဘယ်ရှင်းပြရမလဲ။ ချယ်က ဘာမှ မစားပေ။ မျိုချလို့မရဘူး သူက ရယ်တော့ သူမ နှုတ်ခမ်းလေး ထော်နေသည်။

'ကို ဘာဖြစ်နေတာလဲ၊ လူကြီးတွေက သဘောတူ ဆိုတာကို ပျော်နေတယ်ပေါ့လေ'





'ကိုယ့်ဒယ်ဒီက မင်းကို မယုံတာ၊ မင်းက ကိုယ့်ကို အကြံအစည်တစ်ခုခုရှိလို့ လက်ခံတာတဲ့'

'မာမီကလည်း အဲဒီလိုပြောတာပဲလေ၊ ချယ်တို့ဘယ်လို လုပ်ကြမလဲဟင်'

'ကိုယ့်ဒယ်ဒီက ချယ့်ကို ချွေးမ တော်ရမှာကြောက်နေတယ်၊ သူ့ကိုအရှက်ခွဲထားလို့ အမြင်ကတ်နေတာတဲ့'

'မာမီကလည်း ဒီလိုပဲလေ'

ချယ့်မာမီကလည်း သူ့ကိုသမက်အဖြစ် လက်ခံနိုင်မှာ မဟုတ်ဘူးဆိုတာ မိုးရေတံခွန် သိနေသည်။ နှစ်ယောက်သား တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးမိကြ၏။ အရင်တုန်းက သူတို့နှစ်ယောက် ပြဿနာ ရှာခဲ့ကြတာတွေကို သတိရလာကြသည်။

'ဘယ်လိုလုပ်ကြမလဲဟင်၊ ကို မမာမီကတော့ လုံးဝပဲနော်၊ မာတယ်၊ မိုးရေတံခွန်ကို သမက်မတော်နိုင်ဘူးတဲ့'

'မင်း ကိုယ့်ဒယ်ဒီကို လာပြီးတောင်းပန်ပါလား'

'ဟာ... မတောင်းပန်ချင်ပါဘူး၊ ဘာဖြစ်လို့ တောင်းပန်ရမှာလဲ'

'ဒယ်ဒီ ကျေနပ်အောင်လေ ချယ်၊ ကိုယ်လည်း ခင်းမာမီကို တောင်းပန်မယ်၊ ဘယ်လိုလဲ'

ဦးမိုးဝသုန်ကို ချယ် ပြဿနာရှာခဲ့တာတွေက အများကြီး



www.burmeseclassic.com

www.burmeseclassic.com

ပဲ။ မျက်နှာပူလိုက်တာ။ ကြောက်လည်းကြောက်သည်။ ချယ့်ကို တွေ့လိုက်တာနဲ့ ဒုတ်ဆွဲပြီး ရိုက်မလားပဲ။ ကိုယ်ကလည်း မာမီ့ကို တောင်းပန်မယ်ဆိုတော့လည်း ခက်နေသည်။

'ချယ်ကြောက်တယ်၊ ကို့ဒယ်ဒီနဲ့ မျက်နှာချင်းဆိုင်ရမှာ အရမ်းမျက်နှာပူတာပဲ၊ တော်တော်လေးမုန်းနေလို့၊ မာမီနဲ့လက်ထပ်ပွဲတောင် ဖျက်ပစ်ခဲ့တာလေ'

'မင်းမာမီကလည်း ကိုယ့်ကိုအရမ်းမုန်းနေမှာပဲလေ၊ ကိုယ်လည်း မျက်နှာပူတာပဲ၊ ဒါပေမဲ့ ချယ့်ကို မခွဲနိုင်ဘူးကွာ၊ ကိုယ် ဘာပဲဖြစ်ဖြစ် ချယ့်အတွက်ဆို လုပ်မယ်'

ကိုယ်က ချယ့်ကို ရင်ထဲအသည်းထဲကနေ နှစ်နှစ်ကာကာ ချစ်တယ်ဆိုတာ ချယ် ယုံကြည်သည်။ ချယ့်အတွက် ကိုယ် ဘာမဆို လုပ်ပေးနိုင်၏။ ချယ်ကလည်း ဘာအကြံအစည်မှ မရှိပါဘူး။ လူကြီးတွေ လက်ခံလာအောင် ဘယ်လိုရှင်းပြရမလဲ။ ချယ်လည်း ကိုယ်နဲ့မခွဲနိုင်ဘူး။ ဦးမိုးဝသုန်ကို တောင်းပန်မယ်၊ ဒယ်ဒီလို့ ခေါ်ပစ်လိုက်မယ်။ ဘာဖြစ်လဲ။ ကြောက်ဒူးက တုန်ချင်သည်။

'လူကြီးတွေကလည်းနော် သူတို့ကျတော့ အတင်းဇွတ်ကြီးလက်ထပ်ဖို့ စီစဉ်ကြတယ်၊ ချယ်တို့က လူကြီးမိဘအဖြစ် စွန့်လွှတ်လို့မရဘူး၊ ချယ်တို့ကျတော့ သားသမီးအဖြစ်က စွန့်လွှတ်မယ်၊ အမွေပြတ်တဲ့ မတရားလိုက်တာ'





ချယ် မကျေမနပ် နှုတ်ခမ်းလေးစုထော်ပြီး ပြောနေတာပင် ရိုးသားမှုဟု မိုးရေတံခွန် ယုံကြည်သည်။ သူ့ဘက်က ချယ့်ကို ဘာအကြံအစည်မှ မရှိဘဲ ရင်ထဲကနှစ်ပြီး ချစ်နေမိတာပါ။ ကိုယ်တို့နှစ်ယောက်လုံး ဝဋ်တွေလည်ကြတော့မယ်ထင်တယ် ချယ်ဟု ပြောတော့ ချယ့်မျက်နှာလေးက မဲ့တဲ့တဲ့လေးဖြစ်သွားသည်။ တက္ကသိုလ်တွေမှာ နောက်ဆုံးနှစ်တွေရောက်နေကြသေး၍ စီးပွားရေးလုပ်ငန်းလည်း မရှိ။ ချယ့်ကို လူကြီးမိဘတွေ စုံစုံညီညီနှင့် ကြီးကျယ်ခန်းနားစွာ လက်ထပ်လို၏။ သူနှင့် ချယ် ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမျှော်ကြကာ သစ္စာဆိုကြသည်။

ဘယ်လိုအကြောင်းအရာမျိုးနှင့်မှ လမ်းမခွဲကြကြေး။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

ဦးမိုးဝသုန် စိတ်တွေအတော်လေးတည်ငြိမ်အောင် ကြိုးစားနေသည်။ ပန်းရောင်သွေးကို မေ့ပစ်၍မရ။ ဟိုကောင်မလေးကြောင့် ပန်းနုချယ်ကို သမီးအဖြစ် လက်ခံနိုင်ပေမယ့် ချွေးမအဖြစ်တော့ လက်မခံဘူး။ သားကို ဒုက္ခပေးမယ့်ဟာမလေးပဲ။ ဒီလောက်စွာတေးလန်ပြီး ဇက်ဇက်ကြဲမလေးက သားအချစ်ကို အလွယ်တကူ လက်ခံလား။ သားဘဝကို မရင်းနိုင်ပါဘူး။ ကွယ်လွန်သွားတဲ့ ချစ်ဇနီးအပေါ် ဒီထက်ပိုပြီး သစ္စာမမဲ့နိုင်ပေ။ ပန်းရောင်သွေးကိုလည်း သတိရလွမ်းဆွတ်နေသည်။

'ပန်းနုချယ် မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ငါ့သားကို ဒုက္ခပေးဖို့ ကြံစည်နေတာ၊ မင်း ငါ့ချွေးမ ဘယ်တော့မှ မဖြစ်စေရဘူး'

ပန်းရောင်သွေးလို မိမိနှစ်သက်မြတ်နိုးပေမယ့် သားကြောင့် ကင်းကင်းရှင်းရှင်းနေရတာ မိမိနှလုံးသားတွေထဲမှာ





တဆစ်ဆစ် နာကျင်စူးရှနေသည်။ ပြန်ဆက်ပြီး လက်ထပ်မင်္ဂလာပွဲကျင်းပနိုင်ဖို့ လုပ်ဆောင်ချင်နေတဲ့ ဆန္ဒတွေ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ပေမယ့် ထောင့်မကျိုးတဲ့ ဟာမလေး ပန်းနုချယ် မျက်နှာကို မြင်ယောင်လာတိုင်း ဒေါသတွေက အတွက်အထိပ်သို့ ပြန်ရောက်သွားရ၏။ ငါ့သားကို အမိဖမ်းတယ်။ မင်း လုံးဝ မရိုးသားဘူး။ မအေနဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲ။ မျက်နှာထားကအစ မောက်မောက်မာမာ။ မိမိကို အရှက်ခွဲအောင် ကြံစည်တဲ့ အကြိမ်တွေက များလွန်းသည်။

'သွေး... မင်းကို ကို မြတ်နိုးနှစ်သက်မိပါတယ်၊ လက်ထပ်ပြီး အတူတူလည်း နေချင်ပါတယ်ကွာ၊ မေ့ပစ်လို့ မရနိုင်အောင်ပဲ ကိုယ်ချစ်တယ်'

'ဒယ်ဒီကလည်းဗျာ၊ ဒီလောက်ချစ်နေရင်လည်း အတူနေနိုင်အောင် လက်ထပ်လိုက်လေ၊ ဒယ်ဒီက သားအတွက်နှစ်ပေါင်းများစွာ အနစ်နာခံခဲ့တာပဲ၊ ဒယ်ဒီ လုပ်သင့်ပါပြီ'

'ဟေ့ကောင်... မိုးရေတံခွန်၊ မင်း... မင်း'

မိမိက လသာဆောင်မှာ တစ်ယောက်တည်းထိုင်ပြီး လွတ်လွတ်လပ်လပ် တွေးနေတာပါ။ ရင်ထဲက ပြွတ်သိပ်မွန်းကြပ်နေတဲ့ ခံစားချက်တွေကို အသံထွက်ပြီး ရင်ဖွင့်မိတာ။ သားမိုးရေတံခွန်က မိမိနောက်မှာ ရောက်နေတာ သတိမထားမိလိုက်။ ဒီကောင် ဘယ်အချိန်က ရောက်နေတာလဲ။ အသံမပေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဝသုန် သားရှေ့မှာ မျက်နှာထားကို တင်းပစ်သည်။

'မိုးရေတံခွန်… မင်းကိုငါ ပြောထားပြီးပြီနော်၊ ပန်း ရောင်သွေးကို ငါ သေလောက်အောင်ပဲ ချစ်နေပါစေ၊ သူ့သမီးကို တော့ ဘယ်တော့မှ ချွေးမအဖြစ် လက်မခံဘူးကွ'

'ဘာဖြစ်လို့လဲ ဒယ်ဒီရာ၊ ချယ်က လုံးဝကို အမူအကျင့် တွေရော ဝတ်စားပြင်ဆင်ပုံတွေပါ အရာရာတည်ငြိမ်အောင် ထိုင်တတ်နေပါပြီ'

'ဟေ့ကောင်… မိန်းမမာယာတွေကွ၊ မင်း ဘယ်လောက် သိလို့လဲ၊ လောကကြီးထဲမှာ မိန်းကလေးတွေ အများကြီးပါကွ ဒယ်ဒီ သဘောမတူဘူး'

'ဟိုလေ ဒယ်ဒီ၊ ချယ်က ဒယ်ဒီ့ကို အရှက်ကွဲအောင် လုပ်တာလည်း ရတ်တရက် နားလည်မှုလွဲတာပါ၊ သားလည်း ဒီလိုပဲလေ၊ ဒေါ်ပန်းရောင်သွေးကို အရှက်ကွဲစေခဲ့တာပဲ'

'ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒယ်ဒီကတော့ မင်းနဲ့ ပန်းနုချယ်ကို သဘောမတူဘူး'

'ဒယ်ဒီတို့ဘဝကတော့ သားတို့ တားဆီးနေတဲ့ကြားက ဇွတ်အတင်းလက်ထပ်ဖို့ စီစဉ်ကြတယ်၊ သားသမီးတွေအပေါ် တာဝန်ကျေပြီဆို ဒယ်ဒီတို့ကြောင့် သားနဲ့ချယ် ချစ်သူတွေဖြစ် သွားကြတာ'

**သားဘက်ကနေ ပန်းနုချယ်အား နှစ်နှစ်ကာကာ**





မြတ်မြတ်နိုးနိုး ချစ်နေသဖြင့် ဦးမိုးဝသုန် စိတ်ထိခိုက်ရသည်၊ မင်းဘယ်လိုဖြားယောင်းမြူဆွယ်လိုက်လဲ ပန်းနုချယ်။ ငါ့သားထ အစိမ်းသက်သက်ကွ။ ဖခင်နောက်ထပ်အိမ်ထောင်ပြုသွားမည်ကို စိုးရိမ်ပြီး မိန်းကလေးသူငယ်ချင်းပင် မထားခဲ့ပေ။ မိမိတားဆီး ရမှာပဲ။ ပန်းနုချယ် အကြောင်းကျွေးမိတိုင်း မိမိဒေါသတွေဖြစ် ရပြီး ဒီကောင်မလေးကို အမြင်ကတ်၍လည်း သူ့အမေ ပန်းရောင် သွေးကို အရယူဖို့ ကြိုးစားခဲ့ခြင်းပင်။ အချစ်ဆိုတာကို ဒယ်ဒီ နားလည်ပါတယ် သားရယ်။ ပန်းနုချယ်မှာ နှလုံးသားမရှိနိုင်ပါ ဘူး။ ဦးမိုးဝသုန် စဉ်းစားလေ။ လက်မခံနိုင်အောင်ပဲ ဖြစ်ရသည်။

'ချယ်က ဒယ်ဒီ့ကို တောင်းပန်ချင်ပါတယ်တဲ့၊ သူ အရမ်းမှားသွားတယ်လို့လည်း ပြောပါတယ်၊ အခုနောင်တတွေ အရမ်းရနေပါပြီ'

'အဲဒါပဲ ကြည့်စမ်း၊ ဒယ်ဒီ့ကို တောင်းပန်မယ် ဟုတ် လား၊ ဟား… ဟား… ဟား၊ အရမ်းရယ်ရတယ်၊ ပန်းနုချယ်လို ကောင်မလေးမျိုးက ဒယ်ဒီ့ကို တောင်းပန်မယ်၊ လွယ်လိုက်တာ၊ မင်းအကြံ ဒါအကုန်ပဲလား ပန်းနုချယ်၊ တောက်… နရင်းပရင်း တောင် ထအုပ်ပစ်ချင်တယ်'

'ဒယ်ဒီကလည်းဗျာ'

ဒယ်ဒီ့ကို ဘယ်လိုမှ ပြောလို့မရနိုင်ဘူးဆိုတာ သိ၍ **မိုးရေတံခွန် စိတ်ပျက်မိသည်။ ဒယ်ဒီ လက်ခံခံ မခံခံ သူကတော့**



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ချယ့်ကိုလက်ထပ်မှာပဲဖြစ်၏။ ဒယ်ဒီက ခါးခါးသည်းသည်းပင် ငြင်းဆန်နေသည်။

'ဒယ်ဒီကို ဒီဟာမလေးနဲ့ ပတ်သက်ပြီး နောက်ထပ်လာမပြောနဲ့ မိုးရေတံခွန်၊ မင်းတို့ လူကြီးမိဘစကားကို နားမထောင်ဘဲ ဇွတ်အတင်း လက်ထပ်ရင် အမွေပြတ်ပဲ၊ တော်သေးတာပေါ့ကွာ၊ အမွေပစ္စည်းတွေ တရားဝင် မလွှဲပြောင်းရသေးလို့'

သားအတွက် ရသင့်ရထိုက်တာတွေကို လွှဲပြောင်းပေးဖို့ ရှေ့နေတွေနှင့် စီစဉ်ထားပြီးပေမယ့် တရားဝင်လက်မှတ်ရေးထိုးခြင်း မပြုရသေးပေ။ လက်မှတ်ထိုးဖို့ ရက်ပိုင်းသာ လိုသည်။

'ပန်းရောင်သွေးကို စွန့်လွှတ်ရတာ ဒယ်ဒီ ဘယ်လောက်ရင်ကွဲရလဲကွ၊ ကိုယ့်ဆန္ဒတွေကို အတော်ချုပ်တည်းထားရတာလေ၊ သားအတွက်ပဲ၊ ပန်းနုချယ်ကလွဲပြီး တခြား ဘယ်ကောင်မလေးမျိုးပဲဖြစ်ဖြစ် ဒယ်ဒီ လက်ခံမယ်'

'သားက ပန်းနုချယ်ကိုပဲ ချစ်တာ၊ ဘယ်လိုအကြောင်းမျိုးနဲ့မှ မခွဲဘူးလို့ ဘုရားမှာ သစ္စာဆိုထားတယ်'

'ဟေ'

သားမိုးရေတံခွန် ဘက်က အရူးအမူးပါပဲလား။ ငါ့သားကို မင်း ဘယ်လိုလုပ်ပစ်လိုက်တာလဲ ပန်းနုချယ်။ စိတ်မကောင်းလိုက်တာ။ ငါ့သားဘဝ တစ်သက်လုံး ထိနိုက်ဆုံးရှုံးရတော့မယ်





ပန်းနုချယ်က သားကို မချစ်နိုင်ပါဘူး။ ဒီကောင်မလေး စိတ်ဓာတ်နှင့် အကျင့်စရိုက်တွေကို မိမိသိသည်။

'ဒယ်ဒီ သားအရင်ကတည်းက ဒေါ်ပန်းရောင်သွေးကို ဇွတ်အတင်းကြီး လက်မထပ်ခဲ့ရင် သားတို့လည်း နီးစပ်စရာ ဘာအကြောင်းမှ မရှိဘူး၊ အခုတစ်ယောက်ကိုတစ်ယောက် အရမ်းချစ်သွားကြပြီး မခွဲနိုင်တော့ဘူး၊ ကိုယ်ချင်းစာပေးပါဦး ဒယ်ဒီရာ'

'ဘာဖြစ်လို့ ကိုယ်ချင်းစာရမှာလဲ၊ မစာဘူး မင်းဘဝကို ဒုက္ခပေးမှာကွ၊ ဒယ်ဒီက ဖခင်ပီသရမယ်'

'သေရောပဲ'

ဒယ်ဒီက အရေးထဲဖခင်ပီသပြနေသေးသည်။ ချယ့်ကို အမြင်ကတ်ပြီး ချွေးမအဖြစ် မတော်ချင်တာပါ။ ချယ့်အမေကျတော့ အပိုင်ယူချင်တယ်။ ဒယ်ဒီ မတရားဘူးဗျာ။ မိုးရေတံခွန်လည်း ဒယ်ဒီ့ကို ဘယ်လိုမှ ဖြောင်းဖျမရ။ ချယ် ဘာပဲလုပ်လုပ် အပြစ်တွေပဲ မြင်နေ၏။ ဒယ်ဒီက သူ့ကို မင်းဘာမှဆက်မပြောနဲ့တော့ဟု လေသံပြတ်ပြတ်ပြောကာ ထွက်သွားသည်။

'ဒယ်ဒီနော် ချယ်ကလွဲပြီး သား ဘယ်မိန်းမကိုမှ လက်မထပ်ဘူး၊ ချွေးမလောင်းလေးကို အမြန်လက်ခံလိုက်'

ဒယ်ဒီက ဒေါသတကြီးနှင့် သူ့အိပ်ခန်းတံခါးကို ဒိုင်းခနဲနေအောင် ပိတ်ပစ်သည်။ မလွယ်ဘူး။ ဒေါ်ပန်းရောင်သွေးကလည်း သူ့ကိုသမက်အဖြစ် လက်မခံချင်၍ ဒယ်ဒီ့ကို အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ခြတ်သွား၏။ ဒယ်ဒီနှင့် ဒေါ်ပန်းရောင်သွေးတို့ မြ အဆင်ပြေသွားအောင် လုပ်ပေးရမယ်။ ချစ်ရတဲ့ချယ့်ကိုတော့ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး။ မခွဲဘူး။ ဒယ်ဒီ့ကို ဘယ်လို ပြောဆိုဖျောင်းဖျမရတော့၍ မိုးရေတံခွန် အပြင်ထွက်လာခဲ့သည်။ ဒေါ်ပန်းရောင်သွေးကို တောင်းပန်သင့်ရင်လည်း အခွင့်သာတာ နဲ့ တောင်းပန်မယ်။ ဒယ်ဒီ့စိတ်တွေကို ပြောင်းလဲပစ်နိုင်တာ ဒေါ်ပန်းရောင်သွေးပဲ ရှိတယ်။ မိုးရေတံခွန် ဗိုလ်ချုပ်ဈေး ရောက်လာပြီး ပိုးထည်တိုက်ပိုင်ရှင် ဒေါ်ချောချောဆီ ရောက်လာ သည်။

'မောင်မိုးရေတံခွန် မင်း မလာတာကြာပြီပဲ၊ ပိုးထည် ဒီဇိုင်းအသစ်တွေ ရောက်နေပြီလေ'

'ဟုတ်ကဲ့'

ဒေါ်ပန်းရောင်သွေးကတော့ သူနှင့်မျက်နှာချင်း ဆိုင် စဉ် မျက်နှာထားတင်းသွားကာ အကြည့်ကိုလွှဲပစ်လိုက်သည်။ အဝေးကမြင်တာတောင် မုန်းနေလိုက်တာ။ မလွှယ်ဘူး ချယ်ရေ သူက သနားကမားမျက်နှာလေးနှင့် ဒေါ်ပန်းရောင်သွေးကို ကြည့် သည်။

'အန်တီချော'

'ပြောလေ မောင်ရင်'

'ဒေါ်ပန်းရောင်သွေးက တကယ့်ကို ဣန္ဒြေသိက္ခာရှိ





ချောတယ်နော်၊ မိန်းမကောင်းတို့ရဲ့ ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံ လိုက်တာဗျာ'

အရင်ကနှင့်မတူအောင် စကားကို တစ်မျိုးပြောင်းပြော သည်။ အန်တီချောက နည်းနည်းစပ်စုတတ်၏။ သူပြောတဲ့စကား တွေကို ဒေါ်ပန်းရောင်သွေးကို ပြောပြမှာ သေချာသည်။

'တကယ်တော့ သူဌေးကြီး ဦးမိုးဝသုန်က ဒေါ်ပန်းရောင် သွေးကို အရမ်းတန်ဖိုးထားပြီး ချစ်တာပါ၊ ကျွန်တော့်သူငယ်ချင်း က မတရားပြောတာပါ'

'ဟုတ်ပါတယ် မောင်ရင်ရယ်၊ သွေးက တစ်သက်လုံး ဣန္ဒြေသိက္ခာ ကြီးမားစွာနဲ့ နေထိုင်လာခဲ့တာပါ၊ သွေးကို ရရင် တောင် ဦးမိုးဝသုန် အရမ်းကံကောင်းမှာကွဲ့၊ မိန်းမပီသပြီး အချက် အပြုတ်ကောင်း မိန်းမကောင်းလေ'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း လေ့လာမိသလောက် အရင် က ကြားရတဲ့စကားတွေနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ၊ ဒေါ်ပန်းရောင် သွေးကို ကျွန်တော် လေးစားပါတယ်'

မိုးရေတံခွန်လည်း နောင်တတွေရနေသည်။ ဒေါ်ပန်း ရောင်သွေးရဲ့သမီးချောလေး ပန်းနုချယ်ကို ဒီလောက်အထိ နှစ် နှစ်ကာကာ ချစ်မြတ်နိုးမိသွားလိမ့်မည်ဟု မထင်မိ။ တဖြည်း ဖြည်းနှင့် ဒယ်ဒီ့ကို ဒေါ်ပန်းရောင်သွေးနှင့် သဘောတူလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ပန်းရောင်သွေးကို ကျွန်တော် ပြောဆိုဝေဖန်မိတာတွေအတွက် တောင်းပန်ချင်လိုက်တာဗျာ'

'အေးကွယ်၊ အန်တီချော ပြောပေးပါ့မယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီချောရယ်'

မိုးရေတံခွန် မျက်နှာပေးက တကယ့်ကို ကြေကွဲဝမ်းနည်းကာ ငြိမ်ငြိမ်ဝပ်ဝပ် ဖိဖိပြားပြား ပုံစံမျိုး ဒေါ်ပန်းရောင်သွေးဆိုင်ဘက်ကြည့်လိုက်တော့ မိုးရေတံခွန်အား ကျောခိုင်းနေသည်။ အရမ်းမုန်းတီးနေပုံပဲ။ မာမီ တောင်းပန်ပါတယ်ဗျာ။ ချယ်ကလည်း ဒယ်ဒီ့ကို တောင်းပန်မယ်တဲ့။ ရတ်တရက်ကြီး [illegible] တောင်းပန်လိုက်ရင် ဗိုလ်ချုပ်ဈေးထဲမှာ ဆူဆူညံညံ လူပ်လှုပ်[illegible]ရှား ဖြစ်သွားနိုင်၍ မိုးရေတံခွန်က ဒေါ်ပန်းရောင်သွေးရဲ့ ဆိုင်[illegible]နားချင်းတွေက တစ်ဆင့် အင်ထရိုဝင်ခြင်းဖြစ်သည်။

'ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီချော၊ ထပ်ပြီးလည်း ဝယ်စရာတွေ ရှိပါသေးတယ်'

'မောင်ရင်လေးက လုပ်ငန်းကြီးလုပ်နေတဲ့ပုံပဲ၊ ငယ်ငယ်လေးကွယ်'

'ဒယ်ဒီ့ကုမ္ပဏီမှာ အရောင်းမြှင့်တင်ရေး မန်နေဂျာပါ။ လက်ဆောင်တွေက အများကြီးပေးရတာ'

'အေးကွယ်'

မိုးရေတံခွန် အကြောင်းအမျိုးမျိုးနဲ့ ပိုးထည်တွေ ဝယ်ရ





တာ။ သူ့အခန်းထဲမှာ တစ်ပုံကြီးပဲ။ အန်တီချောက သူ့အကွက်ထဲ ဟန်းဝင်နေသည်။ မိုးရေတံခွန် ပြန်ရောက်လာတော့ မင်းဗိုလ်ချုပ်ဈေးထဲက ပိုးထည်ဆိုင်ကို ဘာသွားလုပ်တာလဲတဲ့။ တံဆိပ်ကို ဒယ်ဒီက သိနေ၏။ ပိုးထည်ဆိုင်တံဆိပ်ကို ကြည့်ပြီး ဒေါသထွက်ထွက်နှင့် ပစ္စည်းထုတ်တွေကို ပစ်ပေါက်လိုက်သည်။

'ဟာ… ဒယ်ဒီ ဘယ်လိုလုပ်လိုက်တာလဲ'

'စိတ်နာလို့ကွ၊ ပန်းနုချယ်ဆိုတဲ့ ကောင်မလေးကို မုန်းတယ်ကွာ၊ ဒီတံဆိပ်က ဒယ်ဒီ့ဒေါသကို လာဆွပေးနေသလိုပဲ'

'*ချယ်က အရင်လိုမဟုတ်တော့ပါဘူး ဒယ်ဒီရာ၊ အဝတ်*အစား အပြင်အဆင် အနေအထိုင်ကအစ ပြင်နေပါတယ်၊ သားကိုချစ်လို့ သားနှစ်သက်မြတ်နိုးမယ့် ဒီဇိုင်းတွေ ပြောင်းပစ်လိုက်တာလေ'

'ဟေ့ကောင်… မင်း တကယ်ပဲ ဒီကောင်မလေးကို ယုံနေတာလား၊ မယုံနဲ့၊ မင်းကို မြှူဆွယ်ဖြားယောင်းနေတာကွ၊ လျှော့မတွက်နဲ့၊ မာယာများတဲ့ ဒေါင်းမ'

'ဒယ်ဒီကလည်းဗျာ၊ အဲဒီလောက်ကြီး ပျစ်ပျစ်နှစ်နှစ် မဝေဖန်ပါနဲ့၊ ဒယ်ဒီ့ကိုလာတောင်းပန်ရင်လည်း ပြဿနာမရှာဘဲ လက်ခံပေးပါနော်'

'ဒယ်ဒီ့ကျေနပ်လောက်တဲ့ အနေအထားမျိုးမှနော်၊ စောင့်ကြည့်ရဦးမယ်၊ အပိုးကျိုးမကျိုးလေ'



www.burmeseclassic.com

www.burmeseclassic.com



'စောင့်ကြည့်ပေးပါ ဒယ်ဒီ၊ ချယ်က အရင်ကနဲ့ လုံးဝ မတူတော့ပါဘူး၊ အရမ်းလိမ္မာနေပါပြီ'

'မင်းရော မိုလ်ချုပ်ဈေးကိုသွားပြီး သူ့အမေကို တောင်းပန်တာလား'

'မတောင်းပန်ရသေးပါဘူး ဒယ်ဒီရာ၊ သားက ဒယ်ဒီ့ကို ဦးစားပေးထားတာ၊ ချယ်ပဲ အရင်တောင်းပန်ရမယ်လို့ အမိန့်ပေးထားတယ်'

ဒယ်ဒီကျေနပ်စေရန် မိုးရေတံခွန် လေသံမာမာ အထက်စီးကနေ ပန်းနုချယ်အား အမိန့်ပေးနိုင်သလိုလို ပြောပစ်လိုက်ရသည်။

၀



## အခန်း(၂၂)

ချစ်သူ မိုးရေတံခွန်က သူ့ဒယ်ဒီ ဦးမိုးဝသုန်ကို တောင်း န်ရမယ်ဆိုတော့လည်း ပန်းနုချယ် ဘယ်လိုတောင်းပန်ရမလဲ။ ဦးစားနေရတာ ခေါင်းတွေတောင် ချောင်တောင်တောင်ဖြစ်လာ သည်။ မလွယ်ဘူး။ ချယ့်ကို အရမ်းမုန်းနေတာ မဟုတ်လား။ ယ်ကလည်း ချယ်ပဲ။ ဦးမိုးဝသုန်ကို မာမီနှင့်ကွဲကွာစေရန် ကြီးအကျယ် နှိပ်ကွပ်ခဲ့တာပါ။ အခုတော့ သူ့သားကို ချစ်မိ သွားသဖြင့် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် တောင်းပန်ဖို့ ဆုံးဖြတ်ထား သည်။

'ကိုယ့်ဒယ်ဒီက မိန်းကလေး ပီပီသသ ဣန္ဒြေရှိရှိ ဝတ် းပြင်ဆင်တာ ကြိုက်တယ်၊ ချယ့်မှာလည်း မရှိဘူး၊ သွားဝယ်ရ ယ်'

မာမီ့အကျီတွေ ခိုးဝတ်လို့လည်းမဖြစ်ပေ။ ချယ့်အချိုး ပြောင်းလိုက်တာနှင့် မာမီရိပ်မိသွားနိုင်သည်။ အခုတလော ချယ့် ျက်ခြေမပြတ် မာမီက စောင့်ကြည့်နေ၏။ အချိုးမပြောင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ သူမလည်း ကိုယ်နှစ်သက်မြတ်နိုးမယ့် အဝတ်အစား အပြ[illegible] အဆင်တွေပဲ ပြောင်းလဲဝတ်ဆင်ဖို့ ဆုံးဖြတ်ထား၏။ မာမီကတော့ တင်းနေတာပဲ။ ဘယ်လိုမှ ဖြောင်းဖျမရ။ ချယ်ကတော့ လုံး[illegible] နောက်မဆုတ်ဘူး။ မာမ့်ရှေ့မှာ ဦးမိုးဝသုန် လုံးဝမနှစ်သက်တဲ့ ဘောင်းဘီတိုနဲ့နဲ့ ဒေါက်ဖိနပ်မြင့်မြင့် ကိုယ်ကြပ်စပို့ရှပ်ပျော့ပျော့ ဘော်ဒီဖစ်ကို ဝတ်ဆင်ပြီး အလန်းစား ဝတ်ထွက်လာသည်။

'ချယ် ဘယ်လဲ'

'သူ့အတို့အိမ်ပါ မာမီ၊ ဟုမ်းဝေ့တွေ ရှိလို့ အတူတူသွား လုပ်ကြမှာ'

'ညည်းလေးနော်၊ မာမ့်ကွယ်ရာမှာ မိုးရေတံခွန်နဲ့ [illegible] တွေ့ဖို့ မစဉ်းစားနဲ့၊ မနေ့က ဆိုင်နားလာပြီး ရစ်သီရစ်သီ[illegible] မမချော့တို့ကို မာမ့်ကောင်းကြောင်းတွေ လာပြောတယ်လေ [illegible] ကောင်လေး ဘဏ်နီဘဏ်နက်လောက်တော့ မာမီက ရမလ[illegible] အရှက်မရှိလိုက်တာ၊ စကားကိုအမျိုးမျိုးလာပြောနေတယ်၊ [illegible] ဓာတ်ကိုက မမှန်တာ'

'မာမီကလည်း လူဆိုတာ အမှားတော့ ဘယ်ကင်းမှာ[illegible] နောင်တရပြီး ပြုပြင်သွားကြတာတွေလည်း ရှိတယ်လေ၊ လ[illegible] ရမှာပဲ'

'တော်စမ်းပါအေ၊ ဘာနောင်တလဲ၊ ဒင်းက အ[illegible] အတေးထားနေတာ၊ သူ့အမေအစား ဝင်လာတဲ့ မိထွေးကို [illegible]





သူတ ချစ်မလဲ၊ တစ်ခဏအတွင်းမှာလေ၊ မာမ့်ကို ပြဿနာရှာ တာအကြောင်းမဟုတ်ပါဘူး၊ သမီးဘဝရှေ့ရေးကိုပါ ဖျက်ဆီး ပစ်ဖို့ ကြံစည်တာ လုံးဝမုန်းတယ်'

ကြာလာလျှင် မာမီနှင့် ပဋိပက္ခတွေ ပိုမိုပြင်းထန်လာ မည်ဖြစ်၍ ချယ် ခပ်မြန်မြန်လေး မာမ့်ရှေ့ကနေ ထွက်လာခဲ့ သည်။ ချစ်သူမိုးရေတံခွန် မကောင်းကြောင်းပြောလျှင် ချယ် နည်းနည်းလေးမှ မခံချင်။ ချယ် ယုံသည်။ မာမီပြောသလို ချယ့်ဘဝကို ဖျက်ဆီးမှာမှ မဟုတ်တာ။ ချယ်ရော ကိုယ်ရော တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာပါ။ 'အချစ်ဦးတွေ လေ။ ချယ် မကျေမနပ်နှင့် ကားမောင်းထွက်လာခဲ့၏။ ယောက္ခမ လောင်းကြီး ဦးမိုးဝသုန်နှစ်သက်မည့် ပုံစံတွေ အပီအပြင် ပြောင်း လဲပစ်ဖို့ ပလာဇာထဲ ဝင်လာသည်။

'ကိုယ်က မနက်ဖြန်ဒယ်ဒီ့ကုမ္ပဏီ ရုံးခန်းကို သွားပါတဲ့၊ သူပြောထားမယ်တဲ့၊ အချိန်မရှိတော့ဘူး၊ ချုပ်ပြီးသား မြန်မာဆန် ဆန် ဝတ်စုံလေးတွေပဲ ဝယ်ဝတ်မယ်'

ပလာဇာကို ပတ်ပြီး ချယ်နှင့်လိုက်ဖက်မည့် မြန်မာ ဆန်ဆန် ဣန္ဒြေရရ အဝတ်အစားတွေ စိတ်တိုင်းကျ ကြည့်သည်။ အမြဲတမ်းလည်း ဝတ်တော့မယ်။ ကိုယ်ထာဝရချစ်မြတ်နိုးနေမယ့် မိန်းကလေးတစ်ယောက်ပဲ ဖြစ်နေချင်၏။ ချစ်သူ မိုးရေတံခွန် ကိုယ်တိုင် လှူငယ်ဖြစ်ပေမယ့် ယဉ်ယဉ်ကျေးကျေး ယော[illegible]



www.burmeseclassic.com

www.burmeseclassic.com



သသ ခန့်ခန့်ညားပဲ ဝတ်ဆင်နေထိုင်တတ်သည်။ ပလာဇာထဲမှာ ပတ်ရင်း တစ်နေရာအရောက်တွင် သူမ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။ဘုရားရေ။ ချယ် လှမ်းကြည့်နေတဲ့ ဆိုင်ထဲသို့ ကိုယ့်ဒယ်ဒီ ဦးမိုးဝသုန် ဝင်ရောက်လာနေတာ တွေ့လိုက်သည်။

'လုပ်ကြပါဦး၊ ဘယ်လိုလုပ်ရမလဲဟင်၊ ယောက္ခမလောင်းကြီးက ဒီဆိုင်ထဲတန်းတန်းမတ်မတ် ဝင်လာနေတာပဲ'

ရုပ်အင်္ကျီတွေကို လိုက်ကြည့်နေတဲ့ ဦးမိုးဝသုန်ကို တွေ့လိုက်ရ၍ အထိတ်တလန့်နှင့် မျက်စိရှေ့မှာ ချိတ်ထားတဲ့ မြန်မာဝတ်စုံတစ်စုံကို ဆွဲယူကာ အဝတ်လဲခန်းထဲ ပြေးဝင်လိုက်သည်။ သူမဝတ်ထားတဲ့ အဝတ်အစားတွေကို ချွတ်ပြီး ချက်ချင်းပဲ လဲပစ်လိုက်ရင်း အဝတ်လဲခန်းထဲမှာ နေရင်လည်း အချိန်အကြာကြီး နေ၍မဖြစ်ပေ။ တခြားသူတွေကလည်း အဝတ်လဲရန် အပြင်မှာ တန်းစီစောင့်နေကြ၍ ချယ် အကြာကြီး ပုန်းနေလို့မရတော့ဘဲ အပြင်သို့ထွက်လိုက်ရသည်။ ကံကောင်းချင်လို့လားမသိ။ ဦးမိုးဝသုန်နှင့် တန်းတန်းမတ်မတ်ပဲ တည့်တည့်ကြီးကို တိုးတော့သည်။ မနှုတ်ဆက်ဘဲ နေလို့လည်းမဖြစ်။ သူမ ဝတ်စုံက မိန်းမဆန်ဆန်လေး ဖြစ်သွား၍တော့ စိတ်သက်သာရသည်။

'အန်ကယ်ရှင့် ပစ္စည်းတွေ လာဝယ်တာပါလား'





ဦးဝသုန် မျက်နှာထား တည်တည်တင်းတင်းနှင့်သူမအား ခြေဆုံးခေါင်းဆုံးကြည့်နေ၍ ချယ် မနေတတ်အောင် ထူပူသွားသည်။ အောင်မလေး အသေးစိတ် အကဲခတ်နေလိုက်တာ။ ချယ် အခုမှ သတိထားမိသွားတာက ချယ်ခြေထောက်မှာ ဖိနပ်မပါပေ။ ဒေါက်မြင့်ဖိနပ်ကြီးဖြစ်နေ၍ အဝတ်လဲခန်းထဲမှာပဲ ထားခဲ့သည်။

'အန်ကယ့်ကို တွေ့ရတာ အတော်ပါပဲ၊ ချယ် တောင်းပန်စကား ပြောချင်ပါတယ်'

'ဘာကွ'

ပန်းနုချယ်ဆိုတဲ့ ကောင်မလေးကို ဦးမိုးဝသုန် ကြည့်လိုက်တော့ မြန်မာဆန်ဆန် ကြန့်ကြန့်ရှိရှိ ဝတ်ဆင်ထားပေမယ့် ဒီကောင်မလေး အင်္ကျီက တံဆိပ်ပင်မဖြုတ်ရသေးပေ။ အခုပဲဝယ်ပြီးဝတ်ထားတာပါ။ မင်းတော်တော်လိမ်ညာဟန်ဆောင်တတ်တဲ့ ကောင်မလေးပဲ။ ဖိနပ်လည်းမပါဘူး။ မိမိရှေ့မှာမို့ ဒီကောင်မလေး ကြန့်ကြန့်ရှိဟန်ဆောင်ပြနေတာပါ။

'မင်းအင်္ကျီက အခုမှ ဝယ်ဝတ်တာထင်တယ်၊ တံဆိပ်တောင် မဖြုတ်ရသေးဘူး၊ မင်းစိတ်ဓာတ်က ဒါပဲလား ပန်းနုချယ်'

'ရှင်'

'မင်းက ငါ့သားရှေ့မှာတော့ အဝတ်အစားအပြင်အဆင်



www.burmeseclassic.com

www.burmeseclassic.com



ကအစ ပြောင်းလဲပစ်လိုက်ပြီဆိုပြီး ငါ့သားကွယ်တာနဲ့ မင်းအကျင့်စရိုက်တွေအတိုင်း နေချင်သလိုနေတာပဲ'

'မဟုတ်ပါဘူး အန်ကယ်၊ ကိုယ့်ကိုချယ် ရင်ထဲကနေ မြတ်မြတ်နိုးနိုးချစ်တာပါ၊ ယုံပေးပါနော်'

'မယုံဘူး၊ အခုကြည့်လေ၊ မင်း လိမ်ညာလှည့်ဖြားပြီး ငါ့ရှေ့မှာ မဖွယ်မရာလုပ်ပြနေတယ်'

'ဟို… အဲဒါလေ၊ ချယ် လိမ်ညာတာမဟုတ်ရပါဘူး ဒယ်ဒီရယ်'

'ဘာဒယ်ဒီလဲ၊ အရှက်မရှိတဲ့ မင်းအကျင့်စရိုက်တွေဟာ ပေါ်တင်တွေဖြစ်နေတယ်၊ ငါ့သားကိုလည်း မင်း နည်းမျိုးစုံနဲ့ မြူဆွယ်ဖြားယောင်းနေတာပဲ၊ ငါ့သားကို အညှိုးနဲ့ မင်း ဒုက္ခပေး မလို့ပဲ'

'မဟုတ်ပါဘူး အန်ကယ်၊ ချယ့်ကို ယုံပေးပါနော်၊ ချယ့် အပြုအမူတွေအတွက် တောင်းပန်ပါတယ်၊ ကိုယ်နဲ့ချယ်ကိုတော့ မခွဲပါနဲ့၊ မာမီလည်း။ အန်ကယ့်ကိုချစ်ပြီး အရမ်းခံစားနေရ တယ်၊ ချယ် ကိုယ်ချင်းစာတတ်လာပါပြီ'

'တော်ပါတော့ ပန်းနုချယ်၊ မင်းကို ဘယ်တော့မှ ချွေးမ အဖြစ် လက်မခံဘူးဆိုတာ မင်း မှတ်ထားပါ၊ ငါ့သားနဲ့လည်း မပတ်သက်ပါနဲ့၊ ငါ့သားက အရမ်းဖြူစင်တာကွ'

ပြောပြီး ဦးမိုးဝသုန် လှည့်ထွက်သွားသဖြင့် ချယ် ထိုင်





ငိုပစ်လိုက်ချင်အောင် စိတ်ညစ်သွားသည်။ ကံဆိုးတာပါ။ တကယ်လည်း ကိုယ်ကြိုက်နှစ်သက်တဲ့ ပုံစံပြောင်းပစ်ဖို့ ချယ် ကြိုးစားနေတာပဲ။ ဦးမိုးဝသုန်နဲ့မှ လာတိုးရတယ်လို့။ မာမီက လည်း တစ်မျိုး။ လူကြီးတွေ ဘယ်လိုဖြစ်နေကြတာလဲလို့ ချယ် စိတ်ညစ်ပြီး အပြင်ထွက်မယ်လုပ်တော့ ဆိုင်ရှင်က လှမ်းအော် သည်။

'ကလေးမ… အဝတ်အစားတွေ ချွတ်ဦးလေ၊ ပိုက်ဆံ လည်း မရှင်းရသေးဘူး'

'ဟုတ်သားပဲ၊ ဆောရီးနော်၊ မေ့သွားလို့'

သူမ အလောတကြီး အပြင်ထွက်သွားပြီးမှ ပြန်ဝင်ပြီး အဝတ်အစားတွေ ပြန်လဲရသည်။ အားနာပြီး အဝတ်အထည်တွေ ဝယ်ခဲ့ရ၏။ ဦးမိုးဝသုန် အခြေအနေကြည့်ပြီး အပြင်ထွက်လိုက် တော့ အန်ကယ် ဦးမိုးဝသုန်နှင့် တည့်တည့်တိုးပြန်လေသည်။ သူမအား စိုက်ကြည့်ပြီး လှည့်ထွက်သွား၏။ သေပြီပဲ။ ကံက လည်း လုံးဝမကောင်းဘူး။ ကိုယ့်ဆီ လှမ်းဖုန်းဆက်ရသည်။

'ချယ်ပါ ကိုယ်၊ ပြဿနာတော့ အကြီးအကျယ် တက်နေ ပြီ ကိုရေ'

ကိုယ့်ဒယ်ဒီနှင့် တွေ့ဆုံခဲ့ရပုံ အကျိုးအကြောင်းအားလုံး ရှင်းပြလိုက်သည်။

'ချယ် ဘာဆက်လုပ်ရမလဲဟင်၊ သေချင်တာပဲ ကိုရာ'



www.burmeseclassic.com

www.burmeseclassic.com



'ချယ်နဲ့ကိုယ် တွေ့ရအောင်နော်၊ ဘာမှစိတ်မပူပါနဲ့ ချယ် ရယ်၊ ကိုတို့နှစ်ယောက်ရဲ့ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာကို ဘယ်သူမှ မခွဲပစ်နိုင်ပါဘူး'

'ကိုယ် ယုံကြည်ဖို့ပဲ အရေးကြီးတာပါ၊ မာမီကလည်း ခေါင်းမာနေတယ်ကွာ'

'ကိုယ်တို့ တွေ့ကြရအောင် ချယ်'

'အင်း... ချယ် အခုပဲ လာခဲ့မယ်'

မာမီ ဘယ်လောက်ပဲတားတား ချယ်ကတော့ တွေ့မယ်။ ချစ်သူကိုမှ မခွဲနိုင်တာ။ မိသွားရင်လည်း ကိုယ့်နောက်လိုက်သွား တော့မည်။ မဖြစ်သေးဘူးထင်တယ်။ စိတ်ညစ်လိုက်တာနော် ချယ် မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် ချစ်သူမိုးရေတံခွန်ဆီ ရောက်လာ သည်။

'ချယ်'

'ကို'

တစ်ယောက်ကိုတစ်ယောက် လွှတ်ထွက်သွားမှာစိုး ကြောက်ရွံ့စွာပွေ့ဖက်ထားသည်။

'ချယ် ဘာမှမစိုးရိမ်ပါနဲ့ကွာ၊ ကိုယ်တစ်ယောက်လုံး ပါသေးတယ်၊ ဒယ်ဒီကလည်း မင်းမာမီကို လွှမ်းနေတာပဲ'

'ဟုတ်လို့လား ကိုရယ်၊ ချယ်တော့လေ အရမ်းကြောက် တယ်၊ ကိုယ့်ဒယ်ဒီက ပိုပြီးမာနေသလိုပဲ'





'ကိုယ်နဲ့ချယ်တို့ရဲ့ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာကြောင့် ခေါင်းမာနေကြတဲ့ ဒယ်ဒီနဲ့မာမီ လက်မြှောက်အရှုံးပေးသွားကြ ရမှာပါ ချယ် ယုံထား'

'အင်းနော်'

ချယ် ပြုံးရယ်လာနိုင်ပြီ။ ချစ်သူ မိုးရေတံခွန်ရဲ့ ရင်ခွင် ထဲမှာ သူမ ခန္ဓာကိုယ်လေး ထိုးတင်ပစ်မိသည်။ ကိုယ်က ချယ့်ရဲ့ အချစ်ဦးပါ။ ဝေးကွာသွားရမှာပင် ချယ် မတွေးရဲ။ ကိုယ်က ချယ့်ကို အသျှိုးအတေးနဲ့ နှိပ်စက်တယ်ဆိုရင်တောင် ချယ်ခံမည်။ ကိုယ့်ကိုလည်း တတွတ်တွတ်ပြောသည်။

'ချယ့်ကို ယုံပါ ကိုရယ်၊ ကိုယ်နဲ့ပတ်သက်တာတွေ အားလုံး ချယ် ကောင်းကောင်းဆိုးဆိုး ကျေကျေနပ်နပ် ခံယူမှာပါ'

'ချယ်ရယ် ကိုယ်လည်း ချယ်နဲ့ထပ်တူထပ်မျှ ဆန္ဒတွေ ရှိနေပါတယ်'

လူကြီးနှစ်ယောက်အား ဘယ်လိုနိုးစပ်သွားအောင် လုပ် ပေးရမလဲဆိုတာ ချယ်နှင့် မိုးရေတံခွန်တို့ ကြံစည်နေကြသည်။ ဒယ်ဒီနှင့်မာမီလည်း သိပ်ချစ်ကြတာပါပဲ။ ဒယ်ဒီအရမ်းကြေကွဲ နေတာ မိုးရေတံခွန် အသိဆုံးပင်။ လူကြီးတွေ သင့်မြတ်မှ သူတို့ချစ်သူနှစ်ယောက်လည်း အဆင်ပြေရမှာဖြစ်သည်။

'ကိုယ် သိပြီချယ်၊ ဒယ်ဒီနဲ့မာမီကို ချိန်းပေးလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ သူတို့ရဲ့အတွင်းစိတ်တွေကို ဖော်ထုတ်ပေးနိုင်အောင် ကြိုးစားကြရမယ်လေ’

‘ဟုတ်တယ်နော်၊ ကိုယ်ပြောတာ မှန်တယ်၊ မာမီလည်း ကြိတ်မှိတ်ခံစားနေရတာ ချယ် သိတယ်’

မာမီလည်း ခံစားနေရတာပါပဲ။ ချယ့်အတွက်သာ မာမီ ဟန်ဆောင်မာကျောနေခြင်းပင်။ အခုတောင် မာမီက ချယ့်နောက် လိုက်နေ၏။ ကိုယ်နဲ့တွေ့နေတာသိသွားရင် ချယ် မလွယ်ဘူး။ ကိုယ်ကတော့ ချယ့်ကို အားပေးနေသည်။

‘ချယ့်ကို ချစ်တယ်၊ ချယ့်မာမီ ထင်ထားသလို အညှိုး အတေးတွေနဲ့ ဘယ်တော့မှ မနှိပ်စက်ဘူး၊ ချယ် စိတ်ချမ်းသာ ပျော်ရွှင်စေရမှာပါ’

ကိုယ့်ရင်ခွင်က ချယ့်အတွက် အလုံခြုံဆုံး အနွေးထွေးဆုံး ချင်ခြင်းမေတ္တာတွေနှင့်သာ ပြည့်နှက်နေသော နားခိုရာလေးဖြစ်နေ သည်။

○



## အခန်း(၂၃)

‘ချယ်… သမီးဘာဖြစ်လို့ မာမို့စကားတွေကို လက်မခံ ရတာလဲ၊ မိုးရေတံခွန်နဲ့ ဘာဖြစ်လို့ သွားတွေ့ရတာလဲ၊ ဒီကောင် လေးက စကားကိုအမျိုးမျိုးပြောနေတာ၊ သမီး ဘာဖြစ်လို့ယုံကြည် နေတာလဲ၊ ဒါမှမဟုတ် ဒီကောင်လေးကို သမီး မာမို့အစား လက်စားချေချင်တာလား’

‘မဟုတ်ပါဘူး မာမီ၊ ကိုယ့်ကို ချယ် နှစ်နှစ်ကာကာ ချစ်တာပါ’

‘တိတ်စမ်း’

‘တကယ်ပြောတာပါ မာမီ၊ ကိုယ်ကလည်း ချယ့်ကို လက်စားချေဖို့ မဟုတ်ပါဘူး၊ အရမ်းချစ်ကြတာပါ၊ မာမို့ကြောင့် ချယ်နဲ့သူ တွေ့ဆုံကြတာပါ၊ တောင်းပန်ပါတယ် မာမီရယ်၊ လက်ခံပေးပါ’



www.burmeseclassic.com

www.burmeseclassic.com



'ချယ် မာမီကန့်ကွက်တာကို ဘာဖြစ်လို့ နားမလည်ရ တာလဲ၊ သမီးရှေ့ရေးအတွက်ပါ'

'သမီးရှေ့ရေးအတွက် သမီးရဲ့ ရွေးချယ်မှုကိုပဲ လက်ခံ ပေးပါနော်'

ဒေါ်ပန်းရောင်သွေးလည်း သမီးအတွက် ရင်လေးနေသည်။ မိုးရေတံခွန်ကို မယုံပါ။ အခုလည်းကြည့်လေ။ ပတ်ဝန်းကျင်မှာ မိမိကောင်းကြောင်းတွေပဲ ပြောနေပြန်ပြီ။ အပြောင်းအလဲ မြန်ပါ၏။ သမီးချယ်က ရိုးသားသူ။ ရည်းစားလည်း ထားဖူးတာ မဟုတ်။ မာမီလည်း ရင်ထဲမှာ နာကျင်ကြေကွဲနေရတာပါပဲ သမီးရယ်။ ကိုမိုးဝသုန်နှင့် ဝေးကွာသွား၍လည်း ဒေါ်ပန်းရောင်သွေး ခံစားနေရတာပါပဲ။ မျိုသိပ်နေရသည်။

'ဦးမိုးဝသုန်ကို မာမီ ချစ်တယ်မဟုတ်လား၊ မာမီလည်း မဝေးချင်ပါဘူး၊ ချယ် သိပါတယ် လက်ခံပေးပါ'

သမီးဆန္ဒအတိုင်း လက်ခံပေးလိုက်ရင် ကောင်းမလား ပဲ။ မဖြစ်သေးပါဘူး။ မိုးရေတံခွန်ကို ဒေါ်ပန်းရောင်သွေး ... ပေ။ သမီးကို အနိုင်ကျင့်မှာ သမီးချယ် မျက်ဝန်းလေးတွေ အသနားခံသလို ကြေကွဲနေသည်။

**'မိုးရေတံခွန်ဆိုတဲ့ ကောင်လေးကို သမီး အရမ်းချစ်... တာ မှားတယ်၊ အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာ...**





နောင်တရသွားရင် ဘဝတစ်သက်တာလုံး ရင်နာရမှာပါ'

'သမီး ခံပါ့မယ်၊ ကိုယ့်ကြောင့် သမီး ဘယ်လောက်ပဲ နာကျင်ရပါစေ၊ ကျေနပ်ပါတယ်'

'ချယ်'

'မာမီရယ် ချယ့်ကို ချစ်ရင် လက်ခံပေးပါနော်၊ တောင်းပန်ပါတယ်၊ ချယ်နဲ့ကိုယ့်ကို မခွဲပါနဲ့ မာမီ၊ ငြင်းနေရင်လည်း ချယ် ကိုယ့်နောက်လိုက်သွားမယ်'

'ဘာ... ဘာပြောတယ် ချယ်၊ သမီး ဘာတွေလုပ်နေတာလဲ၊ မာမီ့ကို အရင်သတ်သွားပါ၊ မာမီ့ကြောင့်တော့ သမီး ဒုက္ခအရောက်မခံနိုင်ဘူး'

သမီးချယ်က မိုးရေတံခွန်ကို ချစ်နေတာပဲ။ စိတ်ပူလိုက်တာ။ မိမိကြောင့် မိုးရေတံခွန်နှင့် သမီးလေး နီးစပ်သွားတာပါ။ ကိုမိုးဝသုန်ကလည်း သမီးကို ချွေးမ တော်ဖို့ငြင်းပယ်နေသည်။ ဒေါ်ပန်းရောင်သွေး မခံချင်ဆုံးပဲ။ သမီးချယ်က ပညာတတ်။ လိမ်လိမ်မာမာလေး။ ခေတ်နဲ့အမီ ဝတ်စားပြင်ဆင်တာကလွဲပြီး အပြစ်ကင်းစင်သူလေးပါ။ ရှင်ကများ ဒေါ်ပန်းရောင်သွေးဘက်ကလည်း မာနတွေနှင့် သမီးလေးဘက်ကနေ ရပ်တည်ပေးခြင်းပင်။

**မာမီခံစားရတယ်။ သမီးလေးကို တန်ဖိုးမဲ့အောင် လုပ်နေ...**



www.burmeseclassic.com

www.burmeseclassic.com



ကြတာပါလား။ သမီးချယ် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နေသည်။

'သူတို့ဘက်ကလည်း ငြင်းနေတာပါပဲကွယ်၊ မိန်းက လေးတန်ဖိုးမဲ့အောင်တော့ မလုပ်ပါနဲ့'

'ကိုယ့်ကို ချစ်နေလို့ပါ၊ ချယ့်အချစ်ဦးမို့ပါ၊ သဘောတူ ပေးပါနော်၊ ချယ်လည်း နောက်ဆုံးနှစ်စာမေးပွဲဖြေရတော့မှာပါ'

'ဘဝတစ်သက်တာအတွက်ပဲ မာမီစဉ်းစားမယ်၊ လုံးဝ လက်မခံနိုင်ဘူး ပန်းနုချယ် ဒါပဲ'

'မာမီ တကယ်ပဲ ပြတ်သားတယ်ပေါ့လေ၊ ကောင်းပြီ၊ မာမီလည်း ဦးမိုးဝသုန်နဲ့ လုံးဝမဝတ်သက်နဲ့ ချယ်လည်း ကိုယ်နဲ့ ဖြတ်မယ် ရလား'

'ကောင်းတယ်လေ၊ မာမီက အဲဒီလိုပဲ ဖြစ်ချင်တာ အိုကေ'

ချယ် ဒေါသတွေဖြစ်လာပြီး မာမီ့အနားကနေ ထွက်လာခဲ့ သည်။ မာမီဟန်ဆောင်နေတာပါ။ ဦးမိုးဝသုန်ကြောင့် အသဲကွဲ နေတာ မဟုတ်လား။ သိမယ်။ သူမ အိပ်ခန်းထဲကနေ ကိုယ့်ဆီ ဖုန်းဆက်လိုက်သည်။

'ကိုယ်ရေ ချယ်တော့ မာမီ့ကို လက်လျှော့ပြီး ချယ်နဲ့ ကိုယ့်အကြံအစည်အတိုင်း စီစဉ်ကြမယ်နော်'





'ကိုယ်လည်း ဒယ်ဒီ့ကို စည်းရုံးရေးနှားချနေတယ် မအောင်မြင်သေးဘူး ချယ်ရေ၊ စိတ်ချ၊ နောက်ဆုံးကိုယ်တို့ကို အရှုံးပေးကြရမှာပါ'

ဒယ်ဒီကလည်း ခေါင်းမာနေဆဲပင်ဖြစ်သည်။ ချယ့်ကို ချွေးမအဖြစ် လက်မခံနိုင်ကြောင်းပဲ ခါးခါးသည်းသည်း ငြင်း ဆန်နေဆဲပင်။ မိုးရေတံခွန် တောင်းပန်နေပေမယ့် လက်မခံပေ။ ဒယ်ဒီ ကြေကွဲနေပေမယ့် သားအတွက်ပါဟုပဲ ပြောနေ၏။ ချယ့် ကိုလည်း မယုံကြည်ဖို့ တွင်တွင်ပြောသည်။

'ပန်းနုချယ်က လိမ်ညာဟန်ဆောင်နေတာပါ သားရယ်၊ မင်းကြည့်လေ၊ ပလာဇာမှာ ဒယ်ဒီနဲ့ပတ်ပင်းတိုးတော့ ဒီကောင် မလေး မရှိးသားတာ သိရတာပဲ'

မိမိရှေ့မှာတော့ ဆိုင်ကအဝတ်အစားတွေ ယူဝတ်ပြီး ရိုးသားချင်ယောင်ဆောင်ပြခဲ့သည်။ ပြီးတော့ ပေါင်ရင်းလောက် ပဲရှိတဲ့ ရှော့ပင်နှင့် ဒေါက်ဖိနပ်မြင့်မြင့်ကြီးကို ရှပ်ပလာ ရှပ် ပလာထွက်သွားတာ မိမိတွေ့ခဲ့၏။ ဘယ်လိုလုပ်ပြီး ယုံကြည်နိုင် မလဲ။ သားကတော့ ပန်းနုချယ်ကို ချစ်နေသည်။

'ဒီကောင်မလေးက လုံးဝမယုံကြည်ရဘူး သား၊ မင်း ကွယ်ရာမှာ ဖြစ်ချင်တိုင်း ဖြစ်နေတာကွ'

'မဟုတ်ပါဘူး ဒယ်ဒီ၊ ချယ်က အခုမှ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



တွေ လာဝယ်တာပါ၊ သားကိုချစ်လွန်းလို့သာ ပြောင်းလဲပစ်ရတာပါ၊ ရုတ်တရက်ကြီးဖြစ်သွားတာ ဖြစ်မယ်'

'ဟော့ကောင် မိုးရေတံခွန် မင်း အပြောရခက်နေပါလား၊ ဒီကောင်မလေး လှည့်ကွက်ထဲကို မင်း ဘာဖြစ်လို့ တိုးဝင်ချင်ရတာလဲ၊ မင်းဘဝတစ်သက်တာအတွက်ပဲ ဒယ်ဒီကြည့်ရမယ်'

'ဒယ်ဒီရာ သား တောင်းပန်ပါတယ်၊ ချယ့်ကို သားရင်ထဲက ချစ်နေတယ်၊ မခွဲနိုင်ဘူးနော်၊ ဒယ်ဒီကိုယ်ချင်းစာပါဗျာ၊ ဒေါ်ပန်းရောင်သွေးကို ဒယ်ဒီဘယ်လောက်ချစ်လဲ၊ ကြိတ်မှိတ်ခံစားနေရတာပါ၊ မိသားစုအဆင်ပြေရေးအတွက် လက်ခံ လက်ခံပေးပါ'

မိမိက သဘောတူလက်ခံတာတောင် ပန်းရောင်သွေးက သားကို သမက်အဖြစ် လက်မခံနိုင်ဘူးတဲ့။ သူ့သမီးကို ညှဉ်းဝန်းနှိပ်စက်မှာကြောက်နေသည်။ အဖြစ်သည်းလွန်းနေ၏။ မိမိလည်း သွေးကို မစွန့်လွှတ်နိုင်ပါဘူး။ တစ်ယောက်တည်း ကြိတ်ဆွေးပြီး အရက်တွေတောင် သောက်မိနေသည်။ ကုမ္ပဏီမှာလည်း စိတ်ဝင်စားမှုအားနည်းလာ၏။ သားကိုယ်တိုင်က ပန်းနုချယ်အား ချစ်နေ၍လည်း ပိုပြီးစိုးရိမ်ပူပန်မိနေသည်။

'ဒေါ်ပန်းရောင်သွေးကို ဒယ်ဒီ အဆုံးရှုံးခံတော့မလို့လား စွန့်လွှတ်နိုင်လို့လားဗျာ'





'ဟေ'

ဦးမိုးဝသုန် စိတ်ထဲမှာ သား သတိပေးလိုက်မှ သွေးကို စွန့်လွှတ်လိုက်ရမှာ ကြောက်လာသည်။ မိမိချစ်မြတ်နိုးတဲ့ မိန်းမပါ။ တွေးမိတိုင်း စိတ်သောကတွေ ရောက်နေရ၏။ ဒါပေမဲ့ လည်း သားဘဝရှေ့ရေးအတွက်ပဲ စဉ်းစားရမည်ဖြစ်သည်။

'မင်းဘဝရှေ့ရေးအတွက်ပဲ စဉ်းစားပါ သားရယ်၊ ဒယ်ဒီ့ စေတနာကို နားလည်ပေးပါ'

'ဒယ်ဒီ'

ဒယ်ဒီက သူ့အနားကနေ ထသွားပြီး ကားအပြင်သို့ ထွက်သွားသည်။

'ချယ်ရေ... ကိုယ်လည်း မအောင်မြင်ဘူး၊ အရေးကြီးတာက ဒယ်ဒီနဲ့မာမိကို တွေ့ဆုံပေးဖို့ပဲ လိုပြီ'

'ဟုတ်တယ်နော် ကို၊ ချယ်တို့ ကြံစည်ကြစို့'

လူကြီးတွေရဲ့ ခေါင်းမာမှုကို လူငယ်တွေင်း လက်မြှောက်ရမလို ဖြစ်နေသည်။ မိုးရေတံခွန်တို့ နှစ်ယောက်လုံး အခက်ကြုံနေရ၏။ လူကြီးတွေဆန္ဒမပါဘဲနှင့်လည်း သူတို့နှစ်ယောက် ဘဝတစ်ခုတည်ဆောက်ဖို့ မဖြစ်နိုင်သေး။ ဒယ်ဒီနှင့် မာမိကို ပြန်ပေါင်းထုတ်နိုင်ဖို့ပဲ စဉ်းစားရမည်ဖြစ်သည်။

'ချယ်ရေ Royal Rose ရဲ့ သီးသန့်ခန်းလေးကို ချယ့် မာမိနဲ့ ချိန်းလိုက်တော့'



www.burmeseclassic.com

www.burmeseclassic.com



'တိုယ့်ဒယ်ဒီကိုလည်း ချိန်းလိုက်လေ'

'အိုကေ'

'အောင်မြင်ရမယ်'

အချစ်တွေက လောကကြီးတစ်ခုလုံးအား လွှမ်းမိုးနိုင်စွမ်း ရှိနေသည်။

○



## အခန်း(၂၄)

သမီးက အရေးတကြီး ပြောစရာရှိလို့ Royal Rose မှာ စားသောက်ရင်း စကားပြောချင်သည်ဟု ဖုန်းဆက်သဖြင့် ဒေါ်ပန်းရောင်သွေး စိတ်မပါပေမယ့် သွားရမည်ဖြစ်သည်။ Royal Rose က မိမိနှင့် ကိုဝသုန်တို့ တွေ့ဆုံရင်းနှီးခဲ့သောနေရာပါ။ သမီးချယ် ဘာတွေလုပ်နေလဲ။ ဒေါ်ပန်းရောင်သွေးတတော့ မိုးရေတံခွန်ကို လုံးဝလက်မခံနိုင်ကြောင်း အပြတ်ပြောဝံ့ဖို့ ဆုံးဖြတ်ထား၏။ သမီးချယ်ကရော မိုးရေတံခွန်နှင့် တွေ့ဆုံပေးမှာလား။ ကိုဝသုန်နှင့်တော့ တွေ့ဆုံပေးမှာမဟုတ်။ ဘာပဲဖြစ်ဖြစ် ဒေါ်ပန်းရောင်သွေး သွားရမည်ဖြစ်သည်။

'မာမီ လာဖြစ်အောင် လာခဲ့ပါ၊ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ တွေ့ချင်လို့ပါနော်၊ သမီးလည်း မာမီနဲ့အပြင်မှာ ညစာစားရတာ ကြာပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'လာခဲ့မယ် သမီး၊ မာမိလည်း ဆိုင်ပိတ်နေပါပြီ'

'စောင့်နေမယ်နော် မာမိ'

'အင်း'

ဒေါ်ပန်းရောင်သွေး ရောက်လာတော့ သမီးချိန်းတဲ့ အခန်းက ကိုမိုးဝသုန်နှင့် မိမိတို့ တွေ့ဆုံခဲ့တဲ့ နေရာလေးဖြစ်နေသည်။ သတိရမိသွား၏။ ရင်ထဲမှာ နာကျင်နေဆဲပါ။ လက်ထပ်ဖို့စီစဉ်ထားပြီးမှ ပျက်သွားရ၍ အရှမ်းပဲ ကြေကွဲနေရသည်။ ခုတော့လည်း ဒေါ်ပန်းရောင်သွေးနှင့် ကိုမိုးဝသုန်က ရန်သူတွေကဲ့သို့ ဖြစ်နေကြပြီပဲ။ သမီးအတွက်ပဲ ကြည့်ရမယ်။ မိမိက အသက်အရွယ်ရနေပါပြီ။ အချစ်ကို ဦးစားမပေးတော့ပါဘူးလေ။ ဒေါ်ပန်းရောင်သွေး သီးသန့်ခန်းလေးထဲ ဝင်လိုက်သည်။

'ဟင်'

'ဟာ'

ဒေါ်ပန်းရောင်သွေး တွေ့လိုက်ရတာက သမီးမဟုတ်ဘဲ ဦးမိုးဝသုန် ဖြစ်နေသည်။ ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားစဉ်မှာပင် ဦးမိုးဝသုန်ကလည်း ဒေါ်ပန်းရောင်သွေးကို မြင်လိုက်သည်နှင့် ဝမ်းသာပျော်ရွှင်သွားပြီး ဒေါ်ပန်းရောင်သွေးအနား တိုးကပ်လာကာ ပွေ့ဖက်မိလိုက်သည်။ ဒေါ်ပန်းရောင်သွေးကလည်း တုံ့ပြန်ဖက်ထားမိ၏။





တစ်ယောက်ကိုတစ်ယောက် အချိန်ကြာမြင့်စွာ ဖက်ထားသည်။

'ကျွီ'

'ဟင်'

'အို'

'ဒယ်ဒီတို့က ဒီမှာချိန်းတွေ့နေကြတာကိုး၊ သားနဲ့သမီးကို စိတ်ဆင်းရဲအောင် နောက်ပြောင်နေကြတာလားဗျာ'

'အောင်မလေး'

'ဟော့ကောင်'

နှစ်ယောက်သား သားနှင့်သမီးရှေ့မှာ မျက်နှာပူထူသွားကာ လူချင်းခွာပစ်လိုက်ကြသည်။

'ရှင်... ရှင်... ဘာလုပ်တာလဲ၊ ကျွန်မကိုများ ကျွန်မရှင့်ကို လာတွေ့တာ မဟုတ်ဘူး'

'မင်းကိုရော ငါက လာတွေ့တာမှ မဟုတ်တာ၊ သားချိန်း လို့ကွ'

'ကျွန်မကလည်း သမီးချိန်းလို့ လာတာ၊ ရှင်ရှိနေမှန်း မသိလို့'

'ပြန်မယ်'

'ပြန်'



www.burmeseclassic.com

www.burmeseclassic.com



'အား… ဒယ်ဒီ အဲဒီလိုတော့ မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်၊ သားတို့မျက်နှာကို ထောက်ထားကြပါဦး'

'ဟုတ်ပါတယ် မာမီရယ်၊ ချယ် တောင်းပန်ပါတယ်၊ လက်ခံပေးပါနော်'

'မရဘူး၊ သမီး ပြန်မယ်၊ အဆိုတွေပြောမနေနဲ့တော့ ဒီကောင်လေးကို မာမီ လက်မခံဘူး'

'သား ပြန်မယ်၊ ဒီကောင်မလေးကို ဒယ်ဒီလည်း ချွေး အဖြစ် လုံးဝလက်မခံဘူး'

မိုးရေတံခွန်နှင့် ချယ်တို့ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြပြီး တစ်ယောက်လက်ကို တစ်ယောက်တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

'ဒယ်ဒီနဲ့မာမီ လက်မခံလည်း နေကြတော့၊ သားနဲ့ချယ် ကတော့ လုံးဝမခွဲတော့ဘူး၊ ပညာတွေစုံပြီး လုပ်ငန်းတွေလုပ်နိုင် တဲ့တစ်နေ့ လက်ထပ်ကြမှာပဲ၊ သွားပြီနော်'

မိုးရေတံခွန်နှင့် ချယ် အခန်းလေးရဲ့ အပြင်ဘက်သို့ ပြေးထွက်သွားကြတော့သည်။ ဒေါ်ပန်းရောင်သွေးနှင့် ဦးမိုးဝသု ပဲ ကျန်ရစ်ခဲ့၏။ သားနှင့်သမီးတို့ရဲ့ခိုင်မာသော ဆုံးဖြတ်ချက်တွေ ကို ဘယ်လိုမှ တားဆီးပိတ်ပင်၍ မရနိုင်တော့ကြောင်း သိလိုက် ရသည်။





'ကျွန်မကတော့ ရှင့်သားနဲ့သမီးကို ရအောင်ခွဲပစ်မယ် ဘယ်တော့မှလည်း သမက်အဖြစ် လက်မခံဘူး ဟွန်း'

ဒေါ်ပန်းရောင်သွေးပြောပြီး လှည့်ထွက်မည်ပြင်တော့ ဦးမိုးဝသုန် ရှေ့ကနေ ပိတ်ကာရပ်သည်။

'နေပါဦး သွေး၊ လူငယ်တွေပြောတာလည်း လက်ခံ စဉ်းစားပေးသင့်ပြီလို့ ထင်တယ်ကွာ'

'ဘာရှင့်'

'သူတို့ကတော့ ပေါင်းကြမှာပဲ၊ လူငယ်တွေရဲ့ စိတ်ဓာတ် က ပြတ်သားပြင်းထန်ကြတယ်လေ'

'အဲဒါဘာဖြစ်လဲ'

'ကိုယ်တို့နှစ်ယောက်ပဲ မပေါင်းကြရဘဲ ကွဲသွားမှာ'

'ဟင်'

'အဲဒါကြောင့် ကိုယ်တို့လည်း အကွဲမခံနိုင်ဘူး၊ ကလေး တွေကိုသာ တည့်မတ်တဲ့လမ်းကြောင်းပေါ် ရောက်အောင် ထိန်း သိမ်းပေးကြရမယ်လေ'

ဦးမိုးဝသုန် စဉ်းစားသကဲ့သို့ ဒေါ်ပန်းရောင်သွေးလည်း စဉ်းစားမိသည်။ မိန်းမဆိုတာ နည်းနည်းတော့ အိုက်တင်ခံရသေး ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားက တင်းမာမနေတော့ဘဲ ပြေလျော့သွား သည်။

'ကျွန်မလည်း စဉ်းစားနေပါတယ်၊ သူတို့နိုးရာလိုက်ပြေး ကြရင်လည်း ကျွန်မတို့ပဲ အရှက်ကွဲမှာလေ၊ အဲဒါကြောင့် လက်ခံ လိုက်တာပဲ ကောင်းမယ် ထင်တယ်နော်'

'ကောင်းတယ် သွေး၊ အရမ်းကောင်းတယ်၊ အရေးကြီး တာက ကိုယ်နဲ့သွေး ပေါင်းဖက်ကြဖို့ပဲလေ'

'အို'

ဦးမိုးဝသုန် ခြေလှမ်းတွေက ဒေါ်ပန်းရောင်သွေးနား တိုးကပ်သွားကာ လက်လေးကို အသာအယာဆွဲကိုင်ထားသည်။ ဒေါ်ပန်းရောင်သွေးကလည်း မရုန်းဖယ်။ အပြုံးတွေနှင့် တစ် ယောက်ကိုတစ်ယောက် ကြည့်သည်။

'သွေး'

'ကိုဝသုန်'

'ကိုယ်တို့လက်ထပ်ပွဲကို ပြန်စီစဉ်ကြရအောင်နော် သွေး'

'ကိုဝသုန့် သဘောပဲလေ၊ သွေး လက်ခံပါတယ်'

'သွေးရယ် ဘာမဟုတ်တဲ့ မာနတွေကြောင့် ကွဲကြ မလို့ကွာ၊ ဒီအတောအတွင်းကိုယ်အရမ်း ကြေကွဲနေရတယ်၊ နေ့ ကို တမ်းတပြီး ကြိတ်ဆွေးနေတာလေ'





'သွေးလည်း ဒီလိုပါပဲ ကိုဝသုန်ရယ်၊ သမီးအတွက် ကြောင့်ပါ၊ အထင်အမြင်တွေ လွဲပြီး ဝေးကြရတော့မလို့ နော်'

'ဒီနေ့ကစပြီး ကိုယ်တို့မိသားစုလေး ပြန်ပြီးချစ်ချစ်ခင် ခင် စည်းစည်းလုံးလုံး နေကြမယ်'

'ဟုတ်ကဲ့'

ဦးမိုးဝသုန်က ဒေါ်ပန်းရောင်သွေးရဲ့ ပခုံးလေးကိုဖက်ပြီး သူ့ရင်မှာအပ်ထားသည်။ အသက်အရွယ်နှင့် မဆိုင်အောင် အချစ် တွေက နုပျိုလာရ၏။ ဒေါ်ပန်းရောင်သွေး မျက်နှာလေးပေါ်သို့ ဦးမိုးဝသုန်ရဲ့မျက်နှာ ထိကပ်သွားသည်။

'ဒယ်ဒီနဲ့မာမီ အဆင်မပြေကြဘူးလားလို့ သားတို့က စိတ်ပူနေကြတာ၊ အခန်းထဲမှာ ကြာနေလို့'

'အောင်မလေး မာမီရယ်၊ ချယ်ကတော့ စိတ်ပူလိုက်ရ တာ၊ အခုတော့လည်း ဟင်း… ဟင်း…'

'ဟဲ့… ကောင်မလေး တော်တော်ဆိုးကြပါလား၊ အဆော် မပေး ဘာမပေးနဲ့'

'ဒီကောင်တော့ကွာ၊ မင်းတို့ကိုလည်း မခွဲတော့ဘူးလေ၊ ဒယ်ဒီနဲ့သွေးလည်း လက်ထပ်ပွဲ ပြန်ပြီးကျင်းပနိုင်အောင် စီစဉ် တော့မယ်၊ လာ… သွေး ကိုယ်တို့ သွားကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

ဒယ်ဒီနှင့်မာမီ ထွက်သွားတော့မှ မိုးရေတံခွန်နှင့် ချယ်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပီတိအပြုံးတွေ ဖြာကာ ရယ်မောနိုင်ကြတော့သည်။

သင်မြတ်နိုး

မိုးဝေပြည့်စာပေ

www.burmeseclassic.com